
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

# ကိုကြီးရဲ့နတ်သမီး

စာမူခွင့်ပြုချက်အမှတ် - ၁၀၇၀/၂၀၀၂ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၁၇/၂၀၀၃ (၁)

၂၀၀၃ခုနှစ်၊ ဇွန်လ
ပထမအကြိမ်
တန်ဖိုး - ၃၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်မိုးကေခိုင်(ချိုတေးသံစာပေ-၀၆၉၂)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)၊
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၄) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com


www.burmeseclassic.com





# လမင်းမို့မို့

# ကိုကြီး ရဲ့ နတ်သမီး



စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





## ၁

အားသံကြောင့် ငါးကန်ကို ရေလဲနေသော နတ်သမီးက ခေါင်းဆေးငှဲလိမ်ကာ မျက်နှုံးတစ်ဖက်ပင့်၍ ကြည့်လိုက်လျှင် မှာ့ခ်တူးကား ငွေရောင်လုံးလုံးကြီးကို မြင်တွေ့လိုက်ရပါသည်။

"လာပြီ ... အလာကို စိပ်နေတာပဲ"

ထုံးစံအတိုင်း နှုတ်က အကျင့်ပါသလို ပြစ်တင်ရေရွတ်လိုက်ပြီးမှ နေသား ထိုင်သား ကျသွားပါသည်။ အန်တီသွယ်က နတ်သမီး ငါးရေလဲနေရာ နံဘေး ရှိနေရာမှ ထ,ရပ်လိုက်ရင်း ...

"လာရမယ်လေ ... လာဖို့ရှိနေတာပဲ၊ မလာမှာကိုသောင်စိုးနေရတာ"



www.burmeseclassic.com

www.burmeseclassic.com



ခို ... မစိုးပါဘူး"

သည်း စိုးရင်စိုး မစိုးရင်နေ' လူကြီးတွေကတော့ မလာမှာ တာပဲ"

သူသာ ဒီထက် ဆယ့်ငါးနှစ်လောက် အသက်ကြီးလိုက် ၎င် အတော်ပဲနော်"

"ဘာအတော်ပဲလဲ"

"အန်တီသွယ်နဲ့လေ"

"ဘာ ... ခွေးကောင်မလေး၊ လူကြီးကို ညည်း ဒီလိုပြောင် စရာလား၊ ညည်း ငရဲကြီးမယ်၊ ဘာအောက်မေ့လဲ၊ ငါခေါက်လိုက်ရ"

"အခုအနေနဲ့ ပြောတာမှ မဟုတ်တာ၊ ဆယ့်ငါးနှစ်လောက် ကြီးရင်လို့ ပြောတာပဲဟာ၊ သူ့ကို ဆယ့်ငါးနှစ်ပေါင်းရင် လေးဆယ့်ငါး၊ အန်တီသွယ်က လေးဆယ့်သုံး ... အတော် ပဲပေါ့၊ ပြီးတော့ အန်တီသွယ်ကလည်း သူ့ကို ကိုကြီး ... ကိုကြီးနဲ့ သိပ်သဘောကျ ချစ်ခင်တာမို့လား"

"ဟဲ့ ... ညည်းအမေရော ... ငါရော ... သူ့ကို ချီလာ ထိန်းလာတာဟဲ့၊ ချစ်ခင်တာ ဆန်းသလား၊ ငါနော် ... ကဲဟယ်၊ တကယ်ကို ခေါက်လိုက်ပြီဟယ်"

ခေါင်းပေါ် ဒေါက်ခနဲ ကျလာသော လက်ဆစ်ကို မရှောင်လိုက်နိုင်ဘဲ နတ်သမီးက နှုတ်ခမ်းကိုက်ကာ တအင်းအင်း





စိတ်တွေ ကောက်နေပါသည်။ အန်တီသွယ်က နတ်သမီးကိုထား ရစ်ကာ ကြီးခေါင်စော ကားရပ်လိုက်ရာဆီ လျှောက်သွားရင်း ...

"ကိုကြီးရေ ... ရလာပြီလား ဖိတ်စာတွေ"

"ဟုတ်ကဲ့ မမသွယ်"

ဟွန်း ...။ သူက ငယ်ကတည်း နှုတ်ကျိုးတဲ့အတိုင်း အန်တီသွယ့်ကို မမသွယ်တဲ့ ...။ မေမေ့ကိုကျ မမနွယ်တဲ့လေ။ သူမွေးချိန်မှာ မေမေက ဆယ့်ငါးနှစ်၊ အန်တီသွယ်က ဆယ့်သုံး နှစ်၊ အပျိုပေါက်တွေမို့ "မမ"လို့သာ ခေါ်ဖို့ သင်ကြတာ နှုတ် ကျိုးခဲ့တာ နှစ်ပေါင်းသုံးဆယ်ပဲ ရှိမင့်ဟာ။

ခုမှ ဘယ်လို အခေါ်အဝေါ် ပြင်မတုန်း။ ယောက္ခမ ကို လောင်းကို မမနွယ် ခေါ်နေတာတော့ သူတစ်ယောက်ပဲ လောက ဖို့ မှာ ရှိမလား မသိပါ။

"နတ်သမီး ... လာလေ ... ဖိတ်စာလာကြည့်"

ကြီးခေါင်စောက လှမ်းအော်သည်။ နတ်သမီးက နှာခေါင်းလှည့်ရှုံ့ပြရင်း ...

"အားသေးဘူး"

"လာပါ ... ခဏထားခဲ့ချည်"

"လာဘူး"

"ဟဲ့ ... လာဆိုလာလေ၊ ကောင်မလေးနော်၊ မတင်မြို ... ငါးရေလဲတဲ့ဆီ သွားလိုက်စမ်း၊ နင်ဆက်လဲလိုက်ချည်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

အန်တီသွယ်က ချက်ချင်း စိမ်ခန့်ခွဲလိုက်ကာ အိမ်ထဲ လှမ်းမဝင်သေးဘဲ နတ်သမီးကို ခပ်တင်းတင်း လှမ်းကြည့်နေပါသည်။ အန်တီသွယ့် မျက်နှာဝဝဝိုင်းဝိုင်းက နဖပ်ကာ သဘော ကောင်းလွန်းမှန်း သိသာလှသည့် ကြည်လင်သော ရုပ်ရည်မျိုးဖြစ်ရာ ဟန်လုပ်ပြီး တင်းထားလျှင် ရယ်ဖို့တောင် ကောင်းပါသေးသည်။

"ညည်းအဖေ ပြန်လာရင် တိုင်မှာနော်"

နတ်သမီး ကြောက်သော အဖေနှင့် လှည့်ခြောက် ပြန်သည်။ နတ်သမီးက နှုတ်ခမ်းကိုစူကာ ကြီးခေါင်စောကို မဆီမဆိုင် မျက်စောင်းလှမ်းထိုးပြီး သူတို့ဆီ ဘောက်ဆတ်ဆတ် လျှောက်လာခဲ့ပါသည်။

ကိုကြီး လက်ထဲမှာ ဖိတ်စာထုပ်တွေ။

သူ့ကို လူတကာက "ကိုကြီး"လို့ ခေါ်ကြပါသည်။ နတ်သမီးကလည်း "ကိုကြီး"ပဲ ခေါ်ပါသည်။ ကိုကြီး ဆိုတာ "အစ်ကိုကြီး"ဆိုသည့် အဓိပ္ပာယ်နှင့် ခေါ်ကြတာမဟုတ်။ ကိုမြ၊ ကိုလှ၊ ကိုအောင်လို့ ခေါ်ကြသလို နာမည်ဖြစ်သော ကြီးခေါင်စော ထဲက "ကြီး"တစ်လုံးကို အဖျားဆွတ်ကာ ကို–ကြီး လို့ ခေါ်ကြ တာပင်။

သူ့ထက်ငယ်ကလည်း ကိုကြီး၊ သူ့ထက်ကြီးက လည်း ကိုကြီး။ "အစ်ကိုကြီး"ကို "အစ်"ဖြုတ်ပြီး "ကိုကြီး"လို့





ဂငယ်သံ ထွက်ခေါ်ရတာက ခေါ်လို့ ကောင်းပါသေးသည်။ ကိုကြီးလို့ ဖိဖိစီးစီး အားစိုက်အသံ ထွက်ခေါ်ရတာ နားထဲမသာ ယာ။

သူ့ကို ဒီလိုပြောမိတော့ သူက "ဒါဖြင့်လည်း ကိုဂျီးလို့ပဲ ဂငယ်သံနဲ့ခေါ်ရင် ခေါ်လိုက်ပေါ့"တဲ့။ ဝေးပါသေး တယ်။ နွဲ့တဲ့တဲ့နဲ့ ချစ်စနိုး ဆန်လိုက်တာ။ မခေါ်နိုင်ပါဘူး တော်။

"မမနွယ် ... ဒီမှာ ကိုကြီး ရောက်နေတယ်၊ ဖိတ်စာတွေ ပါလာပြီ"

အန်တီသွယ်က အိမ်ထဲရောက်သည်နှင့် မေမေ့ကို လှမ်းခေါ်ထုတ်လိုက်ပါသည်။ မေမေကလည်း ဖိတ်စာကြည့်ဖို့ အူယားဖားယား စိတ်ဝင်တစား ပြေးထွက်လာကာ ...

"ကားသံတော့ ကြားသား၊ နတ်သမီးရဲ့သူငယ်ချင်းတွေ ထင်လို့"

ကြီးခေါင်စောသည် တိုက်ပုံအင်္ကျီ နံ့သာရောင်ကို ချွတ်ကာ ဆက်တီတစ်ခုရဲ့ နောက်မှီပေါ်တင်ရင်း ထိုဆက်တီမှာ ဝင်ထိုင်သည်။ ခုခေတ်ကြီးမှာ အသက်လေးဆယ်တွေပင် တီရှပ် စပို့ရှပ် ဝတ်ကောင်းတုန်းဥစ္စာ၊ သူကျမှ အသက်သုံးဆယ်နှင့် တိုက်ပုံတကားကား မအိုက်တတ်သလို ဝတ်မြဲထုံးစံရှိတာ နတ်သမီး ကြည့်မရ။

www.burmeseclassic.com



အဘိုးကြီးအိုံ ပေါက်စနှင့် တူသည်။

"နတ်သမီး"

"ဘာတုန်း"

"ဟဲ့ ... ဘယ်လိုထူးတာလဲ ... ပြန်ထူးစမ်း"

ဟော ... အန်တီသွယ်ဟာ ဝင်ပါပြန်ပြီ။ ဒါကြောင့်ပဲ တော့လည်း မကြိုက်။ ကြီးခေါင်စော ဘက်ကသာ အမြဲပါသည်။

"သူက လေသံမာမာနဲ့ ခေါ်တာကို"

"သူက အကြီးပဲ"

"အို ... ကြီးတိုင်း အမြဲ အသံမာနေရမှာလား၊ လက်မခံပါဘူး"

"အောင်မယ် ... လက်မခံတော့ ညည်းက ဘာလုပ်ချင်သေးလဲ"

"မာမာပဲ ပြန်ထူးရမှာပေါ့၊ သူက ချိုချိုသာသာ ခေါ်ရင် သမီးလည်း ချိုချိုသာသာ ထူးမယ်"

ကြီးခေါင်စောက ပြုံးစိစိဖြစ်ကာ ...

"ခင်ဗျားလေး နာမည်က ထောင့်ထောင့်ကြီးဟာကို၊ ဘယ်လိုမှ နွဲ့ပြီးခေါ်လို့ မရဘူး၊ 'နတ်' ဆိုတာ သံပြတ်၊ ဒီအသံကို ဘယ်လိုလုပ် ချွဲတီချွဲချို လုပ်လို့ရမလဲ"

"ရအောင်လုပ်"

"ရော် ..."





အဲဒီ "ရော်" ကိုလည်း အမြင်ကတ်သည်။ သူဘာ ပြန်ပြောရမည် မသိဘဲ အငိုက်မိ အခက်တွေ့သွားလျှင် "ရော်" ဟု ဆိုတတ်သည်။

"ကဲပါ ... ဒေါ်နတ်သမီးရယ် ... ချိုချိုသာသာ ပြောပါတယ်၊ မနက် ဆယ်နာရီလောက်က စကော့ဈေးရှေ့မှာ တွေ့လိုက်တယ်၊ ဘေးက အဖော်တွေက ဘယ်က နတ်သားတွေလဲ"

နတ်သမီး နှုတ်ခမ်းသည် ရှုပ်သွားရကာ ...

"မေမေ ... တွေ့လား၊ သမီးကို ပြောတယ်၊ မနက်က ... ဝဏ္ဏနဲ့ ငမိုးနဲ့ သမီးနဲ့ ဈေးထဲက ပပရဲ့ဆိုင် သွားတာလေ"

မေမေက နတ်သမီးကို ရယ်နေပါသည်။ ကြီးခေါင်စောကလည်း လူကို စစ်လား ဆေးလားကို မေးခွန်းသာ ထုတ်တာ ရုပ်ကတော့ ပြုံးစိစိ ရယ်ချင်ချင်ပင်။

"သူ့သူငယ်ချင်းတွေလေ ကိုကြီးရဲ့၊ ဝဏ္ဏအောင်တဲ့၊ မိုးဆွေဟန်တဲ့၊ သောင်းထိုက်တဲ့၊ မိန်းကလေးက နှစ်ယောက်တည်း သူရယ် ပပရယ်၊ ကိုးတန်း ဆယ်တန်းကတည်းက တွဲလာကြတာ ... ခုထိ တွဲကြတုန်းပဲ၊ မောင်နှမတွေလိုပဲ၊ ကောင်လေးတွေကလည်း ဇရုတ်ကျချင်ချင်လေးတွေ ဖြစ်ပေမဲ့ သူတို့အပေါ်တော့ အစ်ကိုလို မောင်လိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နွယ်နွယ်က ရှင်းပြနေ၍သာ ကြီးခေါင်စောက ခေါင်းတညိတ်ညိတ် လုပ်နေပါသည်။ သူကလည်း နဂိုကတည်းက အထင်လွဲပြီး မေးတာမဟုတ်ပါ။ ကောင်လေးတစ်ယောက်က မှို့မဲ့အော်ဟစ်ရင်း နတ်သမီးကို ထုပစ်ဖို့ လက်ရွယ်လိုက်တဲ့ဟန် သည်လည်းကောင်း၊ မထုရခင် သူကအရင် ကျောပြင်ကို အုံးခနဲ ဖြောတင်လိုက်တဲ့ နတ်သမီးရဲ့ ပုံစံသည်လည်းကောင်း ရိုးသားစင်ကြယ်ကြတာ သူသိပါသည်။

"ခုမှ မေးရဦးမယ်၊ ပပဆိုင်ကို ဖိနပ်ရှာသွားတာ ရခဲ့လား"

မင်္ဂလာပွဲစီးဖို့ ဖိနပ်ကို ကိုယ်တိုင် အရှာထွက်တာ ကြီးခေါင်စော သိသွား၍ နတ်သမီးက ရှက်စနိုးနှင့် ...

"မရပါဘူး"

"မရဘူး ဆိုတာ ဘာလဲ ... ညည်း ချေးများတာပဲ မဟုတ်လား၊ ပပတို့ဆိုင် ဒီလောက် ဖိနပ်စုံတာ၊ နှစ်ခန်းတွဲကြီး အပြည့် ... ရွေးစရာမှ ဖြည့်လို့"

"ဟာ ... အန်တီသွယ်ကလည်း ... သူတို့ဖိနပ်တွေက များမဲ့သာ များနေတာ၊ အနက်ရယ် ... အဖြူရယ် ... အညိုရယ် ... ဒီလောက်ပဲ ရှိတာကို၊ သမီး ချေးများတာ မဟုတ်ဘူး၊ သမီးလိုချင်တာ မရှိတာ"





ကြီးခေါင်စောက ဖိတ်စာထုပ်တွေကို ဖတ်ထားသည့် ကြိုးနှင့် ထုပ်ထားသည့် စာရွက်တွေကို ဖြေချနေရင်း နတ်သမီးကို ချစ်စနိုး ပြုံးကြည့်နေပါသည်။

"ညည်း လိုချင်တာက ဘာအရောင်တုန်း"

"သမီးလိုချင်တာ ကနုကမာ ပန်းသွေးရောင်ပြေ ဟာကို"

"အမယ်လေးတော် ... ကနုကမာ ပန်းသွေးရောင်ပြေးနဲ့ ရှူးဖိနပ် ငါ တစ်ခါမှ မမြင်ဖူးသေးဘူး"

"သမီးလည်း မတွေ့သေးလို့ပေါ့"

"မရှိတဲ့ဟာကို ရှာနေလို့ အချိန်ကုန်ရုံပေါ့ မယ်မင်းကြီးမ ရဲ့၊ အဲဒီအရောင်မျိုး ရှူးဖိနပ် ဘယ်လိုလုပ် ရနိုင်ပါ့မလဲ"

"ဝတ်စုံက အဲဒီအရောင် ဖြစ်နေတာကိုး"

"အဖြူစီးလည်း ရတယ်၊ ဖဲသားလို အရောင်လက်နေတဲ့ အဖြူ ငါတွေ့ဖူးပါတယ် နတ်သမီးရယ်"

"အဖြူရောင်က ဒီလောက် တုံးတာ၊ လူတကာ စီးနေတာ"

"ညည်းလည်း လူပဲ မဟုတ်လား၊ စီးပေါ့"

"ဟင့်အင်း ... အဖြူမစီးချင်ဘူး"

ကြီးခေါင်စောက ပြေသွားသော အထုပ်ထဲမှ ဖိတ်စာသုံးခု ဆွဲယူကာ ဒေါ်နွယ်နွယ်၊ ဒေါ်သွယ်သွယ်နှင့် နတ်သမီးတို့ကို တစ်စောင်စီ လက်ကမ်းလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ရော … ဖိတ်စာကြည့်ပါဦး၊ ကနုကမာ ပန်းသွေးရောင် ဖြေး ဟုတ်ရဲ့လား"

နတ်သမီးက ဖိတ်စာကို ကြည့်ကာ သဘောကျသွားပါသည်။ လှလည်းလှ၊ ဆန်းလည်းဆန်း၊ ဘိုလည်းဆန်ကာ မြင်နေကျလည်း မဟုတ်၍ ကျေနပ်သွားသောရုပ်ကို နှုတ်ခမ်းစူ၍ ကွယ်ဖုံးထားပါသည်။

"ကဲ … ဟုတ်လား၊ ညည်းအကြိုက် ဟုတ်လား၊ စင်ကာပူ ကတောင် မှာရတဲ့ဥစ္စာ … သဘောကော ကျရဲ့လား"

မကျေနပ်လျှင် ဖြစ်တင်ဝေဖန် ချေးထူသံ တန်းထွက်လာမည် ဖြစ်ကာ ကျေနပ်၍သာ ဘာသံမှ မထွက်တာကို မေမေ ရာ … အန်တီသွယ်ရောကတော့ အစင်းသိပင်။ ကြီးခေါင်စော ကတော့ အသံမထွက်သော နတ်သမီးကို စိတ်မအေးစွာ အ်ကဲခတ် ရင်း …

"ကိုယ် … အကျီခ ပိတ်စကိုပါ နမူနာ ထည့်ပေးလိုက်တာ လေ နတ်သမီး၊ အဲဒီအရောင်အတိုင်း တူပစေလို့ မှာလိုက် တာ၊ တူရဲ့လား မဟုတ်ဘူးလား၊ နတ်သမီးပြောတဲ့ အရောင်ပဲ မို့လား"

"အင်း … တူပါတယ်"

"သဘောကျရဲ့လား"

"ကျပါတယ်"





အင်မတန် သဘောကျဖါလျက်သားနှင့် ဤအစွမ်းအရာ မပေါ်လွင်စေဘဲ အေးတိအေးစက်ဖြေကာ ဖိတ်စာကို ဖင်မြင့် ခေါင်းပြန် လှန်၍ အသေးစိတ် ကြည့်နေလေသည်။

မောင်ကြီးခေါင်စော(ဘီအေ–မြန်မာစာ)နှင့် မနတ် သမီး(ဘီအက်စ်စီ–သတ္တဗေဒ)တဲ့။ အင်း … ဖိတ်စာတွေတောင် ထွက်လာပြီ။ နက်ဖြန်ဆိုရင် စ,ဝေပြီပေါ့။ ဘာလိုလိုနှင့် "ကိုကြီး" နှင့် တကယ်မင်္ဂလာဆောင်ရတော့မည့် အချိန်ကို နီးကပ်လာခဲ့ပြီ။ အိမ်ထောင်သည်မကြီး ဖြစ်ရတော့မည်။

ဝထမတော့ နောက်နေ ပြောင်နေတာလိုလို။ ခုတော့ ဒါဟာ နောက်နေတာလည်း မဟုတ်၊ ကစားနေတာလည်းမဟုတ်။ တကယ် အတည်ဖြစ်ပျက်နေသော အဖြစ်မှန် တစ်ခုပဲ။ အိမ်ထောင် ကျရတော့မည့် ကိုယ့်ကိုယ်ကိုယ် နမြောသလိုလို ဝမ်းနည်းသလိုလို ဖြစ်မိသည်။ ဘာကြောင့်များ ကိုကြီးနဲ့ လက်ထပ်ဖို့ ဖွတ်မငြင်းဆန် မိပါလိမ့်။

ကိုကြီးကို နတ်သမီး ချစ်တာလည်း မဟုတ်။ ခင် မင်ရုံသာရှိသည်။ ဟိုးငယ်ငယ်က ခင်မင်ခဲ့ဖူးသည် ဆိုတာကိုတော့ မမှတ်မိတော့ပါ။ နတ်သမီး မှတ်မိတဲ့အရွယ် ရောက်ကတည်းက ကိုကြီးတို့ မိသားစုက ဖခင်အလုပ်ခွင်အတိုင်း တိုင်းနှင့်ပြည်နယ် တွေ ဟိုဟိုဒီဒီ ပြောင်းရွှေ့နေကြတာမို့ မတွေ့ကြတော့ရာ … ငယ်ငယ်က ကိုကြီးကို နတ်သမီးလုံးလုံး မသိခဲ့ဘူးပဲ ဆိုပါစို့။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး အသက်နှစ်ဆယ်ဝန်းကျင်မှာ ကိုကြီးရဲ့ဖေဖေက သံအမတ်ကြီးတာဝန် ထမ်းဆောင်ရတော့ နိုင်ငံရပ်ခြားတိုင်းပြည်များကို လှည့်လည်နေရပြန်ပါသည်။ ကိုကြီးရှေ့ ကိုကြီးရဲ့ညီမ မမလတ်ရော မိဘနှင့်အတူ နိုင်ငံတကာလှည့်၍ လိုက်ပါနေထိုင်ခဲ့ကြပြန်ပါသည်။ လွန်ခဲ့တဲ့ငါးနှစ် ကိုကြီးရဲ့ဖေဖေ မြန်မာနိုင်ငံကို ပြန်လာကာ အခြားတာဝန် ပြောင်းလဲထမ်းဆောင်ရတဲ့အခါ ကိုကြီးရဲ့မေမေနှင့် မမလတ်က ရန်ကုန်မှာပဲ ပြန်လည်အခြေချတော့ပေမဲ့ ကိုကြီးက မြန်ရောက်ပြီးသည်နှင့် သူ့ဟာသူ စင်ကာပူနိုင်ငံကို ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။

ဟိုမှာ လေးနှစ်လောက် အလုပ်လုပ်နေခဲ့ပြီးမှ ကိုကြီးအပြီးပြန်လာတာ တစ်နှစ်ကျော်ရုံကလေး ရှိပါသေးသည်။ ဒီရောက်တော့ ကိုကြီးက အထည်ချုပ်စက်ရုံ ထောင်သည်။ အထည်အလိပ်ဆေးဆိုးပန်းရိုက်နှင့် ပါတိတ်လုပ်ငန်းထောင်သည်။ တကယ်တမ်းကိုကြီးကို နတ်သမီး ရင်းနှီးသိကျွမ်းရတာ တစ်နှစ်ကျော်ရုံသာ ရှိပါသေးသည်။

မမလတ်တို့ အန်တီဖြူ အန်ကယ်စောတို့နှင့် ရင်းနှီးရတာတော့ ငါးနှစ်လောက် ရှိပြီပေါ့။ မမလတ်ဟာ နတ်သမီးထက် နှစ်နှစ်ကြီးပါသည်။ နတ်သမီးနှင့် စတင်ခင်မင်သိကျွမ်းကတည်းက နတ်သမီးကို ချစ်လွန်းလို့ဟုဆိုကာ "ယောက်မ ... ယောက်မ" နှင့် နောက်ခေါ်တတ်မြဲ။ မမလတ် ထိုသို့ခေါ်တာကို မေမေနှင့် အန်တီသွယ်တို့ကလည်း ကြည်ဖြူရယ်မောမြဲ။





"ကိုကြီးဆီ စာရေးရင် ... ဖုန်းဆက်ရင် ... ဟိုမှာ သိပ်ရှုပ်မနေနဲ့ ငါ့အစ်ကိုကြီးလို့ အမြဲထည့် သတိပေးရတယ် သိလား၊ ဟောဒီယောက်မလေးကိုမှ လိုချင်လွန်းလို့"

မမလတ်ကိုလည်း နတ်သမီး ချစ်သည်။ အန်ကယ်စောသည်လည်း ဖြူဖြူထောင်ထောင်မောင်းမောင်းကြီးနှင့် အင်မတန် နူးညံ့ယဉ်ကျေးကာ ချစ်ဖို့ကောင်းလှသည်။ အန်တီဖြူသည်လည်း အေးဆေးသိမ်မွေ့၍ သဘောမနောကောင်းလှကာ အလွန်ချစ်ဖို့ ကောင်းပါပေသည်။ ဤတစ်မိသားစုလုံးကို ချစ်ခင်သည့်စိတ်ကြောင့်များ ကိုကြီးကို ခေါင်းညိတ်လိုက်မိသလား။

လွန်ခဲ့တဲ့ တစ်နှစ်ကျော် ကိုကြီး ပြန်ရောက်လာစက သူတို့တစ်မိသားစုလုံး တစ်ရက်လာလည် ထမင်းစားပါသည်။ ကိုကြီး ပြန်ရောက်လာသည်ဆို၍ မေမေနှင့် အန်တီသွယ်က ဖိတ်ကျွေးတာပေါ့။ မေမေနှင့် အန်တီသွယ် နှုတ်က "ကိုကြီး" "ကိုကြီး"ချင်း မိုးမွှန်ကာ နေသည်။ ကိုကြီး ငယ်ငယ်က မေမေတို့က အင်မတန် ချစ်ကြရှာသည် ဆိုပေသည်။

နတ်သမီး နှစ်နှစ် သုံးနှစ်အရွယ် ကိုကြီး ခုနစ်နှစ်ရှစ်နှစ်အရွယ်ကျမှ ကိုကြီးတို့မိသားစုက တိုင်းနှင့်ပြည်နယ်များသို့ ပြောင်းရွှေ့ရတာဖြစ်ရာ ကိုကြီးနှင့် မလတ် မောင်နှမဟာ ဒီအိမ်မှာပဲ ဝင်ထွက်ဆော့ကစားနေကြတာတဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်စောတို့ မရှိတဲ့ တစ်ဖက်ခြံနှင့် တိုက်ကို မေမေတို့ မိသားစုတွေကပဲ တစ်နှစ်ပြီးတစ်နှစ် လူငှားရှေးချယ်တင်ပေးကာ လိုအပ်သမျှလည်း ကူညီစီမံပေးခဲ့တာပင်။ အခုထိ တိုင်အောင်ကိုပဲ ကပ်လျက်တစ်ဖက်အိမ်မှာ နိုင်ငံခြားသား လူငှားနှင့်။ အန်ကယ်စောက အလုပ်ဌာနကပေးသော ခြံနှင့်တိုက်ကြီးမှာ ခုထိနေခွင့်ရနေပါသေးသည်။

ဒီလောက် နှစ်ရှည်လများ အိမ်ကို ကြည့်ရှုစောင့်ရှောက်ပေးခြင်း၊ လူငှားတင်ပေးခြင်း၊ အိမ်လခကို ဘဏ်မှာအပ်သွင်းစုဆောင်းပေးထားခြင်း၊ လိုအပ်လျှင် အိမ်ကိုဆေးသုတ်ပေး၊ ပြုပြင်ပေးခြင်း၊ အချိန်အခါအလိုက် တက်လာသော အိမ်ငှားခနှင့် လှကောင်းရအောင် တောက်လျှောက် စီမံပေးခဲ့ခြင်းတို့ကြောင့် မေမေတို့ကို ကိုကြီးတို့ တစ်မိသားစုလုံးက ကျေးဇူးရှင်လို သတ်မှတ်ထားပါသည်။

ဘွားဘွားကအစ နှစ်မိသားစုလုံးဟာ ဆွေမျိုးရင်းချာလို ချစ်ခင်ရင်းနှီးကြတာမို့ ကိုကြီးကို ခုမှစ,ရင်းနှီးခဲ့ရသော်လည်း နဂိုကတည်းက ရင်းနှီးသယောင် စိတ်က ဖြစ်နေခဲ့သလိုပင်။ မမလတ်ကို စ,ခင်ရတဲ့ လွန်ခဲ့တဲ့ ငါးနှစ်ကတည်းက ကိုကြီးကိုလည်း တစ်ပြိုင်နက် စသိရသလိုပါပဲ။ ဘာကြောင့်လဲဆိုတော့ မမလတ်တို့ နှုတ်ဖျားမှာ "ကိုကြီး"ဆိုသည့် အမည်မပါသည့်နေ့က ခပ်ရှားရှားမို့လား။





သူ့အကြောင်း အားလုံးသိနှင့်ကာ သူ့ပုံတွေ[illegible] ပုံစံအမျိုးမျိုးနှင့် ခေတ်ပုံထဲ မြင်ဖူးနေခဲ့ပါသည်။ ဒါကြော[illegible] တွေ့ရတော့ ကိုကြီးကို မစိမ်း။ သူကလည်း မစိမ်း။ ပြန်[illegible] ကြည့်လိုက်ရင် ကိုကြီး ပြန်ရောက်စက ကိုကြီးကို နတ်သမီး အတော်ရင်းနှီး ချစ်ခင်ခဲ့သေးတာပဲ။ လွန်ခဲ့တဲ့ ခြောက်လ ကိုကြီးနဲ့ နတ်သမီး ကိစ္စကို စတင်နားဖောက်စကား ပြောဆိုကြတဲ့အထိ။

လူကြီးမိဘတို့ကလည်း အလွန်ပင် သဘောတူကြကာ ကိုကြီးကလည်း နတ်သမီးကို အင်မတန်မှပင် ချစ်ခင်မြတ်နိုးပါသည် ဆိုတာ သိလိုက်ရချိန်ကစပြီး နတ်သမီး အမ်းတမ်းတမ်း ဖြစ်သွားခဲ့ရတာပင်။ ခင်မင်ရင်းစွဲကလည်းရှိ၊ ကိုယ့်ကိုကြိုက်သည်ဆို၍ ရှက်ရမ်းကလည်းရမ်း၊ မနေတတ် မထိုင်တတ် သလိုနှင့် တစ်မျိုးကြီး ဖြစ်သွားတာ။

ငြင်းစရာကလည်း အကြောင်းမရှိ။ ကိုယ်မလဲ ချစ်သူကမရှိ။ ကိုကြီးကို မုန်းသလားဆိုတော့လည်း မမုန်း။ ချစ်သလားဆိုတော့လည်း မချစ်။ ယူချင်တယ်လည်း မဟုတ်၊ မယူချင်ဘူးလည်း မဟုတ်။ ခေါင်းညိတ်ဖို့လည်း တစ်မျိုးကြီး၊ ခေါင်းခါဖို့လည်း တစ်မျိုးကြီး၊ အူတူတူ အီလည်လည်နှင့် ဘယ်လိုကဘယ်လို ခေါင်းညိတ်လက်ခံလိုက်မိတယ် မသိတော့ပါ။

သူက အင်မတန် ချစ်တယ် ဆိုတာကိုတော့ ယုံပါသည်။ သူ့ပုံစံက နတ်သမီးအပေါ် ချစ်စနိုး အရိပ်အငွေ့တွေ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းခြုံအုပ်မိုးနေတာ။ ရှိုးရှိုးအေးအေးပုံစံထဲမှာကိုပင် အင်မတန် ချစ်မြတ်နိုးနေတာ ပေါ်လွင်နေတာ။

ကိုကြီးက နတ်သမီးကို ချစ်သည်ဆိုတော့ အရင်ကတည်းက စ,နေကျ မမလတ်ဟာ ထ,တောင် က,ပါသတဲ့လေ။ ယောက်မ ယောက္ခမတို့က အင်မတန် လိုလားကြည်ဖြူ ဝမ်းမြောက်ဝမ်းသာ နေကြတာကိုပဲ နတ်သမီး ကြည်နူးပျော်ဝင်သွားမိလေသလားလည်း မသိ။

"မေမေတို့က ယူဆိုရင် ယူပါ့မယ်၊ ဒါပေမဲ့ သူ့ကို ချစ်တော့မချစ်ဘူးနော်"

ဤစကားနှင့် လက်ခံလိုက်တာကို မမလတ်က သိလျှင် ...

"အမယ် ... နင် ငါ့အစ်ကို့,ကို ချစ်ပါတယ် ယောက်မလေးရယ် ... ငါ သိပါတယ်၊ ကိုယ့်ဟာကိုယ် ချစ်နေပြီး ကိုယ့်ဟာကိုယ် မသိတာ ... ဟွန်း"

"မမလတ်နော် ... ဒါဖြင့် မယူတော့ဘူး၊ ချစ်မှ မချစ်တာကို၊ မမလတ်တို့ကို ချစ်လို့ရယ်၊ သူ့ကိုတော့ ခင်တာပဲရှိတယ်"

"အေးပါဟယ် ... ကောင်းပါပြီ၊ ချစ်ချင်ချစ် ... ခင်ချင်ခင်ဟယ်။ လက်ထပ်ဖို့ ခေါင်းညိတ်တယ်ဆို ပြီးရော"

မမလတ်က အလျှော့ပေးလိုက်ပါသည်။





ခေါင်းညိတ်လိုက်ပြီးကတည်းက အမ်းတမ်းတမ်းဖြစ်သွားတဲ့ နတ်သမီးဟာ ကိုကြီးအပေါ် ဆက်ဆံပုံ ပြောင်းသွားတာ။ တဖြည်းဖြည်းနှင့် မလိုတမာလိုလို၊ မကြည်ဖြူသလိုလို၊ ကြည့်မရသလိုလို၊ အမြင်ကတ်သလိုလိုကို ဖြစ်ဖြစ်လာသည်။ "မကြိုက်"တွေ အများကြီး ထွက်လာသည်။ တိုက်ပုံကြီးတကားကားကိုလည်း မကြိုက်။ (ဤအချက်ကို မကြိုက်စာရင်း သွင်းတော့ မေမေက ဆူသည်။)

နဖူးပြောင်ပြောင်ကိုလည်း မကြိုက်။ (ဤအချက်ကိုတော့ အန်တီသွယ်က ကက်ကက်လန် ခုခံ ကာကွယ်သည်။) ကိုကြီးကို နတ်သမီးက ထိပ်ပြောင် နဖူးပြောင်လို့ ပြောရင် အန်တီသွယ်က သူ့ကိုပြောသလောက် နာသည်။ မဟာနဖူးတဲ့လေ။ ဘယ်နေရာမှ မပြောင်ဘူးတဲ့။ အင်း ... မပြောင်ဘူး ဆိုတာလည်း မမှားပါ။ ဒါပေမဲ့ အသားဖြူဝင်းဂှာ နဖူးက ကျယ်တော့ အင်မတန် ပေါ်လွင်လှသည်။

ကိုကြီးဆံပင်တွေက တိုတိုလေးတွေ။ ဆံပင်တွေကအားကို မလဲဘဲ ထောင်နေသည်။ သို့သော် အမြဲပြောင်လက်၍ ခေါင်းလိမ်းဆီရောင် ထ,နေသည်။ ပြိုးပြိုးပြိုးပြိုးနှင့် ကိုကြီးပုံစံကအားလုံးကို ထိုးထွင်းသိနေသလို ပုံစံမျိုးပင်။ လူတစ်ယောက်ကိုအထူးသဖြင့် နတ်သမီးကို ကိုကြီး စိုက်ကြည့်ပြီဆိုလျှင် ဟိုးအတွင်းထဲထိ ထွင်းဖောက်ကြည့်မြင် ခံလိုက်ရပြီဟု စိတ်ကထင်သည်။ ဒါကိုလည်း မကြိုက်။



www.burmeseclassic.com

www.burmeseclassic.com



ငါးနှစ်ကျော်ကြီးပြီး သူက လူကြီးပုံစံ ဖမ်းလွန်းတော့ အိမ်မှာ အမြဲ ကလေးလိုနေသည့် နတ်သမီးနှင့် အများကြီး ကွာခြားကြီးရင့်သည် ထင်ရသည်။ ဒါကိုလည်း မကြိုက်။ သူငယ်ချင်းတွေက သူတို့ထက်လည်း ငါးနှစ်ပဲကြီးတဲ့ ကိုကြီးကို သက်ကြီးအိုဘူတားကြီးလိုလို ကွယ်ရာမှာ နောက်ပြောင်ပြောဆိုတတ်ကြသည်။ ဤသို့ ပြောဆိုအောင် ကိုကြီးပုံစံက ပြောချင်စရာ ဖြစ်နေတာကိုး။ ဒါကိုလည်း မကြိုက်။

ပြီးတော့ ... နတ်သမီးကို သိပ်ကလေးမဆန်တော့ဖို့ ယောကျ်ားလေးတွေနှင့် သိပ်မပေါင်းဖို့ ကိုကြီးက ဆုံးမတတ်သည်။ ဒါဟာ ရိုးသားဖြူစင်တဲ့ နတ်သမီးရဲ့ သိက္ခာကို စော်ကားကြည့်မြင်တာပဲရယ်လို့ ယူဆပြီး ဒါကိုလည်း မကြိုက်။

အစီအစဉ်တွေ ခရီးရောက်လာလေလေ၊ ရှေ့တိုးလာလေလေ၊ နတ်သမီးက ကိုကြီးကို ဂျစ်ကန်ကန် ဘုတိုက်လာလေလေ။ အဲဒါ ဘာကြောင့်မှန်းလဲ ကိုယ့်ကိုယ်ကိုယ် မသိ။ အသက်နှစ်ဆယ့်ငါးနှစ်ထဲ ဝင်ခဲ့ပြီ ဆိုပေမဲ့ သူငယ်ချင်းတွေက တစ်ယောက်မှ အိမ်ထောင်မကျကြသေး။ ကိုယ် အရင်ဆုံးယောကျ်ားယူရ လက်ထပ်ရမှာကိုလည်း စိတ်ခပ်ပျက်ပျက် ဖြစ်လာပါသည်။

ကိုကြီးနဲ့ လက်ထပ်ပြီးတဲ့အခါ ကိုကြီး စင်ကာပူက ပြန်လာလာချင်း ဝယ်ထားတဲ့ ရွှေပုန်းညက်က ကွန်ဒိုအိမ်ခန်းမှာ လိုက်နေရမှာတဲ့။ အဲဒါကိုလည်း စိတ်ခပ်ကုန်ကုန်။ ထိုအိမ်ရာဟာ





ကိုကြီးဖေဖေ အန်ကယ်စောတို့ နေထိုင်သော အစိုးရအိမ်ရာဝင်းခြံနှင့် အနီးလေးပင်။ မမလတ်ကတော့ ကိုကြီး အလုပ်သွားလျှင် သူတို့အိမ် လာခဲ့ပေါ့ဟု ဆိုသည်။ ဒါပေမဲ့ နေ့တိုင်းတော့ သွားဖို့ပျင်းစရာကြီး။

"မမလတ်ရဲ့ ... မမလတ်ကိုမို့လို့ ပြောပြမယ်နော်၊ မေမေတို့ကို သွားမပြောနဲ့နော်၊ သမီးလေ ... လက်ထပ်ဖို့ တကယ်နီးလာလေ တကယ်မပျော်လေပဲ သိလား၊ စိတ်တွေ ရှုပ်တယ်၊ ကိုကြီးကိုလည်း မချစ်ဘူး သိလား၊ အဲဒါ လက်ထပ်ပြီးမှ ပြဿနာတက်ရင်တော့ ဒုက္ခပဲ၊ လက်ထပ်လို့ ဖြစ်ပါ့မလား မမလတ်ရယ်၊ ခုမှ ဖျက်ရင် ရပါ့ဦးမလား"

"မရပါဘူး၊ ဖျက်လို့ ဘယ်ရတော့မလဲ၊ အလကားပါ၊ ဒီလိုပဲ မိန်းကလေးတွေဟာ လက်ထပ်ဖို့ အချိန်နီးလာရင် ကိုယ့်ရဲ့ လွတ်လပ်တဲ့ အပျိုဘဝလေးကို စွန့်လွှတ်ရတော့မှာ တွေးနှမြောသလိုလို၊ အကျဉ်းအကျပ် အချုပ်အနှောင်တာဝန်တွေထဲ ငါရောက်သွားတော့မလားလို့ တွေးကြောက်သလိုလို၊ စိတ်ကစဉ့်ကလျား ဖြစ်တတ်တယ်။ ဟိုဟာအလိုမကျသလို ဒီဟာ သဘောမတွေ့သလို အလိုလိုနေရင်း ဝမ်းနည်းသလိုလို စိတ်တိုသလိုလိုနဲ့ သေးသေးမိုမိုလေး ရှုးကြတယ်၊ အဲဒါ အလကားဟာလေး၊ ဘာမှမဟုတ်ဘူး၊ သူ့ဟာသူ ပြီးသွားမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ် ... မမလတ်က သူ ကြိုဖူးတာကျလို့"

"မကြိုရသေးပေမဲ့ သိတယ်၊ ကြားဖူး ဖတ်ဖူးတယ် နတ်သမီး ရဲ့၊ တို့ပြောတာ ယုံကြည်စမ်းပါကွာ၊ နတ်သမီးက ကိုကြီး နဲ့ ရည်းစားထားလိုက်ရတာလည်း မဟုတ်ဘဲ လူကြီးစိစဉ်လို့ ယူလိုက်ရသလို့ ဖြစ်သွားတော့ ဒါမျိုးတွေ သူများထက် နည်းနည်း ပိုဖြစ်တာပေါ့၊ ဒါပဲ၊ တကယ်ဆို လူကြီးတွေက ဒီလောက်မြန်မြန် မစီစဉ်လိုက်ဘဲ ကိုကြီးကို သူ့ဟာသူ ကြိုးစားဖို့ လွှတ်ထားရင် နတ်သမီးနဲ့ ကိုကြီးက ချစ်သူတွေ အရင်ဖြစ်သွားမှာ၊ အဲဒီကျ နတ်သမီး ခုလောက် စိတ်လှုပ်ရှား ယောက်ယက်ခတ်ရမှာ မဟုတ်ဘူး"

"အမယ် ... ချစ်သူတွေ မဖြစ်ပါဘူးနော် ... ကိုကြီးကို သမီးမှ မချစ်ဘဲ"

"အေးပါ ... အေးပါ ...၊ မချစ်နဲ့ မချစ်နဲ့၊ ဟိုတွေး ဒီတွေး သာ ပူမနေနဲ့၊ ဘာမှ မဖြစ်ဘူး၊ ကိုကြီးက နတ်သမီးကို တုန်နေအောင် ချစ်တာ၊ လက်ထပ်ပြီးရင် နတ်သမီး စိတ် မဆင်းရဲရပါဘူးကွယ်၊ ယုံစမ်းပါ"

"သူ့အစ်ကိုဆိုတော့ မမလတ်က ဒီလိုပဲ ပြောမှာပေါ့ ...၊ ကိုကြီးက လူကြီးကြီး ကျနေတာပဲ၊ သမီးကို ဟိုဆူဒီဆူ ကြိမ်းလားမောင်းလား မလုပ်စေနဲ့နော်၊ မမလတ် ပြောထား"





"အေးပါဟယ်၊ ဒီသတို့သမီးလောင်းမလဲ တွေးလိုက် ပူလိုက်ရတာ များလွန်းတယ်၊ ဆံပင်ဖြူလာဦးမယ်၊ သူ့ အလိုလို အားလုံး အဆင်ပြေ ချောမွေ့သွားလိမ့်မယ်"

နတ်သမီးက ဖိတ်စာကိုကြည့်ရင်း ဟိုတွေး ဒီတွေး လျှောက်တွေးနေပါသည်။ နတ်သမီးရဲ့မျက်နှာလို ကြီးခေါင်စောက အကဲခတ် စောင့်ကြည့်နေသည်။ တထင့်ထင့် စိတ်မအေးရသလို ကြီးခေါင်စောရဲ့ အကြည့်ကို မေမေတို့ အန်တီသွယ်တို့က ကြား ထဲက အားနာလာကြပြီးလျှင် ...

"ကဲ ... ဖိတ်စာအတွက် ဘာပြောစရာ ရှိသလဲ၊ ဘာမှ ဒီလောက်ကြည့်စရာ မရှိတာကို အပြန်ပြန် အလှန်လှန် ကြည့်နေလိုက်ရတာဆိုတာ၊ ဘာပြောမလဲ ... ပြော"

"ပြောပါဘူး"

"ကဲ ... ဒါဖြင့် နက်ဖြန် စ,ဝေမယ် ... ဟုတ်ပြီလား"

နတ်သမီးက ကိုကြီးကို ဖျတ်ခနဲ တစ်ချက်လှမ်းကြည့် လိုက်ပြီးမှ ...

"ဝေပေါ့"

"တချို့ မိတ်ဆွေတွေကျ ကိုယ့်ဘာသာ ဝေတာဝေ ... မလတ်ကို ဝေခိုင်းတာခိုင်း လုပ်လို့ရတယ်၊ ဆွေမျိုးအိမ် တွေကျ သွားဝေရင် နတ်သမီး လိုက်ခဲ့နော်"

"ဟာ ... သမီးနဲ့မှ မသိတဲ့ အိမ်တွေကို"



www.burmeseclassic.com

www.burmeseclassic.com



"မသိလို့ သိအောင် ခေါ်သွားမှာပေါ့၊ အကြောင်းမရှိ ခွမယ်မိက်နဲ့၊ သူ့ မမေးနဲ့ ကိုကြီးရေ၊ ဆွေမျိုးအိမ်တွေ ဝေမ့်နေ့ ဦးမို လာဝင်ခေါ်ချည် ... အလကား အားနေတဲ့ဟာ"

ခေါင်းညိတ်လိုက်တဲ့ ကြီးခေါင်စောရဲ့ မျက်နှာပြုံးပြုံးကို နတ်သမီးက အကြောင်းမရှိ မျက်စောင်းရွယ်လိုက်ပြန်ပါသည်။ ကိုယ့်ဘဝလေးကို အပိုင်သိမ်းပိုက် အုပ်ချုပ်တော့မဲ့ သူကြီး ... မသထာပါဘူးနော်။





၂

ကြီးခေါင်စောက သူ့နံဘေးမှာ ခပ်မှိမှိ ထိုင်လျက်ပါလာသည့် နတ်သမီးကို ငဲ့ကြည့်လိုက်ပါသည်။ ပခုံးထောက်ကာ ကျော့ထွက်နေသော ဆံပင်ဖြောင့်ဖြောင့် စင်းစင်းလေးတွေကို ဘေးကွဲခွဲ၍ ဆံပင်များသောဘက်မှာ ချိုတစ်ဖက် စီးထားသော နတ်သမီးရဲ့ ပုံစံက ရှိရင်းစွဲအသက်ထက် ပို၍ငယ်ရွယ်နုနယ်နေပါသည်။

မွေးရာပါ ရုပ်ရည်လေးကြောင့်ရော၊ အိမ်မှာကလေးလိုသာ နေနေတာကြောင့်ရော နတ်သမီးဟာ အသက်နှစ်ဆယ်လောက်ပဲ ရှိတယ်ပြောလည်း ယုံရမည့်သူပင်။ ကိုယ်က လူကြီးဆန်တာရယ်၊ သူက ကလေးဆန်တာရယ် နှစ်ခုယှဉ်လိုက်တော့တကယ် ကွာခြားတာထက် ပိုပြီးကွာခြားသွားရတော့တာပင်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း သူ့အဝေါ်တစ်အိမ်လုံးက နတ်သမီး ဆိုကြည့်တာ ...

"ဟယ် ... ငယ်ငယ်လေး ရှိသေးတာပဲဟယ်၊ ကိုကြီးတော့ မိန်းမငယ်ငယ်ချောချောလေး ရတော့မှာပေါ့၊ ကိုကြီးတို့များ ရှာတတ်လိုက်တာဟယ်၊ နုနုငယ်ငယ်ကလေးရယ်၊ ဟော တော် ... ဘွဲ့ရပြီးသားတဲ့တော်၊ ကျောင်းနေတုန်း ထင်နေ တာ"

စသဖြင့် တစ်ယောက်တစ်ပေါက် ချီးမွမ်းထောပနာ ပြုလို့ မဆုံးကြချေ။ အဲဒီအိမ်မှာ ကိုကြီးတို့နှင့် တစ်ဝမ်းကွဲမောင်နှမများ တော်စပ်သော ညီနှစ်ယောက် ညီမတစ်ယောက် မောင်နှမ သုံးယောက်ရှိရာ အားလုံးဟာ နတ်သမီးကို သဘောတကျ ဝိုင်းထိုင်ငေးကြည့်နေကြပါသည်။

အသားလေးက ဖြူနုနု၊ မျက်လုံးဝိုင်း မျက်တောင်ကော့လေးနှင့် နှုတ်ခမ်းထူထူစစ ပန်းနုရောင်လေးက နတ်သမီးကို ကလေးမ,လေးနှင့် တူစေပါသည်။ နတ်သမီး ပုံစံကလည်း အရွယ်ထက် ကလေးဆန်ကာ ရှက်ကိုးရှက်ကန်း စူတူ မူတူနှင့် မေးမြန်း တာကို ဖြေတာကအစ ကလေးလေသံမျိုးနှင့်။ သိုင်းသိုင်း ဝိုင်းဝိုင်း ဖွယ်ဖွယ်ရာရာ ပြေပြစ်ဖို့ထက် တဲ့တိုး အဖြောင့်တိုက် လိုရင်းတိုရှင်း ဆန်လှလေရာ ကလေးအပြောအဆိုနှင့် ပိုတူနေပါ သည်။





သွားလေရာမှာ လက်ထဲမှာ အချဉ်ထုပ် သို့မဟုတ် နေကြာစေ့ထုပ် သို့မဟုတ် ချောကလက်ပြား သို့မဟုတ် ပီကေ။ စားစရာ တစ်ခုမဟုတ်တစ်ခု အမြဲကိုင်လျက်သား ပါလာတတ် ကာ တော်ကြာ နည်းနည်းစားလိုက် ဆုပ်ကိုင်ထားလိုက်၊ တော်ကြာ နည်းနည်းစားလိုက်နှင့် ပါးစပ်နှင့်မှုန် မပြတ်သော အပြုအမူဟာ လည်း ကလေးဆန်နေပြန်တာပင်။

ညီဝမ်းကွဲနှစ်ယောက် ဖြစ်သော အောင်အောင်နှင့် နောင်နောင်မှာ သူတို့ထက် ကြီးမည်ဖြစ်သော နတ်သမီးကို ကြီးလို့ကြီးမှန်းမသိ ရွယ်တူလို ထင်မှတ်ကာ အငေးသား အစိုက် သား။ သူတို့ရဲ့ ကိုကြီးကို လေးစားအားကျလှတဲ့ ပုံတွေနှင့်တစ် မျိုး၊ နတ်သမီးကို ခင်မင်အဖွဲ့ကျလိုသော ဟန်မူရာတို့နှင့် တစ် သွယ်၊ အပိုးမကျိုးလှတဲ့ ရုပ်တွေနှင့် စကားဝိုင်းမှာ လာထိုင်နေ ကြပါသည်။

ဒီကောင်တွေ အိမ်ကို ပုံမှန်ညည့်သည် လာလို့များ မအေက ရိုက်မောင်းပုတ်မောင်း ညည့်ခန်းလာထိုင်ခိုင်းရင်တောင် ညည့်ခံချင် လာထိုင်ချင်ကြတဲ့ ကောင်မျိုးတွေ မဟုတ်။ ခုမှ ရောက်သည်ကစ,လို့ ပြန်တဲ့ထိ ထိုင်ရာက မထကြ။

"အဲဒီ အောင်အောင်တို့က ငရှုပ်တွေ ဖရုတ်တွေလေ"

ကြီးဒေါ်စောက စကားစ,လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ဘယ်သူ့ကို ပြောနေတာလဲ"

"အောင်အောင်တို့လေ"

"ဘယ်က အောင်အောင်တို့လည်း"

"ခုနက ညိုဝမ်းကွဲတွေလေ"

"ဩော် ... ဩော် ...၊ နာမည်တွေ မေ့သွားလို့"

"နတ်သမီးကို လာထိုင်ကြည့်နေကြတာ မြင်တယ် မဟုတ်လား"

"ကိုကြီး လာလို့ ကိုကြီးကို [illegible]ထိုင်ကြည့်နေတာ မဟုတ်ဘူးလား"

"ဘယ်က ကိုယ့်ကို လာထိုင်ကြည့်ရမှာလဲ၊ ကြည့်စရာ ဘာရှိလဲ၊ ခါတိုင်းကိစ္စနဲ့ လာမိရင် ထွက်ပြေးတောင်လာတဲ့ ကောင်တွေ မဟုတ်ဘူး၊ နတ်သမီး ပါလာလို့ ရှက်ထိုင်တာ၊ အောင်အောင်ဆို ကြည့်လိုက်တာ မျက်လုံးတောင် ပြူတ်ကျတော့မယ်၊ အစ်ကိုနဲ့ယှမဲ့ မိန်းမပေမို့သာပဲ၊ နိုမို့ မလွယ်ဘူး ဒီကောင်တွေတော့၊ သတ်သတ်သာ တွေ့လို့ကတော့ နတ်သမီးနောက်က ကောက်ကောက်ပါလာမှာ သေချာတယ်"

"အို ... ကိုကြီးကလည်း ... ညီတွေနဲ့တောင် လိုက်တိုနေတယ်"





"ဟုတ်တယ် ... ဒီကောင်တွေက မိန်းကလေးလှလှ မြင်ရင် ဒီတိုင်းချည်းပဲ၊ ကိုယ့်အမျိုးပဲလေ ဆိုပြီး သိပ်အရော မဝင်နဲ့ သိလား၊ ရှောင့်တက်မယ်"

"ကိုကြီးဘက်က အမျိုးတွေကို သမီးက အရောမဝင်ဘဲ လုပ်ရနေတော့ ကောင်းပါ့မလား"

"ကောင်းတယ် ... ကောင်းတယ် ...၊ ကိုယ်ကျေနပ်ရင် ပြီးတာပဲ"

နတ်သမီးက ကိုကြီးကို ရယ်ချင်လာသည်။

"ဒါပေမဲ့ စကားလာပြောရင်တော့ ပြန်ပြောရမှာပေါ့"

"သိပ်ပြောမနေပါနဲ့ ... မလိုပါဘူး၊ ဒီကောင်တွေက ရည်းစားသက်ဇာကောင်တွေ"

"သူတို့ဟာသူတို့ သက်ဇာဖြစ်ဖြစ် သက်ကျော်ဖြစ်ဖြစ်လေ၊ အစ်ကိုဝမ်းကွဲနဲ့ ယှမဲ့ မိန်းမကိုတော့ ဘာလုပ်လို့ ရမှာလဲ၊ ကိုကြီးက အလကားနေရင်း သဝန်တိုလွန်းတယ်၊ လိုလည်း မလိုအပ်ဘဲနဲ့ ... အပိုတွေ"

"ဈော် ... ဘယ်သူကတော့ အလကားနေရင်း သဝန်တိုချင်မှာလဲ ...၊ သဝန်တိုရတာ ဘာအရသာရှိလို့တုန်း ...၊ ရင်မောဖို့တောင် ကောင်းသေး"

"ဒါဖြင့် မတိုနဲ့ပေါ့၊ အဲလို လိုက်တိုနေရင် သမီးမပြော ဘူးနော်၊ ဒါပဲ၊ ကျဉ်းကျပ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမောင်းဆုံးကတော့ ကိုယ်သဝန်မတိုရအောင် နတ်သမီးက ယောက်ျားလေးမှန်ရင် ဝေးဝေးက ရှောင်ရှားပြီးနေလိုက်"

"ဟင် ... ဘယ်ဖြစ်မလဲ၊ သူငယ်ချင်း အရင်းကတင် သုံးယောက်ရှိတယ်၊ နည်းနည်းပါးပါး ခင်တာမှင်တာတွေက အများကြီး ရှိသေးတယ်၊ ရိုးရိုးပဲဥစ္စာ ဘာမှ ရှောင်နေစရာ မလိုဘူး၊ ရှောင်လို့လည်း ဘယ်ရမလဲ"

"အရင်ကထက်ဆော့ လျှော့ပေါ့ကွာ"

"တွေ့လား ... ကိုကြီးက လက်ကိုမထပ်ရသေးဘူး၊ ချုပ်ချုပ်ချယ်ချယ်တွေက လုပ်လာပြီ၊ ဒါကြောင့် ... သမီးက ယောက်ျားကို မယူချင်တာ၊ မေမေတို့က ယူရမယ်ဆိုလို့သာ ... ဟွန်း ..."

"ကိုယ့်ကို နည်းနည်းကလေးတောင် မချစ်ဘူးလား"

"ဘာလို့ ချစ်ရမှာလဲ"

"ဟင် ... ချစ်ရမှာပေါ့၊ ကိုယ်နဲ့ ယူရမဲ့ ယောက်ျားပဲဟာ"

"မချစ်ပါဘူး ... ခင်ပဲ ခင်တာ"

"မလတ်က ပြောတော့ နတ်သမီးက ကိုယ့်ကို ချစ်ပါတယ်တဲ့"

"အဲဒီ မလတ်က သူများစိတ်ထဲကို ဘာသိတာမို့လို့လဲ၊ အကြားအမြင် ရနေတာ ကျနေတာပဲ၊ မလတ် ပြောတာ မမှန်ဘူး ... အလကား"





ကြီးခေါင်စောက သက်ပြင်းချလိုက်ရင်း ...

"ခုမချစ်လည်းပဲ တဖြည်းဖြည်းနဲ့တော့ နတ်သမီး ကိုယ့်ကို နည်းနည်း နည်းနည်း ချစ်လာရမယ်နော်၊ မချစ်လို့တော့ ဘယ်ဖြစ်မလဲ၊ လင်ရယ် မယားရယ် ဖြစ်လာမှတော့ တစ်ယောက်ကို တစ်ယောက် ချစ်မှဖြစ်မှာပေါ့၊ အိမ်ထောင်တစ်ခုဟာ အချစ်မပါရင် ဘယ်လို ... ..."

"ဟာ ... ကိုကြီး ... ကိုကြီး"

ကြီးခေါင်စော ပြောနေရင်းတန်းလန်း နတ်သမီးက ဖြတ်အော်လိုက်၍ ကြီးခေါင်စောမှာ အလန့်တကြားနှင့် ကားကို ဘရိတ်ယောင်ယမ်း နင်းလိုက်မိသည်။

"ရပ် ...ရပ် ကိုကြီး ... ရပ်လိုက်"

"ဘာဖြစ်လို့လဲ"

"ရပ်လိုက်ပါ ... ဟိုမှာ ... ငမိုး ... ငမိုး"

ကြီးခေါင်စောက ဟိုဟိုဒီဒီကြည့်ကာ အူကြောင်ကြောင်နှင့်ပင် ကားကို လမ်းဘေးဆွဲချ၍ အရှိန် လျှော့ရပ်လိုက်ပါသည်။ နတ်သမီးသည် ကားပြတင်းမှ ခေါင်းထွက်ကာ ...

"ဟဲ့ ... ငမိုး ...၊ ငမိုး ..."

လှမ်း၍ ဟစ်အော်ခေါ်နေရာသို့ ကြီးခေါင်စောပါ ခေါင်းထုတ်၍ လှမ်းကြည့်လိုက်မိပါသည်။ ရှေ့လေးငါးလှမ်းစာမှာ ကောင်လေးတစ်ယောက် ကားလှမ်းမဲ့ပေါ် ဆင်းရပ်နေရာမှ လှည့်ကြည့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



နတ်သမီးက လက်ခုပ်ပါတီးကာ ...

"ဟဲ့ ... ငမိုး ... ဒီမှာ၊ မျက်စိက ဘယ်ကြည့်နေတာလဲ"

ဒီတော့မှ ငမိုး ဆိုတဲ့ကောင်လေးဟာ နတ်သမီးကို မြင်သွားပြီး ကားဆီကို အပြေးလျှောက်လာသည်။

"ခေါ်လိုက်ရတာ ... မျက်စိက ကန်းနေတဲ့အတိုင်းပဲ"

"ငါသိတဲ့ကားမှ မဟုတ်တာ ...၊ ဒီတော့ ဒီကားက မဖြစ်နိုင်ဘူးထင်ပြီး တခြား လျှောက်ကြည့်နေတာပေါ့"

ကြီးခေါင်စောက ကောင်လေးနှင့် နတ်သမီးကို အကဲခတ်ကာ ကြည့်နေမိလျက်၊ ငမိုးကလည်း ကြီးခေါင်စောကို မျက်ခွံနဲ့ တစ်ချက်ကြည့်ပါသည်။ ကားပြတင်းပေါက်ကို လက်ထောက်ကာ ငမိုးက ကိုယ်ကိုင်းထားလျက် နတ်သမီးက ထိုပြတင်းမှ ခေါင်းထွက်ကာ လှမ်းမော့ကြည့်နေတာမို့ အတော်နီးနီးကပ်ကပ် ဖြစ်နေပါသည်။

"နင် လမ်းမကြီးမှာ ဘာရပ်လုပ်နေတာလဲ"

"ကားငှားမလို့ဟာ"

"နင့်ကားရော"

"မေမေ ဒရိုင်ဘာနဲ့ ယူသွားတယ်ဟာ၊ ပြန်မလာဘူး၊ ဒီမှာ အရေးက ကြီးနေတာ"

"နင် ဘာအရေးကြီးနေလဲ"





"ကားကြည့်ဖို့ ချိန်းထားတာဟ၊ အချိန်က လွန်နေပြီ၊ လွတ်သွားတော့မယ်"

"ပြောလေ ... ငါ လိုက်ပို့မယ် ... ဘယ်ကိုလဲ"

"ပွဲစားတန်း"

"လာ ... တက်၊ ကိုကြီး ... ငမိုးကို လိုက်ပို့ပေးလိုက်မယ်နော်"

တက်ခိုင်းပြီးမှ ခွင့်တောင်းဖော် ရတာကို ကြီးခေါင်စောက ပြုံးရင်း ...

"ပို့မယ်လေ ...၊ တက် ... ညီလေး"

ငမိုးက မငြင်းဆန်ဘဲ နောက်တံခါးဖွင့်၍ တက်ထိုင်လိုက်ပါသည်။

"ကိုကြီး ...၊ အဲဒါ ငမိုးလေ ... မိုးဆွေဟန်တဲ့၊ ဟိုနေ့က ကိုကြီးတွေ့တာပေါ့"

"သြော် ... အင်း ... အင်း ..."

"ငမိုး ... ဒါ ကိုကြီးခေါင်စော"

ငမိုးက နောက်ကြည့်မှန်မှတစ်ဆင့် ခေါင်းညိတ်ပြုံးပြပါသည်။

"နင်တို့ ဘယ်သွားမလို့လဲ"

"ငါတို့ ဗိတ်စာတွေ လိုက်ဝေနေတာဟ"

"သြော် ..."



www.burmeseclassic.com

www.burmeseclassic.com



"နင့်ဆောင်းက အိတ်ထဲမှာလည်း ရှိတယ်နော်၊ တက်ဖိမိလို့ တွန့်ကုန်ဦးမယ်"

"ငါတို့ရော မရဘူးလား"

"မရဘဲနေပါ့မလားဟဲ့ ...၊ နင်တို့ကို နောက်မှပဲပေးမယ်၊ ဖိတ်စာမလောက်မှာစိုးလို့ အားမနာရတဲ့သူတွေကို မပေးသေးဘူး၊ အားလုံးပြီးမှ စာအိတ်မှာ နာမည်မှားတပ်မိတဲ့ဟာတို့၊ ကြေတဲ့ဟာတို့ ချေးကျန်တွေထဲက နင်တို့ကိုပေးမယ်"

ကြီးခေါင်စောက ပြုံးမိပါသည်။

"ဘယ်နေ့ ဘယ်အချိန် ဘယ်မှာ အားလုံး သိပြီးသားပဲ၊ ဖိတ်စာမရလည်း ကိစ္စမရှိပါဘူး၊ ရတာပဲ"

"ညီလေး ... ဟံသာဝတီနော်"

"ဟုတ်ကဲ့"

ကြီးခေါင်စောက ဟံသာဝတီကားပွဲစားတန်းဘက်ကို ချိုးကွေ့လိုက်ပါသည်။

"အစ်ကို ... အထဲမဝင်ဘူး ... အပြင်ပဲရပ်၊ ကျွန်တော့်လူရတွေက အပြင်မှာ ... ခ လေး ကြည့်လိုက်ဦးမယ်၊ ရှိမှ ရှိကြပါဦးမလားတောင် မသိဘူး"

ငမိုးက ကားထဲက လှစ်ခနဲ ဆင်းသွားပြီးလျှင် ရှေ့နားက လူတစ်စုကို သွား၍မေးမြန်းနေပါသည်။ တစ်ဖတ်ဖတ် ပြန်ပြေးလာကာ ကားပေါ်ဝင်ထိုင်လိုက်ရင်း ...





"ထင်တဲ့အတိုင်းပဲ ... မရှိတော့ဘူးဟ"

"ဘယ်ရောက်သွားကြပြီလဲ"

"ပုစွန်တောင်ကို"

"ဒါဖြင့် အဲဒီကို လိုက်ပေါ့၊ ကိုကြီး ... ပုစွန်တောင်ကို ပို့ပေးလိုက်နော်"

ကြီးခေါင်စောက ခေါင်းသာညိတ်ပြလိုက်ရကာ နာရီကို မကြည့်မိအောင် သတိထားနေရပါသည်။ နေ့လယ် ခဏအားတဲ့ နာရီပိုင်းမှာ နတ်သမီးကို ဝင်ခေါ်ပြီး အယ်နှအိမ်လောက် ဝေ...င်မည် ဆိုတာ လျာထားထားသည်ဖြစ်၍ သူ့အားချိန်နှင့်တွက်...ာ နောက်ထပ် နှစ်အိမ် ဝင်စရာ ရှိနေပါသေးသည်။

ဟံသာဝတီကတော့ ကိုယ်မောင်းနေရာ လမ်းပေါ...င်ဖြစ်၍ ကိစ္စမရှိသော်လည်း ပုစွန်တောင် ဆိုတာက ဟိုဘက်...နှ ... တကူးတက နိုင်လှပါသည်။ ခရီးကြို လမ်းကြို ဝင်လိုက်...အောင်လို့လဲ အဲဒီဘက်မှာ ဖိတ်စာဝေစရာ အသိမိတ်ဆွေကမရှိ။

ကောင်လေးကလည်း အားနာပုံမရ။ နတ်သမီးက...ည်း အချိန်ကို တွက်ပုံမရ။ သူက နာရီတကြည့်ကြည့် လုပ်မိ...င် လိုက်မပို့ချင်ရာ ကျနေပါလိမ့်မည်။ ဒါကြောင့် သက်ပြင်း...ပဲ ချီးရှိုက်ကာ ပုစွန်တောင်သို့ ခပ်သွက်သွက် နှင်ရပါသည်။ ...ီး ဒိကွေ့နှင့် ငမိုး ညွှန်ရာအတိုင်း တစ်နေရာသို့ ရောက်လာ...င် —



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟိုမှာ ကိုစိုး၊ ကားတော့ မတွေ့ဘူး ... ရပ် ... အစ်ကို ... ခဏရပ်"

ကြီးခေါင်စောက ကားကို ရပ်ပေးလိုက်လျှင် ငမိုးက ခေါင်းထုတ်ပြီး ...

"ကိုစိုး ... ကိုဝင်းကျော်တို့ရော"

"ကြည့်တဲ့သူ တစ်ယောက်လာလို့ ကားစမ်းမောင်းသလား မသိဘူး ... ထွက်သွားကြတယ်"

"ကြည့်တဲ့သူ လာတယ် ... ဟုတ်လား"

"အေး ... မင်းက နောက်ကျနေတာကိုး"

"အေးဗျာ ... ဒါပေမဲ့ ကျွန်တော် သေချာလာမယ် ဖုန်းဆက်ထားသားနဲ့ ကိုဝင်းကျော်ကလည်းဗျာ ... ကြည့်တဲ့သူက ဘယ်သူ ခေါ်လာတာလဲ"

"ကိုကိုအောင် ခေါ်လာတာ၊ မင်းစောင့်ရင် စောင့်လိုက် ဒီကိုပဲ ပြန်လာမှာပဲဟာ"

"ပြန်လာမယ် ပြောသွားလား"

"ပြောတော့ မသွားဘူး၊ ဒါပေမဲ့ ပုံမှန်ဆို ပြန်လာမှာပဲဟာ၊ သွားတာတောင် မိနစ်နှစ်ဆယ်လောက် ရှိပြီကွ"

"တစ်ခါတည်း ပွဲဖြစ်သွားပြီထင်တယ် ... တော်ပြီဗျာ၊ မစောင့်တော့ဘူး"

"လာရင် ဘာပြောလိုက်ရမလဲ"





"ကိစ္စပြီးပြီဆိုရင်လည်း ပြီးရောပေါ့၊ မပြီးသေးရင်တော့ ညနေ ကျွန်တော့်အိမ်ပဲ လိုက်ခဲ့တော့လို့"

"အေး ... အေး ..."

ငမိုးက ကားထဲ ခေါင်းပြန်ဝင်လိုက်ရင်း ...

"အစ်ကို ... သွားလို့ရပြီ"

ကြီးခေါင်စောက မျက်မှောင်တွန့်ချင်သွားကာ ...

"ညီလေး ဘယ်ကို ပြန်မလဲ"

"အိမ်ပဲ ပြန်တော့မယ်"

ကြီးခေါင်စောက ကျွဲမြီးတိုချင်လာပါသည်။ သူ့အိမ်ကိုယ်က သိတာမှတ်လို့။ ပြီးတော့ အပိုင်ကြီး ... ပိုက်ဆံပေးကားငှားစီးလာသလို ပြောဆိုနေလိုက်တာ။

"အိမ်က ဘယ်မှာလဲ၊ အစ်ကိုတို့က ကန်တော်ကြီးစောင်းတစ်အိမ် ... ရွှေဂုံတိုင်တစ်အိမ် ဝင်ရဦးမှာ"

"ငမိုးအိမ်က ခုနတက်စီးလာတဲ့နားပဲ ... ကမာရွတ် သီရိမင်္ဂလာလမ်းလေ၊ အဲဒီကို အရင်ပို့လိုက်ပါ ကိုကြီးကလည်း၊ နို့မို့ သူ တတန်းတန်း ပါနေရဦးမယ်"

ပါနေရအောင် မပါချင်ရင် ရောက်ရာအရပ်က ဆင်းပြီး ကိုယ့်ဟာကိုယ် ကိုယ့်အစီအစဉ်နှင့် ပြန်တော့ပေါ့။ နှစ်နေရာတောင် လမ်းမကြုံဘဲ ပို့ပြီးပြီပဲ။ ဖိုက်စာဝေခြင်းဟာ ပါးစပ်ကပြောတော့ လွယ်လွယ်ရယ်၊ တကယ်တမ်း အချိန်အတော်ပေးရပြီး မသက်သာ မလွယ်ကူလှတာ ကြုံဖူးမှ သိတာပါ။



www.burmeseclassic.com

www.burmeseclassic.com



မြို့နယ်တူတွေ အုပ်စုခွဲတန်ခွဲ၊ ဆွေမျိုးတွေအိမ်သွားမည့်နေ့မျိုးမှာ အမျိုးအိမ်တွေ သတ်သတ်ခွဲ၊ ကိုယ်ချည်းသွားတာသွား၊ နတ်သမီးကို ခေါ်ကာ စုံတွဲသွားတာသွား။ တစ်နေ့ကို အချိန်ရသလောက် နည်းနည်း၊ နည်းနည်းနှင့် ရက်ကြာရှည်နေပြီ။ ဖိတ်စာနောက်ဆုံးရမည့် သူကိုပင်လျှင် မင်္ဂလာပွဲနှင့် အနည်းဆုံး တစ်ပတ်ဆယ်ရက်ခွာကာ အချိန်ပေးမှ အဖိတ်ခံရသူဟာ စီစဉ်ချိန် ချုပ်လုပ်ပြင်ဆင်ချိန်တွေ ရပေလိမ့်မည်။

ဤသို့ အလုပ်ချိန်ထဲက အားချိန်လေး ဖဲ့ယူပြီး တကူးတက လိုက်လုပ်နေရဆဲမှာ ခရီးဖင့် ကြန့်ကြာခြင်းဖြစ်၍ ကြီးမေါင်စော စိတ်ထဲ မကြည်မဖြူ ဖြစ်မိတာပါ။ နို့မို့လို့ကတော့ နတ်သမီး သူငယ်ချင်း တစ်ယောက်ကို တစ်နေ့ရာရာ ဖို့ဖို့ကိစ္စကို သူ မကြည်ဖြူစိတ် ဝင်မည့်သူ မဟုတ်ပါ။

"တကောက်ကောက်ပါလိုက်တာက ပိုအဆင်ပြေမယ်၊ နှစ်အိမ်ဝင်စရာ ရှိနေသေးတော့ ကမာ့ရွတ်ကို တစ်ခါပြန်ပို့ပြီးမှဆိုရင်"

"ရတယ် အစ်ကို၊ ကျွန်တော်ပါ တကောက်ကောက်လိုက်လိုက်မယ်၊ အရင်မပို့နဲ့၊ အစ်ကိုတို့ကိစ္စ ပြီးမှပို့"

ငမိုးက ကားပေါ်က ဆင်းကာ သတ်သတ် လမ်းခွဲသွားဖို့ မရှည်ရှယ်သော်လည်း အဆင်ပြေစေဖို့ ရှေ့ရှု၍ တော်ပေသေးသည်။





"ကိုကြီးကလည်း အရင်ပို့လိုက် ပြီးရော"

"ဒီနေ့ ဒီနှစ်အိမ်ပြီးမှ ဖြစ်မှာမို့ပါ နတ်သမီးရယ်၊ ဝေစရာတွေက အများကြီး ကျန်နေသေးတာ ... ရက်က သိပ်မကျန်တော့ဘူး၊ ပွဲနဲ့လည်း ရက်ခွာပြီးဖိတ်စာပို့နှင့်မှ ကောင်းတာပေါ့၊ ရက်သိပ်ကပ်ရင် ဖိတ်ခံရတဲ့သူလည်း ကသိကအောက်နဲ့"

ဒီလိုနှင့် အမျိုးအိမ်နှစ်အိမ်ကို ဖိတ်စာဝင်ပို့၊ သိပ်ကြာကြာ မထိုင်နိုင်တော့ဘဲ ကားပေါ်မှာ ညှော့သည်ထိုင်ကျန်တာအကြောင်းပြပြီး ခပ်သွက်သွက်လေး ပြန်ဖြစ်သဖြင့် ခုန မိုကုန်ထားတဲ့ အချိန်တို့နှင့် ထေမိပါသည်။ ပြီးမှ ငမိုးကို သူ့လမ်းထိပ်ပြန်ပို့သည်။ အဲဒီနောက်မှ နတ်သမီးကို ပြန်ပို့ရပါသည်။ ပြီးလျှင် ကြီးခေါင်စောက ကိုယ့်အလုပ်ကို ပြန်ရပါဦးမည်။

"ကိုကြီးက သမီးသူငယ်ချင်းကို သိပ်စေတနာ မပါဘူး"

ငမိုး ဆင်းသွားပြီးလျှင် မဖျော်လင့်ဘဲ နတ်သမီးက ထိုးစစ်ဆင်လာသည်။

"တခြားအချိန်ဆိုရင် စေတနာ ပါပါတယ်၊ ခုဟာက ကိုယ့်မှာလည်း အပြေးအလွှား လုပ်စရာတွေ ကျပ်နေတဲ့ အချိန်ကြီးဆိုတော့ သူ့ကို စေတနာပိုလိုက်ရင် ကိုယ့်အလုပ်တွေ မပြီးမစီး ဖြစ်ကုန်မှာပေါ့ နတ်သမီးရယ်၊ သူလည်း ယောက်ျားလေးတစ်ယောက်ပဲဟာ၊ အမှန်ဆို သူ့ကို လမ်း



www.burmeseclassic.com

www.burmeseclassic.com



မှာကြိုသလောက်ပို့ပြီး သူကားငှားစီးသွားလည်း ရပါတယ်၊ မိန်းကလေးတစ်ယောက်ကို လိုက်ပို့ပေးရတာက ဟုတ်သေးတယ်၊ သူက ယောကျ်ားပဲ၊ ဒေါင်ကျဝကျ ပြားကျကျပဲဟာ၊ ကြိုရင်ပို့ပေး ... မကြိုရင် မပို့ပေးလည်း ရတာပဲ ... ကိုယ်အားရင်တော့ တစ်မျိုးပေါ့"

"ငမိုးက ယောကျ်ားလေးတစ်ယောက် ဖြစ်နေလို့ ကိုကြီးစေတနာနည်းတာပါ"

"ဘာဆိုင်လို့လဲ နတ်သမီးရဲ့"

"သမီးက သူငယ်ချင်း ယောကျ်ားလေးကို သူ သွားလိုရာခရီး လိုက်ပို့ပေးချင်တဲ့ စေတနာရှိတာကို ကိုကြီး မကြိုက်တာပါ၊ မနာလို သဝန်တိုတာပေါ့"

"ရော် ... ဖြစ်မှ ဖြစ်ရလေ နတ်သမီးရယ် ... မဟုတ်ရပါဘူး"

"ဟုတ်ပါတယ်နော်၊ သမီး သိပြီ၊ ကိုကြီးက အရမ်းသဝန်တိုတတ်တာ"

"ဟောဗျာ"

နတ်သမီးက နှုတ်ခမ်းကို ရှေ့ထုတ်ကာ မကြည်လင်တဲ့ ဟန်ပန် ဖမ်းထားပါသည်။ ကလေးဆန်လှတဲ့ နတ်သမီးကို ကြီးခေါင်စောက ချစ်စနိုးနှင့်သာ ရယ်ချင်နေရပါသည်။





၃

"သတို့သား မျက်နှာက ပြုံးပြီး သတို့သမီး မျက်နှာက ရှုပုပ်နေတာပဲ"

"ကြည့်ရတာ မိဘပေးစားလို့ ယူရတာ ထင်တယ်ဟဲ့"

ကြီးခေါင်စောနှင့် နတ်သမီးတို့ မင်္ဂလာညှော်ခံပွဲမှာ ဟိုက ဒီက တိုးတိုး တိုးတိုး ကြားနေရသော အသံများ ဖြစ်ပါသည်။ ဟိုဘက်အမျိုး ဒီဘက်အမျိုးတို့ကို တစ်ခြမ်းစီခွဲကာ နေရာချထားသော်လည်း အန်တီသွယ်နှင့် မလတ်ကတော့ ဘယ်မှာမှ ဝင်မထိုင်ဘဲ မိုးတိုးမတ်တတ်နှင့် လိုအပ်လျှင် ပြေးလွှားနိုင်ဖို့ ဟိုနားလျှောက် ဒီနားလျှောက်နှင့် ရပ်လျက်သာ တတွဲတွဲ ရှိနေရာ ...

"အန်တီသွယ် ... ပြောသံ ဆိုသံတွေ ကြားရဲ့လား"

"ကြားပါ့"



www.burmeseclassic.com

www.burmeseclassic.com



"နတ်သမီး စိတ်ထဲမှာ ကိုကြီးကိုချစ်တဲ့ ခံစားချက်လေး မြုပ်ပြီး ရှိနေတယ်လို့ပဲ မလတ်က ထင်နေတာ"

"အဲဒါ ဟုတ်မယ်၊ အန်တီသွယ်လည်း ထင်ပါတယ်၊ နတ်သမီးလို ဂျိုကောင်မလေးမျိုးဟာ ဒီလိုကိစ္စကြီးမျိုးကို လုံးဝ သဘောမကျ မနှစ်သက်ဘူးသာဆိုရင် မရမက ဖွတ်ငြင်းမှာ၊ သူ ဖွတ်မငြင်းဘူး ဆိုကတည်းက နှစ်သက်လက်ခံနိုင်လို့ပေါ့ မလတ်ရယ်"

"သူ့စိတ်ထဲမှာ ကိုကြီးကို မကြိုက်လို့ မဟုတ်ဘဲ အစီအစဉ် မြန်မြန် ဖြစ်သွားရတာကို ဘဝင်မကျသလား မသိဘူးနော် အန်တီသွယ်၊ အိမ်ထောင်မြန်မြန်ပြုလိုက်ရတာကို စိတ်ကျဉ်းကျပ်နေတယ် ထင်တယ်"

"သူ့အသက်နဲ့ဟာ စောတယ် မပြောနိုင်ပါဘူး မလတ်ရယ်၊ အတော်ပါပဲ၊ မမနွယ်ကို မေမေတို့တွေ ကိုတင်အောင်ထွန်းနဲ့ ပေးစားခဲ့တုန်းက မမနွယ် အသက်က ဆယ့်ကိုးနှစ် ရှိသေးတာ၊ ဟိုက နှစ်ဆယ့်ခြောက်နှစ် ရှိပြီဆိုတော့ ခုနစ်နှစ်ကွာတာကိုး၊ ဟိုဘက်ကလည်း စိတ်မချတော့ တက္ကသိုလ်တောင် မပြီးခင် ပေးစားလိုက်ကြတာပဲဟာ၊ အသက်ကြီးမှ အိမ်ထောင်ကျတော့ ဘာကောင်းတုန်း၊ ကိုယ့်ကလေး အရွယ်ကောင်းကောင်း မရောက်ခင် ကိုယ်က အိုမင်းမစွမ်း ဖြစ်နေပြီဆိုရင် မကောင်းဘူး၊ အရှိသေတန်တယ်"





"အဘွားတို့က အန်တီသွယ့်ကျတော့ မပေးစားဘူးလား"

မလတ်က အန်တီသွယ့်ကို ရယ်ဟဟ စ,သည်။

"အမယ်လေး ... နေမလား ... ပေးစားတာပေါ့၊ အန်တီသွယ်က ယောက်ျားမှ မယူချင်ဘဲ၊ အိမ်ထောင်ချပေးရင် အိမ်က ထွက်ပြေးပြီး မယ်သီလရှင်ဝတ်ပစ်မယ် ဆိုလို့ ဖွတ်မလုပ်ကြတာ၊ မမနွယ်ကို သူ့ယောက်ျားက ကျစ်ကျစ်ပတ်တည်းတည်း သဝန်တိုတာကို မြင်ပြီး လုံးဝ ယောက်ျားမလိုချင်တာ၊ သွားချင်တိုင်း မသွားရ၊ ဝတ်ချင်တိုင်း မဝတ်ရ၊ လက်ပြတ်ဝတ်ရင် ပခုံးပေါ်ပြန်ပြီ၊ လည်ပင်းလေး နည်းနည်းကျယ်ရင် ကျယ်ပြန်ပြီနဲ့ ကိုယ့်သဘောမှ မရှိရတော့တာ"

"ဒါတော့ သူချစ်လို့ သဝန်တိုတာပေါ့ အန်တီသွယ်ရဲ့ ... ဒါလည်း တိုတတ်တဲ့သူမို့ပါ၊ လူတိုင်းတော့ အဲဒီလောက်ကြီး သဝန်မတိုကြပါဘူး၊ အန်တီသွယ်က ကိုယ်သာမယူချင်တာ တူမကျတော့ အားတက်သရော ပေးစားပြန်ရော"

"ဒါကတော့ ကိုကြီးက လူကောင်းကိုးအေ့၊ သူက ကိုယ့်လို အပျိုကြီး လုပ်ချင်တဲ့သူမှ မဟုတ်ဘဲ၊ မကောင်းတဲ့လူနဲ့ ရမှာစိုးလို့ ကောင်းတဲ့သူနဲ့ ပေးစားရတာပဲဟာ၊ နတ်သမီးက ပြောတော့ ကိုကြီးလည်း သဝန်တိုတတ်တယ်တဲ့။ ဒါပေမဲ့ ကိုကြီး ကြည့်ရတာ နတ်သမီးအပေါ်လောက်တော့ တိုတတ်ပုံမရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ပြောတော့ မပြောနိုင်ဘူးနော်၊ ကိုကြီးက လူကြီးဆန်ဆန်၊ နတ်သမီးက ကလေးဆန်ဆန်နဲ့ ညှိတော့ ညှိရမှာ၊ ကိုကြီးကတော့ နတ်သမီးကို မြင်မြင်ချင်း ချစ်လိုက်တာမှ တုန်နေတာပဲ၊ ကိုကြီးဘက်ကတော့ အလိုလိုက်မှာပါ"

မင်္ဂလာစင်မြင့်ထက်က သတို့သမီး သတို့သား နှစ်ယောက်မှာလည်း ခပ်ကျိတ်ကျိတ် ပြုံးနေပါသည်။ အလကားနေရင်း ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်နိုင်အောင် ရှုပ်ပုပ် လုပ်နေသော နတ်သမီးသည် ဘာအကြောင်းမှ မရှိမှန်း ကိုယ့်ဟာကိုယ် သိသိနှင့် ကြီးခေါင်စောကို ကိုးလိုးကန့်လန့် တိုက်နေပါသည်။

ဗီဒီယိုသမား ဓာတ်ပုံသမားတို့က ဓာတ်ပုံရိုက်ဖို့ အနေအထား ပြင်ခိုင်း ... တစ်ယောက်ကို တစ်ယောက် ကြည့်ခိုင်း ... ရေခဲမုန့် ခွံ့ခိုင်း ... ကိတ်အတူလှီးခိုင်း စသဖြင့် လုပ်ခိုင်းနေတာတွေကို နတ်သမီးက ကပ်ဖဲ့တိုက်နေသည်။

"နတ်သမီး ... ကိုယ်လည်း ဒီအမှုအရာကြီးတွေ လုပ်ချင်လွန်းလို့ လုပ်နေတာ မဟုတ်ဘူး၊ ထုံးစံအရ သူတို့က ဒီပုံတွေ ရိုက်ချင်တယ် ဆိုလို့ လုပ်ပေးနေတာ၊ ကိုယ်လည်း ဘယ်လိုနေရလို့ ဘယ်လိုထိုင်ရမှန်း သိတာမဟုတ်ဘူးလေ၊ သူတို့က အတွေ့အကြုံရှိတဲ့ သူတွေဆိုတော့ သူတို့ခိုင်းတာ လုပ်လိုက်တော့ ပြီးရောပေါ့"





"မလုပ်ချင်ဘူး၊ ဒီပုံကြီးတွေ မရိုက်ချင်ပါဘူး"

"မရိုက်ချင်လို့ ဘယ်ရမလဲ၊ မင်္ဂလာဆောင်လေ၊ အမှတ်တရတော့ ရိုက်ရမှာပေါ့"

"ဝတ္ထုတို့ ပပတို့ ငမိုးတို့ ထိုက်တို့နဲ့ ရိုက်ချင်တယ်"

"ရိုက်ရမှာပေါ့၊ သူတို့နဲ့လည်း ရိုက်ရမှာပဲလေ၊ အဲဒါက အားလုံးပြီးမှ ဧည့်သည်တွေပြန်မှ လူရင်းတွေ ရိုက်ရတာ မဟုတ်လား၊ နတ်သမီးက အလကား ဆိုးနေသလိုပဲ၊ ကိုယ့်ကို ဘာဖြစ်လို့ ဆိုးနေရတာလဲ"

"မသိဘူး"

"မဆိုးနဲ့နော် ... လိမ္မာတယ်၊ ဟိုမှာ ဧည့်သည်တချို့က စားပြီးနေပြီ ထင်တယ်၊ လှုပ်လှုပ်ရွရွတောင် ဖြစ်နေပြီ၊ ထ,ထ, သွားနှုတ်ဆက်ရမယ်၊ ဟိုအပြင်ဘက် အဝင်လမ်းမှာ သွားရပ်ရမယ်"

နတ်သမီးက မလှုပ်ဘဲ ရှိနေ၍ ...

"သွားနှုတ်ဆက်ပြီးရင် ပွဲပြီးပြီ၊ ဓာတ်ပုံတွေ ရိုက်ရင်ရိုက်၊ နားရင်နား လုပ်လို့ရတယ်လေ၊ လာ ... မြန်မြန်သွားနှုတ်ဆက်ရအောင်"

ကြီးခေါင်စောက အရင် ထရပ်ကာ နတ်သမီးကို လက်ဖျားဆွဲကိုင် ထ,စေမှ နတ်သမီးက ထ,လျက် ပါလာပါသည်။ နှုတ်ဆက်သော နေရာမှာရပ်ကာ တဖွဲဖွဲ ပြန်ကြသော ဧည့်ပရိ



www.burmeseclassic.com

www.burmeseclassic.com



သတို့ကို နှုတ်ဆက်စဉ်မှာလည်း နတ်သမီးမျက်နှာက စူသလိုလို မူသလိုလို ရှက်သလိုလို မကြည်သလိုလို။

ခပ်စိမ်းစိမ်း ညှော်သည်တွေ မိတ်ဆွေတွေ ပြန်ကုန်ကြပြီး ဆွေမျိုးတွေနှင့် အရင်းအချာ မိတ်ဆွေများသာ ကျန်တော့တဲ့အခါကျမှ နတ်သမီးသည် သူငယ်ချင်းများ ရှိရာဆီ ပြေးလွှားသွားပြီး ပြုံးစိ ပြုံးစိ ဖြစ်လာပါသည်။

ဒီအချိန်ရောက်မှတော့ ကြီးခေါင်စောက သူနှင့် နတ်သမီး တကွဲတပြား ဖြစ်နေတာကို လွှတ်ထားပေးလိုက်တော့ပြီး အဝေးကသာ လိုက်ကြည့်နေမိပါသည်။ သူ့သူငယ်ချင်းတွေနှင့်ကျတော့ ပျော်တပြုံးပြုံး ရှိနေသည်မှာ တကယ် မနာလိုချင်စရာ ကောင်းနေတော့တာပင်။

သူတို့ အတွဲဆုံးသူငယ်ချင်း အရင်းဆုံးဟာ ငါးယောက်သာ ရှိသည်ဟု နတ်သမီးအမေက ပြောဖူးပေမဲ့ အဲဒီငါးယောက်အပြင် အများကြီး ကျန်ပါသေးသည်။ များသောအားဖြင့်ဟာ ယောကျ်ားလေးတွေ။

သတို့သမီး သတို့သား စုံတွဲအလှပုံတွေတောင် မရိုက်ရသေး၊ သူငယ်ချင်းတွေ တရုန်းရုန်းနှင့် ရိုက်ဖို့ ပြင်နေတာမို့ ဓာတ်ပုံဆရာက ...

“သတို့သားနဲ့ သတို့သမီးကို အရင်ရိုက်ရဦးမယ်၊ အလှပုံတွေ ဘာပုံမှ ကောင်းကောင်း မရိုက်ရသေးဘူး၊ သူငယ်





ချင်းတွေ အမျိုးတွေ နောက်မှ ရိုက်ကြပါ၊ စုံတွဲပုံ ရိုက်ပါရစေဦး”

“ဟာ ... ဘယ်ဟာ အရင်ရိုက်ရိုက်ပေါ့”

အော်ဟစ် ချေးများလိုက်သူက သတို့သမီး ဖြစ်ပါသည်။ ဓာတ်ပုံဆရာက စိတ်ရှုပ်သလို သတို့သားကို လှည့်ကြည့်ရာ ...

“ရိုက်ပါစေ ... သူရိုက်ချင်တဲ့ပုံတွေ အရင်ရိုက်ပါစေဗျာ၊ စုံတွဲပုံ နောက်မှရိုက်မယ်၊ ဓာတ်ပုံ အေးအေးဆေးဆေး ရိုက်လို့ရအောင် ဟိုတယ်ခန်းကို အချိန်ပို ယူထားပါတယ်”

“ဒါပေမဲ့ အပျော်ပုံတွေ အရင်ရိုက်နေရင် ပြင်ထားဆင်ထားတာတွေ ဖရိုဖရဲနဲ့ လျော့ကုန်မယ်၊ ဘူကေးလည်း ဟိုလူကိုင် ဒီလူကိုင် မလုပ်နဲ့ဦး၊ ပန်းတွေ နွမ်းကြေကုန်မယ်၊ သတို့သားနဲ့ မရိုက်ရသေးဘူး”

ဓာတ်ပုံဆရာနှင့် ဗီဒီယိုဆရာမှာ စိတ်ညစ်နေကြပါသည်။ နတ်သမီးရဲ့ အမေနှင့် အဒေါ်ရောက်လာကာ နတ်သမီးကို ...

“ဟဲ့ ... ပြောနေတာ ဟုတ်သားပဲ၊ ကိုကြီးနဲ့ အရင် ရိုက်”

သူငယ်ချင်းတွေဟာ စင်မြင့်အောက်ဆီမှာ နောက်ပြောင် ရယ်မော ဆူညံနေရင်းသာ ရှိနေတာပါ။ နတ်သမီးကသာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်မြင့်ထေါ်မှာ ဆိုဖာကြီးတွေပေါ် တက်ထိုင်ပြီး သူငယ်ချင်းတွေကို အော်ခေါ်နေတာ။ အားလုံးက နားလည်သိတတ်စွာ တက်မလာကြသေးပါ။

"မေမေကလည်း ..."

နတ်သမီးက သူစိတ်တိုင်းကျ မဖြစ်ရ၍ စူပုပ်သည်။

"မရှည်နဲ့နော် သမီး၊ စုံတွဲတွေရိုက်၊ ပြီးရင် နှစ်ဖက်မိဘ နှစ်ဖက်မိသားစုနဲ့ရိုက်၊ နောက် ... အရန်တွေနဲ့ရိုက်၊ အစဉ်လိုက်ပေါ့၊ ခုကိုပဲ ပန်းက နွမ်းကြေတော့မယ်၊ ပဝါကရွဲ့နေပြီ"

နတ်သမီး မျက်နှာကိုကြည့်ကာ ကြီးခေါင်စောက ဝင်ပြောရပါသည်။

"သူ့သူငယ်ချင်းတွေနဲ့ အရင်ရိုက်ချင် ရိုက်ပါစေ၊ ပန်းနွမ်းမှာစိုးရင် ကျွန်တော့်ဆီ ပေးထား၊ တော်ကြာ သူရိုက်ချင်တာ မရိုက်ရဘဲ အခု ကျွန်တော်နဲ့ပဲ တွဲရိုက်လိုက်ရင်လည်း သူ့မျက်နှာ ပုပ်သိုးနေမှာ၊ ပုံကောင်းရမှာ မဟုတ်ဘူး"

"သိပ်ခက်တာပဲ ဒီကောင်မလေးဟာ၊ သူလုပ်ချင်တာပဲ လုပ်နေတာပဲ၊ နတ်သမီးနော် ... သူငယ်ချင်းတွေနဲ့ အရင်ရိုက်ရင်လည်း လေးငါးပုံပဲ အရင်ရိုက် ... ဒါပဲ"

ဒီတော့ နတ်သမီးက ကျေနပ်ကာ ပြုံးဖြီးသွားပြီး လက်ထဲက ဘူကေးကို အမေမှတစ်ဆင့် ကြီးခေါင်စောထံ လှမ်း





ပေးထားလိုက်ပါသည်။ သူငယ်ချင်းတွေကို အော်ဟစ်ခေါ်ကာ တက်သူက တက်လာ၊ အားနာ၍ နောက်မှရိုက်ဖို့ ရှောင်သူက ရှောင်နေ၊ မရမက လှမ်းခေါ်တဲ့သူက အော်လိုအော်။ ကြွက်ကြွက် ဆူနေသည်။

"ကျော်ကျော် ... ဟော့ကောင် ကျော်ကျော် ... လာလေကွာ၊ ကြက်တောင်စည်းနဲ့ တိုက်ပုံကြီး၊ လာပါကွ"

"နောက်မှရိုက်မယ် ... ရတယ်"

"လာပါ ... တစ်ခါတည်း ဝင်ရိုက်ပါ၊ ဟော့ကောင် ကျော်ကျော် ... လာကွာ၊ ကျန်ရစ်ကြီး"

ကြားညပ် ပါလာသော စကားတစ်လုံးကြောင့် ကြီးခေါင်စော ခေါင်းမတ်သွားရပါသည်။

"ဘာလဲ ... ငါတို့နဲ့ တူတူမရိုက်တော့ ပြီးမှ နင်က တစ်ယောက်တည်း သတ်သတ်ရိုက်မလို့လား၊ လုပ်မနေနဲ့ မထူးဘူး"

"ဟာ ... မင်းတို့ကောင်တွေ ဘာတွေပေါက်ကရ လျှောက်ပြောအော်နေတာလဲ"

ကြီးခေါင်စောက ကျော်ကျော် ဆိုသူ တိုက်ပုံဖြူဆံဝင်နောက်စည်းနှင့် ကောင်လေးကို ဖျတ်ခနဲ ကြည့်မိသည်။ ကောင်လေးကလည်း ပြုံးစိစိနှင့်ပါ။ ဝိုင်းအော်ဟစ်နေကြသူတွေကို ပြေးထိုးလိုက် ... ဖက်ပိုးအုပ်လိုက် ... ကန်လိုက်။



www.burmeseclassic.com

www.burmeseclassic.com



နတ်သမီးကို ကြည့်လိုက်တော့လည်း ဗိုက်နာမတတ် တဟားဟား ရယ်မော သဘောကျနေသည်။ သူတို့ဟာတွေက အတည်လိုလို အနောက်အပြောင်လိုလို အဓိပ္ပာယ် ဖော်မရ။ ကြီးခေါင်စောက အဲဒီအချိန်ကစပြီး ကျော်ကျော်ဆိုသည့် ကောင်ကလေးနှင့် နတ်သမီးကို အမှတ်မထင် အကဲခတ်နေလိုက်မိပါသည်။

သူတို့တတွေ ဓာတ်ပုံရိုက်တဲ့စခန်း အဆုံးသတ်သွားချိန်မှာတော့ ကျော်ကျော် ဆိုသည့် ကောင်လေးဟာ ငမိုးတို့ ငထိုက်တို့ ဝဏ္ဏတို့လောက် အဖြူထည် စိတ်အရှင်းစားကြီး မဟုတ်တာကိုတော့ အကဲခတ်နိုင်လိုက်ရပါသည်။ သူငယ်ချင်းတွေကို ခုံမင်တွယ်တာတတ်လွန်းလှတဲ့ နတ်သမီးကတော့ ကျော်ကျော့်ကိုလည်း ဟက်ဟက်ပက်ပက် ရွှင်ရွှင်ပျပျ ဆက်ဆံနေတာပင်။ ကောင်လေးပုံစံကတော့ ဘေးက ပွစိ ပွစိ တီးတိုးစ,နောက်နေကြ ဟန်တွေကြောင့် အနေရခက်သယောင် အိုးတိုးအမ်းတမ်း။

သို့ပေမဲ့လည်း ခေတ်လူငယ်မို့ ဒီလောက်ကြီးတော့ သိသိသာသာ ရုပ်ဆင်းမပျက်ပေ။ သူကိုယ်တိုင်လည်း ပေါးလားဟားလား ပြန်လည်စ,နောက်ပြောင်နေတာပါပင်။ သူငယ်ချင်းတွေနှင့် သူ ဆန္ဒရှိတဲ့အတိုင်း တပျော်တပါး ဟီးဟီးဟားဟားနှင့် အဦးဆုံး ဓာတ်ပုံ စီဒီယို ရိုက်ခွင့်ရလိုက်တဲ့အတွက် နတ်သမီးက ကျေနပ်ပြုံးရွှင်သွားကာ နောက်ပိုင်းရိုက်သည့် ပုံတွေပါ အဆင်ပြေသွားပါသည်။





ကြီးခေါင်စောနှင့် နှစ်ယောက်တည်းရိုက်တော့ ခုန အပျော်လက်စ မပြတ်သေးသလိုနှင့် စကားတွေဖောင်ကာ ပြုံးပြုံးရယ်ရယ် ရှိနေပါသည်။

"ကိုကြီး"

"ဗျ"

"ညကျ ဒဂ်နာကျရင် သမီးသူငယ်ချင်းတွေ ဘယ်နှယောက် ဖိတ်ရမှာလဲ"

"ဖိတ်ချင်သလောက် ဖိတ်ပေါ့ နတ်သမီးရဲ့"

"ကိုကြီး ပြောတော့ လူနည်းနည်းပဲဆို"

"အမျိုးတွေရယ် ... သူငယ်ချင်းတွေရယ်၊ တခြားရင်းနှီးပြီး မဖိတ်လို့ မကောင်းတာတွေရယ်ရောပေါ့၊ တစ်ရာလောက် ဖြစ်လို့ ရတယ်လေ၊ ဒီထက်များရင်သာ နေရာထိုင်ခင်း အခက်အခဲရှိတာ"

"အမျိုးတွေက အများကြီး"

"အင်းလေ ... နတ်သမီး မှန်းပြီး ဖိတ်ပေါ့"

"ကိုကြီးသူငယ်ချင်းတွေ များလား"

"ငယ်သူငယ်ချင်းတွေကတော့ မနေ့ညက အရက်တိုက် ကျွေးမွေးပြီးပြီ၊ မိတ်ဆွေထဲက ဆယ်ယောက်လောက်ပဲ ပေါ့"

"ဒါဖြင့် ... သမီး လူများများ ခေါ်လိုက်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်ပေါ့ ... ခေါ်ပါ"

"နှစ်ဆယ် အစိတ်လောက် ခေါ်လိုက်မယ်"

"သူငယ်ချင်းတွေကလည်း ပေါလိုက်တာ"

"ငါးယောက်တွဲထဲက မဟုတ်တာတွေ အများကြီး ရှိသေးတာ"

"ကျော်ကျော်တို့ ဘာတို့ပေါ့နော်၊ ခေါ်လေ ... ခေါ်လိုက်ပါ"

နတ်သမီးက ကြီးခေါင်စောကို တစ်မျိုး အကြည့်ကြီးနှင့် လှည့်ကာ အကဲခတ်လာ၍ ကြီးခေါင်စောက ရယ်ချင်စိတ်ကို အောင့်ထားရပါသည်။

သူတို့ရဲ့ အိမ်ထောင်ဦးလေးဟာ လှပသော တိုက်ခန်းသစ်ကလေးမှာ သာတောင့်သာယာရှိပါသည်။ မေမေတို့ ထမင်းချက်ဖို့ ထည့်ပေးလိုက်သော ဒေါ်ညွှန့် ဆိုသည့် မိန်းမကြီးသာ လူပိုရှိသည်။ ဒေါ်ညွှန့်မှာလည်း စကားနည်း အေးဆေးကာ ဘယ်နေရာမှ ဝင်မပါတတ်၍ ရှိနေသော်လည်း မရှိသလောက်ပါပင်။





နတ်သမီး စိတ်ကြိုက် ကြီးခေါင်စော အော်ဒါမှာကာ ဝယ်ပေးထားသော ငါးကန်အကြီးကြီး တစ်ခု၌ လှပသော ငါးမျိုးစုံ ထည့်မွေးထားကာ ငါးစာကျွေးလိုက် ရေလဲလိုက် ငါးသစ်တွေ ခပ်များများ ထပ်ရထား၍ နတ်သမီးက ရက်အနည်းငယ်တော့ ကျေနပ် ပျော်ရွှင်နေပါသည်။

သူတို့အိမ် လာလည်ဖို့ ပြောထားသော မလတ်ကပဲ တစ်ရက်ခြား တစ်ခါလောက် လာလည်ကာ နတ်သမီး မပျင်းအောင် အဖော်ပြုပေးသည်။ သို့သော်လည်း မလတ်ဟာ မကြာခင် Gift Shop လေးတစ်ခု ဖွင့်တော့မှာဖြစ်၍ သိပ်အားတော့မှာ မဟုတ်ပါ။ ညဘက်တွေမှာတော့ နတ်သမီးရဲ့ မိဘအိမ်ကို နေ့စဉ်နီးပါး သွားဖြစ်ပါသည်။

ကြီးခေါင်စောက နတ်သမီးရဲ့ အမေကို မမနွယ် ခေါ်နေရာက ရယ်သလို မောသလိုနှင့် အမေနွယ်ဟု ပြောင်းခေါ်ပါသည်။ အန်တီသွယ်ကိုတော့ မမသွယ်ပင်။ ဖေဖေ့ကိုတော့ အရင်က အန်ကယ်လို့ပဲ ခေါ်ခဲ့တာမို့ ဖေဖေဟု ပြောင်းခေါ်လိုက်ဖို့ သိပ်မခက်ခဲပါ။

မလတ်ကတော့ ဟိုးခပ်ငယ်ငယ်ကတည်းက အန်တီနွယ် အန်တီသွယ်ပဲ ခေါ်လာခဲ့တာပင်။ အရင်ကတည်းက သူ့အစ်ကို ခေါ်သလို မခေါ်။ ကြီးခေါင်စော မိဘတွေကိုတော့ အန်ကယ် အန်တီ ခေါ်ရာမှ ကြီးခေါင်စော ခေါ်သလို နတ်သမီးက ဒက်ဒီ မာမီ ပြောင်းခေါ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နတ်သမီးသည် ကိုယ့်အိမ် ကိုယ့်ရာ ကိုယ့်လက် ကိုယ့်ခြေ ကိုယ့်ညြဏ ဖြစ်နေသော အဂ္ဂခြအနေသစ်၌ အပြောင်းအလဲဖြစ်ကာ စိတ်ကြည်လင်နေသော်လည်း ကြီးခေါင်စောကိုတော့ ချိုချိုသာသာ တီတီတာတာ ယုယုယယ မပြုတော့ပါ။ ပုံမှန်ပင်။ တစ်ခါတစ်ခါလည်း သူ့ထက်တတ်တဲ့ ဒေါ်ညွှန့်ကို မီးဖိုထဲဝင်ကာ ဆရာလုပ်နေတတ်ပြန်သည်။

"နတ်သမီး … ကိုယ့်အတွက် ဖွယ်ဖွယ်ရာရာတွေ လုပ်နေလားဟေ့"

"မလုပ်ပါဘူးနော်"

"ဒါဖြင့် ဘာတွေလုပ်နေတာလဲ"

"ကိုယ့်ဟာကိုယ် စားဖို့လုပ်နေတာ"

"ကိုယ်ရော မစားရဘူးလား"

"စားပေါ့ … ဒါပေမဲ့ မဝေဖန်ရဘူးနော်"

"ကိုယ်စားချင်တာလေးရော ချက်မကျွေးဘူးလား"

"ဟင့်အင်း"

"ဟင် … ကိုယ့်ယောက်ျား စားချင်တာ မကျွေးဘူးလား"

"စားပေါ့ … ရတာပဲ၊ ဒေါ်ညွှန့်ကြီးကို ချက်ခိုင်းပေါ့၊ ဒေါ်ညွှန့်ကြီးက ပိုတော်တယ်"

"ကိုယ်က နတ်သမီး ချက်ကျွေးတာ စားချင်တာ"





"ဟာ … ကိုကြီးကလည်းကွာ၊ ဟောဒီမှာ မဆလာမှုန့် ထည့်ရမှာ ငရုတ်ကောင်းမှုန့် သွားထည့်လိုက်မိပြီ၊ အာရုံတွေ နောက်ကုန်ပြီ၊ ဘာတွေ လာပြောနေမှန်းလည်း မသိဘူး၊ နားတွေကို ညည်းနေတာပဲ"

"ကိုယ်က ချစ်လို့ အနားမှာ လာစကားပြောနေတာပါ နတ်သမီးရယ်၊ မင်းကော ကိုယ့်ကို နည်းနည်းလေးတောင် မချစ်ဘူးလားကွာ"

ဒေါ်ညွှန့်ကြီးမှာ ရှက်သလိုကြီး တစ်ဖက်လှည့် မကြားချင်ယောင် ဆောင်နေပါသည်။

"မချစ်ပါဘူးဆို"

"ခုလောက်ရှိရင် နည်းနည်းလောက်တော့ ချစ်သင့်နေပြီ၊ နည်းနည်းကလေးတောင် မချစ်သေးတာကတော့ မင်းလွန်လာပြီထင်တယ် နတ်သမီးရာ"

ကြီးခေါင်စော လေသံက စိတ်ပျက်လက်ပျက်။ ဒီလိုဆိုရင်ဖြင့် နတ်သမီးက အလွန်ပင် ရယ်ချင်လှပါသည်။ သူ့ကိုချစ်စေချင်လိုက်တာ နှစ်ယောက်မရှိ။ နတ်သမီးကလည်း ဘာကြောင့် မချစ်နိုင်မှန်း ကိုယ့်ဟာကိုယ်ပင် မသိပါ။

စ,သိရ တွေ့ရကာစကတော့ သဘောကောင်းပြီး တည်ကြည် ရုပ်ချောတဲ့ မလတ် အစ်ကို,ကို အစ်ကိုကြီး တစ်ယောက်လို ခင်မင်ရင်းနှီးမိလိုက်တာပင်။ မလတ်တို့အပေါ် သံယော

www.burmeseclassic.com



ဇင့် ရှိသလိုပဲ ကိုကြီး အပေါ်လည်း သံယောဇဉ် ရှိပါသည်။ တစ်ခါ တစ်ခါတော့ ကိုယ်ဟာ ခင်မင်မှုမျှနဲ့ အကြောင်းကြောင်း အိမ်ထောင်ကျလိုက်ရသလို တွေးကာ သဝင်မကျ မကျေမနပ် ဖြစ်နေမိတတ်ပြန်ပါသည်။

ဒါဖြင့် နတ်သမီးမှာ ချစ်ခဲ့ဖူးသူရှိလို့လား ဆိုတော့လည်း ...။ နတ်သမီးဆိုတဲ့အတိုင်း နာမည်လေးနှင့် လိုက်အောင် ဘုံကြီးပြတ်ကျလာသလိုလေး အလား ထူးခြားချောမောလှတဲ့အပြင် ကလေးဆန်ဆန် နေထိုင်ပြုမူ ဆင်ယင်တတ်တဲ့ ချစ်စဖွယ်ဟန်ပန်ကလေးတွေကြောင့် ချစ်သူ ကြိုက်သူ လိုက်သူ အင်မတန်ပေါများခဲ့တာ အမှန်ပင်။

သို့ပေမဲ့ ယက္ခ၊ ဂုမ္ဘာန်ထက် ဆိုးတဲ့ ငမိုး ငထိုက်ဝဏ္ဏတို့ကြောင့် နတ်သမီးရော ပပပါ ရည်းစားရစရာ အကြောင်းကို မရှိခဲ့ပါ။ ကိုယ့်အကြိုက် မတွေ့ဘဲ ကိုယ့်နှလုံးသားက မလှုပ်ရှားလို့ဖြစ်စေ ... ဟိုသုံးယောက်ကြောင့် လာဘ်ပိတ်နေလို့ပဲဖြစ်စေ ... ဘာကြောင့်ပဲဖြစ်ဖြစ် ရည်းစားဆိုလို့ မှုးလို့ရှူစရာပင် မရှိခဲ့တာတော့ အမှန်ပါပဲ။

တစ်ခါမှ မချစ်ခဲ့ဖူးတော့ အချစ်ဆိုတာကိုလည်း ဘယ်လိုဟာလို့ နတ်သမီး ကောင်းကောင်း မသိတာ အမှန်ပါ။ ကိုကြီးကို နတ်သမီးက မချစ်ဘူး ဆိုပေမဲ့ မုန်းလည်း မမုန်းဘူးလေ။ ဒါပေမဲ့ တစ်ခါတစ်ရံမှာတော့ သူဟာ ကိုယ့်ရဲ့ယောကျ်ား





ကိုယ့်ရဲ့ခင်ပွန်းသည် ဆိုတာကို တကယ်ဟုတ်သည် မထင်ဘဲ အိပ်မက် မက်နေတာလိုလို ဝိုးတဝါး ဖြစ်နေပြီးမှ ဖျတ်ခနဲ ဒါဟာ အမှန်ပဲလို့ အလန့်တကြား သတိပြုလိုက်မိလျှင် စိတ်တွေ ကျဉ်းကျုတ်မွန်းပိတ်သွားသလိုပင်။

တစ်ခါ တစ်ခါတွင် မမလတ်ကို ...

"မလတ် ...၊ လူဆိုတာ တစ်သက် တစ်ခါတော့ ချစ်ဖူးကြတယ် ကြားဖူးတယ်နော်၊ သမီးကလေ ကိုကြီးကို မချစ်ဘဲနဲ့ လက်ထပ်လိုက်တော့ တော်ကြာ နောက်မှ တကယ်ချစ်တဲ့လူတစ်ယောက်နဲ့ တွေ့ရင် ဘယ်လိုလုပ်မလဲဟင်၊ ဒုက္ခပဲနော်"

မလတ်သည် စိတ်ရှုပ်သလို မျက်မှောင်တွန့်ကာ ...

"နတ်သမီးက မိန်းကလေး ... အဲလို မပြောရဘူးလေ၊ တို့ကတော့ နတ်သမီးရဲ့စိတ်ကို သိတော့ ဘာမှမဖြစ်ဘူး၊ ဒီစကားမျိုး သူများတွေကြားရင် ဘယ်ကောင်းမလဲ။ နတ်သမီးကို တစ်မျိုးထင်မှာပေါ့၊ လျှောက်မပြောရဘူး"

"ဟိုလေ ... သမီးက ဖြစ်ခဲ့ရင် ဖြစ်မှာ စိုးရိမ်လို့ပါ"

"မဖြစ်ဘူး၊ နတ်သမီးလို မိကောင်းဖခင် သမီးလေးတစ်ယောက်ဟာ ဒီအဖြစ်မျိုး ဘယ်တော့မှ မကြုံဘူး၊ ယောကျ်ားတစ်ယောက်ကို လက်ထပ်ပြီးမှ နောက်တစ်ယောက်ကို ချစ်မိတယ် ဆိုတာမျိုးက မိန်းမကောင်း တစ်ယောက်ရဲ့

www.burmeseclassic.com



ရင်ထဲကို ကိန်းအောင်းလာနိုင်ဖို့ လွယ်တယ်မှတ်လို့လား၊ လူတစ်ယောက်ကို ချစ်မိဖို့ရာ ရှေ့မှာ အဆင့်တွေ အများကြီး ကျန်သေးတယ်၊ ဒီယောကျ်ားကို ကြည့်ရမြင်ရဦးမယ်၊ မြင်တဲ့အခါ မရိုးမသား စိတ်လှုပ်ရှား စိတ်ကစားရဦးမယ်၊ မရိုးမသား စိတ်ဝင်စားလာရဦးမယ်၊ အဲဒီနောက်မှာ ထပ်ခါထပ်ခါ တွေ့ဆုံတဲ့ အဖြစ်မျိုး ကြုံမှလည်း ဒီစိတ်ဝင်စားမှုက ရင့်သန်ကြီးထွားလာမှာ၊ အဲဒါတွေရဲ့နောက်မှ သဘောကျတာ၊ ကြိုက်တာ၊ ချစ်တာတွေ တစ်ဆင့်ပြီးတစ်ဆင့် ထပ်လာမယ် ...

ဂုဏ်သရေရှိတဲ့ မိန်းမတစ်ယောက်ဟာ ဟိုးရှေ့အဆင့်မျိုးမှာထဲက အာရုံကို ရိုးရိုးငြိမ်ငြိမ်ကလေး ဖြတ်နိုင်တယ်၊ ဒီတော့ နောက်အဆင့်တွေ ထပ်ကြုံဖို့ မလွယ်ဘူး"

"သမီးက လျှောက်စဉ်းစားမိပြီး သိချင်လို့ ရိုးရိုးမေးကြည့်တာပါ မလတ်ရဲ့"

"သိသားပဲ ...၊ အဲဒါ အတွေးခေါင်တာလေ၊ အဲလိုဘေးဘီတွေ အတွေးခေါင်နေမဲ့အစား ကိုယ့်ယောကျ်ားကိုပဲ ဘယ်လိုချစ်ရမယ်ဆိုတာ တစိမ့်စိမ့်တွေး"

"မချစ်ပါဘူး ... ကိုကြီးကို"

"တွေ့လား ... အဲလိုရှုံ့ပြီးပြောတာကိုက ချစ်ရက်နဲ့ ပြောနေတာမှန်း သိသာတယ်၊ ကိုကြီးသာ သူ့ကိုမချစ်ဘူးကြား





ရင် စိတ်မကောင်းဖြစ်ရင် ဖြစ်နေမှာ၊ တို့ကတော့ ဒီစကားက အလကားမှန်း သိပြီးသား၊ မယုံဘူး"

"မလတ်နော် ... မချစ်ပါဘူးလို့ဆို"

"ကိုယ့်ယောကျ်ားကို ကိုယ်ချစ်တာ ဂုဏ်ရှိပါတယ် နုတ်သမီးရဲ့၊ ဂုဏ်မငယ်ပါဘူး၊ မချစ်ဘူး မချစ်ဘူး ခဏ ခဏ မပြောရဘူး၊ ချစ်တယ် ချစ်တယ်ပဲ ပြောရမယ်၊ တကယ် မချစ်ရင်တောင် ချစ်တယ် ချစ်တယ်ပဲ ပြောနေရမယ်"

"ဟင် ... ညာပြောတာကြီးကတော့ မကောင်းပါဘူး"

မလတ်က ဂျစ်တူးတူးရုပ်နှင့် နုတ်သမီးရဲ့ ပါးနှစ်ဖက်ကို လက်ဝါးနှစ်ဖက်နှင့် ညှပ်ကိုင်လိုက်ကာ စေ့စေ့ကြည့်ရင်း ...

"ယောကျ်ားဆိုတာ သာယာမှုကို ရှာတတ်တယ် နုတ်သမီး၊ စိတ်ဆင်းရဲ စိတ်ညစ်မခံနိုင်ဘူး၊ မိန်းမတွေလောက် အနစ်နာမခံတတ်တဲ့အမျိုး ဖြစ်တဲ့အတွက် ကိုယ်ကချည်း တစ်ဖက်သတ် ပေးဆပ်ရတဲ့ အချစ်မျိုးနဲ့ သေအထိ ရိုးမြေကျ သစ္စာရှိသွားမယ် မမျှော်မှန်းနဲ့"

နုတ်သမီးက မျက်လုံးကို ဝိုင်း၍ မလတ်ကို အာရုံစူးစိုက်စွာ စိုက်ကြည့်နေမိပါသည်။

"ယောကျ်ားမှန်ရင် အကျင့်စာရိတ္တ ကောင်းတဲ့သူရော မကောင်းတဲ့သူပါ သာယာတတ်တယ်၊ ယောကျ်ားမှန်ရင် သိပ်အချစ်ခင် အယုယ အကြင်နာ ခံချင်တယ်၊ အဲဒါတွေ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ဆွဲငင်မှုကို မလွန်ဆန်နိုင်ဘူး၊ စိတ်ကမပါတောင်မှ သံလိုက်လို ဒါတွေရှိတဲ့ နေရာကို အလိုအလျောက် ပြေးကပ်သွားလိမ့်မယ်၊ မိန်းမဆိုတာ လိမ္မာပါးနပ်ဖို့ လိုတယ် နှတ်သမီး၊ ယောကျ်ားကို ဆွဲဆောင်ဖို့ အပျင်းမကြီးရဘူး၊ အခရေးမကြီးပါဘူး ... သူ ငါ့ကို ချစ်တာပဲ ဆိုပြီး ပစ်စလက်ခတ် ပစ်မထားရဘူး"

"ဟင် ... ယောကျ်ားတစ်ယောက်ကို မဆွဲဆောင်ချင်ပါဘူး"

"သူစိမ်းယောကျ်ားကို ဆွဲဆောင်ခိုင်းနေတာမှ မဟုတ်တာ၊ ကိုယ့်လင်ယောကျ်ားကိုပဲ ဆွဲဆောင်ခိုင်းနေတာ"

"ကိုကြီးက သမီးကို သိပ်ချစ်တယ်ဆို ... ဆွဲဆောင်စရာ ဘာလိုလဲ"

"သိပ်ချစ်တာက သတ်သတ် ... သံလိုက်ဆီ ပြေးကပ်တာက သပ်သပ်ပဲ၊ ကိုယ်ကပဲ ကိုယ့်ယောကျ်ားရဲ့ သံလိုက်ဖြစ်နေရမှာ၊ ကိုယ့်ယောကျ်ားကို မချစ်ပါဘူး မချစ်ပါဘူး ပြောနေရတဲ့ အတွက်လည်း ကိုယ် ဂုဏ်မရှိဘူး"

"သမီး ဂုဏ်ရှိချင်လို့မှ မဟုတ်ဘဲနဲ့"

"ယောက်မ ဆိုပေမဲ့ မင်းကို တို့က ညီမအရင်းလေးလို မြင်ကတည်းက ချစ်တာ၊ ကိုယ့်အစ်ကိုဘက်က ပါပြီး ပြောနေတယ် မထင်နဲ့၊ နှတ်သမီးဘက်က နှတ်သမီးအတွက်





ပြောနေတာ၊ ကိုကြီးဟာ မိန်းမ မမြင်ဖူးလို့ မင်းလေး တစ်ယောက်တည်းကိုပဲ အရူးအမူး ချစ်ဖူးတာလို့ မထင်နဲ့ နှတ်သမီး"

နှတ်သမီးက တအံ့တသြ မျက်ခုံးလေး ပင့်သွားရပါသည်။

"နိုင်ငံခြားမှာလည်း နေလာဖူးတာ၊ ဒီမှာလည်း တက္ကသိုလ် တက်သွားသေးတာ၊ ကိုကြီးမှာ ရည်းစားတွေမှ ထားဖူးတာ အများကြီးပဲ"

"ဟင် ... သူက ရည်းစားတွေ အများကြီး ! "

"အင်းလေ"

"ဒါဖြင့် သမီးကို ဘာလို့လာယူသေးလဲ ကိုကြီးက"

"နှတ်သမီးကိုတော့ သူ့ရဲ့ဇနီးမယားအဖြစ် တစ်သက်လုံး ချစ်နိုင်မယ်လို့ သူ ယုံကြည်လို့ ... လွယ်လွယ်ပြောရင် အားလုံးထက်ချစ်လို့ လက်ထပ်တာပေါ့၊ ကိုကြီး နိုင်ငံခြားက ပြန်ရောက်လာတော့ ရည်းစားဟောင်းတွေကလည်း ပြန်ဆက်သွယ်ကြတာပဲ၊ မိန်းကလေး အသစ်တွေကလည်း ကပ်ကြတာပဲ၊ ဟိုမအေ ... ဒီမအေတွေကလည်း သမက် ဖမ်းချင်ကြတာပဲ၊ အဲဒီထဲကမှ နှတ်သမီးကို သူ သိပ်ချစ်လို့ ရွေးပြီးယူတာ၊ အဲဒီအချစ်တွေကို ကိုယ် ရထားပြီးသားပါ နေ လက်လွှတ်မသွားစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ သမီးက ဘာလုပ်ရမှာလဲ"

"သူက ဒါလေးစားချင်လိုက်တာဆို ချက်ကျွေးပေါ့"

"ဟွန်း ... သူ့မောင် ကောင်းစားဖို့ပဲ"

"ဟုတ်တယ် ... နတ်သမီး လက်ရာ စားချင်လို့ဆိုရင် ချက်ကျွေးလိုက်၊ ချစ်လားမေးရင် မချစ်ဘူး မဖြေရဘူး"

"ဟင် ... မလတ်ကလည်း၊ အဲလိုကြီးတွေ လိုက်လုပ်မနေနိုင်ပါဘူး၊ ပျင်းစရာ ကောင်းလိုက်တာ၊ တမင်တကာ ဖန်တီးလုပ်ကြံပြီး လုပ်နေရမှာ။ သမီးဘာသာပဲသမီး နေတတ်တယ်"

"တို့စကားကို နားထောင်ပါ နတ်သမီးရယ်၊ ယုံလည်း ယုံစမ်းပါ၊ ယောကျ်ားဆိုတာတွေက မွေးကင်းစကလေးတွေလိုပဲ လက်သာရာကို ပါသွားတတ်တယ်၊ သူ့ဟာသူ နဂိုဗီဇစာရိတ္တဆိုးလို့ ပါသွားရင် မထောင်းတာဘူး၊ ကိုယ့်ကို သိပ်ချစ်ရက်က ပါသွားရင် သိပ်နစ်နာတယ်၊ ကိုကြီးကို တကယ်မချစ်သေးဘူး ဆိုရင်တောင် လုံးဝမေတ္တာမရှိနိုင်အောင် မုန်းနေတာမှ မဟုတ်ဘဲနဲ့၊ ချစ်တယ်ပြောဖို့ ကော ဘာ ဒီလောက် ဝန်လေးစရာရှိလဲ"

"ဟင် ... မလတ်ကလည်း ... မချစ်ဘဲ ချစ်တယ်ပြောလို့ ဘယ်ရမလဲ၊ ဒီစကားလုံးကို ပေါ့ပေါ့တန်တန် သုံးလို့ရတာမှ မဟုတ်တာ"





"ကိုယ့်ယောကျ်ားကို သုံးရတာပဲကွယ်"

နတ်သမီးက ပြုံးစိစိ ထုံပေပေသာ လုပ်နေလိုက်ပါသည်။ မလတ်ကို ထုတ်မပြောပေမဲ့ မလတ်ဟာ သူ့အစ်ကိုကြီးဘက်ကို တစ်ဖက်သတ် လိုက်ပါပြောနေတယ်လို့ပဲ စိတ်ထဲ ယူဆပြီးသား။ တကယ်ဆို ဒီလိုစကားတွေပြောဖို့ မလတ်ကို ကိုကြီးက မှာထားတယ် ဆိုရင်တောင် ဖြစ်နိုင်ချေ ရှိပါသေးသည်။

သူ့အတွက်ချည်းပဲလေ။ သူ့ကို ချစ်တယ်ပြောဖို့၊ သူစားချင်တာ ချက်ကျွေးဖို့၊ သူ့ကိုလိုက်လျောဖို့၊ ဒါတွေချည်းပဲကိုး။ သူ့ကို မချစ်ပေမဲ့ လက်ထပ်ဖို့ လိုက်လျောလက်ခံခေါင်းညိတ်လိုက်လို့ လင်နဲ့မယားတောင် ဖြစ်နေမှဟာပဲ။ ဒီထက် လိုက်လျောနေစရာ ဘာလိုသေးလို့လဲ။

ဒီကဖြင့် ရည်းစားဆိုတာ အချစ်ဆိုတာ ဘာမှန်းမသိတဲ့ ပကတိ သန့်ရှင်းစင်းလုံးချောတဲ့သူ။ ကိုကြီးကဖြင့် ရည်းစားတွေ အများကြီးထားခဲ့တာတဲ့လေ။ ခုမှပဲ သိရပေမဲ့ ဒီအတွက်လည်း နတ်သမီးရင်ထဲ ဘယ်လိုမှ မဖြစ်ပါဘူး။ သူ့ဟာသူ ဘယ်သူ့ချစ်ခဲ့ ချစ်ခဲ့၊ သူတို့ကို မယူဘဲ နတ်သမီးကို လက်ထပ်ယူတယ် ဆိုကတည်းက ကိုယ့်ကိုမှ ပိုလိုချင် တန်ဖိုးထားလို့ဆိုတာလောက်ပါး သိတာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာစူပုပ်ထားရင်တောင် ပျာပျာသလဲ မနေတတ်တဲ့ ကိုကြီးကို ဘာအတွက် အထူးတလည် ဆွဲဆောင်ညို့ငင်နေရဦးမှာလဲ။ အပိုအလုပ်ပါ။





၄

"အေးပါ ... အေး ... အေး ..."

ဖုန်းပြောနေသော နတ်သမီးကို ကြီးခေါင်စောက လှမ်းကြည့်နေမိပါသည်။ တစ်နေ့ တစ်နေ့ ပြောလိုက်ရတဲ့ဖုန်း။ သူပဲ မမောတမ်း ပြောနိုင်ပါပေရဲ့။ ဖုန်းပြောသခိုက်လည်း လက်ဟန်ရော ခေါင်းပွာန်ရော မျက်စ မျက်နှာက ပါသေးသည်။ တီဗီရှေ့ထိုင်ကာ စလောင်းက အစီအစဉ်တွေ ကြည့်နေရာက နတ်သမီးထံ ဖုန်းလာပြီး နတ်သမီး ဖုန်းသွားပြောကတည်းက ကြီးခေါင်စောမျက်လုံးက တီဗီဖန်သားကို မရောက်တော့ပါ။

သူ့ချစ်ဇနီးလေး ဖုန်းပြောတာကို အငေးသား လှမ်းစိုက်ကြည့်နေမိပါသည်။ သူ မြင်မြင်ချင်း သိပ်ချစ်မိသွားခဲ့ရတဲ့ ချစ်ရလွန်းသူလေးဟာ အိမ်ထောင်သက် တစ်လကျော်ကြာအထိ သူ့ကို အရေးမလုပ်လှသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်မဲ့သော ချစ်နေရပါရဲ့။ ပြောစကားလည်း တစ်ခွန်းမှ နားမထောင်။ သူလုပ်ချင်တာကို လုပ်ကာ သူ မလုပ်ချင်တာကို သူ မလုပ်။ သူကလေး ပျင်းမှာစိုး၍ ညနေ အလုပ်ခွင်က ပြန်လာလျှင် ပင်ပန်းလာတာ မှန်သည့်ကြားက တစ်နေရာမဟုတ်တစ်နေရာ နတ်သမီး သွားလိုရာကို သူ ကြည်ဖြူလိုလားစွာ လိုက်ပို့ရပါသည်။

ရုံးသွားခါနီးတိုင်း ...

"နတ်သမီး ... ညနေကျ ဘယ်သွားမလဲ ... စဉ်းစားထားနော်"

ထိုသို့ မှာခဲ့တတ်မြဲ။ ဘယ်လောက်ပဲ အလုပ်မှာ ပင်ပန်းလာလာ အဆင်မပြေတာတွေ ရုံဖန်ရံခါ ကြုံတွေ့လာလာ အပြင်ပြန်မထွက်လိုတော့အောင် ညောင်းကိုက်နေပါစေ ညနေမှာ နတ်သမီး သွားလိုရာကို လိုက်ပို့သည်သာ။ သူကိုယ်တိုင်ကကို ဆန္ဒရှိတာပါ။ တစ်နေ့ တစ်နေ့ အိမ်မှာ ပျင်းရိနေမှာကို မလိုလား။

တချို့ နေ့လယ်ခင်းတွေမှာ နတ်သမီးက သူ့သူငယ်ချင်းတွေနှင့်သူ ချိန်းကာ ဟိုသွား ဒီသွား သွားတတ်သေးသည်။ သူ မတားမြစ်လိုပါ။

"နတ်သမီ ... ကိုယ်ပြန်မရောက်ခင် အိမ်ရောက်အောင် ပြန်နေနော်၊ နို့မို့ရင် ကိုယ် စိတ်ပူလိမ့်မယ်"





နတ်သမီးကလည်း ခုချိန်ထိတော့ ညနေထိ ဆက်တိုက်အကြာကြီး မထွက်ပါ။ သူတို့ သွားတတ်တာတွေကလည်း စူပါမားကက်ကို ဈေးဝယ်ထွက်တာတို့ ... ဆိုင်တစ်ဆိုင်ဆိုင်မှာ သွားစားသောက်တာတို့သာ ဖြစ်လေ့ရှိရာ တစ်နေကုန်ကြီး အချိန်မကြာပါ။

တစ်ခါတစ်ရံ သူ့ရဲ့စက်ရုံတွေဆီ အပျင်းပြေလိုက်ကြည့်ပါလားလို့ သူ ခေါ်ဖူးသော်လည်း နတ်သမီးက ပျင်းသည်ဆိုကာ မလိုက်။ သူ့စက်ရုံတွေ ဘယ်အရပ်မှာ ဘယ်နေရာမှာ ရှိသည်ဆိုတာကိုပင် နတ်သမီး စိတ်မဝင်စား။ သိပုံလည်းမရ။ တစ်ခါမှလည်း စကားမစပ်။ မေးလည်းမမေး။ သိလည်းမသိချင်သလို ရှိပါသည်။

သူနှင့်ပတ်သက်ပြီး အတော်များများကို နတ်သမီးက စိတ်ဝင်တစားကို မရှိတာပင်။ သူကတော့ နတ်သမီးကို ကလေးတစ်ယောက်နှယ် သဘောထားကာ နေ့လယ်ဘက် ကိစ္စနှင့် အပြင်ထွက်ဖြစ်သည့် အခါတွေမှာ ငါးကလေးတွေ ဝယ်လာ၊ မုန့်တွေဝယ်လာ စသဖြင့် သတိတရ ရှိရလှပါသည်။

နတ်သမီးတစ်ယောက်ကတော့ ဘယ်စူပါမားကက်သွားလို့မှ ကြီးခေါင်စော အတွက် ဘာမှပါမလာ။ သူ့ဖို့သာ အထုပ်တွေ တစ်ပွေ့တစ်ပိုက်နှင့် သူနှစ်သက်သမျှ တွေ့ကရာ အစုံအလင် လျှောက်ဝယ်ချလာတတ်ကာ ကြီးခေါင်စောဖို့ သတိမရပါ။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာ အခြေအနေတစ်ခု အနေနှင့်သာ သူ အသိအမှတ်ထားမိတာ ဖြစ်ပြီး၊ ဤအတွက် နတ်သမီး အပေါ် ငြိုငြင်စိတ်၊ မကျေနပ်စိတ် မဖြစ်ရရိုး အမှန်ပင်။ သူ့ဟာသူ ဝယ် ချင်ဝယ်လာ မဝယ်လာချင်နေ၊ ကိုယ်က အကြီးမို့ ကိုယ်က ဝယ် လာပေးမိသည့် ထုံးစံကို မဖျက်ပါ။ ဒါပေမဲ့လည်း တစ်ခါ တလေမှာတော့ သူ့အတွက် တစ်စုံတစ်ရာ သတိတရ ဝယ်လာ တာမျိုး စသဖြင့် သူ မျှော်လင့်မိတာပင်။ သူလိုချင်တာက ဝယ် လာတဲ့ တစ်စုံတစ်ရာကို မဟုတ်ပါ။ ဝယ်လာဖို့အတွက် သတိ တရ ရှိခြင်းကိုသာ လိုချင်တာ ဖြစ်ပါသည်။

"ဒါပဲနော် ... ဟဲ့၊ တာ့တာ"

နတ်သမီးထံက ဖုန်းထဲကို စကားဖြတ်လိုက်သံ ထွက်လာမှပင် ကြီးခေါင်စောက တွေစိုက်နေရာမှ ဖျတ်ခနဲ မျက် တောင် ခတ်မိပါသည်။ ဘယ်လောက်ကြာအောင် စူးစိုက်ငေးကြည့် နေမိသည် မသိ၊ မျက်တောင်အခတ်မှာ မျက်လုံးက စပ်လို့တောင် သွားပါသည်။

ကိုယ်ကိုပါ လှုပ်ရှားကာ ပြင်ထိုင်လိုက်ပြီး ဒီဘက် လှည့်လာသော နတ်သမီးကို ပြုံးပြလိုက်ပါသည်။

"ကိုကြီး"

"ဗျ"

"သမီး ပြောစရာရှိလို့ သိလား"





နတ်သမီးက ကော်ဖောပေါ် ဒူးထောက်လျက်နှင့် အနားကို တိုးရွေ့လာသည်။ မတ်တတ်ထရပ်၍ လမ်းလျှောက် မလာ။ ရပ်ကလည်း မရှိုမချဉ်။ သူ့ကို မချစ်တာ မယုယတာက လွဲလျှင် နတ်သမီးလေးဟာ အင်မတန် ချစ်ဖို့ကောင်းတတ်ပါသည်။

"ပြော"

"အန်း ... တွေ့လား၊ ပြောတောင် မပြောရသေးဘူး၊ သံပြတ်ကြီးနဲ့"

"မပြတ်ပါဘူး နတ်သမီးရယ်၊ ရိုးရိုးပြောတာပါ၊ ကဲပါဗျာ ပြောပါဗျာ"

"သမီး အလုပ်လုပ်ချင်လို့ သိလား"

"အလုပ် ! "

"အင်း"

"ဘာအလုပ် လုပ်ချင်တာလဲ နတ်သမီးရယ်"

"ကုမ္ပဏီ တစ်ခုမှာ အလုပ်ဝင်ချင်တာကို ပြောတာ"

"ဟင် ... ဘာအတွက် ဝင်ရမှာလဲ ... နတ်သမီး အလုပ် လုပ်ဖို့မှ မလိုတာ"

"မလိုတာ သိပါတယ်၊ ဒါပေမဲ့ လုပ်ချင်လို့ပါ"

"အလုပ် လုပ်ချင်ရင် ကိုယ့်ရဲ့စက်ရုံတစ်ခုမှာ ထိုင်ပါလား၊ ဟုတ်တယ် ... ကောင်းတယ်၊ ကိုယ်လည်း ခွပြီးနှစ်ခုကို ပြေးနေရတာ၊ တစ်ခုကို နတ်သမီး ရုံးထိုင်မယ်ဆိုရင် နတ်သမီးလည်း အပျင်းပြေ ကိုယ်လည်း အဆင်ပြေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ — ကိုကြီးကလည်း ဘာတွေ လျှောက်ပြောနေမှန်း မသိဘူး"

နတ်သမီးက နှုတ်ခမ်းကို ရှေ့သို့ စူထုတ်စပြုပြီ။ စောင်း၍ မျက်နှာညိုပြီ။

"ကိုယ်ပြောတာ ဘာဖြစ်လို့လဲ နတ်သမီးရဲ့"

"အဲဒီ ကိုကြီး အလုပ်ကြီးတွေ လုပ်ချင်တာ မဟုတ်ပါဘူး၊ ဘာအလုပ်ဖြစ်ဖြစ် တစ်ခုခု လုပ်ချင်တာမှ မဟုတ်တာ ကိုကြီးကလည်း၊ အဲဒီကုမ္ပဏီမှာပဲ ဝင်လုပ်ချင်တာ၊ တခြား ဘယ်မှာမှ မလုပ်ချင်ဘူး"

ကြီးခေါင်စောက တအံ့တသြနှင့် ...

"ဘာကုမ္ပဏီမို့လို့လဲ"

"ကွန်ပျူတာကုမ္ပဏီ၊ ကွန်ပျူတာတွေ ရောင်း ဝယ် ငှား ပြင် လုပ်တာလေ"

"အဲဒီမှာ ဘာလို့ လုပ်ချင်တာလဲ"

"အဲဒါ ပပဦးလေးရဲ့ ကုမ္ပဏီလေ၊ သမီးတို့အားလုံး ကွန်ပျူတာ တတ်ထားကြတာပဲဟာ၊ အခု သူ့ဦးလေးကုမ္ပဏီ ဆိုတော့ အလုပ်ဝင်လုပ်ကြမလို့၊ သူလည်း အခု ဝန်ထမ်းတွေ စ,ခန့်နေတာ၊ တခြားကွန်ပျူတာကုမ္ပဏီဆိုလည်း သမီးက မလုပ်ပါဘူး"





ကြီးခေါင်စောက အလုပ်ဝင်ချင်တဲ့ သဘောကို သဘောပေါက်သွားရပါသည်။ အလုပ်တစ်ခုခု လုပ်ချင်တာထက် သူငယ်ချင်းတွေ တစ်စုတစ်ဝေးတည်း အဆက်မပြတ် တွေ့ချင်တာသာ။ အပျော်သဘောနှင့် ဝင်လုပ်ဖို့ဆိုတာ နားလည်သွားပါသည်။

"ဘယ်သူတွေ ဝင်လုပ်ကြမှာလဲ၊ ငါးယောက်လုံးလား"

"ငါးယောက်လုံး မဟုတ်ဘူး၊ ငမိုးနဲ့ ငထိုက်က မပါဘူး တဲ့"

ပြောပုံကိုက "မပါဘူး"တဲ့ ...။ ကစားနေတာ ကျနေ တာပင်။ ကြီးခေါင်စောက ပြုံးရပါသည်။

"ဘာဖြစ်လို့လဲ"

"ငမိုးကကျတော့ သူ့ကားအရောင်းအဝယ်ပဲ သူလုပ်မှာ တဲ့ ...၊ ကုမ္ပဏီမှာ အလုပ်ဝင်မလုပ်နိုင်ဘူးတဲ့၊ ငထိုက်က ကျတော့ သူ့အဖေအလုပ်ထဲ ဝင်လုပ်နေရတယ် ... သူ့ အဖေက ခိုင်းထားတယ်၊ တခြားကို ဝင်လုပ်လို့ မရဘူး"

"အဲဒီတော့ ကျန်တဲ့သုံးယောက်ပေါ့"

"ဟုတ်တယ်၊ သမီးရယ် ... ပပရယ် ... ဝဏ္ဏရယ်"

ကြီးခေါင်စောက ငြိမ်သက်ကာ ခဏ စဉ်းစားနေမိပါသည်။ သူကတော့ မလုပ်စေချင်ပေ။ ဒါပေမဲ့လည်း အလုပ် ခါးခါးသီးသီး ကန့်ကွက်ချင်တာတော့ မဟုတ်ပြန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး"

"အင်း"

"ကိုကြီးကလည်းကွာ၊ တစ်ချက်တည်း ပါးစပ်ကြီးကိုပိတ်ပြီး ဘာတွေ ငိုင်နေမှန်း မသိဘူး"

"ရုံး နေ့တိုင်းတက်ရမှာပေါ့"

"သြော် ... ကိုကြီးကလည်း ... ကုမ္ပဏီမှာ အလုပ်ဝင်လုပ်ပါတယ် ဆိုနေမှ နေ့တိုင်း တက်ရမှာပေါ့၊ မတက်လို့ ရမလားလို့၊ စနေ တနင်္ဂနွေတော့ မဖွင့်ဘူးပေါ့။ မနက်ကိုးနာရီကနေ ညနေ ငါးနာရီထိ ရုံးတက်ရမှာ"

"ပပဦးလေးက ဒီအုပ်စုကို တန်းခန့်မှာပေါ့"

"အင်းပေါ့"

ကြီးခေါင်စောက တစ်ကြိမ် နှုတ်ဆိတ်သွားရပြန်ပါသည်။

"ကိုကြီး"

"ရော် ... ကိုယ် စဉ်းစားနေပါတယ် နတ်သမီးရယ်"

"ဘာတွေ စဉ်းစားနေတာလဲ"

"နတ်သမီးတို့ ပုံစံက သူငယ်ချင်းတစ်စု ပစ်ကနစ် ထွက်တာလိုမျိုး အပျော်သဘောမျိုး ဆန်သလိုပဲလေ၊ ရုံးတစ်ရုံးမှာ အလုပ်ဝင်တယ် ဆိုတာ အပျော်လုပ်လို့ မရဘူးနော်၊ အလုပ်လုပ်ရင် အလုပ်နဲ့တူအောင် လုပ်ရတာ၊ တူမနဲ့ တူမ





သူငယ်ချင်းတွေမို့လို့ အလုပ်တန်းပြီး ပေးပေမဲ့ အလုပ်ထဲမှာ အပျော်သဘော ဆန်နေရင်တော့ သူ့ဦးလေးက သဘောကျမှာ မဟုတ်ဘူး"

"ဒါတွေ သမီးသိပါတယ်၊ အလုပ်ဝင်လုပ်ပါမယ်ဆို ဘယ်သူက အပျော်လုပ်မှာလဲ ကိုကြီးရဲ့၊ လခယူ လုပ်မှာပဲဟာ"

"လခက ဘယ်လောက်ရမှာလဲ"

"နှစ်သောင်းလောက်တော့ ရမယ်ထင်တယ်၊ လခက အရေးမကြီးပါဘူး၊ ဘယ်လောက် ရရပေါ့၊ သမီးတို့ ပျော်မှာ ကိုကြီးရဲ့၊ ပျော်မှာဆိုတာ ကိုကြီးထင်သလို အပျော်သဘောကို ပြောနေတာ မဟုတ်ဘူး၊ ကျောင်းတက်တုန်းကလို ကွန်ပျူတာ တက်ကြတုန်းကလို တမင် ချိန်းစရာမလိုဘဲ အတူတူ ပြန်တွဲဖြစ်မှာ၊ နေ့တိုင်း တွေ့နေကြမယ်လေ"

"နတ်သမီးက ကွန်ပျူတာကျွမ်းတယ် ဟုတ်လား"

"ကျွမ်းတာပေါ့ ... ဟာ့ဒ်ဝဲရော ဆော့ဖ်ဝဲရော သင်ထားတက်ထားတာ၊ အားလုံး တူတူပဲ"

"ကုမ္ပဏီက ဘာတဲ့လဲ"

"ကိုကြီးနော် ... မေးခွန်းတွေ မပြီးတော့ဘူးလား၊ ကုမ္ပဏီက DTS တဲ့၊ ရုံးခွဲနှစ်ခုတောင် ဖွင့်မှာ၊ ပပက ကွန်ပျူတာတက်တုန်းက သူသိတဲ့ထဲက တော်တဲ့သူတွေကိုတောင် လိုက်ဆက်သွယ်နေတယ်၊ အလုပ်ခန့်ဖို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ နတ်သမီး ပျော်နေတာပေါ့ ... နေ့စဥ်နဲ့အမျှ ရုံးတက်နေရတော့ ပျော်ပါတော့မလား နတ်သမီးရယ်၊ အလုပ်တာဝန်ကြီးနဲ့ ဖြစ်လာမှာနော်"

"နေ့စဥ်နဲ့အမျှ ကျောင်းတောင် တက်လာတာပဲဟာ ကိုကြီး ကလည်း ... နောက်ကြာလာတော့ လုံးဝမပျော်ရင်လည်း အလုပ်ထွက်လိုက်မှာပေါ့၊ အဲဒီ ကိုကြီးက ဘာမှန်းမသိဘူး၊ အင်တင်တင်ကြီးတွေပဲ ပြောနေတာပဲ၊ တစ်နေ့တစ်နေ့ အိမ်မှာ ပျင်းတာပေါ့လို့၊ မလတ်ကလည်း သူ့ဆိုင်ကလေး ဖွင့်နေပြီ လာနိုင်တော့တာ မဟုတ်ဘူး၊ တစ်နေ့ တစ်နေ့ မလှုပ်မယှက်နဲ့ လူလည်း ဝ,လာတော့မယ်"

"ဘယ်တော့ စလုပ်ရမှာလဲ"

"နောက်လဆန်းမှာ စ,လုပ်ရတော့မှာလေ ...၊ မနက်ကျရင် ကိုကြီး အလုပ်ကိုမသွားခင် သမီးကို အရင်ဝင်ပို့သွားပေါ့၊ ညနေကျ ကိုကြီး ကြိုနိုင်ရင်ကြို ... မကြိုနိုင်ရင် ဟိုကောင်တွေ ပို့ရင်ပို့ခိုင်း ... အဆင်မပြေရင် ကိုယ့်ဟာ ကိုယ် ပြန်မယ် ... နော်"

သူ့တွင် အစီအစဥ်က ဆွဲပြီးနေလေပြီ။

"ဘယ်တုန်းကတည်းက ဒီအစီအစဥ်က ဖြစ်နေတာလဲ ဟင်"





"သူ့ဦးလေး ကွန်ပျူတာကုမ္ပဏီလုပ်မယ် ဆိုတာတော့ ပြောထားတာ ကြာပြီပေါ့၊ ဒါပေမဲ့ အခုမှ သူလည်း ဝင်လုပ်မယ် ... သမီးတို့ရော လုပ်မလား မေးတာ၊ လုပ်မယ်ဆိုရင် တန်းခန့်မှာပဲတဲ့၊ သူ့ဦးလေး ဝန်ထမ်းရွေးနေပြီတဲ့၊ ရုံးခန်းတွေ ဘာတွေက အဆင်သင့် ဖြစ်နေပြီ"

ကြီးခေါင်စောက ခပ်ပြုံးပြုံးနှင့် နတ်သမီးကို ကြည့်နေလျှင် နတ်သမီးက ကြီးခေါင်စော ပေါင်ကို တစ်ချက်ထုလိုက်ပါသည်။

"အဲဒါ နက်ဖြန် ကိုကြီး ရုံးကအပြန်ကျရင် ယုဇနဂါးဒင်းကို ပို့ပေးနော်၊ ရှူးဖိနပ်အနက်လေး သွားဝယ်ရမယ်၊ ယူနီဖောင်းက နှစ်စုံစီ ချုပ်ပေးမယ်၊ ကုတ်အနက်လေးတွေနဲ့ အင်္ကျီဖြူ စကတ်ရှည်အပြာလေးတွေ ဆင်တူဝတ်ရမှာ၊ ယူနီဖောင်းကို ဒီထက် အပိုထပ်ချုပ်ထားချင်ရင်တော့ ကိုယ့်ဟာကိုယ် ချုပ်ရမှာပေါ့၊ ကိုယ်ထပ်ချုပ်ချင်သလောက် တစ်စုံဖိုး နှစ်စုံဖိုး ဆိုပြီး ပိုက်ဆံပေးလိုက်ရုံပဲ၊ သိလား ...၊ သိလား ... ကိုကြီး"

"အင်းပါ"

"သိရင် ပြီးရော ... ဟင်း၊ မထုတက်တေးနဲ့၊ လူကိုသိပ် မလုပ်စေချင်ဘူး သိတယ်၊ လူကလည်း ပျင်းတယ် ...



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ တစ်နေ့ အလကားနေနေရတာ၊ ကြာရင် ရူးတတ်တယ်"

"ကိုယ့်အလုပ် ဝင်ကူပါဆိုတော့လည်း ..."

"လာပြန်ပြီ ... သူ့အလုပ်ကို"

"သူငယ်ချင်းတွေနဲ့ လုပ်ရမှ ဆိုရင်လည်း သူငယ်ချင်းတွေပါ အားလုံး ကိုယ် အလုပ်ခန့်ပေးထားမယ်လေ ... ဘယ့်နယ်လဲ"

"ဟင့်အင်း ... ဟင့်အင်း၊ အလကားနေ သူ့အလုပ်ပဲ ပွဲထုတ်နေတာပဲ၊ ကွန်ပျူတာဆိုင်ပဲ လုပ်မယ်၊ ကိုယ်လည်း ကျွမ်းကျင်တယ်၊ ရုံးကလည်း စကော့ဈေးတွေ အက်ဖ်အမ်အိုင်တွေနဲ့ နီးနီးလေး၊ မြို့ထဲ စည်စည်ကားကား နေရာမှာ ပျော်စရာကြီး"

သူ တကယ် ပျော်နေတာကိုပဲ ကူးစက်ဝေမျှ ခံစားလိုက်ရတော့ကာ ဘာမှကို ပြန်မပြောနိုင်ဘဲ သက်ပြင်းသာ ချလိုက်မိရပါသည်။





"ဒီနေ့လေ ကွန်ပျူတာတစ်လုံး ရောင်းရတယ် ... ဟီး ဟီး"

"ဟာ ... တယ်ဟုတ်ပါလား၊ ဈေးဦးပေါက်သွားပြီ"

အလုပ်ဝင်တာ လေးရက်ထိ ဘာမှ မရောင်းရသေးဘဲ ဒီနေ့မှ ကွန်ပျူတာ စ,ရောင်းရ၍ နတ်သမီးက သူ့စီးပွားရေးအလား အထူးတက်ကြွ ပျော်ရွှင်နေပါသည်။ ညနေစာ ထမင်းပွဲမှာ သူ့အတွေ့အကြုံ စကားသံတွေချည်းသာ စီညံနေသည်။ ဒါကပဲ ကြီးခေါင်စောကို စိတ်ရွှင်လန်း ချမ်းမြေ့စေပါသည်။

"ပရင်တာလည်း ဝယ်တာ ကိုကြီးရဲ့ ... ဝယ်တဲ့လူကြီးကလေ ယောကျ်ားကြီးသာဆိုတယ် ဈေးဆစ်တာကတော့ ပြောမနေနဲ့၊ ဟာ ... ဖုန်းလာတယ် ... ဒေါ်ညွှန့်ကြီး သွားကိုင်ပါဦး ... လူကြီးကလေ ကွန်ပျူတာပေါ်မှာဆစ်၊ ပရင်တာပေါ်မှာဆစ်၊ ကီးဘုတ်ပေါ်မှာဆစ်၊ မောက်စ်တောင်ဈေးဆစ်ပါတယ်ဆို၊ အားလုံးပေါင်းပြီး တစ်ခါထပ်ဆစ်၊ မမညိုတော့ ရှုံ့နေတာပဲ"

မမညို ဆိုသည်မှာ သူတို့အုပ်စုရဲ့ အထက်လူကြီး အကြီးအကဲ မန်နေဂျာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့လေ ... ပထမဆုံး ရောင်းရတဲ့ အလုံးဆိုတော့ သိလား ... မမညိုလည်း တတ်နိုင်သလောက် လျှော့လုပ်ပါတယ်၊ ဟိုဘက်ကလှည့်လျှော့ ဒီဘက်ကလှည့်လျှော့ ... သမီးတို့တွေလည်း ပျော်နေတော့ အဲဒီလူကြီးနား ဝိုင်းအုံနေတာပဲ ... ဟီဟီ"

"ရောင်းရတဲ့အတွက် ဒီလောက်လည်း သိပ်ပျော်တဲ့ပုံ မပြရအူးလေ နုတ်သမီးရဲ့၊ တော်ကြာ မရောင်းရတဲ့ဆိုင်လို့ ထင်သွားဦးမယ်၊ ခပ်တည်တည်ပဲ နေမှပေါ့"

"ဟုတ်တယ်နော် ... ကိုကြီး ပြောတာ ဟုတ်တယ်၊ ခပ်တည်တည်တော့ နေမှပဲ၊ သမီးတို့ကလည်း အီတ်စ်ပီးရီးယင့်စ် မရှိသေးလို့ပါ၊ ပထမဆုံးမို့ပါ ... ဟင်း ဟင်း"

ဒေါ်ညွန့်ကြီးက အနားကပ်လာကာ ...

"နုတ်သမီးကို စကားပြောချင်လို့တဲ့"

"ဘယ်သူတဲ့လဲ ဒေါ်ညွန့်"

"ကျော်ကျော်တဲ့"

"ဩော် ..."

နုတ်သမီးက ဖျတ်ခနဲဆို အပြေးအလွှား ထထွက်သွားပါသည်။ ကြီးခေါင်စောက ခေါင်းလှည့်ကာ လိုက်ကြည့်လိုက်ပြီးမှ ကိုယ့်ထမင်း ကိုယ်ဆက်စားသည်။ ကျော်ကျော် တဲ့။ ခုမှ ဒုတိယအကြိမ် ကြားရသောအမည် ဖြစ်ပေမဲ့ တိုက်ပုံဖြူလေး





နှင့် ဆံပင်မညိုမနက်ကို နောက်မှာစည်းထားသည့် ကောင်ကလေး ပုံရိပ်လွှာက ဖျတ်ခနဲ အာရုံထဲ မှတ်မိစွာ ပေါ်လာသည်။

နုတ်သမီးက စကားကို တိုးလည်းမတိုး၊ ကျယ်လည်းမကျယ် ပုံမှန်လေသံနှင့် ပြောနေသော်လည်း ကြီးခေါင်စောနေရာက ဘာတွေပြောနေမှန်း မကြားရပါ။ ဖုန်းရှိသော နေရာနှင့် ထမင်းစားခန်းက နည်းနည်းလှမ်း၍ နုတ်သမီးရဲ့ အသံကိုတောက်လျှောက် ကြားနေရသော်လည်း ဘာစကားလုံးတွေ ပြောနေသည် ဆိုတာထိတော့ မသဲကွဲပါ။

ရွှင်ရွှင်လန်းလန်း ရယ်မောလိုက်သံ တလွင်လွင်ကိုတော့ နှစ်ကြိမ်လောက် ကြားလိုက်ရပါသည်။ ဆယ်မိနစ်လောက်ရှိမှ နုတ်သမီး ထမင်းစားပွဲဆီ ပြန်ရောက်လာတော့ ကြီးခေါင်စောက ထမင်းပြီးနေနှင့်ပါပြီ။

"ထမင်းကြီးက စားလက်စကနေ အဲလိုအေးစက်ကြီးဖြစ်သွားရင် သမီး မစားချင်တော့ဘူး၊ ဒေါ်ညွန့်ကြီး သိမ်းလို့ရပြီ သိလား"

ကြီးခေါင်စောက ကုလားထိုင်မှ ထရပ်ရင်း ...

"ကျော်ကျော်က ဘာတဲ့လဲ"

"ကျော်ကျော်က ... ဟင် ... ကျော်ကျော့်ကို ကိုကြီးက သိလို့လား"

"သိတယ်လေ ... မင်္ဂလာဆောင်တုန်းက လာတာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"လာတော့ လာတယ်လေ၊' အဲဒီတုန်းက မိတ်လည်း ဆက်မပေးမိဘဲနဲ့ ဘယ်ဟာက ဘယ်သူ ကိုကြီး ဘယ်လို သိလိုက်လို့လဲ"

"ဒီလိုပဲ ခေါ်ပြောနေကြတာတွေ ကြားပြီး နှစ်ယောက် သုံးယောက်လောက်တော့ မှတ်မှတ်မိမိ ရှိလိုက်တာပါ"

"ကျော်ကျော်လည်း DTS မှာ ဝင်လုပ်နေတယ်လေ ကိုကြီး"

"နတ်သမီးတို့ ရုံးမှာ ! "

"အင်း ... သူကတော့ သမီးတို့နဲ့ တိုင်ပင်ပြီး ဝင်တာတော့ မဟုတ်ဘူးပေါ့၊ အပြင်က ခေါ်တဲ့သူတွေထဲက ပပ ဦးလေး ဆီ ဒီလိုပဲ ဝင်လျှောက်တာ၊ ဦးလေးနဲ့ မမညိုက သူ့ကို ရွေးလိုက်တာလေ"

ကြီးခေါင်စောက နတ်သမီး မျက်နှာကိုကြည့်ကာ မေးလို့ကောင်းမကောင်း တစ်ခဏတာ ချင့်ချိန်နေပါသေးသည်။ သို့သော် မေးလို့မကောင်းပါဘူး ထင်စရာ မရှိ၍ ...

"ကျော်ကျော်က နတ်သမီးကို ချစ်ဖူးတယ် မဟုတ်လား"

"ဟင်"

နတ်သမီးက အတော်အလန့်တကြား အံ့သြသွားပုံ ရပါသည်။

"ကိုကြီး ဘယ့်နှယ့်လုပ် သိလဲ ... အံ့သြစရာကြီး"





"ဒီလိုပဲ ကြားတာပါ"

"အန့်တီသွယ် ပြောတာလား"

"မပြောပါဘူး၊ ဘယ်သူမှ တကူးတက မပြောပါဘူး"

"အဲဒါကို ဘယ်လိုသိလဲ ... ပြောပြ"

"ဩော် ... ဘာမှ မဟုတ်ပါဘူး၊ မင်္ဂလာဆောင်နေ့တုန်းက နတ်သမီးတို့ သူငယ်ချင်းတွေ အုပ်စုက ဆူညံနောက် ပြောင်နေတာလေ၊ တစ်ယောက်တစ်ပေါက်နဲ့ ဒီလူက ဟိုလူကိုစ ... ဟိုလူက ဒီလူကိုစ၊ အဲဒီ စကားတွေထဲက နေ အမှတ်တမဲ့ ကြားလိုက်ရတာပါ"

"ကြည့်စမ်း ... သမီးတောင် မကြားလိုက်ဘူး၊ အဲဒီကောင် တွေ အတော် အာကျယ်တဲ့ကောင်တွေ၊ သမီးက မသိစေ ချင်တဲ့ ကိစ္စသာဆိုရင် အားလုံး ပေါ်ကုန်မှာပဲ"

"ကျော်ကျော့်ကို နတ်သမီးက ပြန်မချစ်ခဲ့ဘူးပေါ့"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့ရယ် ဘာရယ် မရှိပါဘူး ကိုကြီးရာ ... ဘယ် သူ့ကိုမှ ပြန်ကြိုက်လို့ကို မရပါဘူး၊ ဟိုသုံးကောင်လေ၊ သူတို့ ကာဆီး ကာဆီး လုပ်တာနဲ့ပဲ ရည်းစားတောင် ထားခွင့်မသာပါဘူး၊ ဟိုတစ်ယောက်ဆိုလည်း ဆဲရက် သောက်လို့၊ ဒီတစ်ယောက်ဆိုလည်း အကျင့်မကောင်းလို့၊



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်လာလည်း ဒီကောင်နှာဘူးတို့နဲ့ မလွဲရ မထပ်ရအောင် ပြစ်ချက်ရှာပြီး သူတို့နဲ့တင် ပယ်ချနေတာ၊ ကြိုက်ချင်တဲ့ သူတွေကလည်း လာတွေ့လို့မှ နှစ်ယောက်ချင်း စကားပြောခွင့်မရ၊ ဘေးမှာ ကောင်လေး အနည်းဆုံး နှစ်ယောက်က ကပ်တတ် ကပ်တတ်နဲ့ ပူးတွဲကြီး ပါနေတော့ ဖီးလ်ငုပ်ပြီး ကြာရင် လက်လျှော့သွားတာချည်းပဲ"

"ကျော်ကျော်လည်း ဒီလိုပဲ လက်လျှော့သွားတာပေါ့"

"ဒီလိုပဲ ပြောရမှာပေါ့၊ ဒါပေမဲ့ ကျော်ကျော်ကတော့ သူတို့နဲ့လည်း သူငယ်ချင်းပဲဆိုတော့ နည်းနည်းတော့ ချဉ်းကပ်ချိန် ကြာတယ်၊ တော်တော်နဲ့တော့ လက်မလျှော့ဘူးပေါ့၊ ဒါပေမဲ့ ဝဏ္ဏတို့မှ သဘောမတူဘဲနဲ့"

"ကျော်ကျော် ကျတော့ ဘာဖြစ်လို့တဲ့လဲ"

"မကြင်နာတတ်ဘူးတဲ့၊ တစ်ယောက်အပေါ် တာရှည်မစွဲလမ်းဘူးတဲ့၊ သူနဲ့ကြိုက်သွားရင်လည်း ခဏနေရင် သူစိတ်ကုန်သွားပြီး အပြစ်ရှာ ဖြတ်တတ်တယ်တဲ့၊ ရည်းစားလည်း မနည်းဘူး ထားတယ်တဲ့၊ စုံနေတာပါပဲ ... အပြစ်တွေ ပြောကြတာ၊ ကောင်းတာ တစ်ခုမှ မပါဘူး"

နတ်သမီးက ငှက်ပျောသီးတစ်လုံး နွှာစားကာ ငါးကန်နား လျှောက်သွား၍ ကြီးခေါင်စောက နောက်မှ လိုက်လာခဲ့ပါသည်။





"အခု ကျော်ကျော်က ဘာတဲ့လဲ"

"အရေးမကြီးတာတွေပါ ... ရုံးက အကြောင်းတွေ လျှောက်ပြောနေတာပါ"

"သူက နတ်သမီးကို ဘယ်လိုလဲ"

"ဘာကိုလဲ ကိုကြီး"

"အခု အလုပ်တူတူ ဝင်လုပ်နေရတော့လေ"

"လုပ်ရတော့ ဘာဖြစ်လို့လဲ"

"ဩော် ... အရင်ကလို ဆက်စွဲလမ်းနေတုန်းလား ... ဘယ်လိုလဲ ဒါကို မေးတာ"

"အရင်ကလို စွဲလမ်းလို့ ရမလား ... သမီးက ယောကျ်ားယူထားတဲ့ဟာ၊ ကိုကြီးက ဘာတွေမှန်း မသိဘူး"

"သူ့စိတ်ထဲကို ကိုယ်က မြင်နိုင်တာ မဟုတ်တော့ ... တကယ်လို့များ"

"ဘာမှ တကယ်မလို့ဘူး၊ သူ့ကို အခု ပပနဲ့စ,နေတာ၊ ကိုကြီး တစ်မျိုးတွေ ထင်ဖို့ စိတ်ကူးမနေနဲ့၊ အခုဆို သမီး အိမ်ထောင်ကျသွားလို့လား မသိဘူး၊ ဟိုကောင်တွေကလည်း ပပကိုပါ သိပ်မတိုက်တော့ဘူး၊ လွှတ်လပ် ခွင့်ပြုထားတယ်၊ ရုံးမှာလည်း ဝဏ္ဏတစ်ယောက်ပဲရှိတာ၊ အရင်ကလို ကာဆီး ကာဆီး မလုပ်တဲ့အပြင် သူကတောင် စ,နေတာ၊ ကိုကြီး နော် ... ကျော်ကျော် အလုပ်လာခင်နေလို့ဆိုပြီး သဝန်တွေ



www.burmeseclassic.com

www.burmeseclassic.com



တို့ပြီး အလုပ်ထွက်ဖို့တွေ ဘာတွေတော့ စိတ်ကူးမယဉ်နဲ့၊ သူများက အဲဒီမှာ ပျော်နေတာ ... ဒါပဲ"

လက်ညှိုးတထောင်ထောင်နှင့် ခပ်ကြိမ်းကြိမ်းဆိုကာ နတ်သမီးက မျက်စောင်းတစ်ချက်နှင့် ပွဲသိမ်းလိုက်ပါသည်။





## ၁

အလုပ်ဝင်ပြီး တစ်လအကြာမှာပဲ ဝဏ္ဏက အလုပ်ထွက်သွားပါသည်။ ဝဏ္ဏ အလုပ်ထွက်သွားတာကို နတ်သမီးက ကြီးခေါင်စောကို တကူးတက ပြောမပြပါ။ နတ်သမီး ဖုန်းပြောနေသည့် အထဲက နားစွန်နားဖျား ကြားမှပင် ကြီးခေါင်စော ရိပ်မိရကာ မေးကြည့်ရပါသည်။

"ဟုတ်တယ် ... ဝဏ္ဏက အစကတည်းက သင်္ဘောလိုက်ဖို့ လိုက်လုပ်ထားတာ ကိုကြီးရဲ့၊ သူ့ဟာက ဝေးဦးမယ် အဆင်မပြေသေးဘူး ထင်ပြီး အလုပ်လာဝင်တာ၊ အခုမမျှော်လင့်ဘဲ သင်္ဘောကုမ္ပဏီတစ်ခုနဲ့ သူ အလုပ်အဆင်ပြေသွားတယ်၊ အဲ့ဒါနဲ့ ကောက်ကာငင်ကာ အလုပ်ထွက်ရတာ၊ ဒီလထဲပဲ သူ သင်္ဘောထွက်တော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ကာဆီးကာဆီး တစ်သက်လုံး စောင့်ရှောက်ခဲ့ပါသည်ဆိုသော ဤချာတိတ်သုံးယောက်ကို ကြီးခေါ်စောက ကျေးဇူးရှင်လိုကို သတ်မှတ်ထားတာပါ။ သူတို့ စောင့်ရှောက်ခဲ့ကြလို့လည်း တစ်ခါမှ ရည်းစားမထားဖူးခဲ့သည့် နတ်သမီးကို သူ လက်ထပ်ခွင့် ရခဲ့သည်လေ။

ရည်းစားရှိခဲ့ရင် သူနဲ့ ခုလို ဘယ်ဖူးစာဆုံပါမလဲ။ ကိုယ့်ရည်းစားနဲ့သာ ကိုယ်ယူဖြစ်ဖို့ များတာပေါ့။ အလုပ်စဝင်တော့ ငမိုးနှင့် ငထိုက် မပါဘူး ဆိုတာကိုပင် သူ့မှာ ဘဝင်မကျသလို ဖြစ်ရသေးတာပါ။ ဓာကယ်တော့လည်း ဒီအသက်အရွယ်ရောက်နေပြီး နောက်ခံအင်အားလည်း မရှိ့တဲ့ကြတဲ့ ဒီကောင်လေးတွေဟာ သူများ အလုပ်ထဲမှာ လခနှစ်သောင်းလောက်နဲ့တော့ ဘယ်ရေရှည်လုပ်ကြမှာတဲ့လဲ။

တခြား ဒီထက်ကောင်းတာ မရှိရင်သာ။ ဒီထက်ကောင်းတဲ့အလုပ် ရှိနေမှတော့ သူတို့ တက်လမ်းကို လခနှစ်သောင်းထဲ ဘယ်မြှုပ်နှံထားမှာလဲ။ ဝဏ္ဏဟာလည်း အဖေအမေကျောထောက်နောက်ခံ မသေးသူမို့ မကြာခင် အလုပ်ထွက်မှာပဲရယ်လို့ ကြီးခေါ်စော မျှော်လင့်ပြီးသား။

ခုတော့ တစ်လတည်းနဲ့ အလုပ်ထွက်သွားပြီ။ သူတို့ကို ကာဆီးကာကွယ် စောင့်ရှောက်နေကျ ကောင်လေးတွေ မရှိပြီ။ ဒီစကားကို ကြားရင် လူရယ်ချင်စရာ ဖြစ်မှာလည်း စိုးရပါသေးသည်။





နတ်သမီးဟာ အိမ်ထောင်သည်ပဲ။ အပျိုကလေးမှ မဟုတ်ဘဲ။ ဒါကိုပဲ သူ့မှာ စိုးရိမ်နေလိုက်ရတာ။ ပပ အုပ်ထိန်းသူတို့က စိုးရိမ်သည် ဆိုရင် တော်ပါသေးသည်။ လင်ရှိမယားတစ်ယောက်ကို တော်ရုံတန်ရုံ ဘယ်သူက လာပိုးပန်းနေမှာမို့လဲလို့ ဖြေတွေးလို့တော့ ရပါသည်။

သို့သော် ...။

တစ်အချက်က နတ်သမီးဟာ ဆင်ခြင်မြော်မြင်တိုင်းထွာတတ်ခြင်းထက် ဖြစ်ချင်လျှင် လုပ်ပစ်တတ်သည့် တစ်ခွတ်ထိုး ဉာဉ်လေးရှိကာ ကလေးလည်း ဆန်နေဆဲ သူတစ်ယောက်ဖြစ်သည်။ နှစ်အချက်က နတ်သမီးဟာ သူ့ကိုမချစ်။ သူ့အတွက် ထောက်ထားစရာမှာ တရားဝင် ပတ်သက်မှုကိုသာ ဖြစ်ပြီး နှလုံးသားမှ လာသည့် မေတ္တာတရားကို ထောက်ထားဖို့ မရှိ။

သုံးအချက်က သူ့ကို အချိန်အတော်ကြာ တစ်ဖက်သတ် ချစ်ခဲ့ဖူးတဲ့ ကောင်ကလေးနှင့်လည်း လုပ်ငန်းခွင်တစ်ခွင်တည်း နေ့စဉ် တွေ့မြင် ပေါင်းဖက် ဆက်ဆံနေရသည်။ ရုံးမှာ တွေ့ခဲ့ရတဲ့အပြင် အိမ်ကို ဖုန်းက ရက်ခြားလိုက်လာတတ်သေးသည်။ အူတိုတယ် သဘောထားသေးတယ် ပြောလည်း ခံရတော့မှာပဲ ဖြစ်သည်။

သူ့မှာ စိတ်ချလွှန်း၍ နတ်သမီးကို ခွင့်ပြုထားရတာ မဟုတ်ပါ။ တစ်ဖက်သတ် ချစ်ရသူပီပီ စိတ်တထင့်ထင့်နဲ့ပဲ သူ့အလိုဆန္ဒကို မကန့်ကွက်ရက်၍သာ ရုံးလွှတ်ထားရတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ကြီးခေါင်စောသည် သူ့စက်ရုံများ ရှိရာ ဟိုး ရွှေပြည်သာကနေ မြို့ထဲကို တကူးတက ရောက်ရချေသည်။ နေ့စဉ်ရက်ဆက်တော့ မကောင်း။ နှစ်ရက်ခြား သုံးရက်ခြား စသဖြင့် မရှိတဲ့ အလုပ်ကိစ္စကို အကြောင်းပြပြီး နတ်သမီးတို့ရုံးကို ရောက်ကာ မျက်နှာ ဝင်ဝင်ပြရပါသည်။

ရုံးတက်ကာစ အလုပ်ဝင်ကာစက လာလေ့မရှိဘဲ တစ်လကျော်ပြီး နောက်မှ ရုံဖန်ရုံခါ ပေါ်ပေါ်လာတတ်သော ကြီးခေါင်စောကို နတ်သမီးတို့ရုံးက ဝန်ထမ်းတွေပင် တဖြည်းဖြည်း ရင်းနှီးလာကြရပါသည်။

"နတ်သမီးရေ ... ကိုကြီး လာပြီဟေ့"

"ဟေး ... မုန့်စားရတော့မယ်ဟေ့"

ရုံးက နတ်သမီးတို့နှင့် ရွယ်တူ တချို့ ပိုတောင်ငယ်သေးသော ဝန်ထမ်းမိန်းကလေးတို့က ကြီးခေါင်စော လာလျှင် မုန့်တစ်ခုခု ပါလာတတ်၍ ဝမ်းသာအားရ နောက်ကာ ပြောင်ကာ ကြိုတတ်ကြပါသည်။

"ကိုကြီးခေါင်စော၊ ငါ့မိန်းမခများ ငါမလာတဲ့နေ့ကျရင် နေ့လယ်မုန့်မစားရဘဲ နေရှာရှာမယ်လို့များ ထင်နေလို့လား၊ ဘာသည်လာလာ နားစွင့်ပြီး ခေါ်ဝယ်စားနေတာ၊ ပါးစပ်နဲ့မုန့် မပြတ်ကို စားနေတာ"



သူ့မှာ အကြောင်းပြချက် ရှိအောင်သာ မုန့်လေး တစ်ခုခု ထည့်ဝယ်လာရတာပင်။ ဒီတော့ မိန်းမဖြစ်သူကို အင်မတန် စားစေချင် သောက်စေချင်တဲ့ ယောကျ်ားတစ်ယောက် အလိုလို ဖြစ်ရသည်။ နို့မို့ ဘာအကြောင်းပြချက်နှင့် လာရမလဲ။

ရုံးရောက်လျှင် ခုံတစ်လုံးမှာ ခဏဝင်ထိုင်ကာ ဟိုလူ့ရယ်ပြ ဒီလူ့ရယ်ပြ လုပ်ရင်း အခြေအနေလေး အကဲခတ်တတ်တတ်နှင့် ခဏနေ ပြန်ရတာပင်။ ဒါလေးအတွက် ရွှေပြည်သာကနေ မြို့လယ်ထိ အသွားအပြန် အချိန်ပုပ်လှသည်။ ဒါပေမဲ့ မလုပ်ပဲလည်း သူ မနေနိုင်။ နတ်သမီးရဲ့ ယောကျ်ားအဖြစ် သူ့မျက်နှာကို အဆက်မပြတ် ပြထားတာပင်။ ထောက်ထားစရာရှိ ထောက်ထားနိုင်အောင်ပေါ့။

ဒီလိုပြောတဲ့အတွက် သူ နတ်သမီးကို မယုံသင်္ကာလို့တော့ မဟုတ်ပါ။ သူ့ကို မချစ်ဘူးဆိုတဲ့ ဇနီးလေးအပေါ် သူက အချစ်ကြီး ချစ်လှ၍ လက်လွှတ်မခံနိုင်၍ ကြိုတင်ကာကွယ် စရာရှိ ကာကွယ်ထားတဲ့ သဘောပါပင်။

မုန့်ဝယ်လာပြန်တော့လည်း မိန်းမတစ်ယောက်စာသာ ဝယ်လာလို့ မရ၍ အများစာ ဝယ်ရပါသည်။ ရောက်တိုင်းလိုလို ကျော်ကျော်ကို နှုတ်ဆက်ဖြစ်အောင်လည်း ကြိုးစားပါသည်။ များသောအားဖြင့်တော့ ကျော်ကျော်က Repairing ဌာနစိတ်

www.burmeseclassic.com



အခန်းလေးမှာ ကွန်ပျူတာတွေကို ဖွင့်ကလိ၍ အလုပ်ရှုပ်နေတတ်တာပင်။

ကျော်ကျော်ဝါလည်း သင်္ဘောတက်ဖို့ ကြိုးစားနေတဲ့သူလို့ နတ်သမီးစကားထဲက သိထားရပါသည်။ သူ့ကျတော့ ခပ်မြန်မြန် တက်ခွင့်မရဘဲ ဝဋ္ဋ ကျမှ ခပ်မြန်မြန် တက်သွားရသတဲ့။

သူနဲ့ စကားပြောတဲ့အခါ နတ်သမီးနဲ့ စကားပြောတဲ့အခါတွေမှာ ကျော်ကျော့်ကို အကဲခတ်ရသလောက် သူ့အမူအရာတွေက အနည်းငယ် မှိုးတိုးရှန့်တန့်တော့ ရှိသည်။ နဂိုစိတ်ကိုက မှိုးတိုးရှန့်တန့် အမူအရာ ရှိတတ်ကြသည့် လူတွေလည်း လောကမှာ ရှိပါသည်။

ကျော့်ကျော်ကကော ... နဂိုကိုက ဒီအမူအရာ ရှိသူလား။ ဒါမှမဟုတ် ... သူချစ်ခဲ့ဖူးတဲ့ မိန်းကလေးရဲ့ ယောက်ျားနှင့် ပြောရဆိုရတာမို့ပဲ မှိုးတိုးရှန့်တန့်ပုံ ပေါက်သလား။ ဒါမှမဟုတ် ... အခုထိကိုပဲ နတ်သမီး အပေါ် သူ့စိတ်တို့က လုံးလုံးသံယောဇဉ်ပြတ် မရှိးသားနိုင်သေး၍ ဤအမူအရာမျိုး ဖြစ်နေရတာလား ... ဆိုတာတော့ ကြီးခေါင်စော နားမလည်။

အမျိုးမျိုး ဖြစ်နိုင်ချေ ရှိနေတာပင်။

"ကိုကြီး ... ခုနောက်ပိုင်း မြို့ထဲကို ဘာလို့ ခဏ ခဏ ရောက်နေတာလဲ"





နတ်သမီးကပင် သူ့ကို စူးစမ်းပါသည်။ အလုပ်ဝင်စ၊ တစ်လက တစ်ခါမှကို မလာတဲ့ဟာ။ တစ်လရဲ့နောက်မှာမှ ... အခါခါ ရောက်နေတာကိုး။

"ကိုယ့်ဆီက Export မလုပ်ဖြစ်တဲ့ Reject အထည်တွေ ယူတဲ့ ဆိုင်တွေ မြို့ထဲမှာ အများကြီးပဲလေ၊ အဲဒီဆိုင်တွေပြဘူး အခြေအနေ ပတ်ကြည့်ရတာပါ"

တကယ်တော့ မလိုအပ်ပါ။ လိုအပ်ခဲ့လျှင်တောင်မှ ဒါဟာ အထည်လိုက်ဖြန့် ပိုက်ဆံသိမ်းရသည့် ဖြန့်ချိရေးဝန်ထမ်းတို့နှင့်သာ ပြီးလောက်သည့် ကိစ္စပါ။ သူ့လုပ်ငန်း တစ်သက်နဲ့ တစ်ကိုယ်လည်း ခုလိုလိုက်ကြည့်ရှုံးထုံးစံ တစ်ခါမှ မရှိခဲ့ပါ။ ခုလည်းပဲ အဲဒီဆိုင်တွေကို လုံးဝမဝင်ပါ။ နှုတ်ကသာ အကြောင်းပြတစ်ခုအနေနဲ့ ကောက်ပြောလိုက်တာပင်။

"အရင်က မကြည့်ဘူးလား"

"အရင်က သူများကို လွှတ်ကြည့်ခိုင်းတာလည်း ရှိတယ်"

"အခုရော"

"အခုက နတ်သမီးဆီလည်း ဝင်ချင်တာပါပါတယ်"

နတ်သမီး ကလည်း ဤသို့ ထင်ပြီးသား ဖြစ်ပုံနှင့် ...

"ပပကတောင် ပြောနေပြီ"

"ဘာတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးက သမီးကို လာလာချက်ကိတာ သက်သက်ပါတဲ့"

"အင် ... အဲလိုကြီးတော့လည်း မဟုတ်ပါဘူးကွာ၊ တစ်ခါတလေလည်း ကိုယ်တိုင် အခြေအနေ သိချင်တာရယ်၊ နတ်သမီး ဆီကိုပါ ဝင်ချင်တာရယ် နှစ်ခုလုံးကြောင့် ကိုယ်တိုင် လာလိုက်တာပါ၊ နတ်သမီးကို မချက်ကပါဘူးလို့ ပပကို ပြောပြပေါ့၊ နတ်သမီးကို ကိုယ်က ယုံကြည်ပြီးသားပါ"

ဒီလိုပဲ ပြောရတော့တာပင်။ ကြီးခေါင်စောသည် သူ့ ရောက်တုန်း ရောက်ခိုက် ကျော်ကျော်နှင့် ပပကိုလည်း အကဲခတ်ရပါသေးသည်။ သူ အကဲခတ်သလောက်တော့ ဘာမှ အကဲမရ။ ဘာမှ ထင်စရာမရှိ။ အေးလူက စ,နေရုံသာပဲ ရှိတာဖြစ်ပါလိမ့်မည်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီမှာ အလုပ်လုပ်နေရတာကို နတ်သမီး ပျော်ရွှင်နေတာကတော့ သိသာလှပါသည်။ သူ့ဘဝမှာ ပထမဆုံး ... ရတာဖြစ်သော တာဝန်ယူရမှု၊ နေ့စဉ် အချိန်မှန် အလုပ်ဆင်း၍ အလုပ်ခွင်မှာ အရေးပါမှုတို့သည် သူ့ရဲ့ သူ့ကိုယ်သူ ယုံကြည်မှုအပေါ် အရောင်တက်စေတဲ့ ဟန်ပန်ကလေးကိုက ပိုင်နိုင်သေချာသည့် ဟန်လေးတစ်မျိုးနှင့်။





အိမ်မှာလည်း ရုံးကအကြောင်းတွေ အတွေ့အကြုံတွေ ပြောမဝ ပြောမဆုံးအောင် ရှိလျက်ဆဲ ...။ တစ်နေ့တော့ ... နတ်သမီး ရုံးကအပြန် မျက်နှာမသာမယာနှင့် တစ်စုံတစ်ရာကို မကျေနပ်သလို မှုန်တီမှုန်မှိုင်း ရှိလေရာ ...

"နတ်သမီး ရုံးမှာ ဘာဖြစ်သလဲဟင်၊ ဘာအဆင်မပြေဘူးလဲ၊ ရုံးကပြန်လာကတည်းက မျက်နှာမကောင်းပါလား"

"ဘာမှ မဖြစ်ပါဘူး ... အဆင်ပြေပါတယ်"

"ဒါဖြင့် ဘယ်သူ ဘာဖြစ်လို့လဲ"

နတ်သမီးထံက ခဏကြာမှ အဖြေစကား ထွက်လာသည်။

"ပပ ရုံးမှာ မရှိတော့ဘူး"

"ဟင် ... ပပက ဘယ်ရောက်သွားလို့လဲ၊ အလုပ်ထွက်သွားလို့လား"

"အလုပ်မထွက်ပါဘူး၊ သူ့ဦးလေးက သူ့ကို ဟိုအက်ရုံးခွဲကို ပြောင်းလိုက်တယ်"

"ဘာဖြစ်လို့လဲ"

"သူ့ဦးလေးကလည်း ရုံးကို အချိန်ပြည့် လာတာမဟုတ်ဘူးလေ၊ တခြားလုပ်ငန်းလည်း ရှိသေးတယ်၊ ဒီရုံးမှာကျတော့ မမညို ရှိတယ် ... မမညိုက ပပ ဦးလေးရဲ့ ဟိုအက်က အ[illegible]လေ၊ ပပနဲ့သာ အမျိုးမတော်တာ၊ သူ့ဦးလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



အမျိုးပဲ၊ ဒီတော့ ရုံးမှာ လူခံရှိတယ်ပေါ့၊ ဟိုဘက်ရုံးမှာ လူခံမရှိလို့ဆိုပြီး ပပကို ဟိုဘက်ကို ရွှေ့တယ်" -

"ပပကို ဒီမှာထားပြီး မမညိုကို ဟိုဘက်ရုံး ရွှေ့ရင်ကော"

"မမညိုက ဒီမှာ အဆင်ပြေ အထိုင်ကျနေပြီတဲ့၊ ပြီးတော့ ပပက ဒီမှာ အားလုံးနဲ့တန်းတူ လူငယ်လို နေလက်စ ဖြစ်နေတော့ ရုတ်တရက် လူကြီးလုပ်ပြီး ထားလိုက်ရင် အရင်က အဆင်ပြေနေသလောက် ပြေမှာမဟုတ်ဘူးတဲ့"

ပပ ဦးလေး စကားက ဟုတ်တော့လည်း ဟုတ်ပါသည်။

"ဟိုမှာတော့ ပပက မြင့်တဲ့ တစ်နေရာကို တန်းပြီးဝင်လိုက်ရမှာ၊ ဟိုမှာ သူက အစိမ်းသက်သက်ပဲ ဆိုတော့ ဘယ်နေရာကို ဝင်ဝင် အဆင်ပြေတယ်တဲ့၊ လောလောဆယ် သူ့ဦးလေးက ပပနဲ့အတူ အဲဒီဘက်ရုံးမှာ ခဏထိုင်ပေးမယ်၊ ပပ အခြေကျရင် တစ်လလောက်နေရင် လွှတ်ထားလိုက်တော့မယ်ပေါ့"

"ပပကလည်း သွားမယ်ပေါ့"

"ပပက ရာထူးတွေ ဘာတွေလဲ စိတ်မှ မဝင်စားတာ၊ ဘယ်သွားချင်ပါ့မလဲ ကိုကြီးရယ်၊ ဒီမှာပဲ သမီးရှိတော့ သမီးနဲ့ နေချင်တယ်၊ ဒါပေမဲ့ သူ့ဦးလေးက ပြောတော့လည်း သူ့အဖေအမေကပါ သွားရမယ်လို့ နိုင်းတာပေါ့"





"ဒါဖြင့် ... ရုံးမှာ သူငယ်ချင်းတွေနဲ့ဆိုပြီး အလုပ်ဝင်လိုက်တာ ... ခုတော့ တစ်ယောက်မှ မရှိတော့ဘူးပေါ့"

"အင်းလေ ... ပပကတော့ သမီးကိုပါ ဟိုဘက်ရုံးခွဲကို ခေါ်သွားချင်တယ်လို့ သူ့ဦးလေးကို ပြောသေးတယ်၊ သူ့ဦးလေးကလည်း ဘာမှန်းမသိဘူး မရဘူးတဲ့၊ ပပနဲ့ သမီးက ဆက်ဆံပုံ ဆက်ဆံနည်း တစ်သက်လုံး အရိုးစွဲလာတာ ပြင်လို့ရမှာ မဟုတ်ဘူးတဲ့၊ တစ်ယောက်ကို တစ်ယောက် မကျေနပ်ရင်လည်း အော်ကြီးဟစ်ကျယ် ရန်လုပ်ကြ ပြုကြနဲ့၊ ဒီပုံစံကို ခုမှပျောက်ဖို့ မဖြစ်နိုင်တော့ ဟိုရုံးမှာ ပပနဲ့ သမီး အဲဒီလို ဆက်ဆံနေရင် ဟိုရုံးကလူတွေပါ ပပကို အရှိအသေ တန်ကုန်မယ်တဲ့"

သူ့အကြောင်းပြချက်ကလည်း သူ့ဟာနှင့်သူ ခိုင်ခိုင်လုံလုံပင်။ ကြီးခေါင်စောက နတ်သမီးကို အကဲခတ်ရင်း ...

"ရုံးမှာ နတ်သမီးတစ်ယောက်တည်း ဖြစ်နေမှာပေါ့"

"အင်းလေ ... မုန်းစရာ ကောင်းလိုက်တာ"

ကြီးခေါင်စောက စကားလမ်းကြောင်း သင့်သော အခွင့်အရေးကို နင်းကာ ...

"နတ်သမီး အလုပ်က ထွက်လိုက်ပါတော့လား ... ဘယ်သူမှလည်း ရှိတော့တာမှ မဟုတ်ဘဲ"

"အလုပ်ကတော့ မထွက်ချင်ပါဘူး ကိုကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တစ်ယောက်တည်း ဖြစ်ကျန်ရစ်ခဲ့ပြီလေ"

"အစကတော့ သူငယ်ချင်းတွေနဲ့ ကျောင်းတက်သလို တွေ့နေရမယ်ဆိုပြီး တွေ့ချင်စိတ်နဲ့ အလုပ်ဝင်ခဲ့တာ ဟုတ်တယ်၊ ဒါပေမဲ့ အလုပ်ခွင်ထဲမှာ လုပ်ရင်း ကိုင်ရင်း သမီး ပျော်နေပြီ ကိုကြီးရဲ့၊ အိမ်မှာနေရင် သမီးက အလကား လူပိုပဲ၊ ရုံးမှာကျရင် သမီးအလုပ်နဲ့သမီး၊ သမီးတာဝန်နဲ့သမီး၊ ထူးပြီးလည်း မပင်ပန်းဘဲ တစ်နေရာမှာ အသုံးကျတဲ့လူတစ်ယောက် ဖြစ်နေတာ၊ အလကားကြီး အလုပ်ပြန်မထွက်ချင်ဘူး၊ သူငယ်ချင်းတွေကြောင့် ပျော်တာ မဟုတ်ဘဲ အလုပ်မှာကို ပျော်နေပြီ ကိုကြီးရဲ့"

"နှတ်သမီး တစ်ယောက်တည်းဆိုတော့ အဖော်မရှိ ဘာမရှိ ဖြစ်နေမှာ စိုးတာ"

"ခုတော့ အားလုံးနဲ့ ခင်သွားပြီဆိုတော့ တစ်ရုံးလုံးကတော့ ကိုယ့်အဖော်ချည်းပါပဲ၊ ပြီးတော့ ပပတို့ ရုံးခွဲလည်း မြို့ထဲမှာပဲ ... သိပ်ဝေးတာမှ မဟုတ်တာ၊ ပပက နေ့လယ်ထမင်းစားချိန်ကျ ဒီဘက်ရုံးမှာပဲ လာစားမယ်တဲ့"

ကျော်ကျော်နဲ့တော့ နှစ်ရက် တွေ့နေရဦးမှာပင်။ တစ်ရုံးလုံးနဲ့ ခင်နေပြီ ဆိုသော်လည်း ကျော်ကျော်နဲ့ကကျတော့ မိတ်ဟောင်း သူငယ်ချင်းဟောင်း။ ကြီးခေါင်စော စိတ်ထဲ အထဲ အငေါ့ဖြစ်၍ စိတ်အနှောင့်အယှက်လို ခံစားနေရတာကတော့ အမှန်ပင်။ ဒါပေမဲ့လည်း ဖွင့်ပြောလို့လည်း မကောင်းပြန်ပါ။





မယုံလို့လည်း မဟုတ်။ သဝန်တိုတာ သက်သက်လို့ပဲ ပြောရလေမလား။ တကယ်တော့ ကျော်ကျော်နှင့် နေ့စဉ်တွဲဖက် အလုပ်ဆင်းနေရတဲ့ရုံးမှာ နှတ်သမီးကို မလုပ်စေချင်တော့ဘူးလို့ ဖွင့်ပြောလိုက်ချင်ပါသည်။ ပြောချင်ပေမဲ့ နှုတ်ကပြောမထွက်။ ဘာမှမဟုတ်ကြတဲ့ တစ်ဖက်သားတွေကို စော်ကားရာကျမှာကိုလည်း စိုးသည်။ သဘောထား သိပ်သေးရာ ကျမှာလည်း စိုးသည်။

ဒါပေမဲ့လည်း သဘောထားက စိတ်ထဲကျိတ်ကာ သေးနေမိပြီဆိုတာတော့ ကိုယ်ကိုယ်တိုင် ငြင်းမရပါ။ တစ်နေကုန် ကိုယ်နဲ့တွေ့ရချိန်ထက်ပိုကာ ကျော်ကျော်နှင့် တွေ့နေရမည့်အချိန်က များနေတာကိုလည်း မကြည်ဖြူပါ။ ဒါဟာ ဘယ်သူ့ကိုမှ စော်ကားတာ မဟုတ်ဘဲ တစ်ဖက်သတ် ချစ်ရတဲ့ ကိုယ့်အနေအထားကြောင့် အလိုအလျောက် ဖြစ်နေရတဲ့ မနာလိုမှုသာ။

နှတ်သမီးက ကိုယ့်ကို ချစ်သည်ရယ်လို့ စိတ်ချသေချာ ယုံကြည်နိုင်ခဲ့လျှင် ခုလို ခံစား စိတ်ထင့်ရလိမ့်မည် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုတစ်လော အဆင်မပြေရခြင်းတို့ကြောင့် ကြီးခေါင်စော စိတ်ရှုပ်နေခဲ့ပါသည်။ သူ့စက်ရုံနှင့်ဆက်သွယ်ကာ သူ အထည်တွေ ချုပ်လုပ်တင်ပို့နေကျ နိုင်ငံခြားကုမ္ပဏီက သူနှင့် ကွန်ထရက်စာချုပ်ကို ဖျက်သိမ်းလိုက်ပါသည်။ သူ့လို အကျဉ်းအကျပ်အခက်အခဲမျိုး အချို့စက်ရုံတွေလည်း ရင်ဆိုင်ခံစားရတာပင်။

ဤကိစ္စအတွက် သူ့စက်ရုံမှာ လောလောဆယ် ခေတ္တရပ်နားထားရမလို ဖြစ်နေပါသည်။ သူ့အတွက် ကွန်ထရက်အသစ် ဖောက်သည်အသစ် ပြန်ရှာရဦးမည့် အခြေအနေပင်။ ဤအတွက် နိုင်ငံခြားကို ခဏတဖြုတ် သွားရဖို့လည်း ရှိသည်။ လောလောဆယ် ချုပ်နေလက်စ စက်ရုံက အထည်တစ်သုတ်ပြီးလျှင် သူ့မှာ အလုပ်မရှိတော့သလို ဖြစ်နေပါသည်။

ဤကိစ္စ ခေါင်းထဲ ရှုပ်နေခိုက်မှာ နတ်သမီးကလည်း ...။

ကြီးခေါင်စောသည် သက်ပြင်းတစ်ချက် စိတ်ရှုပ်ထွေးစွာ ချလိုက်ပြီးလျှင် ကားကို နတ်သမီးတို့ရုံးနှင့် မလှမ်းမကမ်း နေရာလွတ်မှာ ပါကင်ထိုးလိုက်ပါသည်။ သူ ရုံးထဲကို တက်ဝင်လာခဲ့လျှင် ...





"ဟာ ... ကိုကြီးခေါင်စော ... လာတယ်ဟေ့၊ မုန့်ဝယ်လာလား"

ချာတိတ်မ ငယ်ငယ်နှစ်ယောက်က ဆီးကြိုနှုတ်ဆက်လိုက်၍ သူ နဖူးကို လက်ဝါးနှင့် ရိုက်မိကာ ...

"ဟာ ... ကျွန်တော် အလုပ်ကိစ္စ တွေးလာတာနဲ့ လမ်းမှာ မုန့်ဝင်ဝယ်လာဖို့ မေ့သွားတယ်ဗျာ၊ ပြန်ထွက်ဝယ် လိုက်မယ်လေ၊ ရွှေပုစွန်က ဖာလူဒါ သွားဝယ်လိုက်မယ်နော်"

"ဟာ ... မလုပ်ပါနဲ့ ... အလကား စ,တာပါ၊ နတ်သမီးတောင် မရှိဘူး"

"ဟုတ်လား ... ဘယ်သွားလို့လဲ"

"ပပက ခါတိုင်းရက်တွေ ဒီမှာ တူတူလာလာ စားနေတာလေ၊ ဒီနေ့ ပပက သူ မလာနိုင်လို့ ဟိုမှာ လာစားကြလို့ ခေါ်တာနဲ့ ... နတ်သမီးနဲ့ ကိုကျော်ကျော်နဲ့ ဟိုဘက်ရုံး သွားကြတယ်"

ကြီးခေါင်စော ရင်ထဲ ဒိုင်းခနဲ နေအောင် အောင့်ဆို့သွားရပါသည်။ လာပြန်ပြီ ကျော်ကျော်နဲ့ ...။ ဒါပါနဲ့ဆို သုံးခါရှိပြီ။

"ကိုကြီးခေါင်စော လိုက်သွားမလား။ လမ်းလျှောက်သွားရင်တောင် သိပ်မဝေးဘူး၊ ကားနဲ့သွားရင်တောင် ပတ်သွားရမလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... လိုက်တော့ လိုက်မသွားတော့ပါဘူး"

"ဒီမှာပဲ ဝင်ထိုင်စောင့်နေမလား ... သူတို့ သွားတာ ကြာတောင်ကြာပြီ။ ရောက်လာတော့မှာပါ"

"ထိုင်မစောင့်တော့ဘူး ... ကျွန်တော် ကားထဲကပဲ ပြန်စောင့်လိုက်မယ်"

"ဝင်ထိုင်ပါ ... အားမနာပါနဲ့ ကိုကြီးခေါင်စောရဲ့ လူလည်းရှင်းပါတယ်"

"ရပါတယ် ခင်ဗျ၊ တခြားသွားစရာ ရှိတာလည်း အရင်သွားရင် သွားလိုက်မယ်"

ကြီးခေါင်စော ရုတ်တရက် လှည့်ထွက်လာခဲ့ပါသည်။ သူ့ရင်ထဲမှာ မကျေမချမ်း စိတ်တိုနေသည်။ သုံးခါရှိပြီ။ သူတွေ့တာ သုံးခါရှိပြီ ဆိုတာကိုတောင် နတ်သမီးကို ဖွင့်မပြောခဲ့ပါ။ ဖွင့်ပြောရင်းက သူ့ရင်ထဲက ဝန်တိုမှုတွေ သံသယတွေ တစွန်းတစ်စ ပါကုန်မှာစိုးလို့။

ပထမတစ်ကြိမ်က နတ်သမီးနှင့် ကျော်ကျော်ကို တွဲလျက် အက်ဖ်အဲမ်အိုင် စင်တာ မျက်စောင်းထိုးနား လမ်းဖြတ်ကူးနေကြတာကို တွေ့လိုက်တာပါ။ အဲဒီအချိန် သူတို့ရုံးကို ဝင်လိုက်လျှင် ရှိမှာမဟုတ်တော့၍ မြို့ထဲက သူငယ်ချင်းတစ်ယောက်ရဲ့ ရုံးခန်းကို ဝင်ပြီး စကားပြောနေလိုက်ပါသည်။





အတန်ကြာမှ ရုံးကို သွားလိုက်တော့ နတ်သမီးတို့ ပြန်ရောက်နေကြပြီ။ ခုန အပြင်ကို ထွက်ကြကြောင်းလည်း နတ်သမီးက စကားစပ်၍ မပြောပါ။ ရုံးမှာလည်း မပြော။ ညနေ အိမ်ပြန်ရောက်တော့လည်း မပြော။ ကြီးခေါင်စော ဖွင့်မေးချင်တာကို မမေးဘဲ အောင့်အည်းထားလိုက်ပါသည်။

ဒုတိယတစ်ကြိမ်ကတော့ မြို့လယ်ကောင်က ပလက်ဖောင်းပေါ်ထိ ခုံပုလေးတွေ ချခင်းထားတဲ့ ဒိန်ချဉ်နို့အေးဆိုင်ကလေးမှာ သူတို့နှစ်ယောက် ထိုင်နေတာကို တွေ့လိုက်ရတာ ဖြစ်ပါသည်။

သူတွေ့ချိန်မှာ ထိုင်ရာက ထ,ကြကာ ပိုက်ဆံရှင်းနေကြတာကို မြင်သည်။ ကြီးခေါင်စော ရင်ထဲ ဒုတိယအကြိမ်ကတည်းက မီးစနှင့် ထိုးခံရသလို ပူပြင်းနေပါပြီ။ အဲဒီနေ့ကလည်း သူ မြို့ထဲမှာ ကားကိုပတ်မောင်း နေမိကာ ပူလောင်ဆူဝေနေသည့် သူ့စိတ်ကို ဖြေလျှော့သည်။

နတ်သမီးတို့ ရုံးကိုရောက်တော့ သူတို့ ပြန်ရောက်နေချိန်ပဲ ဖြစ်နေပါပြီ။ ထိုဒုတိယအကြိမ်မှာလည်း သူတို့နှစ်ယောက် အပြင်ထွက်ခြင်း အကြောင်းကို နတ်သမီး ပြန်မပြောပြခဲ့။ အခုတစ်ကြိမ်ဟာ တတိယအကြိမ်ပေါ့။ ပပထံ ထမင်းသွားစားကြသည် ဆိုသော်လည်း သွားရတာ နှစ်ယောက်တည်း ပြန်လာ နှစ်ယောက်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ကြားထဲမှာကော ဘယ်ကိုဝင်၍ ဘာတွေ စားသောက်နေကြဦးမည် သိနိုင်တာ မဟုတ်။ ကြီးခေါင်စောသည် ကားပေါ်ထိုင်နေရင်း ရင်တွေ ဒိတ်ဒိတ် ဒိတ်ဒိတ်နှင့် ခုန်သံမြန်ဆန်ကျယ်လောင်နေကာ နားထင် နားရင်းတွေ ပူနေပါသည်။

တစ်မိနစ်ထက် တစ်မိနစ် ဒေါသတွေ ဆူပွက်လာသည်။ သွားတာ ကြာပြီဆိုပြီး သူထိုင်စောင့်နေတာ နာရီဝက်နီးပါး ကြာတဲ့တိုင်အောင် ပြန်ပေါ်မလာကြသေးပါ။ ဘာကြောင့်များ နတ်သမီးသည် ကျော်ကျော်နှင့် တွဲကာ တွဲကာ ဒီလောက်တောင် ထွက်နေရတာလဲ။

ထွက်ဖြစ်ကြပါသည်လို့လည်း ရိုးရိုးသားသား တစ်ခါမှ ပြန်မပြောပြ။ သူ သိတာ သုံးကြိမ်။ သူ မသိရတာ ဘယ်နှကြိမ် ရှိမလဲ မပြောနိုင်။ ဘာမှ မဟုတ်ဘူးပဲထား။ ကျော်ကျော်လို တစ်ချိန်က ကိုယ့်အချစ်ကို တောင်းခံခဲ့ဖူးတဲ့ သူတစ်ယောက်နှင့် ခုလို တွဲသွားတွဲလာ ပြုမနေသင့်ဘူး ဆိုတာလေးလောက်တောင် နတ်သမီး အသိဉာဏ် မရှိဘူးတဲ့လား။

အသိဉာဏ် မရှိတာတော့ ဖြစ်ကို မဖြစ်နိုင်ပါ။ ထွက်ချင်လို့ကို ထွက်နေတာ ဖြစ်ပါလိမ့်မည်။ ဒေါသဖြစ်ဖြစ်နှင့် သူ ထိုင်စောင့်နေဆဲ ... မိုးက တဖွဲဖွဲ ရွာလာပါသည်။ မိုးရေထဲမှာ ထီးတစ်ချောင်းကို နှစ်ယောက်ပူးဆောင်းပြီးတော့ပဲ ပြန်လာမလား။ ထီးမပါဘဲ စိုရွှဲပြီးတော့ပဲ ပြန်လာမလား။





ထိုသို့ ပြန်လာမည့် မြင်ကွင်းကို ဆက်စောင့်ကြည့်နိုင်သည့် သည်းညည်းခံစိတ် မရှိတော့ကာ ကြီးခေါင်စော ကားကို မောင်းထွက် ပြန်လာခဲ့ပါသည်။ ရွှေပြည်သာက စက်ရုံတွေဆီ ပြန်ချင်စိတ် မရှိတော့။ အိမ်ကိုပဲ တန်းပြန်လာကာ ကားပေါ်ကနေပဲ စက်ရုံမန်နေဂျာဆီ သူပြန်မလာတော့ကြောင်း ဖုန်းလှမ်းဆက် ပြောလိုက်ပါသည်။

အိမ်ပြန်ရောက်လာလျှင် အိမ်ရှေ့၌ ဒေါက်ဖိနပ်လှလှတစ်ရန် ချွတ်ထားတာတွေ့၍ ဖျတ်ခနဲ နတ်သမီးများ အိမ်ပြန်ရောက်နေသလား ထင်လိုက်မိပါသေးသည်၊ ချက်ချင်းပဲ ဘယ်လိုမှ ပြန်ရောက်နေနိုင်စရာ အကြောင်းမရှိတာ သိလျှင် ...

"ဒေါ်ညွန့် ... ဒေါ်ညွန့်"

အခန်းဝရဲ့ သံပန်းတံခါးအလှသာ ပိတ်ထား၍ ဘဲလ်တီးမနေဘဲ အော်ခေါ်လိုက်ပါသည်။

"ဟင် ... ကိုကြီး အစောကြီး ပြန်လာတယ်"

ဒေါ်ညွန့် တလှုပ်လှုပ် ပြေးထွက်လာသည်။

"ဟုတ်တယ် ... ဒါ ဘယ်သူ့ဖိနပ်လဲ"

"မလတ် ရောက်နေတာပါ ကိုကြီး"

ကြီးခေါင်စောက ဖွင့်ပေးသော တံခါးမှ ဝင်လိုက်ရင်း ...

"မလတ် ... နင် ဆိုင်မဖွင့်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



လှမ်းအော်မေးလိုက်ပါသည်။

"ရှင့်တယ် ကိုကြီး၊ နေ့လယ် အိမ်ခဏပြန်တာ ... မာမီ က နယ်က ဆတ်သားခြောက် အစစ်တွေရလို့ ဒီအိမ်ဝင် မို့လိုက်ဆိုလို့ ဝင်ပို့တာ၊ ဒီကနေ ဆိုင်ကို ပြန်မှာ၊ ဆတ်သားခြောက်က ကိုကြီးလည်းကြိုက် ... နတ်သမီးလည်း ကြိုက်တယ်လေ"

ထမင်းစားခန်းထဲ ဆတ်သားခြောက်တွဲကြီးကို ကိုယ်တိုင်ကိုယ်ကျ နေရာချ သိမ်းဆည်းပေးနေရင်းက မလတ် လှမ်းမြေသည်။ ကြီးခေါင်စောက ဧည့်ခန်းဆိုဖာတွေမှာ တိုင်ချလိုက်ပါသည်။ မလတ်က ဧည့်ခန်းထွက်လာရင်း ...

"ကိုကြီးရော ဘာလို့ အစောကြီး ရောက်လာတာလဲ၊ နေမကောင်းလို့လား"

"နေကောင်းတယ်"

"ဟင် ... ကိုကြီး ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ"

"မလတ်က မေးတာလေ၊ မျက်နှာကြီးက နီရဲပြီး မည်းမှောင်နေတာ၊ ဘာဖြစ်လို့လဲ ကိုကြီး၊ ဘာဖြစ်လာတာလဲ"

ကြီးခေါင်စောသည် ညီမလုပ်သူကို ပြောပြရမှာရှက်နေကာ ...

"ဘာမှ မဟုတ်ပါဘူးဟာ ... အလကားပါ"





"အလကား မဟုတ်ပါဘူး၊ ကိုကြီး ဒေါသဖြစ်နေတာပါ၊ ဘယ်သူ့ကိုလဲ"

"နှင်ယောက်မကို ... နှင်ယောက်မကို"

"ဟုတ်လား ...! နတ်သမီး ဘာဖြစ်လို့လဲ"

"တောက် ... မပြောချင်ဘူးဟာ၊ မပြောချင်လို့ ... မပြောချင်လို့နဲ့ မျိုသိပ်နေတာ နှစ်ခါရှိပြီ၊ ဒီနေ့ တတိယတစ်ခါ၊ တောက် ... တော်တော် အနေအထိုင်မတတ်တဲ့ ကောင်မလေး၊ ငါ အတော်စိတ်ပျက်တယ်၊ ဒီနေ့တော့ မပြောလို့ကို မဖြစ်ဘူး၊ ညနေ ပြန်လာရင် စာရင်းရှင်းရမယ်"

"ဘာတွေလဲဟင်"

"ကောင်လေး တစ်ယောက်နဲ့ အပြင်ကို တွဲတွဲထွက်နေတယ်"

"ဟင် ..."

မလတ်ပါ မျက်နှာပျက်သွားရပါသည်။

"ဘယ်က ကောင်လေးလဲ"

"သူ့နဲ့ တစ်ရုံးတည်း"

"တစ်ရုံးတည်းဆို အလုပ်ကိစ္စ ဖြစ်နေပါဦးမယ် ကိုကြီးရယ်"

"ဘာအလုပ်ကိစ္စလဲ၊ ဒီနေ့လည်း ဟိုဘက်ရုံးက ပဲပဲဆီ ထမင်းသွားစားကြတာတဲ့၊ ဟိုတစ်နေ့က ဈေးဘေးမှာ



www.burmeseclassic.com

www.burmeseclassic.com



မုန့်အတူ ထိုင်စားနေတာ မြင်တယ်၊ ဟိုးရှေ့တစ်ခါက နှစ်ယောက်တွဲ လမ်းဖြတ်ကူးနေတာ မြင်တယ်၊ သုံးခါရှိပြီး ဒီကောင်နဲ့ပဲ နှစ်ယောက်တည်း နှစ်ယောက်တည်း၊ အလုပ်ကို မဟုတ်ဘူး ..."

"သူ့သူငယ်ချင်း ကောင်လေးတွေထဲက မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ သူ့သူငယ်ချင်းတွေထဲက တစ်ယောက်မှကို ရုံးမှာ မရှိတော့ဘူး၊ ထွက်တဲ့သူက ထွက်၊ ရုံးပြောင်းတဲ့သူက ပြောင်း၊ သူနဲ့ ဒီကောင်ပဲ ကျန်တာ"

"ဘယ်က ကောင်လေးလဲ"

"အရင်ကတည်းက သိတာ၊ တတွဲတွဲ မဟုတ်ပေမဲ့ သူငယ်ချင်းတော့ သူငယ်ချင်းပဲ၊ ဝဏ္ဏတို့လို ရင်းနှီးတာတော့ မဟုတ်ဘူး၊ ဒီကောင်က ကျောင်းတုန်းကတည်းက သူ့ကို ကြိုက်ခဲ့တာ၊ ကွန်ပျူတာ တက်ကြတော့လည်း သူတို့တက်တဲ့ဆီ တွတ်တွတ်လိုက်တက်တာ၊ သူ့ကို တောက်လျှောက် ကြိုက်လာတာ၊ သူကသာ ဟိုသုံးကောင်ကြောင့် ပြန်ကြိုက်ခွင့်ရတဲ့ထိ မဖြစ်ခဲ့တာ"

"စိတ်ထဲကကော ကြိုက်ခဲ့လို့လား"

"စိတ်ထဲကတော့ ငါလည်း ဘယ်သိမလဲဟ"

"စိတ်ထဲက မကြိုက်လို့ပေါ့ ကိုကြီးရာ၊ စိတ်ထဲက တကယ်သာကြိုက်ရင် ဟိုကောင်လေး သုံးကောင် ဘယ်လိုတားတား





ကာကွယ် ကာကွယ် ဘယ်ရမလဲ၊ ရည်းစားဖြစ်ခဲ့မှာပေါ့၊ ရိုးရိုးနေပါလိမ့်မယ်"

"ဘယ်လောက် ရိုးရိုးလေ၊ ဒီလိုကောင်နဲ့ နှစ်ယောက်တွဲပြီး တစ်ခါမဟုတ် နှစ်ခါမဟုတ် ... ငါမသိတာ ဘယ်နှခါရှိမလဲ မသိဘူး ... တစ်ကျောင်းကျောင်း အပြင်တွဲ ထွက်နေစရာလား၊ ကိုယ့်ကို ကြိုက်ခဲ့ဖူးတဲ့ ကောင်လေ ... ကိုယ်က အိမ်ထောင်သည်၊ ဆင်ခြင်တဲ့ သိက္ခာနဲ့ နေတတ်ရမှာပေါ့၊ မင်္ဂလာဆောင်ကတည်းက ဒီကောင်လေးကို ဘေးကဝိုင်းပြီး ကျန်ရစ်ကြီး ဘာကြီးနဲ့ ချွတ်နေကြတာ၊ ဒီရုံးမှာ အလုပ်ဝင်တော့ ဒီကောင်လည်း အလုပ်လာလျှောက်တယ် ... အလုပ်ရတယ် ဆိုကတည်းက စိတ်ထဲမှာ မသက်သာလှဘူး၊ ခဏလည်းကြာရော ဝဏ္ဏက ထွက် ... ပပက ရုံးပြောင်း ... သူတို့နှစ်ယောက်ပဲ တူတူကျန်တာ၊ အလုပ်ထွက်ပါလို့ ပြောရင် သဘောထား သေးရာကျမှာစိုးလို့ ငါမပြောဘဲ မျိုသိပ်ထားခဲ့ရတယ်"

မလတ်က အစ်ကိုလုပ်သူရဲ့ ဒေါသမျက်နှာကို စိတ်ရှုပ်ရှုပ်နှင့် ကြည့်နေမိပါသည်။ သူ့အစ်ကိုဟာ တော်ရုံတန်ရုံနှင့် ဒေါသဖြစ်လွယ်သူလည်း မဟုတ်။ ဘယ်အရာကိုမဆို တင်းကြိမ်တည်းနှင့် ပေါက်ကွဲ စိတ်တိုတတ်သူ မဟုတ်ပါ။

"ကိုကြီး ... ဒီလိုဆိုလည်း ... သူ့ကို အလုပ်ထွက်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပေါ့၊ ဒါမှမဟုတ် သူ သိပ်အလုပ်လုပ်ချင်ရင် တခြားနေရာမှာ ပြောင်းလုပ်နိုင်းပေါ့၊ သဘောထား သေးရာကျမှာစိုးလို့ဆိုပြီး အိမ်ထောင်ရေးမှာ စိတ်ထင့်နေရရင် မကောင်းဘူးထင်တယ်"

"ပြောလည်း ရန်ဖြစ်ကြရမှာပဲ ကြိုမြင်ယောင်နေတယ်"

"ရန်ဖြစ်ရတာက တော်သေးတာပေါ့၊ ကိုကြီး စိတ်ထဲမရှင်းတော့ရင် နောက်ကို သူ ရိုးရိုးလုပ်လည်း သံသယ ဖြစ်နေရမဲ့ တူတူ ဖွင့်ပြော တားမြစ်လိုက်တာ ပိုကောင်းတယ်၊ မလတ်ကတော့ ခုလောလောဆယ် သူတို့ ဘာမှဟုတ်ကြလိမ့်မယ် မထင်ဘူး"

"ငါလည်း မထင်သေးပါဘူး၊ ဖြစ်နေတယ် စွပ်စွဲတာမဟုတ်ဘူး၊ မလုပ်သင့်တာလုပ် ... မနေသင့် မထိုင်သင့်တဲ့ အနေအထိုင် ရှိနေတာကို စိတ်ဆိုးတာ၊ ဆင်ခြင်ဉာဏ်ကင်းမဲ့တာကို စိတ်ဆိုးတာ"

"နှတ်သမီးက အကျိုးသင့် အကြောင်းသင့် အရှည်မတွေးဘူးလေ၊ သူ့စိတ်ထဲမှာ သူ လုပ်ချင်လာရင် လုပ်လိုက်ရမှ၊ သူပြောချင်ရင် ပြောလိုက်ရမှ၊ သင့်သလား အပ်သလား တော်သလား ဆိုတာတွေနဲ့ ဆင်ခြင်တိုင်းထွာပြီးမှ လုပ်တဲ့သူ မဟုတ်ဘူး၊ ကလေးဆန်တယ် ဆိုတာထက် လူကြီးတွေး လူကြီးစိတ် မရှိဘူးလို့ ပြောရမှာ"





"တကယ်လို့ သူ့ကို ကျော်ကျော် ချစ်ခဲ့ ကြိုက်ခဲ့မှန်းသိထားတဲ့သူတွေက သူတို့ကို ခုလို နှစ်ယောက်တတွဲတွဲ မြင်ရင် ဘယ်လိုလုပ်မလဲ၊ ဘယ်လို ထင်ကြမလဲ"

"သူ ဒီလိုတွေ လိုက်တွေးပုံ မပေါ်ဘူးလေ ... မုန့်ထွက်စားချင်ရင် ရင်းနှီးတဲ့သူ အဖော်ခေါ် ထွက်စားလိုက်မယ်၊ ဒီလောက်ပဲပေါ့၊ ရှည်ရှည်ဝေးဝေး မတွေးလို့ပေါ့"

"အိမ်ကိုလည်း ဒီကောင့် ဖုန်းက အမြဲလာတယ်၊ ရက်ခြားပဲ၊ ရုံးမှာ တစ်နေကုန် တွေ့ခဲ့ရလည်း ဖုန်းက လိုက်လာသေးတယ်၊ ကျွတ် ... နှတ်သမီး တော်တော်ကိုအဓိပ္ပာယ်မရှိဘူးကွာ"

"ကိုကြီး သူ့ကို ကောင်းကောင်း ပြောပြပေါ့"

"တစ်ချိန်လုံး ကောင်းကောင်း ပြောလာတာ၊ တစ်ခါတစ်ခါ ပြောရင်း ဆိုရင်း သူကပဲ ဖောက်ဖောက်ပြီး စိတ်ကောက်သလို ဘာလိုလို ဖြစ်ရင် ဖြစ်သွားသေးတာ၊ သူ့မျက်နှာရိပ် မျက်နှာကဲကြည့်ပြီး အမြဲ ချော့မော့ ပြောနေတဲ့ ကောင်ပါဟာ၊ သူက ငါ့ကို မချစ်ပါဘူးဆိုတဲ့ စကားတစ်လုံးကို ရှေ့မှာ အမြဲ အကာအကွယ်ပြုပြီး သူ့စိတ်ချည်းပါပဲဟာ"

မလတ်က သက်ပြင်း ချမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ... ကိုကြီးကို မချစ်ပါဘူး ... မချစ်ဘဲ ယူလိုက်ရတာပါ ... ဆိုတဲ့စကားကို သူက ဂုဏ်ယူသလိုကို အရသာရှိရှိ ပြောနေတာ၊ အဲဒါလည်း မဟုတ်သေးဘူး၊ တကယ်တော့ သူဟာ သူ လုံးဝအလိုမရှိတဲ့ သူကို မိဘစကားကြောင့် ယူလိုက်မဲ့ တိုက်ပ်မျိုးလည်း မဟုတ်ဘူး၊ ကျွန်မက ရှင့်ကို မချစ်ဘူး ... ဒီတော့ ရှင်နဲ့ ပြေလည်မှု သာယာမှုကို ရှေ့ရှုအားထုတ် မနေနိုင်ဘူး ... ရှင်ကတော့ ကျွန်မကို ချစ်တယ် ... ဒီတော့ တစ်သက်လုံး အလျှော့ပေး အနွံတာခံပြီး ကြည့်ကျက်နေသွားပေတော့ ဆိုတဲ့ အနေအထားကို နတ်သမီးက ယူထားလိုက်တာပဲ"

ကြီးခေါင်စောရော မလတ်ပါ နှစ်ယောက်သားငြိမ်သက်ငိုင်တွေ၍ နတ်သမီး အကြောင်းကို စဉ်းစားနေမိကြပါသည်။





၆

နတ်သမီး၏ မျက်နှာမှာ နီမြန်း၍ မကျေမချမ်းအထ်ထန်လာပါသည်။

"ကိုကြီး ... သမီးကို အဲလိုမပြောနဲ့နော် ..."

အသံကလည်း ကျယ်လောင် စွာကျောလှသည်။

"သုံးကြိမ်ရှိပြီ ...၊ ကိုယ်ကြုံတာ သုံးကြိမ် ရှိသွားပြီ၊ ကိုယ်နဲ့ မကြုံတာ ဘယ်နကြိမ် ရှိမယ် မပြောတတ်ဘူး၊ ရှေ့အကြိမ်တွေတုန်းက ဒီတစ်ခါပဲလား ဆိုပြီး ကိုယ် မင်းကို လုံးဝ ဘာမှမပြောခဲ့ဘူး နတ်သမီး"

"ဘာမှမှ မဟုတ်တာ၊ ဘာလို့ ပြောရမှာလဲ ..."

"ဘာမှ မဟုတ်ဘူးလို့ ပြောလို့မရဘူး၊ ဟုတ်တယ် ...၊ မင်း သူနဲ့ အပြင်ကို တွဲသွားနေတယ်၊ ဒါ ဘာမှ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး"

"ဟာ ... ဒီလို ဘူးခံငြင်းလိုက်လို့ ဘယ်ရမလဲကွ၊ နတ်သမီး ကိုယ် မင်းကို အပြစ်တင်တာထက် မသင့်တော်ကြောင်းကို ဆုံးမနေတာပါ"

"မဟုတ်ဘူး၊ ကိုကြီး သဝန်တိုတတ်လွန်းတယ် ... တအားကို မနာလိုဝန်တိုတတ်တယ်၊ အဲဒါကို လုံးဝသဘောမကျဘူး သိလား၊ ကန့်ကွက်တယ်"

"အေး ... ကိုယ်ကလည်း မင်း ခုလို ကျော်ကျော်နဲ့ သွားလာနေတာတွေကို ကန့်ကွက်တယ် ... ဒါပဲ"

"သမီးတို့ ရိုးရိုးသွားနေတာ၊ ဆန်းဆန်းသွားနေတာ မဟုတ်ဘူး"

"ဆန်းဆန်း မပြောနဲ့ ... ရိုးရိုးလည်း မသွားရဘူး ... သွားကို မသွားရဘူး"

"ကိုကြီး သမီးကို အဲလို ချုပ်နှောင်တဲ့ အမိန့် မပေးနဲ့"

"ပေးတယ်ကွာ၊ လုံးဝမသွားရဘူး"

နတ်သမီးထံမှ အသက်ရှူသံ ပြင်းပြင်းကြီးတွေ ရှူးရှူးရှဲရှဲ မြည်ထွက်နေတဲ့အထိ မခံမရပ်နိုင် ဒေါသူပုန်ထနေတာ တွေ့ရပါသည်။ သူကပဲ တွဲမထွက်ရဘူး တားတာကို တစ်ပြန်စီး ဒေါသူပုန်ထ,နေ၍ ကြီးခေါင်စောမှာ အံ့အားသင့် စိတ်ပျက်ရသည်။





နတ်သမီးမှာတော့ ရင်ထဲ အကြီးအကျယ်ကို ခံရခက်နေတာ။ တစ်လျှောက်လုံး သူ့အပေါ် သကြားလုံးလေးအလား ငုံထားတော့မဲ့အတိုင်း အစွမ်းကုန် နူးညံ့ယုယတဲ့ ကိုကြီးက ခုလို အော်ဟစ်မောင်းမဲတဲ့အတွက် အင်မတန်မှပင် ရင်ထဲ အထိနာလှပါသည်။

ကိုကြီးဟာ သူ့ကို ဤသို့မျက်နှာထား ဤသို့လေသံနှင့် တစ်ချိန်မှာ ပြောဆိုကြိမ်းမောင်းလိမ့်မည်ရယ်လို့ ဘယ်တုန်းကမှ လုံးဝထင်မထား တွေးမထား အိပ်မက်ပင် မက်မထားခဲ့ဘူးပါ။ နီမြန်း၍ ခပ်တင်းတင်းရှိသော ကိုကြီး မျက်နှာက နတ်သမီးရဲ့ အသည်းနှလုံးကို ပြင်းစွာသော မခံမရပ်နိုင်ခြင်းကို ဖြစ်စေသည်။

ဘယ်လိုမှကို လက်သင့် မခံနိုင် မယုံကြည်နိုင်သော ဆက်ဆံမှုမျိုးဖြစ်ရာ နတ်သမီး အပြင်းအထန် မကျေမချမ်း ဖြစ်ရသည်။ ဝမ်းနည်းတာလား၊ ဒေါသဖြစ်တာလား ကိုယ့်ဘာသာ ဆေခွဲနိုင်ဘဲ မျက်လုံးထဲ မျက်ရည်တွေ ပြည့်လျှံဝိုင်းရစ်လာသည်။

"ဘာလို့ ကိုကြီး ခုလို ချုပ်ချယ်ရတာလဲ၊ ကိုကြီး သမီးကို ချုပ်ချယ်ခွင့် မရှိဘူး"

"ရှိတယ် ... ကိုယ် မင်းယောက်ျားပဲ နတ်သမီး၊ မင်းနေတာ ထိုင်တာ မမှန်ကန်ရင် ဝေဖန်လမ်းညွှန်ခွင့် ချုပ်ချယ်ပိုင်ခွင့် ကိုယ့်မှာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီး နေတာ ထိုင်တာ ဘာမှ မမှားဘူး"

"မမှားရင်တောင် မမှန်ဘူး ... လုံးဝမမှန်ကန်ဘူး၊ မင်းကို ချစ်ခဲ့တဲ့ ယောက်ျားတစ်ယောက်နဲ့ မင်း လုံးဝတွဲမသွားလာရဘူး၊ ဒါပဲ"

နတ်သမီးသည် ဘယ်လိုဖြစ်မှန်း မသိဘဲ အသားတွေပင် ဆတ်ဆတ်တုန်လာပါသည်။ မျက်ရည်တွေကလည်း ပါးပေါ် ပြုတ်ကျလာပါသည်။

ကျော်ကျော့် အပေါ် ကိုယ့်ဘက်က ဘယ်လိုမှမနေ၊ ပကတိရိုးသားသန့်ရှင်းလှတာ ကိုယ့်ဟာကိုယ် အသိဆုံးဖြစ်၍ ဤသို့ အပိုတ်ပင် ခံရတာကို စော်ကားခံရသလို ရှက်လည်းရှက် ဝမ်းလည်းနည်း ဒေါသလည်း ထွက်သည်။

ကျောင်းတုန်းက ကျော်ကျော်က နတ်သမီးကို ချဉ်းကပ်နေကတည်းက ပွင့်လင်းပြီး အဖြောင့်တိုက်ဆန်လှတဲ့ ပပက ကျော်ကျော့်ကို ကျိတ်သဘောကျနေတာကို မျိုသိပ်ဖုံးကွယ်မထားခဲ့ပါ။ ပပဟာ ကျော်ကျော့်ကို နှစ်ပေါင်းများစွာ တစ်ဖက်သတ် စွဲလမ်းနေခဲ့သူတည်း။

ငမိုး၊ ငထိုက်၊ ဝဏ္ဏတို့ကြောင့်သာ အရှိန်သတ်လျက် တစ်စုံတစ်ရာသော အခြေအနေထိ မရောက်ခဲ့ရတာပင်။ ကျော်ကျော့်ကို နတ်သမီး လုံးဝစိတ်မဝင်စားတာလည်း ပပ အသိဆုံးသာပင်။ ကျော်ကျော့်ကို ပပ စိတ်ဝင်စားတာကိုတော့ ငမိုးတို့ သုံးယောက်အပါအဝင် နတ်သမီးပါ ကောင်းကောင်းသိခဲ့ကြပါသည်။





ပပ ဦးလေးရဲ့ အလုပ်မှာ ကျော်ကျော် အလုပ်ဝင်လျှောက်ကာ အလုပ်ဝင်လာတော့ အပျော်ဆုံးလူဟာ ပပပင်။ ခုမှတော့ ဘာမှ ကာဆီးမနေချင် မနေအားကြတော့တဲ့ ဟိုသုံးယောက်ဟာလည်း ခုတစ်ချိန်မှာတော့ အားပေးအားမြှောက်ပင် ပြုခဲ့ကြပါသေးသည်။

ကျော်ကျော်နှင့် ပပကို တွဲ၍ အားလုံးက စ,ကြသည်။ အိမ်ထောင်သည် ဖြစ်သွားတဲ့ နတ်သမီး အပေါ်လည်း ရိုးရိုးသာ ခင်မင်ဆက်ဆံတော့တဲ့ ကျော်ကျော်ဟာ သူတို့ရဲ့ နောက်ပြောင်ကျီစယ်မှုတွေပေါ်မှာ သက်သောင့်သက်သာ တလိုက်တလျှော့ပဲ နေပါသည်။

ပပ ဒီဘက်ရုံးမှာ ထမင်းလာပြန်စားတတ်တာဟာ ကျော်ကျော်ကြောင့် မဟုတ်လားလို့ နတ်သမီးက ကြည်ဖြူစွာစကားနာထိုးမြဲ။ ပပကလည်း တခစ်ခစ် ရယ်မောခြင်းဖြင့် ဝန်ခံမြဲ။

ကျော်ကျော်နှင့် အက်ဖ်အမ်အိုင်စဲင်တာထဲ သွားရတဲ့ကိစ္စကတော့ ဆိုင်အတွက် အသုံးဝင်မည့် စီဒီတချို့ သွားဝယ်ရတာမို့ အလုပ်ကိစ္စလို့ ဆိုနိုင်သည်။ ဒီနှစ်ယောက်မှ တွဲထွက်ဖြစ်ရတာကတော့ မမညို ကိုယ်တိုင်က ကျော်ကျော့်ကိုပါ နတ်သမီးတို့ သူငယ်ချင်းအရင်း အုပ်စုထဲ တွဲဖက်မှတ်ထင်ထား၍ တွဲပြီးစေခိုင်းတို့ခင်း။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး ပြောတဲ့ ဒုတိယအကြိမ် ဒီနံချဉ်နို့အေးဆိုင်တွင် ထိုင်ကြသည့်နေ့ကတော့ ပပလည်း ပါသည်။ ဒီဆိုင်လေးဟာ ပပရဲ့ ပြောင်းသွားတဲ့ ရုံးခွဲနှင့် ကပ်လျက်ပင်။ ပပက အရင်ထ,ဝင်သွားပြီး စက္ကန့်ပိုင်းအတွင်း နတ်သမီးနှင့် ကျော်ကျော်လည်း ထ,၍ ပိုက်ဆံရှင်းကြတာပင်။

ဒါကို တိုက်တိုက်ဆိုင်ဆိုင် သုံးလေးစက္ကန့်နောက်ကျကာ နှစ်ယောက်တည်း ကျန်ချိန်ကျမှ ကိုကြီး ကွက်မြင်လိုက်တာတော့ နတ်သမီး ဘယ်တတ်နိုင်ပါ့မလဲ။ ဒီနေ့ကလည်း ပပရုံးမှာ ထမင်းသွားစားကြတာ အမှန်ပင်။ ပပရုံးမှာ ထမင်းသွားစားတာ နှစ်ကြိမ်ရှိပြီမို့ ကျော်ကျော်နှင့် နှစ်ယောက်အတူ အပြင်ထွက်တာ လေးကြိမ်ရှိပြီ ဆိုနိုင်သည်။

တစ်ကြိမ်ကို ကိုကြီး မသိလို့သာ။ နေ့စဉ်ရက်ဆက် ပပကသာ လာစားမြဲဖြစ်ပြီး နှစ်ပတ်နေမှ တစ်ရက်လောက်သာ နတ်သမီးတို့က ဟိုဘက်ရုံးကို သွားဆုံစားတာပါ။ ပပ အလုပ်များ၍ ဒီဘက်ရုံးကို လာဖို့ အချိန်မသုံးလိုတဲ့ နေ့မျိုးပဲ ဖြစ်ပါသည်။

နတ်သမီးကတော့ ဟိုးအရင်ကရော ခုရော စိတ်ထဲ ကျော်ကျော့် အပေါ် ဘယ်လိုမှ မနေ။ ခုနောက်ပိုင်းမှာဆို ကျော်ကျော့်ကို ငမိုးတို့ ပေါင်းခဲ့သလို မိန်းကလေးပေါင်းကိုပေါင်းတာ။





ကျော်ကျော် သည်လည်း ဟိုးအရင်က ဘယ်လိုရှိရှိ သူ့အပေါ် မတုံ့ပြန်တာ သေသေချာချာ သိပြီးကတည်းက ခြေလှမ်းရုတ်ပြီး ခပ်အေးအေး နေနေခဲ့တာပါ။ ခုလို နတ်သမီး လက်ထပ်ပြီးသွားတော့ မိကောင်းဖခင်သားတစ်ယောက်ပဲဖြစ်တဲ့ ကျော်ကျော်ဟာ ဘယ်လို မရိုးမသားမှုမှ မရှိပါ။

မင်္ဂလာဆောင်တုန်းက "ကျန်ရစ်ကြီး" ဘာညာနှင့် သူ့ကို စ,ကြတာဟာလည်း ရယ်ရအောင် စကြတာ သက်သက်သာ။ ကျော်ကျော့် စိတ်ထဲ မရိုးသားနေသေးလို့ စ,တာမဟုတ်ပါ။ အိမ်ထောင်ရှိနေတဲ့ နတ်သမီးကို တစ်ရုံးတည်းမို့ ဆက်လက်ပြန်လည် မရိုးသားနေရလောက်အောင်လည်း ကျော်ကျော်ဟာ အောက်တန်းကျတဲ့သူမျိုး မဟုတ်ပါ။

ထို့ကြောင့် သူတို့ရဲ့ သွားလာမှုမှာ ဘာအငြိအစွန်း အပြစ်အမှားမှ မရှိဘူးလို့ နတ်သမီးက ခိုင်ခိုင်မာမာ ယုံကြည်ကာ ဤသို့ ပိတ်ပင်တားမြစ်သော ကိုကြီး အပေါ် ဆိုးဆိုးဝါးဝါး ခံစားနာကျင်လှသည်။ ဘာတွေ ညာတွေ ရှည်ရှည်ဝေးဝေး ရှင်းကိုပြမနေချင်။

သူ့ကို ဘာကြောင့် ဒီစကားမျိုး ပြောရက် ပြောထွက်ရတာလဲ လို့သာ ရင်ထဲ ပေါက်ကွဲဖြောင်းဆန် နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး စကားကို ကိုကြီး ရုတ်သိမ်းနော် ... ရိုးသားတဲ့ သမီးတို့နှစ်ယောက်ကို တွဲမသွားရဘူးဆိုတဲ့ အမိန့်မျိုး လုံးဝပေးစရာ မလိုအပ်ဘူး သိလား"

"လိုတယ် ... ထပ်ပြောမယ်၊ မင်း ကျော်ကျော်နဲ့ ဘယ်မှ တွဲမသွားရ မလာရဘူး နတ်သမီး၊ ဒါပဲ"

"ကိုကြီး ..."

နတ်သမီးက မျက်ရည်တွေ သုတ်ကာ ခပ်မာမာ ခေါ်လိုက်ပြီးလျှင် ...

"သွားမှာပဲ ... သွားတော့ ဘာဖြစ်လဲ"

ကြီးခေါင်စောသည် နားထဲ သံချွန်နှင့် ထိုးထည့်လိုက်သလို စူးခါးသွားကာ နတ်သမီးကို မျက်နှာထားနှင့် ကြည့်လိုက်ပါသည်။ အမြဲတမ်း သူ့မျက်နှာ မညိုရအောင် အလျှော့ပေးလိုက်လျှော့နေကျ ဖြစ်ခဲ့သော်လည်း ဒီတစ်ကြိမ်တော့ လိုက်လျှောလို့ လျှော့ပေးလို့ ဖြစ်တဲ့ကိစ္စ မဟုတ်။ ဒီနေရာမျိုးမှာတောင် သူ့စကား မတည်ဘူး ဆိုလျှင် နတ်သမီးကို သူ ဘယ်တော့မှ ဘာမှပြောလို့ ရတော့မှာ မဟုတ်ပါ။

"ကိုယ့်အလုပ်ကိစ္စနဲ့ စင်္ကာပူကို တစ်ပတ်လောက် သွားရဖို့လည်း ရှိသေးတယ်၊ မင်းကို ကိုယ် ဒီတိုင်း လုံးဝစိတ်မချဘူး၊ မင်း ကျော်ကျော်နဲ့ သွားခွင့် လာခွင့် မရှိတဲ့အပြင် ဒီရုံးကပါ အလုပ်ထွက်ရမယ်"





"ဟင် ..."

နတ်သမီးမှာ မယုံနိုင်အောင် ဆတ်ဆတ်ခါကာ ...

"ရှင် အင်မတန် ဝန်တိုမစ္ဆရိယ ကြီးမားတဲ့သူ၊ ကျွန်မကို သဝန်တိုတာ လုံးဝမကြိုက်ဘူး၊ လုံးဝ သဝန်တိုစရာ မလိုဘူး၊ ရှင် ဒီလောက် မယုံသင်္ကာ ဝန်တိုတတ်မှန်းသိရင် ရှင့်ကို လက်မထပ်ခဲ့ဘူး၊ ဒီလောက် သဝန်တိုတဲ့ ယောကျ်ားကို ကျွန်မ မုန်းတယ် သိလား ...၊ အရင်က ရှင့်ကို မချစ်ရုံ မချစ်တာ၊ အခု ရှင့်ကို မုန်းတာ၊ သဝန်တိုအားကြီးတဲ့ သူနဲ့လည်း ကျွန်မ မနေနိုင်ဘူး၊ ဘယ်တော့မှ မနေဘူး"

မလတ်သည် ခပ်ထန်ထန် မျက်နှာထားနှင့် ထိုင်နေသော နတ်သမီးကို ဖွေယူတာ မဟုတ်သော စိတ်ပျက်ခြင်းနှင့် ငေးမောကြည့်နေမိပါသည်။ ဒီကောင်မလေးကို သူက ညီမငယ်လို ချစ်ပါသည်။ ထို့ကြောင့်လည်း ဖွေမယူနိုင်တာ၊ ထို့ကြောင့်လည်း စိတ်ပျက်တာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဖြစ်သူခေါ်၍ လိုက်ပါလာခဲ့ရကာ သူ လိုက်ပါလာမှုလည်း ပြေပြစ်အဆင်ချောလိမ့်မည် ထင်ခဲ့တာ။ ခုတော့ နတ်သမီးက မလတ် ဖျောင်းဖျ ချော့မော့ပြောတာကိုလည်း နားမဝင် လက်မခံခဲ့ပေ။ သူလုပ်တာ မမှားလို့သာ ယုံကြည်နေသည်။ သူ ကျော်ကျော်နှင့် တွဲသွား တွဲလာခြင်းအတွက် တစ်စုံတစ်ရာ စွပ်စွဲနေတာ မဟုတ်ဘဲ မသင့်တော်စရာရှိ၍ ကြိုတင်ဆင်ခြင်တဲ့ အနေနဲ့သာ မသွားမလာဖို့ ကွန့်ကွက်တာ ဖြစ်ကြောင်းကို နားမဝင်ပေ။

ကြီးခေါင်စောက ဧည့်ခန်းထဲက အဝေးဆုံးထောင့်ခုံမှာ စိတ်ပျက်စွာ ထိုင်နေပါသည်။ လူက ငိုင်နေသည်။ ဒေါသလည်းမကင်း။ သူ့မိန်းမကို ချစ်လည်းချစ် စိတ်လည်းတိုနေပါသည်။ ကိုကြီးစိတ်ထဲ သဝန်တိုနေတာ ရှိကိုရှိမည် ဟုတ်ပေမဲ့ သဝန်တိုတာဟာ စွပ်စွဲတာ သံသယဝင်တာနှင့် တခြားစီဆိုတာ နတ်သမီး သဘောပေါက်စေလိုသည်။

မနေ့က သူတို့လင်မယား စကားအချေအတင်များကြပြီး နတ်သမီးက သူ့မိဘအိမ်ကို ဖြတ်ခနဲ ထွက်သွားပါသည်။ ကြီးခေါင်စောကလည်း အဲဒီညကတော့ လိုက်မခေါ်ပေ။ နောက်တစ်နေ့ကျမှ မိဘအိမ်လာပြီး ညည်းညူသည်။ ဒက်ဒီနှင့် မာမီက ဘယ်ဖြစ်မလဲ ဘာလဲနှင့် ချက်ချင်း သွားပြန်ခေါ်ခိုင်းတော့ သွားခေါ်ချက်ချင် ကြီးခေါင်စောက ညီမလုပ်သူ မလတ်ကို အားကိုးအားထား စစ်ကူခေါ်သည်။ ဒါကြောင့် မလတ်ပါ ပါလာခဲ့တာပါ။

ဒီအိမ်ရောက်တော့ ဒီမှာ နတ်သမီး ညာထားတာ သိရသည်။ ကြီးခေါင်စော သူ့စက်ရုံမှာ အလုပ်များပြီး အိပ်ရမှာဖြစ်တဲ့အတွက် သူက မိဘအိမ် လာပြန်အိပ်သယောင် သူ့မိဘနှင့် အဒေါ်ကို ပြောထားပါသည်။

သူ့အိမ်ကလည်း ယုံကြည်နေကာ ဒီနေ့ ကြီးခေါင်စောနှင့် မလတ် ရောက်လာမှ အကြောင်းစုံကို သိကြတော့တာ ဖြစ်သည်။ ထိုအခါ နတ်သမီးကို ဝိုင်းဝန်း အပြစ်ဆိုကြပါသည်။

"ရန်ဖြစ်လာတာကိုး ... ဖြစ်မှာပေါ့၊ ကိုကြီး ပြောတာမှန်သားပဲ၊ ညည်း ဘာလို့ ကျော်ကျော်နဲ့ နှစ်ယောက်တည်း သွားရသလဲဟင်၊ သွားစရာလား"

"သမီးတို့ဘာသာ ရိုးရိုးသွားတာပဲ အန်တီသွယ်ရဲ့"

"မသွားရဘူးလေ ... ညည်း ဒါကိုတောင် နားမလည်ဘူးလား"

"ဘာလို့ မသွားရမှာလဲ ... ကိုယ်နဲ့ ဘာဆိုင်လို့လဲ၊ တော်ကြာ ပပနဲ့ အချိန်တန် ကြိုက်သွားကြတော့မယ်ဟာ၊ ဝဏ္ဏတို့နဲ့လည်း ဒီလိုပဲ သွားတာပဲ"

"ဝဏ္ဏနဲ့ ကျော်ကျော်နဲ့ မတူဘူး"







www.burmeseclassic.com

www.burmeseclassic.com



"တွေ့တာပဲလေ … ဘာထူးလို့လဲ … ဟိုကလည်း ခုဆိုရိုးရိုးပဲ၊ ဒီဘက်မှာ သူနဲ့ ပတ်သက်ပြီး ခုလို ပြဿနာတက်နေရတာ သူသာသိရင် ရှက်ဖို့တောင် ကောင်းသေးတယ်၊ သူကဖြင့် စိတ်ထဲ ဘာမှတောင် မရှိဘူး၊ ဒီမှာ ဒီလောက်ထိ ဖြစ်နေကြတာ ကိုယ့်ဘက်က ရှက်ဖို့ကောင်းတယ်"

"ညည်းအစကတည်းက အဲလို မသွားရင် ဘာမှ ရှက်ဖို့ကောင်းစရာ မရှိဘူး"

"မေမေ ကလည်း၊ သမီး ရိုးရိုးပဲလို့ ပြောနေတယ်နော်၊ ဘာဆို ဘာမှမဟုတ်ဘူး၊ ပပနဲ့ ဝိုင်းအောင်သွယ်နေကြတာပဲ ရှိတယ်"

"ကိုကြီး ပြောတဲ့ သဘောက ညည်းတို့ ဘာမှ မဟုတ်တာ သိတယ်"

"သိရင် ပြီးရောပေါ့ မေမေရဲ့၊ သိရက်နဲ့ မရှိတဲ့ ပြဿနာကို ရှိအောင် လုပ်နေတာ"

"မဟုတ်ဘူး သမီး၊ သမီး ခေါင်းမမာစမ်းနဲ့၊ ဒီကိစ္စမျိုးဟာ ခေါင်းမာလို့ ရတဲ့ကိစ္စ မဟုတ်ဘူး၊ လင်နဲ့မယား ဆိုတာ လင်က မယားကျေနပ်အောင် နေရတယ်၊ မယားက လင်ကျေနပ်အောင် နေရတယ်"

"သူ အလကားနေရင်း လိုက်သဝန်တိုနေတာကို ဘယ်လို လုပ် ကျေနပ်အောင် နေရမှာလဲ"





"သူ သဝန်တိုတာကို ကိုယ်ရှောင်လိုက်၊ ဒါပဲ"

"အန်တီသွယ်က သမီးကို ဖိပြောပြီး သူ့ဘက်ကပဲ ပါနေတယ်၊ သူ သဝန်တိုလွန်းအား ကြီးတာကျ ဘယ်သူမှ အပြစ်မပြောကြဘူး"

"ဟဲ့ … လင်ဆိုတာ မယားကို တိုမယ်၊ မယားဆိုတာ လင်ကို တိုမယ် … ဒါ သဘာဝပဲ"

"မဟုတ်ဘူး၊ သဘာဝကို မဟုတ်ဘူး၊ သမီး သူ့ကို လုံးဝ လုံးဝ မတိုဘူး၊ ဘာသဝန်မှ မတိုဘူး၊ သဝန်တိုတယ်ဆိုတာ စိတ်သဘောသေးနုပ်တာ"

"ဟဲ့ … နတ်သမီး … ညည်း ပြောလေကဲလေ ကက်ကက်ကို လန်နေပါလား"

မလတ်က နတ်သမီး မျက်နှာလေးကို ငြိမ်၍ ငေးကြည့်နေမိသည်။ ထို့နောက် ပျော့ပျောင်းနူးညံ့သော လေသံနှင့် ပြောမိပါသည်။

"သဝန်တိုတယ် ဆိုတာ မုန်းလို့မဟုတ်ဘူး သမီး၊ သဝန်တိုတာဟာ ချစ်လို့တိုတာ၊ နတ်သမီးတို ကိုကြီးက သိပ်ချစ်လို့ သဝန်တိုတာပါ၊ ဒါကို နားလည်ပါ၊ စိတ်သဘောထား ဘယ်လောက်သေးတဲ့သူပဲဖြစ်ဖြစ် ကိုယ်နဲ့ မဆိုင်ရင် သဝန်တိုနေစရာ မရှိဘူး၊ ပြီးတော့ သဝန်တိုတာဟာ ကောက်ကားတာ အယုံအကြည်မဲ့တာ မဟုတ်ဘူး၊ နှမြောတာ

www.burmeseclassic.com



တိုထွာတာ သက်သက်ပဲ၊ အဆုံးရှုံး မခံနိုင်တာပါ နတ်သမီး ရယ်၊ နတ်သမီးကို ကိုကြီးက မယုံလို့ ဖြစ်နေတာလည်း မဟုတ်ပါဘူး၊ နတ်သမီးကို ကိုကြီးက သိပ်ချစ်တော့ သဝန်တိုတာပေါ့"

"ဒါဖြင့် သမီးကို မချစ်နဲ့ပေါ့"

ဒေါ်နွယ်နွယ်ပင် ဒေါသထွက်လာသယောင် ရှိပါ သည်။

"မဆီမဆိုင်တွေ ပြောမနေနဲ့တော့ သမီး၊ ကိုယ့်ကို တစ် ချိန်က ချစ်ကြိုက်ထားတဲ့ ယောကျ်ားလေး တစ်ယောက်နဲ့ အိမ်ထောင်သည်ဖြစ်ပြီးနောက်မှာ ဘယ်လောက် ရိုးရိုးသား သား တွဲသွားနေပစေ ဘယ်သူမှ အထင်မကြီးဘူး၊ မေမေ တို့ ဖေဖေတို့မှာ ဂုဏ်သိက္ခာရှိတယ်၊ ကိုယ်လည်း ဘာမှ မဟုတ်ဘဲ ဘာလို့ လူမေးငေါ့ခံနေရမလဲ သမီး၊ နဲ့လို သမီး ခံပြင်းနေတာကိုက ကျော်ကျော်နဲ့ မတွဲရမှာ မနေ နိုင်လို့ မဟုတ်ဘဲ ခေါင်းသက်သက် မာနေတာ၊ ငါမှ မမှားတာ ဆိုပြီး ပေကတ်ပြီး အရှုံးမပေးချင်တာ ... ကိုယ့် သမီးအကြောင်း မေမေ သိတာပေါ့ ...

ဒီလို ပေကတ်ကတ် လုပ်နိုင်ဖို့လေး တစ်ခုအတွက် သူတစ်ပါး အတင်းပြောစရာ မဖြစ်စေနဲ့၊ တစ်မျိုးမြင်ချင် စရာ မဖြစ်စေနဲ့၊ ဝဏ္ဏနဲ့ တွဲသွားတာနဲ့ ကျော်ကျော်နဲ့တွဲ





သွားတာ လုံးဝမတူဘူး၊ မိုးတို့ ငထိုက်တို့နဲ့ တွဲသွားတာ တောင်မှ ခုချိန်မှာ တွဲသွား တွဲလာ ဆင်ခြင်ရမှာပဲ၊ သူ တို့နဲ့သမီး အလွန်ရင်းချာတဲ့ မောင်နှမလို သူငယ်ချင်းဆို တာ သိတဲ့ အသိုင်းအဝိုင်း ရှိတယ်၊ မသိတဲ့ အသိုင်းအဝိုင်း ရှိတယ် ...

ဘာမှ မတော်စပ်တဲ့ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် တွဲသွားရင် လူတွေက အမျိုးမျိုး ထင်မှာ ပဲ၊ ရိုးရိုးထင်ရင်လည်း ထင်မယ်၊ ဆန်းဆန်း ထင်ရင်လည်း ထင်မယ်၊ ဆန်းဆန်း အထင်ခံရရင် ကိုယ်က မိန်းကလေး ... ကိုယ်သိက္ခာကျဖို့ပဲ ရှိတယ်၊ ဒီတော့ ကျော်ကျော် မပြောနဲ့ ငမိုးတို့နဲ့တောင် အသွားအလာ ဆင်ခြင်ရမှာပဲ"

"ဟာ ... မေမေ ပြောမှ ပိုတောင် ဆိုးနေပြီ၊ အစိုးရာယ် မရှိတာ၊ သူများကို ဂရုစိုက်နေရရင် ကိုယ် ဘယ်လိုနေရ တော့မှာလဲ ... ကျဉ်းကျပ်ကျုတ် နေမှာပေါ့"

"မိန်းမဆိုတာ မွေးကနေ သေအထိ အဲဒီကျဉ်းကျပ်ကျုတ် ထဲပဲ နေသွားကြရတာပဲ၊ ဒါကို ကျဉ်းကျပ်တယ်လို့ ထူး ပြီး ဆင်ခြေတက်နေကတည်းကိုက ညည်း မှားနေပြီ"

သူ့ဘက်က ဘယ်သူမှ မရှိ၍ နတ်သမီး ဝမ်းနည်း ပက်ရည်ကျလာပါသည်။ ရှိုက်သံလေးတွေ တဆက်ဆက် ထွက် လာပြီးလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"သမီး ဘာမှ မမှားဘူး၊ အဲဒါကို သူ သဝန်လိုက်တိုတာကို မုန်းတယ်"

ညီမအရင်းသာဆိုရင်တော့ ဤမျှ ခေါင်းမာပေကတ်တဲ့ နတ်သမီးကို မလတ်ခေါင်းသော်လည်းကောင်း ခေါက်မိမည်။ ဗိုက်ခေါက်သော်လည်းကောင်း လိမ်မိမည်။ အသိဉာဏ်မရှိတာလည်းမဟုတ်။ တမင်ကို အလျှော့မပေးတာ။

"ပပနဲ့ ကြိုက်တောင် ကြိုက်ကြတော့မှာကို"

"ဟော့ ... ပပနဲ့ ကြိုက်ရုံမကလို့ ယူလိုက်ဦး၊ ပပယောက်ျားနဲ့ ညည်း တွဲသွားလာနေလို့လည်း မရဘူးပဲ၊ ပပရည်းစားနဲ့ တွဲသွားလာနေလို့လည်း မရဘူးပဲ၊ ဒီကျော်ကျော်ဟာဘယ်သူနဲ့ ဘယ်လိုပဲ ပတ်သက် ပတ်သက် ညည်းကကြီးခေါင်စော မိန်းမ၊ တွဲပြီး သွားလာစရာ အကြောင်းမရှိဘူး၊ ခင်ရင် ရုံးမှာခင် ... အလုပ်လုပ်ရင်းခင်၊ ရတယ်၊ လုံးဝ မပတ်သက်ရလို့လည်း တားနေတာ မဟုတ်ဘူး၊ နှစ်ယောက်တွဲ မသွားလာရလို့ပဲ တားမြစ်နေတာ၊ ရှင်းရှင်းလေး၊ နားမလည်ချင်ယောင် ဆောင်မနေနဲ့"

"အန်တီသွယ့်ကိုလည်း လုံးဝပဲ သိလား ... မချစ်တော့ဘူးသိရဲ့လား"

"မချစ်နဲ့ ... ရတယ်"





"ဒီမှာ ကိုကြီး ... ကိုကြီးကိုလည်း အစကတည်းက မချစ်တာ ... အခု ပိုတောင်ပေးတယ် သိရဲ့လား၊ ချစ်စရာအကြောင်းကို မရှိတော့ဘူး ..."

ကြီးခေါင်စောကတော့ "မချစ်နဲ့ ရတယ်"ဆိုတာမျိုးပြန်မပြောနိုင်သေး။ စိတ်တိုတာရယ်၊ စိတ်ဆင်းရဲတာရယ်၊ စိတ်မကောင်းတာရယ် ရောပေါင်းကာ အကြီးအကျယ် စိတ်ဓာတ်ကျနေပုံပင်။

"မနေ့က သမီးကို လေသံမာကြီးနဲ့ ဟောက်တာ သိရဲ့လား၊ ဒီကောင်နဲ့ တွဲမသွားလာရတဲ့အပြင် အလုပ်ပါထွက်ရမယ်တဲ့၊ သူ နိုင်ငံခြားသွားရမှာ စိတ်မချဘူးတဲ့"

"မှန်တယ်လေ ... မတွဲပါနဲ့ဆိုတာကို ဖွတ်ခေါင်းမာနေမှတော့ ဘာစိတ်ချချင်စရာ ရှိလဲ၊ အလုပ်ထွက်လိုက်တာအေးတာပေါ့၊ အစကတည်းက သမီး ရုံးအလုပ်ဝင်တာမေမေ သဘောမကျပါဘူး၊ အိမ်ထောင်ကို လစ်ဟင်းတယ်၊ ဖေဖေက ခဏတဖြုတ် အပျင်းပြေ အတွေ့အကြုံလည်းရ၊ လုပ်ရင် လုပ်ပါစေ ဆိုလို့သာ၊ ဒါတောင် ဖေဖေပြောတာခဏတဖြုတ်ပဲ၊ အလုပ်ဝင်ချင်းဝင် ကိုယ့်ယောက်ျားမှာလုပ်ငန်းတွေနဲ့ အဲဒီကို ဝင်လုပ်ရမှာပေါ့"

"ဘယ်တော့မှ ဝင်မလုပ်ဘူး ... သူ့ဟာတွေ"

"စကားကောင်းကောင်းပြောနော်၊ နွဲ့ဆိုး ဆိုးတာ ရှုပ်တယ်၊ ရိုင်းမလာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



နတ်သမီးသည် မျက်နှာမာမာကြီးနှင့် ဘာတစ်ခွန်းမှ ဝင်မပြောသော ကြီးခေါင်စောကိုသာ မျက်စောင်းတွေ လှည့်ထိုးနေပါသည်။

"ဒီကိစ္စကို ညည်းအဖေသိရင် မလွယ်ဘူး၊ ဒါကြောင့် ဒီလို ပြဿနာမျိုး ဖြစ်လာပြီး မနေ့က ဒီကို စိတ်လိုက်မာန်ပါ ထွက်လာတာသိရင် ညည်းအဖေ စိတ်တိုမှာ၊ လူကြီးတွေကို အမှန်မပြောဘဲ လိမ့်တာက တစ်ပြစ်၊ ပြဿနာတက်ရတဲ့ အကြောင်းရင်းသာ ညည်းအဖေသိရင် ညည်းအဖေ အကြောင်း ညည်းအသိပဲ"

နတ်သမီး သိပါသည်။ ဖေဖေဟာ ဝတ္ထု၊ ငမိုး၊ ငထိုက်တို့နှင့် ရင်းနီးလွန်း တွဲလွန်းတာကိုပင် ရံဖန်ရံခါ မျက်စိနောက်တတ်သူ ဖြစ်သည်။ မောင်နှမတွေအလားပါလို့ မေမေအာမခံချက် ပြုထားလို့သာ အကြီးအကျယ် မကန့်ကွက်သော်လည်း အိမ်မှာ ဟိုကောင်တွေ အာကျယ် အာကျယ် ဟေးလားဟားလား လုပ်နေလျှင် ခပ်တည်တည် ဖြစ်နေတတ်သည်။

ကိုယ့်ကို ချစ်ကြိုက်ခဲ့ ကျန်ရစ်ဖြစ်ခဲ့တဲ့သူနဲ့ တွဲသွားလို့ ဖြစ်ရတဲ့ ပြဿနာမှန်းသာ သိရင် ဖေဖေဟာ နတ်သမီးကို စိတ်တိုတိုနှင့် နားရင်းတောင် အုပ်ချင် အုပ်ပေမည်။ ဖေဖေ နားရင်းအုပ်တာကိုသာ ခံလိုက်ချင်သေးပြီး ကြီးခေါင်စော ခုလိုပြောဆို အမိန့်ပေးတာကိုကျတော့ စိတ်ထဲက ရင်ထဲက အသည်းထဲက သွေးထဲကကို မခံချင်ပေ။





ဒီလောက်တောင် လူတကာစေ့က မသင့်တော်အူးတစ်သံတည်း ထွက်တဲ့ကိစ္စဟာဖြင့် တကယ့်ကို မသင့်တော်လို့ပဲဆိုတာ နတ်သမီး လက်ခံနိုင်ပါသည်။ ဒါပေမဲ့ သင့်တော်တာမတော်တာထား၊ ကိုကြီးဟာ နတ်သမီးကို ယုံကြည်မှု အကြွင်းမဲ့နှင့် ဤကိစ္စအပေါ် အမြင်ကြည်ကြည်လင်လင် ထားနိုင်ပါတော့လားဆိုသည့် လောဘဆန္ဒက မပြည့်ဝရသော အခါတွင် အတော်ဖိစီးထိုးနှက် အခံရ ခက်စေသည်။

အင်မတန့်ကို ချစ်လှပါတယ်ဆိုပြီး မလိုက်လျောတဲ့အပြင် တစ်ချက်လွှတ် အမိန့်နှင့် မာရေကျောရေ ဆက်ဆံရက်တာကိုလည်း ရင်နာလှသည်။ ခုချိန်ထိကို ...

"အေးပါကွာ ... နတ်သမီးတို့ ရိုးရိုးပဲ ဆိုရင်လည်း ပြီးတာပါပဲ"လို့ ဘယ်အချိန်လောက်မှာ ကြီးခေါင်စော လျှော့ချပြီး လိုက်လျောလိုက်မလဲ ရယ်လို့ နတ်သမီး စောင့်စားမျှော်လင့်တုန်းပင်။ ဘာသံမှ ထွက်မလာဘဲ ခုထိ မျက်နှာတင်းနေ၍ အသည်းတယားယားနှင့် သူ့တစ်ကိုယ်လုံးတို နာကျင်သွေးထွက်အောင် ကုတ်ဖဲ့ထုရိုက်ပစ်ချင်သည်။

လူကို တင်းမာနိုင်လိုက်တာ။ ဘယ်မှာလဲ သိပ်ချစ်တာ။ အလကား။ ပါးစပ်က အသံကောင်းဟစ် ချစ်နေပြီး သွေးထဲက တကယ်တမ်း မချစ်လို့ပေါ့။ ပါးစပ်ကများ လူတိုင်းချစ်နိုင်တာပဲ။ သူ့အသည်းနှလုံးထဲက သိပ်ကိုချစ်ရင် အမေနဲ့အဖေါ်ရဲ့ အဆူအကြိမ်းကိုပါ ထပ်မံခံရအောင် သူ ဘယ်လာတိုင် မလဲ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ မျက်နှာမှန်တောတောနဲ့ လုံးဈေးပတ်ဈေး လာ အစီရင်ခံလိုက်တာ အဆုံးမတော့ အားလုံးကတစ်ဖက် နတ်သမီး တစ်ယောက်တည်းက တစ်ဖက် အပြစ်တွေ အမှားတွေနှင့် အတိ ပြီးသော ဘဝကိုရောက်အောင် သူ လာလုပ်တာ။

ရပါတယ်။

သူ့အချစ်ကို အမှတ်လျှော့စရာဖြစ်လို့ နတ်သမီးက ဝမ်းမနည်းပါဘူး။ ဒီကလည်းပဲ သူ့ကို ချစ်မှ မချစ်တာ။ ခုဆို မုန်းတောင်မှ မုန်းသေးတာ။

"ရတယ်မေမေ၊ ကျော်ကျော်နဲ့ မတွဲနဲ့ဆိုလည်း ပြီးတာပဲ၊ အလုပ်က ခုထွက်ဆိုရင်လည်း ပြီးတာပါပဲ၊ ဒါပေမဲ့ ကိုယ့်ကို ဒီလောက်တောင် သဝန်တို ချုပ်ချယ်တဲ့ ယောကျ်ား အိမ်တော့ ပြန်မလိုက်တော့ဘူး"

"ဟဲ့ ... နတ်သမီး ... ဘာစကားတွေ ပြောနေတာလဲ၊ ဒီစကားမျိုး ပြောစရာလား၊ တော်စမ်း၊ ဒါမျိုး လက်လွတ် စပယ်ပြောတာ မေမေ မကြိုက်ဘူး၊ ညည်း ဆင်ခြင်လိုက် ရမှာတွေက ဖြစ်သင့်တာကို လုပ်လိုက်ရတဲ့ သဘောပဲ၊ ညည်းမှာ ဘာမှ နစ်နာတာလည်း မဟုတ်ဘူး၊ ညည်းကောင်း ဖို့ပဲ ညည်းဘာသာ လုပ်ရတာ၊ အပိုစကားတွေ ဘာမှ မပြောနဲ့"

"သမီး ဘာပိုလို့လဲ ... သူ့ကို အစကတည်းက မချစ်ဘဲ ယူခဲ့ရတာလေ"





မလတ်သည် နီရဲသွားသော ကိုကြီးမျက်နှာကိုကြည့် ကာ သက်ပြင်းချမိသည်။ နတ်သမီးကတော့ ပြောလေ ကဲလေ။ တကယ့် အဆိုးမပါပဲလား ဆိုတာ ခုမှပဲ သိပါသည်။

"တော်စမ်း၊ ညည်း အခုပြန်လိုက်သွားရင် ဒီကိစ္စတွေ ညည်းအဖေကို စိတ်ရှုပ်ရုံ ပြန်တိုင်မနေတော့ဘူး၊ ညည်း မလိုက်ဘူး ဘာဘူး ငြတိုက်နေရင်တော့ မေမေ ပြန်လာရင် လုံးဈေးပတ်ဈေးကို ရှင်းပြရမှာ၊ ရှင်းပြပြီးရင် ညည်းအဖေက ညည်းကို နားရင်းအုပ်ပြီး ပြန်ထည့်လွှတ်လိုက်မှာပဲ၊ ဘာမှ မထူးဘူး၊ နားရင်းအုပ် ခံရတာပဲ ထူးမယ်"

နတ်သမီးက ကလေးတစ်ယောက် ငိုသလို ရှိုက် ကြီးတငင် ငိုပါသည်။ သူ့ဘက်က ကြိတ်မနိုင် ခဲမရ အရှုံးပေး လိုက်ရတော့မှာကို အတော်ခံပြင်းပုံ ရပါသည်။

"ညီမလေးရယ် ... မငိုပါနဲ့ကွယ်၊ ကိုကြီးက နတ်သမီး ဒီလိုပြောပြီး ဒီလိုငိုနေတော့ ဘယ်စိတ်ကောင်းမလဲ၊ ကိုကြီး က နတ်သမီးကို သိပ်ချစ်တာပါ၊ မလတ် အသိဆုံးပါကွယ်"

"မချစ်နဲ့ ... မချစ်မှ အေးတယ်၊ ဒီကလည်း မချစ်ဘူး"

"နတ်သမီး ချစ်ချစ် မချစ်ချစ် ကိုကြီးက ချစ်တာပဲ၊ အဲဒါ ကြောင့်လည်း ကြဲဖန်သဝန်တိုတာ၊ ကိုကြီးကိုလည်း စိတ် ပြေလိုက်ပါ ... ဟုတ်လား၊ ဒီလိုကြီး ငိုနေတော့ ကိုကြီး ရော မလတ်ရော ဘယ်စိတ်ကောင်းပါ့မလဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က တစ်နေ့လည်လုံး ကုန်အောင်ပင် လိုရင်းမရောက် ဖြစ်နေပါသည်။ မွန်းလွဲလာပြီး တဖြည်းဖြည်း အချိန်တွေ ကုန်လာမှပင် အဖေ ပြန်ရောက်လာခါနီးတာကို ကြောက်သော နတ်သမီးက ဆောင့်ကြီး အောင့်ကြီးနှင့် ကိုကြီး ကားပေါ် ပြန်ပါလာပါတော့သည်။ ပါလာတော့လည်း ငိုကြီးချက်မနှင့်ပင်။

ရှေ့မှာလည်း တွဲမထိုင်။ နောက်ခန်းထဲ ဝင်ထိုင်၍ မလတ်က ကိုကြီးဘေး ထိုင်လိုက်ရပါသည်။ ကားထွက်လာပြီးလျှင် နတ်သမီးသည် ငိုသံကိုရပ်ကာ ...

"ဒီမှာ ကိုကြီး ... ကိုကြီး သိထား သိရဲ့လား၊ ကိုကြီးကို ဘယ်တော့မှ မချစ်တော့ဘူး သိရဲ့လား"

စကားဆုံးလျှင် တအိအိ ပြန်ရှိုက်ငိုနေပြန်သည်။ ခဏနေလျှင် ငိုသံရပ်ပြန်ကာ ...

"လူကို စကားလည်း လုံးဝလာမပြောနဲ့၊ ခေါ်စရာ မလိုဘူး၊ လိုက်ချင်လို့ ပြန်လိုက်လာတယ်လည်း မထင်နဲ့ ... ဖေဖေ နှင်ပြီး မောင်းချမှာစိုးလို့သာ နေစရာမရှိလို့ ပြန်လိုက်လာတာ သိလား"

မလတ်က ကွယ်၍ ပြုံးမိပါသည်။

"ကိုကြီးအိမ် လိုက်နေရတယ် ဆိုပြီး ကိုကြီး ပြုသမျှ နုရလိမ့်မယ်လည်း မထင်နဲ့ သိရဲ့လား၊ ကိုယ်နေချင်သလို ကိုယ်နေမှာ သိလား ..."





ကြီးခေါင်ဖောက ဘာမှ ပြန်မပြောပေ။ မလတ်သာ ရယ်ချင်တာကို အောင့်ထားရပါသည်။ ယောက်မဟာ ထင်တာထက်ကို ကလေးဆန်တဲ့ သူတစ်ယောက်ဆိုတာ ပိုသိလိုက်ရ၍လည်း ကရုဏာပင် သက်မိပါသည်။

"ဘယ်တော့မှလဲ စားချင်တာ ချက်ကျွေးလိမ့်မယ် မထင်နဲ့၊ နောင်ကိုလည်း ကိုကြီးစကား နားထောင်မယ် မမှတ်နဲ့၊ မလတ် သင်သလို ချိုချိုသာသာ တီတီတာတာလည်း လုပ်မယ် ပြောမယ်လို့ မလတ် မထင်နဲ့၊ မလတ် သင်ပေးသလို သူ့ကို ဘယ်တော့မှ မပြုစု မယုယ မလိုက်လျောဘူး သိလား"

ရှေ့ခုံထိ ကိုယ်ကို ကိုင်းကာ ကိုင်းကာ စိတ်လိုက်မာန်ပါ ရန်တွေ့လိုက်၊ ငိုလိုက်။

"နောက်တစ်ခါ နောက်တစ်ယောက်ယောက်နဲ့များ လူတို့ သဝန်တိုရင် ကိုကြီးကို ကွဲပစ်တော့မှာ သိလား၊ ဘယ်တော့မှ သဝန်လာမတိုနဲ့ ... ဝန်တိုတာ ချစ်လွန်းလို့ ဆိုရင်လည်း အချစ်မခံရရင် နေပစေ သိလား၊ ကိုကြီး မချစ်တော့ရင်လည်း လုံးဝ စိတ်မကောင်း မဖြစ်ဘူး ... မချစ်လေကောင်းလေ"

"သေချာလား"



www.burmeseclassic.com

www.burmeseclassic.com



ကြီးခေါင်စော ထံမှ အေးတိအေးစက် ထွက်ပေါ်လာသော တုံ့ပြန်မေးခွန်းကြောင့် မလတ်သည် စိတ်ထဲကကျိတ်၍ အားရကျေနပ်သွားပါသည်။ ဒီလိုမှပေါ့။ နှုတ်ကြီးပိတ်ပြီး ဘာစကားမှ မတတ်သလို လုပ်နေမဲ့အစား အခုလိုလေး ဘာလေး ပြောဦးမှပေါ့။

ကြီးခေါင်စော စကားကြောင့် နတ်သမီးမှာ တအံ့တသြ အငိုက်မိသွားသလို ငိုသံပင် ခဏအဆက်ပြတ်သွားပါသည်။ ထို့နောက်တော့ ခုနကထက် ပို၍ကျယ်လောင်အောင် ပြန်လည် ငိုကြွေးကာ "မချစ်နဲ့ ... မချစ်နဲ့" ဆိုတာကိုပဲ ထပ်ခါ ထပ်ခါ အော်ညည်းနေပါသည်။





## ၇

အိမ်ရှေ့တံခါး ဘဲလ်တီးသံကြောင့် ဒေါ်ညွှန့်ကြီးက အပြေးထွက်သွားပါသည်။ ထမင်းစားပွဲမှာ ထမင်းစားခါနီးဆဲဆဲ ဖြစ်သော နတ်သမီးကလည်း ခေါင်းလေးလိမ်၍ စူးစမ်းသည်။

တံခါးဝ၌ သံပန်းတံခါး အပြင်၌ ရပ်နေသူမှာ စာပို့သမား ဖြစ်နေပါသည်။ ဒေါ်ညွှန့်က စာကို လှမ်းယူလိုက်ပါသည်။

"စာလား ဒေါ်ညွှန့်"

"ဟုတ်တယ် နတ်သမီး"

"ဘယ်သူ့စာလဲ"

"ကိုကြီးခေါင်စောတဲ့ ... ကိုကြီး နာမည် တပ်ထားတယ်"

"သူ့အလုပ်စားပွဲပေါ်ပဲ သွားတင်ထားလိုက်ပါ ဒေါ်ညွှန့်"

www.burmeseclassic.com

www.burmeseclassic.com



အခန်းတစ်ခန်းကို ကြီးခေါင်စောရဲ့ အလုပ်ခန်းအဖြစ် သီးသန့် သတ်မှတ်ထားကာ ကြီးခေါင်စောရဲ့ အလုပ်နှင့် ပတ်သက်သော စာရွက်စာတမ်းတွေ ဖိုင်လ်တွေ ထားသည့် စင်တွေ ဗီရိုတွေရယ် မီးခံသေတ္တာရယ်သာ ရှိတာပင်။

အဲဒီအခန်းထဲက ကြီးခေါင်စောရဲ့ အလုပ်စားပွဲကို နတ်သမီး စိတ်လည်းမဝင်စား သွားလည်း မကြည့်ဖူးပါ။ ကိုယ်နှင့် ဘာမှ မပတ်သက် မသက်ဆိုင်သလိုပင်။ အဲဒီ အခန်းထဲကိုပင် သိပ်မဝင်ဖြစ်ပါ။

ခုတစ်လောတော့ ပိုတောင် ဆိုးပါသေးသည်။ ကြီးခေါင်စောနှင့် နတ်သမီးသည် လုံးဝစကားမပြောတာ မဟုတ်သော်လည်း ခပ်တန်းတန်း ဖြစ်နေပါသည်။ ဖြစ်နေတာလည်း ကြာပြီ။ နတ်သမီး အလုပ်က ထွက်လိုက်ရပြီးကတည်းကပင်။ အလုပ်က ထွက်လိုက်ပြီး ရက်ပိုင်းအတွင်းပင် ကြီးခေါင်စော စင်ကာပူကို သွားရပါသည်။

မသွားခင်ကတော့ လုံးဝကို မခေါ်ဖြစ်ကာ ပြန်ရောက်လာတော့ စကားပြောဖြစ်သည် ဆိုပေမဲ့ ခပ်တန်းတန်းပင်။ မပြောမဖြစ်သာ မေးထူးခေါ်ပြော။ ကိုယ့်ဘက်က ဤသို့သာ နေသော်လည်း ကြီးခေါင်စောက ဤသို့နေတာကိုတော့ နတ်သမီးက မကျေမချမ်း အသည်းနာလှသည်၊ ကိုယ်က သူ့ကိုချစ်မှ မချစ်တာ။ မခေါ်တော့ ဘာဖြစ်လဲ။





သူကသာ အလွန်တရာ ချစ်လှပါသည်ဆိုပြီး လူကို ခပ်တန်းတန်း လုပ်နေနိုင်တာ။ သူ ချစ်တယ်ဆိုတာ ဘာချစ်တာလဲ။ တွေးလိုက်တိုင်း ဒေါသတွေပွ အသည်းယားၡ မခံချိ မခံသာဖြစ်နေကာ လူက လုံးဝမငြိမ်းချမ်းပါ။ သူက မခေါ်ဘူး ဆိုတာကို ပိုပြီး စိတ်နာသေး၍ ဟိုအရင်ကိစ္စအတွက်ပါ ဘယ်လိုမှ စိတ်မပြေ။

ကြီးခေါင်စောဟာ သူ့ကို လိုအပ်မှသာ စကားပြောနေပေမဲ့ ပြောသည့်စကားက မမာထန်ပါ။ မျက်နှာကလည်း တင်းမာသည် မဟုတ်ပါ။ မတင်းမာဘူး ဆိုပေမဲ့ အရင်တုန်းက ထာဝစဉ်ပြုံးနေကာ ချစ်ရည်ရွှန်းလဲ့တဲ့ မျက်လုံးတွေနှင့် နတ်သမီးကို ရူးစိုက်ကြည့်တတ်မြဲ အမူအရာ ပျောက်ဆုံးနေတော့ ထူးခြားပြောင်းလဲနေတာပင်။

မတင်းမာပဲ ခပ်အေးတိအေးစက် ငြိမ်သက်ပြီး အပြုံးမရှိတဲ့ မျက်နှာက သူ့ဘက်က လိုက်လျောချော့မော့ခြင်း မရှိဘူးဆိုတာကို အထင်းသား ပြနေတာပဲ။ အဲဒီအတွက် ပိုလို့ ပိုလို့ မခံချိ မခံသာ ဒေါသဖြစ်ရသည်။ ဤစိတ်နှင့်ပဲ နတ်သမီးဟာ ထာဝစဉ် ပူလောင်နေကာ အေးချမ်းမှု မရနိုင်ပါ။

နတ်သမီးသည် ထမင်းကို စိတ်မပါ လက်မပါ စားနေရာက ဒေါ်ညွန့် အနားပြန်ရောက်လာလျှင် ...

"ဒေါ်ညွန့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"စာက ဘယ်ကလဲ"

"ဒေါ်ကြီးလည်း မကြည့်တတ်ဘူး နတ်သမီး"

"ဩော် ... တံဆိပ်တုံးတွေ ဘာတွေ ကြည့်မိုင်းနေတာ မဟုတ်ပါဘူး၊ စာအိတ်နောက်ဘက်မှာ 'မှ' ဆိုပြီး ဘယ်သူကပို့တာ ရေးထားလဲ"

"မသိဘူး ... မကြည့်မိဘူး"

"ကျွတ် ... ဒေါ်ညွန့်ကလည်းနော်"

တကယ်ဆို ရှာရှာဖွေဖွေ စပ်စပ်စုစုနှင့် အိမ်ရှင်ရဲ့ စာကို ဟိုကြည့် ဒီကြည့် ဖတ်ကြည့်နေရင်သာ အပြစ်ရှိနိုင်တာ။ ဘာမှမကြည့်ဘဲ စားပွဲပေါ် သွားတင်ထားလိုက်တဲ့ ဒေါ်ညွန့်မှာ ဘာမှ အပြစ်မရှိပါ။ ဒါကို နတ်သမီးက အပြစ်တင်ချင်နေပါသည်။ သူသိချင်တာ ဖြေနိုင်အောင် မကြည့်ထားလိုက်ရ ကောင်းလားရယ်လို့။

"ဒေါ်ညွန့်"

"ဟုတ်ကဲ့"

"ဟိုအရင်က သမီး ရုံးတက်နေတုန်းက နေ့လယ်တွေ အိမ်မှာရှိတာ မဟုတ်ဘူး၊ အဲဒီတုန်းကကော ကိုကြီးအတွက် ဒီလိုပဲ စာရောက်လာတတ်လား"





"အရင်က တစ်ခါမှ မရောက်ဘူး၊ အခုနောက်မှ ဟိုးတစ်ပတ်က တစ်စောင်၊ ဒီနေ့တစ်စောင် နှစ်စောင်ရှိပြီ၊ ဒါပဲ၊ ဟိုးအရင်က ဒီအိမ်ရောက်ကတည်းက တယ်လီဖုန်းဘီလ် လာတာကလွဲရင် ဘာစာမှ မလာဘူး၊ ခုမှ"

"အင်း ... ဟုတ်တယ် ... ခုမှ စာလာနေတယ်၊ ဒါကြောင့် မေးကြည့်တာ"

"စုစုပေါင်းမှ ရှေ့တစ်ပတ်က တစ်စောင် ခုတစ်စောင်၊ နှစ်စောင်ပဲ ရှိသေးတယ်"

"အင်း ... အင်း ... ခုတစ်လောမှပဲ ဘယ်ကစာတွေက လာနေတယ် မသိဘူး၊ ဘယ်သူနဲ့များ စာရေးစရာ အဆက်အသွယ် ရှိနေတယ် မသိပါဘူး"

ကိုယ့်မကျေနပ်မှု ခေါက်ခံနှင့် ကိုယ်မို့ နတ်သမီးက စာလာတာကိုပဲ မြည်တွန်ပွစိနေပါသည်။ ထိုသို့ မြည်တွန်နေရင်း ကပဲကိုပဲ စိတ်ထဲမှာ တစ်စုံတစ်ရာ တစ်မျိုးတစ်မည် ဖြစ်လာပါသည်။ သူ့ဆီကို ဘယ်သူက ဘာစာရေးပါလိမ့်။ အလုပ်ကိစ္စနှင့် ပတ်သက်၍တော့ မဖြစ်နိုင်။ အလုပ်ကိစ္စသမားဟာ ဖုန်းဆက် ဆက်သွယ်လိုက်မှာပင်။ လုပ်ငန်းခွင်ကို အိမ်ကို ဆက်သွယ်တာ ပျောက်လို့လည်း ရသည်။ စာတစ်တန် ပေတစ်တန် ရေးနေစရာ အကြောင်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဟောင်း ဆွေဟောင်း သူငယ်ချင်းဟောင်း ဆိုပါကလည်း သူတို့ယောကျ်ားချင်းတွေဟာ စာရေးဆက်သွယ်သော အကျင့်မျိုး ရှိခဲ့လှပါဘိနဲ့။ တခြား ဘာအကြောင်းအရာနှင့်များ စာလာစရာ ရှိလေသလဲ။ စဉ်းစားလို့ ရသလောက်ထဲမှာတော့ မရှိပေ။

နတ်သမီးက ထမင်းစားနေရာမှ ရုတ်ခနဲ ထလာကာ ကြီးခေါင်စောရဲ့ အလုပ်ခန်းထဲကို ဝင်လာခဲ့ပါသည်။ အခန်းလယ် ပြတင်းပေါက်ရှေ့တည့်တည့်က စားပွဲကို ရောက်တဲ့အခါ စားပွဲပေါ်၌ ရှိနေသော စာအိတ်ဖြူလေးကို ကောက်ကိုင်ကာ ကြည့်လိုက်ပါသည်။

ရှေ့ဘက်မှာ ကြီးခေါင်စော အမည်နှင့် လိပ်စာ တပ်ထားကာ နောက်ဘက်ကို လှန်ကြည့်လိုက်တော့ ဘာမှရေးမထား။ မှတ်ပုံမတင်ဘဲ ရိုးရိုးပို့သောစာ ဖြစ်၍ လိပ်စာမဖော်ပြဘဲထားလည်း ရလို့ဖြစ်ပေမည်။

နတ်သမီး စာအိတ်ပေါ်က လက်ရေးကို စူးစိုက်ကြည့်သည်။ သွယ်သွယ်နွဲ့နွဲ့ကလေးနှင့် လှပသပ်ရပ်သော ဤလက်ရေးကလေးဟာ ယောကျ်ားတစ်ယောက်ရဲ့ လက်ရေးတော့ မဟုတ်တန်ရာပေ။ အို ... ဘယ်သူ့လက်ရေးဖြစ်ဖြစ် စိတ်မဝင်စားပါဘူး။





နတ်သမီးက စာအိတ်ကို ဖျတ်ခနဲ ပြန်ပစ်ချ၍ အရေးမစိုက် ပြန်ထွက်လာခဲ့ပါသည်။ ထမင်းစားပွဲကို ပြန်ရောက်လာသော်လည်း ထမင်းစားချင်စိတ်က မရှိ။ နောက်တစ်ခေါက် ပြန်ထ,လာကာ အလုပ်ခန်းထဲ ပြန်ဝင်ပြီး စာအိတ်ပေါ်က တံဆိပ်တုံးကို ဖတ်ကြည့်သည်။ တံဆိပ်တုံးထုထားသည့် စာတိုက်အမည်က မသဲကွဲ။ နတ်သမီးတို့ရဲ့ မြို့နယ်စာတိုက် အမည်သာ ထင်ရှားပါသည်။

နှစ်ခေါက် ပြန်ကြည့် အပြီးမှာတော့ နတ်သမီး ထပ်မကြည့်ဖြစ်တော့ပါ။ ထိုစာအကြောင်းကိုလည်း ခေါင်းထဲက ထုတ်ထားလိုက်ပါသည်။ လုံးဝမေ့မေ့ပျောက်ပျောက် ဖြစ်နေရာမှ ညနေ ကြီးခေါင်စော ပြန်ရောက်လာတဲ့ အခါမှာတော့ ခေါင်းထဲ ပြန်ဝင်လာပါသည်။ နို့မို့ဆို ဆက်မေ့နေဦးမှာပါ။

ကြီးခေါင်စော ပြန်ရောက်လာချိန်မှာ နတ်သမီးက ဧည့်ခန်းမှ အချိုးအကွယ်ကလေးမှာ ရှိနေပါသည်။ ဒေါ်ကန်အနား ငါးတွေ အစာကျွေးကာ အလုပ်ရှုပ်နေတာမို့ အိမ်ထဲဝင်လာသော ကြီးခေါင်စောသည် ဒေါ်ညွှန့်ကို အိမ်ထဲ ရောက်ရောက်ချင်း မေး ...

"ဒေါ်ညွှန့် ... ဒီနေ့ ကျွန်တော့်ဆီ စာလာလား"

ထိုအမေးစကားကို ကြားလိုက်ရသည်နှင့် နတ်သမီးသည် ခေါင်းက ဆံပင်တွေ ပွထသွားသလို တစ်မျိုးကြီး ခံစားလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... လာတယ် ကိုကြီး"

"ဘယ်မှာလဲ"

"အလုပ်ခန်းထဲမှာ စားပွဲပေါ် တင်ထားပါတယ်"

"ဟုတ်ပြီ ... ဟုတ်ပြီ"

ကြီးခေါင်စော ခြေသံကို နားထောင်ကာ ခပ်လှမ်းလှမ်းရောက်မှ နတ်သမီးက နံရံကွယ်ကလေးမှ ခေါင်းကိုထုတ်၍ လှမ်းကြည့်လိုက်သည်။ ကြီးခေါင်စောက အလုပ်ခန်းထဲ တန်းတန်းမတ်မတ် ဝင်သွားကာ တံခါးကို ပိတ်သွားပါသည်။

နတ်သမီး မျက်မှောင်ကုတ်ပြီး ကျန်ရစ်ခဲ့သည်။ ဒီနေ့ ဘာနေ့လဲ။ ဗုဒ္ဓဟူးနေ့။ ခါတိုင်းရက်တွေက မမေးဘဲ ဒီနေ့မှ သူ့ဆီ စာလာသလား မေးရခြင်းဟာ ဘယ်လိုကြိုသိ မျှော်လင့်မှုမျိုးနှင့်လဲ။

စာလာတယ် ဆိုတာ သိရတာနဲ့ပဲ အဝတ်လည်း မလဲနိုင်သေး ... ရေတစ်ဖန်ခွက်ပင် မသောက်နိုင်သေးဘဲ အလုပ်ခန်းထဲ တန်းဝင်တံခါးပိတ်ပြီး ချက်ချင်းဖတ်ဖို့ ပြင်တော့တာကတော့ ဘယ်လို ဇောထက်သန် စိတ်ဝင်စားမှုမျိုးနှင့်လဲ။

"ဒေါ်ညွန့်"

"ရှင် ... နတ်သမီး"

"ကိုကြီးကို ရေသွားတိုက်လိုက်ဦး"





"ဒီမှာ ဒေါ်ကြီး ထည့်နေပါတယ်၊ အလုပ်ခန်းတံခါး ပိတ်ထားလို့ ပြန်ထွက်လာမှ တိုက်တော့မလို့"

"ပြန်အထွက် မစောင့်နဲ့ ... စောင့်ဖို့ မလိုဘူး၊ တံခါးခေါက်ဝင်သွားပြီး အခုပဲ ရေသွားတိုက်လိုက်၊ ပြီးတော့ သူဘာလုပ်နေလဲ ကြည့်ခဲ့"

"ဝင်သွားရင် ကိုကြီးများ ဆူမလား"

"အို ... မဆူပါဘူး၊ သူ ဒေါ်ညွန့်ကို ဘယ်တုန်းကများ ဆူဖူးလို့လဲ၊ သွား ... သွား ... ခုပဲ သွားတိုက်"

ဒေါ်ညွန့်သည် တွန့်ဆုတ်ဆုတ်နှင့်ပင် နတ်သမီးစကားကို မငြင်းနိုင်ကာ ရေဖန်ခွက်လေး ပန်းကန်ပြားပေါ် တင်ကိုင်လျက် အလုပ်ခန်းဆီသို့ လျှောက်သွားပါသည်။ တံခါးကို ခေါက်ကာ ဝင်သွားမှ နတ်သမီးက ခေါင်းကို နံရံကွယ်ဘက် ပြန်တိုးဝင်ကွယ်ကာ ငြိမ်နေလိုက်ပါသည်။

"ဒေါ်ညွန့် ... ဘာလဲ"

"ကိုကြီးဖို့ ရေ"

"ဩော် ... ပြီးမှ တိုက်လည်း ရသားနဲ့"

စကားသံတွေကို ပွင့်ဟနေသော တံခါးမှ ကြားနေရပါသည်။

"ဟို ... နတ်သမီးက သွားပို့လိုက်ဆိုလို့ပါ ကိုကြီး"

"ထားခဲ့ ဒေါ်ညွန့် ... ထားခဲ့ ... ပြီးမှ သောက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ညွန့် ပြန်ထွက်လာသံနောက်က ...

"တံခါးပြန်ပိတ်ခဲ့လိုက်ပါ ဒေါ်ညွန့်"

ကြီးခေါင်ဆော အသံက ကပ်ပါလာသည်။ ဒေါ်ညွန့်ရဲ့ တံခါးပိတ်သံအပြီး ခဏအကြာတွင် ဒေါ်ညွန့်က နတ်သမီးအနား ရောက်လာသည်။

"အဲဒီ ဒေါ်ညွန့် ဟာလေ ...၊ ဘာလို့ နတ်သမီးက ပို့ခိုင်းတယ် သွားပြောရတာလဲ"

"နတ်သမီးက ပို့ခိုင်းတာမို့လို့ပါ၊ နို့မို့ ဒေါ်ကြီး ဘယ်လိုပြောရမှာတုန်း"

"အို ... အဲဒီ ဒေါ်ကြီးက ကိုယ့်ဟာကိုယ် လာပို့သလိုကြည့်ကျက်ပြောလည်း ရတာကို ...၊ သူက တော်ကြာသူ့ကို အမောခံပြစေချင်တယ် ... ကြင်နာနေတယ် ထင်သွားဦးမယ်"

ဒေါ်ညွန့်ကြီးမှာ နတ်သမီးရဲ့ အလိုမကျနိုင်မှုကို ငေးကြည့်နေမိပါသည်။

"ဒေါ်ညွန့် ဝင်သွားတော့ သူ ဘာလုပ်နေလဲ"

"စားပွဲမှာ ထိုင်နေတာပဲ"

"ထိုင်ပြီး ဘာလုပ်နေတာလဲ"

"ထိုင်ပြီး စာဖတ်နေတယ် ထင်တယ်"

"ဘာစာလဲ ...၊ နေ့လယ်က လာတဲ့ စာလား"





"အဲဒါတော့ ဒေါ်ကြီးလည်း မသိဘူး၊ စာရွက်တစ်ရွက်ကိုင်ဖတ်နေတာပဲ"

"အဲဒီ ဒေါ်ညွန့်ကြီးဟာလေ ... ပါးလည်း မပါးနပ်ဘူး"

နတ်သမီးက နိုင်ရာလူကို ပြစ်တင်ပြောဆိုလိုက်ကာ အလိုမကျ ဖြစ်နေပါသည်။ စာရွက်ကို ကိုင်ဖတ်နေတယ် ဆိုကတည်းက သေချာပါတယ် ... ဟိုစာကို ဖတ်နေတာ နေမှာပါပဲ။ ရုံးက ပြန်ရောက်ရောက်ချင်း စာလာသလား တန်းမေး၊ လာတယ်ဆိုတာနဲ့ အခန်းထဲတန်းဝင် တံခါးပိတ်ပြီး အဲဒီစာကို ဖတ်တော့တာပဲ။ အဲဒါ ဘာသဘောလဲ။

နတ်သမီးသည် အတန်ကြာအောင် အောင့်အည်းသည်းခံ စောင့်နေပါသည်။ ကြီးခေါင်ဆောက ထိုအခန်းထဲမှ တော်တော်နှင့် ထွက်လာတော်မမူ။ အတော်ကြီးကြာမှ တံခါးဖွင့်ထွက်လာသံ ကြားရပါသည်။ အဲဒီအခန်းမှ ထွက်လာကာ အိပ်ခန်းထဲ တန်းဝင်သွားသည်။ နတ်သမီးက အာရုံမပြတ်စေရဘဲ ခဏ စောင့်နေပြီးမှ အိပ်ခန်းရှိရာဆီ မယောင်မလည်လာကာ အကဲခတ်သည်။

အိပ်ခန်းထဲ၌ ကြီးခေါင်ဆော ရှိမနေတော့။ အဝတ်ချိတ်ခင်မှာ ရုံးကို ဝတ်သွားသည့် ပုဆိုး အင်္ကျီ တိုက်ပုံတို့ကို တွေ့ရပြီး ရေချိုးခန်းဆီမှ ရေသံ ထွက်နေသဖြင့် ရေချိုးနေတာ သေချာပြီ။ နတ်သမီးက အခန်းထဲမှ အပြေးထွက်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ညွန့်"

"ဝေ ..."

"ဒီနားလာ ...၊ အိပ်ခန်းဝမှာ ရပ်နေနော်၊ ရေချိုးခန်းတံခါး ပွင့်လာတာနဲ့ သမီးကို လာပြောပြော"

"နတ်သမီးက ဘယ်မှာလဲ"

"ဟိုအခန်းထဲမှာ ရှိမှာ၊ ရေချိုးခန်းတံခါး ပွင့်သံကြားတာနဲ့ လာပြောပြောချည်၊ သဘောပေါက်ရဲ့လား၊ တကတဲ ရှင်းပြနေရတာနဲ့ကို အချိန်က ပုပ်တယ်"

နတ်သမီးက အလုပ်ခန်းထဲ အပြေးဝင်သွားသည်။ ဒေါ်ညွန့်ကြီး တစ်ယောက်ကတော့ ခိုးစားလျှင် မိကိုမိမည့် ရုပ်ကြီးနှင့် အိပ်ခန်းဝမှာ မအီမလည် ရပ်နေရစ်တော့ပြီ။ နတ်သမီးက အလုပ်ခန်းထဲ အပြေးဝင်လာကာ စားပွဲပေါ်တွင် ခုနစာအိတ်ကို ရှာသည်။ မတွေ့။

စာရေးစားပွဲမှာက ဒီဘက်မှာ အံဆွဲအလျားရှည် တစ်ခု။ ညာဘက်မှာ အံဆွဲသုံးဆင့် ရှိသည်။ နတ်သမီးက အံဆွဲ တစ်ခုပြီးတစ်ခု ဖွင့်ကာ ကမန်းကတန်း မွှေနှောက်ပါသည်။ အံဆွဲကြီးထဲ၌လည်းမတွေ့။ ဟိုဘက်က အံဆွဲထဲမှာလည်း ပထမ အဆင့် ဘာစာမှမတွေ့။ ဒုတိယအဆင့် ဘာစာမှမတွေ့။

တတိယဆင့် အံဆွဲကို ဆွဲဖွင့်လိုက်သော နတ်သမီး မှာ အံဆွဲအလွယ်တကူ ထွက်မလာတာ တွေ့ရမှ ထိုအောက်ဆုံး





အံဆွဲကို သော့ခတ်ထားတာ သိလိုက်ရပါသည်။ အံဆွဲတိုင်းမှာ သော့အိမ်ပါသော်လည်း ကျန်တာတွေ တစ်ခုမှ သော့ခတ်မထား ဘဲ အောက်ဆုံး အံဆွဲတစ်ခုကိုသာ သော့ခတ်၍ ပိတ်ထား သည်။

ခုနက ကိုကြီးဖတ်သော စာသည် ထိုအောက်ဆုံး အံဆွဲထဲမှာ ရှိမှာကတော့ သေချာသလောက်ပင်။ ဖွင့်မရ၍ စကျေမချမ်း ဖြစ်ကာ နတ်သမီး မျက်နှာက ညိုမှောင်နေပါသည်။ ဘာစာမို့လို့ ဤစာကို သော့ခတ်သေချာစွာ သိမ်းဆည်းလိုက်ရ တာလဲ။ ပြီးခဲ့တဲ့ အပတ်က ရောက်လာတဲ့ စာသည်လည်း ဒီစာ လိုပင် အံဆွဲထဲ၌သာ လုံခြုံစွာ ရှိနေမှာပင်။

အပြင်မှာ လှန်လှောရှာလို့ ရသလောက် ဘယ်နေ ရာမှာမှ မရှိတာ သေချာလျှင် နတ်သမီးသည် မကျေနပ်နိုင်သော စိတ်နှင့်ပင် ရှာဖွေခြင်းကို အဆုံးသတ်လိုက်ရပါသည်။ အလုပ် ခန်းထဲက ပြန်ထွက်လာတဲ့အထိ ကြီးခေါင်စော ရေချိုးခန်းမှ ထွက်မလာသေးပါ။

သူ့ကို ဖွင့်လည်းမမေးချင်။ ဖွင့်မေးရလောက်အောင် တော့လည်း မသိချင်လှသေးဘူးလို့ ကိုယ့်ကိုယ်ကိုယ် ထင်မိသည်။ သို့သော်မဲ့ စိတ်အနှောင့်အယှက်ကတော့ ဖြစ်နေသည်။ သူ နိုင်ငံ ခြားက ပြန်ရောက်လာပြီးမှ ရောက်လာသော စာတွေဖြစ်၍ နိုင်ငံ ခြားကလား ထင်ရအောင်ကလည်း မဟုတ်နိုင်ပြန်။ မြန်မာတံဆိပ်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းနှင့် မြို့တွင်းပေးဝေသော စာတွေသာ ဖြစ်တာ သေချာသိနေတာမို့ ဘယ်လိုမှ စဉ်းစားမရအောင်ပင်။

မစဉ်းစားတော့ဘဲ နေချင်သော်လည်း စာတွေက အတွေးထဲ ရစ်ဝဲနေတော့သည်။





## ၈

နောက်အပတ် ဗုဒ္ဓဟူးနေ့မှာ တတိယစာတစ်စောင် ရောက်လာသည့်အခါမှာတော့ နတ်သမီးသည် အတော်ကို နေမထိထိုင်မသာ ဖြစ်ရလေသည်။ စာပို့သမား လာပို့သွားပြီးကတည်းက စာအိတ်ကို ကိုင်ကာ ဖင်ပြန်ခေါင်းပြန် အသေးစိတ်ကြည့်၍ စဉ်းစားခန်း ဝင်နေပါသည်။

စာအိတ်ပေါ်က တံဆိပ်တုန်းကတော့ ဒီတစ်ကြိမ် ထင်ရှားလာပေပြီ။ ဒဂုံဆိုသည့် စာလုံးကို မှန်းဆနိုင်ကာ ဒဂုံဆိုသည်မှာ ဘယ်ဒဂုံလဲတော့ မစဉ်းစားတတ်ပြန်ပေ။ မြို့ထဲက ဒဂုံမြို့နယ်ပဲလား ... ဒဂုံမြို့သစ်က တောင်ဒဂုံ ... မြောက်ဒဂုံပဲလား။ ရှေ့နောက်စာလုံးတွေက မသဲကွဲပြန်ရာ အသေအချာ သိခွင့်မရ။



www.burmeseclassic.com

www.burmeseclassic.com



ကဲပါ ... အသေအချာ သိတော့ရော ဒီလို မြို့နယ် သိတာလေးတစ်ခုနှင့် ကိုယ် ဘာတတ်နိုင်တာမို့တုန်း။ လိပ်စာသိတာမှ မဟုတ်တာ။ လူအမည်လည်း ပါတာမှ မဟုတ်တာ။ လူနာမည်ကတော့ စာအိတ်ကို ဖွင့်ဖတ်ခွင့်ရလျှင်တော့ သိနိုင်တာပင်။

သို့သော် စာအိတ်နေရာမှာလည်း အသေအချာ ပိတ်နေကာ ဘေးနှစ်ဖက်စွန်းမှာလည်း ဟ,တတ နေရာလေးပင် မကျန်အောင် ကော်နှင့် ကပ်ပိတ်ထားသေး၍ လေးဖက်လေးတန် လေဝင်ပေါက်ပင် မရှိအောင် လုံးဝ ပူးကပ်စေ့ကျပ်ပိတ်နေသည့် စာအိတ်က လုံလဲလုံကာ ကိုယ့်အမည် တပ်ထားတာ မဟုတ်သည့် စာအိတ်အပိတ်ကို ဖြောင်ကျကျ ဖွင့်ဖောက်ဖတ်ကြည့်ရန်အထိလည်း နတ်သမီးက ယဉ်ကျေးမှုနည်းပါး၍ ရဲတင်းသတ္တိမရှိပါ။

ဖြောင်ကျကျ ဖွင့်မဖတ်ရဲလို့ မသိမသာ ဖောက်ခွာ ကြည့်ပြီးမှ ခြေရာလက်ရာမပျက် ပြန်ပိတ်ရအောင်လည်း နတ်သမီးက မကျွမ်းကျင်ပြန်ပါ။ ဖွင့်ဖတ်ရင်တော့ ဖတ်ထားကြောင်း ပေါ်မှာက သေချာပါသည်။

ဖွင့်ကိုလည်း မဖတ်ချင်တာပါ။ ဖတ်ဖို့ရာအတွက် ကိုယ်လည်း အောက်ပါသည်။ သူ့စာ ၊ ဒိုယ်ရေးကိုယ်တာကို ကိုယ်က စိတ်ဝင်စားရာ သိချင်ရာကျမှာလည်း မဖြစ်ချင်ပြန်။ တကယ့်အတွင်းစိတ် အမှန်ထဲမှာလည်း သိချင်စိတ်က တစ်ဝက်၊ မသိချင်စိတ်က တစ်ဝက်ပင်။





သိလည်း သိချင်သည်။ သိလည်း မသိချင်။

နောက်ဆုံးတော့ စိတ်စနိုးစနောင့်နှင့်ပင် သူ ဖတ်ပြီးမှ ပွင့်နေမည့် စာအိတ်ကနေ တိတ်တဆိတ် ယူဖတ်ရဖို့ကိုပဲ မျှော်ကိုး လိုက်ကာ စာအိတ်ကို ထုံးစံအတိုင်း သူ့စားပွဲပေါ် သွားတင်ထား လိုက်ပါသည်။

ထုံးစံအတိုင်းပင် ကြီးခေါင်စောကလည်း ရုံးကပြန် လာတဲ့အခါ ...

“ဒေါ်ညွှန့် ... စာလာသေးလား”

ဒီအသံဟာ ဗုဒ္ဓဟူးညနေရဲ့ ရုံးပြန်နှုတ်ခွန်းဆက် စကားအလားပင် ဖြစ်နေပြီ။

“ဟုတ်ကဲ့ ... စားပွဲပေါ် တင်ထားပါတယ် ကိုကြီး”

နတ်သမီးသည် သူ မမြင်ကွယ်ရာ၌ ရှောင်နေရင်းက ဤအမေးအဖြေကို ကြားလျှင် လက်ဖျားတွေ အေး၍ ရင်ထဲ ရှိန်းဖို အေးစက်သိမ့်သွားရသည်မှာ ငယ်ငယ်က စာမေးပွဲခန်းထဲ စာရွက်ထ,တောင်းခါနီးအခါတွေ ...အချိန်ကုန်စေ့ကာနီးထိ စာမေး ခွဲဖြေလို့ မပြီးသေးသည့်အခါတွေမှာ ဖြစ်ဖူးရသည်နှင့် ဆင်လှ သည်။

အလုပ်ခန်းကို တံခါးပိတ်ကာ သူသွား ဖတ်နေပြီ ဆိုတာ သိရသည့်အခါ ရင်ထဲတွင် ထူးဆန်းသော ဝမ်းနည်းခြင်း တစ်မျိုးနှင့် ထူးဆန်းသော ဒေါသတစ်မျိုးတို့ ရောစပ်လားသည့်



www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်ဆန်းတစ်ခုနှင့် တလှပ်လှပ် တုန်ယင်လာသည်။ ငိုလည်း ငိုချင်သည်။ ပန်းကန်ခွက်ယောက်တွေလည်း ပေါက်ခွဲပစ်ချင်သည်။

ဘာလုပ်ရင် ကောင်းမလဲ ...။

လုံးဝ စကားမပြောကြတာလည်း မဟုတ်၍ အရေးမပါသလို ခပ်ဖော့ဖော့ ဖွင့်မေးလိုက်ရင်ရော ...။ အတွေးနှင့် နတ်သမီးသည် အိပ်ခန်းထဲဝင်ကာ ခုတင်ပေါ်မှာ ထိုင်စောင့်နေလိုက်ပါသည်။

တစ်မိနစ်ပြီးတစ်မိနစ် ကြာလာလျှင် ကိုကြီး ဝင်လာဖို့ နီးစပ်လာပြီမို့ ရင်တွေက အံ့သြဖို့ကောင်းလောက်အောင်ပင် တဒိန်းဒိန်း ခုန်ပေါက်၍ လာသည်။ ဒီစကားလေးမေးဖို့အတွက် ဤမျှ ရင်ခုန်ရသော ကိုယ့်အဖြစ်ကိုယ် နားမလည်နိုင်အောင်ပင်။

ဘာမှ မကြာပဲ အလုပ်ခန်းတံခါး ဖွင့်ထွက်လာသံနှင့် ခြေသံတဖျပ်ဖျပ်က အိပ်ခန်းဆီ ရောက်လာပါသည်။ အခန်းထဲ လှမ်းဝင်လာသော ကြီးခေါင်စောသည် ခုတင်ပေါ် နတ်သမီး ထိုင်နေတာ တွေ့လိုက်လျှင် မသိမသာ ခြေလှမ်းတုံ့သွားပါသည်။ ထို့နောက် ဘာမှ မဖြစ်သလို ဆက်ဝင်လာကာ အဝတ်အစားလဲလှယ်နေပါသည်။

"ကိုကြီး ..."

"အင်း ..."

"ရေချိုးတော့မလို့လား"





လွှတ်ခနဲ လွယ်လွယ်မေးမထွက်ဘဲ စကားက ကွေ့သွားပါသေးသည်။

"ချိုးတော့မယ် ... ဘာလဲ ...၊ သွားချင်တာ ရှိလို့လား၊ ဘယ်သွားချင်လဲ ..."

ဟိုးအိမ်ထောင်ဦးလို ကိုကြီး ရုံးက ပြန်ရောက်ရင် တစ်နေရာမဟုတ် တစ်နေရာ သွားဖြစ်ကြသည့် အလေ့အထ,က လည်း ကျဲသွားပါပြီ။ ခုဆို တစ်ပတ်မှ နှစ်ခေါက်လောက်။ အဲဒီ နှစ်ခါဟာလည်း နတ်သမီးရဲ့ အဖေ အမေ အိမ်ကိုသာ ဖြစ်တတ်ပါသည်။

"မသွားချင်ပါဘူး ...၊ ရုံးကပြန်ရောက်တာ တအောင့်ရှိပြီ၊ ခုမှ အကျီချွတ်နေတာတွေ့လို့ ခုန ဘာလုပ်နေလဲလို့ ..."

"ခုနကလား၊ ခုန စာဖတ်နေတယ်"

"ဘာစာလဲ ..."

"နေ့လယ်က လာတဲ့စာ ..."

"အဲဒါ ဘယ်ကလာတာလဲ ..."

"ရန်ကုန်ကပါပဲ ..."

တမင် စကားကပ်ပြီး ဖြေသော ကြီးခေါင်စောရဲ့ ကျောပြင်ကို နတ်သမီးက မျက်စောင်းကြီးကြီးတစ်ချက် ထိုးလိုက်ပြီးမှ ...

"ဘာစာတွေလဲ ... ခုတလော ဒီလောက် လာနေရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲ ..."

"ဒီလိုပဲဆိုတာ ဘာလဲ ...၊ မရေမရာနဲ့ ..."

ကြီးခေါင်စောက နတ်သမီးကို တစ်ချက်လှမ်းကြည့်လိုက်ပါသည်။ သူ့မျက်နှာပေါ်၌ ပြုံးချင်သလို အရိပ်မျိုး လှစ်ခနဲတွေ့လိုက်ရ၍ နတ်သမီးက မျက်နှာနီမြန်းသွားရသည်။ သူက လှောင်ပြုံး ပြုံးချင်တာလား ...။

"နေပါဦး နတ်သမီးက ဘာဖြစ်စေချင်တာလဲ ..."

"ဘယ်ကစာတွေလဲ ... ဘယ်သူကရေးပြီး ဘာအတွက် ထည့်နေတာလဲ ..."

"ဟိုးအရင်က မိတ်ဆွေဟောင်းတွေဆီကပါ"

"မိတ်ဆွေဟောင်းတွေဆိုတော့ တစ်ယောက်မကတဲ့ သဘောလား ...၊ အများကြီးလား ...၊ တစ်ပတ် စာတစ်စောင် အလှည့်ကျ ထည့်နေကြတာလား၊ ဗုဒ္ဓဟူးနေ့တိုင်း မှန်မှန်ရောက်နေရအောင် တိုင်ပင် ချိန်းချက်ပြီး ထည့်နေကြလို့လား ... ဘယ်လိုဖြစ်လို့လဲ ..."

နတ်သမီးရဲ့ ဆက်တိုက် တရစပ်မေးခွန်းများကြောင့် ကြီးခေါင်စောက ဒီဘက်လှည့်လာကာ နတ်သမီးကို စိုက်ကြည့်နေပါသည်။ နတ်သမီးက ပြောမိလက်စရှိမှတော့ မအောင့်နိုင်တော့ပါ။

"ဗုဒ္ဓဟူးနေ့တိုင်း မှန်မှန်ရောက်နေပုံကိုက သာမန်မဟုတ်ဘူး ဖြစ်နေလို့ မေးကြည့်နေရတာ ...၊ ရုံးက ပြန်ရောက်တာနဲ့





စာရောက်လားမေးပြီး တန်းဖတ်ရတဲ့ စိတ်ဝင်စားမှု မျှော်လင့်စောင့်စားမှုကလည်း သာမန်မဟုတ်ဘူး၊ ကျန်တဲ့ နေ့တွေ မမေးဘူး၊ ဗုဒ္ဓဟူးနေ့ကျမှ ရုံးကရောက်ရင် စာလာသလား တန်းမေးတာ နှစ်ခါရှိပြီ ...

အဲသလို အထူးတလည်ဖြစ်နေလို့ အခု မေးကြည့်နေရတာ ...၊ ဟိုးအရင်က ဘာစာမှ မလာတတ်ပဲ ခုတလောကျမှ တစ်ပတ်တစ်စောင် ပုံမှန်လာနေတာ ဘာကိစ္စတွေ ရှိနေလို့လဲ ..."

"ဟိုးအရင်က စာထည့်စရာ လိပ်စာမသိဘဲ ခုမှ သိတာလည်း ဖြစ်နိုင်တယ်"

ကြီးခေါင်စော မပြည့်မစုံနှင့် ဝေ့လည်လည် ပြောနေခြင်းကိုက နတ်သမီးကို အသည်းတယားယား ဒေါသဖြစ်စေသည်။

"အဲဒါ ဘယ်သူလဲ ... ဘယ်သူ ထည့်နေတာလဲ ..."

"ကိုယ် ပြောပြီးပြီလေ ... ကိုယ့် မိတ်ဆွေဟောင်းထံကပဲ"

"ဘာကိစ္စတွေ ရှိနေလို့လဲ ..."

"ဘာကိစ္စမှ မရှိဘူး ... သာကြောင်း မာကြောင်းတွေနဲ့ အာလာပသလ္လာပတွေပဲ"

"ဒီအကြောင်းမျိုးတွေက အမတ်စဉ် ရေးစရာလိုလား ..."

www.burmeseclassic.com

"လိုတယ် မလိုဘူးက သူ့ဟာသူ ဆုံးဖြတ်ပြီး သူရေးနေတာလေ၊ တကယ်လို့ မင်းက မလိုဘူးလို့ ပြောလည်းပဲ သူကတော့ ရေးနေမှာပဲ ... ရေးတဲ့သူရဲ့ ဆန္ဒပဲလေ"

ကြီးခေါင်ဖောက ဖြေပြီးသည်နှင့် ဗီရိုဆီသွားကာ သူ ဝတ်ဖို့အဝတ်အစား ထုတ်နေသည်။ နတ်သမီးမှာ မေးချင်သော မေးခွန်းတစ်ခု ရှိသေးသည်။ စာရေးသူဟာ ယောကျ်ားလား ... မိန်းမလား ...။ ထိုမေးခွန်းကို မေးဖို့ရာ သေးသိမ် သိမ်ငယ်ရာကျသလို နတ်သမီး ရှက်မိသည်။ ယောကျ်ားလား မိန်းမလား မေးရုံနှင့် သိမ်ငယ်မိသလို ခံစားရသည့် ကိုယ်ရဲ့ စိတ်ထဲမှာ ဘယ်လိုအခံဓာတ် ရှိနေလို့လဲ ...။

အဲဒါကို သိလိုသည်။ အဲသလို မမေးရင်ကော ဘယ်လို မေးရပါ ...။ ရုတ်တရက် နတ်သမီးက အကြံရသွားကာ ...

"စာရေးတဲ့သူ နာမည်က ဘယ်သူတဲ့လဲ ..."

ကြီးခေါင်ဖောက ရေချိုးခန်းထဲ ဝင်တော့မည်ပြုပြီးမှ လှည့်ကြည့်ပါသည်။

"ဘာဖြစ်လို့ သိချင်တာလဲ ..."

ထိုသို့ ပြန်မေးခွန်းထုတ်ခံရ၍ နတ်သမီး ရင်ထဲအောင့်သွားပါသည်။ ဘာပြန်ဖြေရမည် မသိဘဲ မျက်နှာတွေသာ နီထွေးလာသည်။ ဒေါလည်းပွလာကာ ...





"ကိုယ့်ယောကျ်ားဆီ အပတ်စဉ် စာရေးနေတဲ့ သူရဲ့နာမည်ကို သိချင်တာ ... မသိချင်ရဘူးလား ကိုကြီးရဲ့၊ ဘာဖြစ်လို့ဆိုတာ ကြံဖန်ဖြေဖို့ လိုသေးလား၊ သိချင်လို့ သိချင်တာပဲ"

"အမှန်တော့ နတ်သမီး သိရလည်း ဘာမှ အကြောင်းမထူးဘူး၊ မသိရတာတောင် ပိုကောင်းတယ်လို့ ကိုယ် ထင်တယ်၊ လင်နဲ့မယားမှာ သူ့ကိစ္စ ကိုယ့်ကိစ္စကို အလုံးစုံသိခွင့်ရှိတယ်လို့ နတ်သမီးက စ,အဆိုသွင်းရင် ကိုယ် လက်ခံပါတယ်"

ထိုစကားကြောင့် နတ်သမီး ပို၍ အခံရခက်သည်။ သူ သွယ်ဝိုက်၍ ဆိုလိုတာက သူ့ကိစ္စကို ခုလို မေးခွင့်ရှိတယ်လို့ နတ်သမီးက ဆိုလျှင် နတ်သမီး ကိစ္စတွေကိုလည်း သူ သိခွင့်ရှိရလိမ့်မည်ဆိုသည့် သဘောမျိုးလေ ...။ ဒီက အ,အမှ မဟုတ်တာနားလည်တာပေါ့ ...။

ဒါလေး မေးကြည့်တာကို အတုံ့အပြန်သဘောပါ ထည့်သွင်းပြောနေ၍ မခံချိသောစိတ်သည် ရင်ထဲ ကျလိကျလိ ဖြစ်ရသည်။ တစ်ခုခုကို တစ်ခုခုပဲ ...။ ကိုကြီးရဲ့ ပြောဆိုဟန်က ဟိုးအရင်က ပြောဆိုဟန်တွေနှင့် လုံးဝ မတူပါ။

"ဒါပေမဲ့ မသိရတာက နတ်သမီးအတွက် ပိုအဆင်ပြေမလားလို့ ကိုယ်က ပြောမနေတော့တာပါ"

နတ်သမီးသည် စိတ်မထိန်းနိုင်ပဲ ...



www.burmeseclassic.com

www.burmeseclassic.com



"မပြောနဲ့ ...၊ ရတယ် ...။ မပြောချင်ရင်လည်း မပြောနဲ့၊ ဒီလိုလိုက်မေးနေလို့ သိပ်တော့ သွေးမကြီးသွားနဲ့၊ ကိုကြီး ကိစ္စတွေကို သိပ်ကို စိတ်ဝင်စားနေမယ်လည်း မထင်နဲ့ ...၊ နော် ...၊ ဗုဒ္ဓဟူးနေ့တိုင်း စာရေးာက်နေတာက ထူးခြားတဲ့ ဖြစ်စဉ်လို ဖြစ်နေလို့သာ ဘာရယ်မဟုတ်ဘူး မေးကြည့်လိုက်တာ ...၊ သမီး စိတ်ထဲမှာ အရမ်းကို သိချင်နေတာပဲ ထင်ပြီး ကိုကြီး သိပ်ဂုဏ်ယူမနေနဲ့ ...၊ မသိလည်း ဘာမှ မဖြစ်ဘူး ... မပြောနဲ့ ..."

ကြီးခေါင်စောက တဟားဟား ရယ်မောကာ ရေချိုးခန်းထဲ ဝင်၍ တံခါးကို ပိတ်လိုက်ပါသည်။ ကြည့်စမ်း၊ လှောင်ရယ်သံကြီးမျိုးနဲ့ ရယ်သွားတယ်၊ နတ်သမီးသည် ခုတင်ပေါ်ထိုင်လျက်မှုံစံနှင့်ပဲ ကျန်ရစ်ကာ ကိုယ်ရှုံးရသလို မခံချိမခံသာ ခံစားရလွန်း၍ အသွားလေးတွေပင် တဆတ်ဆတ် တုန်လာသည်။

လျှာရှည်ပြီး မေးမိလို့ ...။ မေးမိလို့ဆို သိလည်း သိချင်လိုက်မိတာ အမှန်ကိုး။ ဘာကြောင့်များ ဤသိလိုစိတ် ပြင်းပြမှုကို ဟန်ဆောင်၍ ဖုံးအုပ်မထားလိုက်နိုင်ပါလိမ့်။ ဖုံးကွယ်ထားနိုင်ရမှာ။ မသိချင်သလို ဂရုမစိုက်သလို နေရမှာ။ ခုတော့ သိချင်တယ် ဆိုတာကို သူ သိသွားပြီ။

ကိုယ် ရှုံးနိမ့်တယ်။ နတ်သမီးက အံကို ကြိတ်၍ ဝမ်းနည်းလာသည်။ ထိုစဉ်ပင် ရုတ်တရက် ကြီးခေါင်စောရဲ့





ရေချိုးခန်းတံခါးက ဖျတ်ခနဲ ပြန်ပွင့်လာပါသည်။ နတ်သမီးကလည်း ယောင်ယမ်း၍ လှမ်းကြည့်လိုက်မိပါသည်။

"စာရေးနေတဲ့သူ နာမည်က မြဇင်အောင်တဲ့၊ မိန်းမတစ်ယောက်ပဲ ...။ သိလိုက်ရလို့ ကျေနပ်ပလား ..."

ပြောပြောဆိုဆို စကားဆုံးတာနှင့် ရေချိုးခန်းတံခါးကို ပြန်လည်ဆွဲပိတ်သွားပါသည်။ နတ်သမီးသည် ခပ်ငိုင်ငိုင်ကြီး ကျန်ရစ်ကာ နားအူလုံးထွေးသွားသော စကားတို့ကို ပြန်ရေရွတ်ကြည့်မိသည်။

မြဇင်အောင်တဲ့။ မိန်းမတစ်ယောက် ...။

---

စတင်အားနေကတည်းက မလတ်က သူ့ဆိုင်ကို လာပါ ...။ ပျင်းရင် သူ့ဆိုင်လာထိုင်ပါဟု အကြိမ်ကြိမ် ခေါ်ဖူးပါသည်။ နတ်သမီးက မသွားခဲ့ပါ။ အဲဒီ မလတ်ကိုလည်း သိပ်ကြည့်ချင်လှတာ မဟုတ်။ သူ့အစ်ကိုဘက်ကပဲလို့ ထင်သည်။

မလတ် ... နတ်သမီးကို တကယ်ချစ်ခင်တာကို နတ်သမီး ယုံကြည်ပါသည်။ ဒါပေမဲ့လည်း မလတ်ရဲ့ ပြောဆိုစကားတွေက သူ့အစ်ကို ကောင်းစားဖို့ ... သူ့အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



အသာစီးရဖို့ ... သူ့အစ်ကိုဘက်က ပင်းတယ်ရယ်လို့ နတ်သမီး ထင်သည်။ ဒါကြောင့် မလတ်ကိုလည်း မလတ်ပင် မသိရအောင် တစ်ဖက်သတ် ကျိတ်၍ စိတ်ကောက်နေခဲ့တာပါ။

ကိုယ့်တစ်ဖက်က စိတ်ကောက်နေတာကို မလတ်က သိပုံမရ။ သူ့ဆိုင်တစ်ဖက်မို့ ဟိုးအရင်လို အလာမစိပ်သော်လည်း အားရက်တွေမှာ လာတတ်သည်။ စားစရာတစ်ခုခု လာရောက်ချက်ပြုတ်ကျွေးတတ်သည်။ ညဘက်တချို့မှာ မဝေးလှသော သူ့တို့အိမ်မှ လာလည်တတ်ပါသေးသည်။

မနေ့ညကတော့ မလတ်ထံ နတ်သမီး ဖုန်းဆက်လိုက်သည်။ ကိုယ့်တစ်ဖက်သတ် ကျိတ်စိတ်ကောက်မှုကို ကိုယ့်ဘာသာ တစ်ဖက်သတ်ပင် ပြန်လည်ဖျက်သိမ်းလိုက်သည်။

"မလတ် ... နက်ဖြန် ဆိုင်သွားမှာလား ..."

"သွားမှာပေါ့ ... နေ့တိုင်း သွားရတာပဲဟာ ..."

"နက်ဖြန် သမီးလိုက်မလို့"

"ဟုတ်လား ... ကောင်းတာပေါ့ ...၊ လိုက်ခဲ့လေ ...၊ ဘာလဲ ... ကြာလာတော့ ပျင်းပြီလား ..."

နတ်သမီးက ဘာမှ ပြန်မဖြေ ...။

"လိုက်ခဲ့လေ ... နက်ဖြန် တစ်ရက်ပဲ မဟုတ်ဘူးနော် ...၊ နေ့တိုင်း လိုက်လည်း ရတယ်၊ မလတ်တောင် အဖော်ရသေးတယ်"





"ဟုတ်တယ် ... မလတ်လည်း အဖော်ရအောင် မလတ်ဆိုင်မှာ ကူမလို့ ..."

နတ်သမီး စကားကြောင့် မလတ် တစ်ဖက်မှာ ကျိတ်ပြုံးရပါသည်။ အဲဒီနတ်သမီးဟာ လေကတော့ မလျှော့။ သူ့ဟာသူ ပျင်းလို့ လိုက်ချင်လျှင်ပင် မလတ်ကို ကူညီဖို့လို့ပဲ အမည်တပ်မှာ အစကတည်းက သိပြီးသားပင်။ မလတ်ဆိုင်မှာ ဆိုင်ဝန်ထမ်း ကောင်မလေးနှစ်ယောက်အပြင် အိမ်က ခေါ်သွားတဲ့ 'အမြင့်'ပါ ပါတတ်၍ မလတ်ပါ ဆိုလျှင် လူလေးယောက်။

အယ်သူမှ လာကူညီဖို့မလို။ လုံလောက်ပါသည်။ အစကတည်းက နတ်သမီးကို ခေါ်နေတာက အစ်ကိုဖြစ်သူ ဆန္ဒကြောင့် နတ်သမီး မိဘတွေပါ သဘောတူ တစ်ချက်လွှတ်အမိန့်ထုတ်ပြီး သူ့အလုပ်က ထွက်လိုက်ရတဲ့ နတ်သမီးကို ကြင်နာကရုဏာ သက်မိတာကြောင့် အပျင်းလည်းပြေ စိတ်အပြောင်းအလဲလည်းရ ဆိုပြီး ခေါ်တာပါ။

ကူလုပ်ပေးဖို့ မဟုတ်ပါ။

"အေး ... အေး ...၊ ကောင်းတာပေါ့ ...၊ နတ်သမီးလည်း ဆေးဆိုင်တွေဘာတွေ အပျင်းပြေ လျှောက်ကြည့်လို့ ရတာပေါ့ ...၊ ကိုကြီးကကော ဘာတဲ့လဲ ..."

"သူ့ကို မပြောပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မပြောလို့တော့ မရဘူးပေါ့ ...၊ နက်ဖြန် မလတ်နဲ့ လိုက်သွားမယ် ဆိုတာတော့ ပြောလိုက်ပေါ့"

"အင်း ... အင်း"

"ဒါဖြင့် ... မလတ် ဒီက အသွား နတ်သမီးကို လာဝင်ခေါ်မယ်"

"ဟုတ်ကဲ့ ... ဒါပဲနော် မလတ်"

ဤသို့နှင့် နောက်ရက်ကစပြီး မလတ်ဆိုင်ကို နတ်သမီး ပါလာသည်။ စလိုက်လာတဲ့နေ့ကစပြီး နောက်ပိုင်းလည်း နေ့စဉ် လိုက်ပါသည်။ သို့သော် ဗုဒ္ဓဟူးနေ့ရောက်တဲ့အခါ နံနက်စောစောပင် သူ ဒီနေ့ မလိုက်ဖြစ်ကြောင်း မလတ်ထံ ဖုန်းဆက်ပြော၍ မလတ်က ဝင်မခေါ်ပါ။

နောက်နေ့တွေ ပုံမှန်ရက်ဆက် ဆိုင်ကို လိုက်ပြန်ကာ ဗုဒ္ဓဟူးနေ့ တစ်ခါပြန်ရောက်တဲ့အခါ နတ်သမီးက မလိုက်ပြန်။ နောက်ရက်မှာ မလတ်က နတ်သမီးကို အကဲခတ်ရင်း ...

"ပြီးခဲ့တဲ့အပတ်ကော ဒီအပတ်ကော ဗုဒ္ဓဟူးနေ့တွေ နတ်သမီး ဆိုင်ကို မလိုက်ဘူး၊ ဘာဖြစ်လို့လဲ ...၊ ဗုဒ္ဓဟူးနေ့တွေ သူငယ်ချင်းတွေနဲ့ ချိန်းတတ်လို့လား ..."

"ဟင့်အင်း ..."

"ဘာလုပ်စရာ ရှိလို့လဲ ..."

"ဘာမှ မရှိဘူး ...၊ သမီး အိမ်မှာပဲနေတာ"





ပြောရင်း နတ်သမီးမျက်နှာက မှိုင်းညို့လာပါသည်။

"နတ်သမီး ဘာဖြစ်နေလဲ ... ဆိုင်ကိုသာ လိုက်လိုက်လာတယ် ...၊ သိပ်လည်း တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင် မရှိဘူး၊ ခုနောက်ပိုင်း နတ်သမီးကို ကြည့်ရတာ တစ်ခုခု ဖြစ်နေသလိုပဲ၊ မျက်နှာက တစ်ခုခုကို အမြဲ ငေးတွေးပြီး စဉ်းစားနေတယ် ...၊ ဘာတွေ တွေးနေလဲ ..."

"ဟင့်အင်း ..."

နတ်သမီး ခေါင်းကလေးက ငုံ့လျှိုးသွားပါသည်။

"ကိုကြီးနဲ့ အဆင်မပြေဘူးလား ..."

"ဟင့်အင်း ... အဆင်မပြေဘူးလည်း မဟုတ်ဘူး၊ အဆင်ပြေတယ်လည်း မဟုတ်ဘူး"

"ဟင ... အဲဒီ ကိုကြီးက ဘယ်ကောင်းမလဲ ...၊ လင်မယားချင်း အဆင်ပြေပြေ သင့်သင့်မြတ်မြတ်နဲ့ ချစ်ခင်မှ ပေါ့ကွယ်"

"သမီးမှ ကိုကြီးကို မချစ်တာ"

နတ်သမီး အသံက တိုး၍ တိမ်နေသည်။ မလတ်က သက်ပြင်းချမိကာ ...

"ခုထိ ... ဒီလိုပဲ ပြောနေတုန်းလား နတ်သမီးရယ် ... ကိုကြီးကဖြင့် နတ်သမီးကို ချစ်လိုက်ရတာ ... တုန်နေတာတော့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ...၊ အဲဒါ မလတ် ဘာသာ ထင်နေတာ ...၊ သူ့ သမီးကို ချစ်တယ်ဆိုတာ မယုံခင်ကတော့ ယုံကြည်တယ်၊ ဒါကြောင့် ကိုကြီးကို လက်ထပ်တာ၊ အခု ... ကိုကြီး နှတ်သမီး တစ်ယောက်တည်းကိုပဲ သိပ်ချစ်တယ်လို့ သမီး မထင်တော့ဘူး၊ ဟုတ်ကို မဟုတ်ဘူး"

"နှတ်သမီး တစ်ယောက်တည်းကိုပဲ သိပ်ချစ်တယ်လို့ မယုံတော့ဘူးဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်က ဘယ်လိုလဲ ... ကိုကြီးမှာ နောက်တစ်ယောက် ချစ်စရာ ရှိမယ်လို့များ နှတ်သမီး ထင်နေတာလား ..."

နှတ်သမီး မဖြေပါ။ ဖြေနိုင်အားလည်း မရှိပါ။ အပတ်စဉ် မပျက်မကွက် ရောက်နေသော စာအိတ်ကလေးတွေကိုသာ မျက်စိထဲ မြင်ယောင်နေပါသည်။ ခုထိ ဘယ်နှစောင်တောင် ရှိနေပြီလဲ။ ဗုဒ္ဓဟူးနေ့တိုင်း ရုံးက ပြန်ရောက်ရောက်ချင်း ထိုစာကို တံခါးပိတ် ဖတ်မြဲဖြစ်တဲ့ ကိုကြီးရဲ့ ဗုဒ္ဓဟူးနေ့ကို ကျိတ်ကာ မျှော်လင့်စောင့်စားနေမည့် အတွင်းစိတ်ကို တစ်ဖက်သတ် မှန်းဆကြည့်တိုင်း ရင်ထဲက အောင့်လာသည်။

ခုချိန်ထိ ထိုစာတွေကို နှတ်သမီး မဖတ်ဖူး၍ ဘာတွေ ရေးနေသည် မသိရပါ။ ကိုကြီး နှုတ်က ပြောခဲ့သည့် 'မြင့်အောင်' ဆိုသည့် အမည်တစ်လုံးကိုတော့ နှတ်သမီး ဦးနှောက်ထဲ ရင်ထဲ အသည်းထဲ မှတ်မိမနေ။



"ကိုကြီး ... ခုတလော ခပ်တည်တည် ခပ်ငြိမ်ငြိမ်နေနေလို့ နှတ်သမီး အထင်တွေ လွဲနေပြီ ထင်တယ်၊ လင်မယားချင်းကြားထဲ အထင်လွဲစရာ ရှိနေတာ ကောင်းတာ မဟုတ်ဘူး၊ ကိုကြီး တည်တည်နေတယ် ဆိုတာလည်း တကယ့် စိတ်ရင်းထက် တမင်ကို နေနေတာပါ၊ နှတ်သမီး အထင်မလွဲနဲ့"

နှတ်သမီးက မလတ်ကို မျက်လုံးလေး ဝင့်ကာ ကြည့်သည်။

"ဟုတ်တယ် ...၊ တအားအရေးပေး အလိုလိုက် ဖူးဖူးမှုတ်ထားပြီး မျက်နှာအညိုးမခံဘဲ ထားလို့ နှတ်သမီး ကလေးဆိုးဆိုးတယ်၊ ရောင့်တက်တယ်လို့ ကိုကြီးက ယူဆနေတယ်၊ အဲဒါ မလတ် အမှန်ကို ဖွင့်ပြောပြတာ၊ နှတ်သမီး တလွဲတွေ လျှောက်မတွေးစေချင်လို့ ပြောပြတာ၊ ကိုကြီးက ဒက်ဒီ မာမီတို့ မလတ်တို့ကို ရင်ဖွင့်ပြီး နှုတ်ကကို ထုတ်ပြောထားတာ ...

သူက သိပ်ချစ်တော့ တအားအလိုလိုက်ထားမိတော့ နှတ်သမီးမှာ အမိုက်စော်ကားတဲ့ အကျင့်လေး ဝင်လာမှာ သိပ်ကြောက်တယ်တဲ့၊ သိပ်ချစ်တာကို စိတ်ထဲမှာပဲထားပြီး အပြင်မှာ သိပ်မပြမှ တော်ကာကျမယ်တဲ့၊ သူ့ဘက်က တစ်ဖက်သတ် တအားချစ်တာကို သိလေ နှတ်သမီးထ

www.burmeseclassic.com

www.burmeseclassic.com



ပေါပေါများများ အလွယ်တကူ ရနေတဲ့ သူ့နှလုံးသားထဲက အချစ်ကို တန်ဖိုးမထားလေတဲ့ ...”

နတ်သမီးက မလတ်ကို စိုက်ကြည့်နေသည်။

“အဲဒါ မလတ် ဖော်ကောင်လုပ်တာပဲ၊ ဘာလို့ ဖော်ကောင်လုပ်လဲ ဆိုတော့ နတ်သမီးကို ချစ်လို့ ...၊ နတ်သမီးက ကလေးလိုပဲ အဆင်ခြင် အမြော်မြင်မထားပဲ ဆိုးနေတာသာ ရှိတယ်၊ စိတ်ရင်းလည်း ကောင်းတယ်၊ ဖြူလည်းဖြူစင်တယ်၊ မလတ် သိတယ်၊ ဒါကြောင့် အလကား မဟုတ်တာတွေ လျှောက်စဉ်းစားပြီး အထင်လွဲတွေ ဝင်နေမှာစိုးလို့ ကိုကြီး စကားတွေကို ဖောက်သည်ချတာ ...

ကိုကြီး ခပ်တည်တည် လုပ်နေလို့များတော့ မဟုတ်တာတွေ လျှောက်မထင်နဲ့၊ အထင်လွဲဆိုတာ စိတ်ထဲစွဲပြီးရင် ဖျောက်ရခက်တယ်၊ ကိုကြီးက ညားကာစ,ကလောက် နတ်သမီးကို အရောဝင် အလိုလိုက် အကြိုက်ဆောင်မနေတာ တစ်ခုပဲ ...၊ ဒါဟာလည်း သူ့စိတ်သူ ချိုးနှိမ်ပြီး ... ဟန်ဆောင်နေတာ၊ ခပ်တည်တည်သာ နေနေရတာ သူ့အသည်းနှလုံးထဲမှာ အရင်အတိုင်းပဲ၊ ဒါကြောင့်လား ဟိုဟာကြောင့်လား လျှောက်တွေးပြီး စိတ်ဆင်းရဲမနေနဲ့ သိလား နတ်သမီး ...”

နတ်သမီးက ခေါင်းလေးယမ်းရင်း ...





“မလတ် အားလုံးကို မသိပါဘူး”

“သိပါတယ်၊ ကိုကြီး အကြောင်း မလတ် အားလုံးသိတယ်”

“ဟင့်အင်း ၊ မသိတာရှိလို့သာ မလတ် ခုလို ပြောနေတာ ရှင်းနေတာပဲ”

မလတ်က နတ်သမီး မျက်နှာလေးကို လန့်လာသလို စိုးရိမ်မကင်း ကြည့်ရင်း ...

“ကိုကြီးနဲ့ ပတ်သက်ပြီး နတ်သမီး တစ်ခုခုတော့ ဖြစ်နေပြီ ...၊ ဘာဖြစ်နေလဲ ...၊ မလတ်ကို ပြောပြစမ်းပါ၊ နတ်သမီး မျက်နှာဟာ ရိုးရိုး စိတ်မပျော်တာကို မဟုတ်တော့ဘူး၊ အခု ဒီစကားတွေ ပြောနေပုံမှာ ဒဏ်ရာအနာတရ တစ်ခုခု ရထားသလိုကို ဖြစ်နေတယ်၊ ဘာဖြစ်ကြလဲ ...၊ ပြောစမ်းပါ နတ်သမီးရယ်”

ဒဏ်ရာ အနာတရ တစ်ခုခု ရထားသလိုပဲတဲ့လား။ အဲဒီ စာတွေအတွက် မထွေးနိုင် မအန်နိုင် မလုပ်တတ် မကိုင်တတ် ဘာလုပ်ရမှန်း မသိပဲ တစ်ယောက်တည်း ကျိတ်တောက်လောင်နေရတဲ့ ခံစားချက်ဟာ တကယ်ကို ဒဏ်ရာအနာတရ တစ်ခုလို ဖြစ်နေပြီ ထင်ပါရဲ့။

ဟိုတစ်နေ့ကလည်း မေမေတို့ အိမ်ရောက်တော့ မေမေရော အန်တီသွယ်ကရော နတ်သမီးရဲ့ မျက်နှာဟာ သိသိသာသာ နွမ်းချောင်ပြီး ကျနေတဲ့အတွက် ကိုယ်ဝန်များ ရှိနေပလား



www.burmeseclassic.com

www.burmeseclassic.com



တောင် ထင်ကြတာ။ မရှိမှန်းသိရတော့ ရောဂါတစ်ခုခု ဖြစ်နေသလားလို့ General Check - up လုပ်ဖို့တောင်မှ ပြောနေတာ။

ရင်ထဲမှာ ကိုယ့်ဟာကိုယ် အတိအကျ နားမလည်ပေမဲ့ ခံစားနေရတဲ့ အဆောက်အအုံက မသေးကျွေး မပေါ့တိမ်လှဘူး ထင်သည်။ ရောဂါတစ်ခုခုလို့တောင် ထင်ရအောင် အနှာဒဏ်ရာက အုံ့ဖွဲ့နေခဲ့ပြီ ထင်သည်။ ခုချိန်ထိ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်နေတယ် ဘာခံစားနေရတယ် … ရေရာစွာ နားမလည်နိုင်သေးပါ။

နားလည်သလောက် ဝမ်းနည်းတာရယ်၊ ဒေါသဖြစ်တာရယ်၊ မခံချင်တာရယ် …။ ဒါတွေလောက်ပဲ အမည်တပ်တတ်တာ၊ တကယ်တော့ ဒါတွေ ဖော်င်းစပ်ထားတာထက် ပိုပြီးဆိုးဝါး အုံ့ဖွဲ့နေသေးတာတော့ သိသည်။

ဒီလို ခံစားပုံမျိုး တစ်သက်နဲ့တစ်ကိုယ် တစ်ကြိမ် မခံစားခဲ့ရဖူး၍ ကိုယ် ဘာဖြစ်နေသလဲကို ရေရေရာရာ သဲကွဲနိုင်စွမ်းအားလည်း မရှိပါ။ မစားချင် မသောက်ချင် မအိပ်ချင် ရေတောင်ချိုးဖို့ စိတ်မပါသလို ငါးကန်ဆိုတာလည်း ဒေါ်ညွှန့်ကြီးကိုပဲ လွှဲထားခဲ့တာ ကြာပေါ့။

ကိုယ် စိတ်ဝင်စားတဲ့ ငါးကလေးတွေတောင် ဘယ်လိုနေ ဘယ်လိုဖြစ်ကြတယ် ဆိုတာ လုံးဝလှည့်မကြည့်ချင် စိတ်မဝင်စားချင်အောင် လူက ထုံထိုင်းနေတာ။ ဒါကြောင့်လည်း မလတ်ဆိုင်ကို အလကားနေရင်း လိုက်ထိုင်နေတာ။ ဆိုင်မှာလည်း ကိုယ်ဟာ





ဘာကိုမှ အကူအညီ မပေးတတ်၊ ဆိုင်ရောက်ရင် အိမ်ပြန်ချင်နေကာ အိမ်မှာရှိချိန်ကျ ဆိုင်ကိုပဲဖြစ်ဖြစ် အပြင်ထွက်ချင်စိတ် ပေါက်နေသည်။

အိမ်မှာလည်း မပျော် … အပြင်မှာလည်း မပျော်တဲ့ သဘောပါပဲ။

"ပြောလေ …၊ တစ်ခုခု ဖြစ်နေတာတော့ သေချာနေပြီ …၊ ဒါဟာလည်း နားလည်မှုလွဲတာပဲ ဖြစ်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုကြီးက နတ်သမီးကို ဘယ်လောက်ချစ်တာတို့ အသိဆုံးဖြစ်လို့ပဲ …"

"ကိုကြီးမှာ ရည်းစားတွေ အများကြီးရှိခဲ့တယ်နော်"

မလတ်မျက်နှာ အံ့ဩသလို ဖြစ်သွားပြီး …

"ဒါတွေက အလကားတွေပါ"

"အလကားတွေ မဟုတ်ပါဘူး၊ တကယ်တွေပါ၊ မလတ်လည်း ပြောခဲ့တယ်၊ ကိုကြီး ကိုယ်တိုင်လည်း ပြောခဲ့ဖူးတယ်"

"အလကားတွေဆိုတာက မဟုတ်ဘူးလို့ ငြင်းတာမဟုတ်ပါဘူး၊ အရေးမပါတဲ့ အလကားဟာတွေပါလို့ ပြောတာပါ၊ ဒါတွေကို လက်မထပ်ခင်ကတည်းက နတ်သမီး သိပြီးသားပဲ မဟုတ်လား၊ ဘာဖြစ်လို့ ခုမှ ပြန်ပြောစရာ ဖြစ်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခုမှ ပြန်စဉ်းစားမိလို့ပါ"

"ဘာစဉ်းစားစရာရှိလဲ ...၊ ပြီးလည်း ပြီးပြီးသား ... ဘယ်တော့မှ ထပ်အရေးပါလာစရာအကြောင်း မရှိတဲ့ဟာတွေ"

နတ်သမီးက ခေါင်းကလေးကို အသာအယာ လှုပ်ယမ်းလိုက်သည်။ ခေါင်းခါလိုက်တာလား ခေါင်းငဲ့လိုက်တာလား ပင် မသိသာလိုက်ပါ။ မလတ်က နတ်သမီးကို အံ့ဩသလို နားမလည်သလိုသာ ကြည့်နေမိပါသည်။

"မလတ်ကို တစ်ခုမေးမယ်"

"မေးလေ ...၊ မေး ..."

"မြဇင်အောင်ဆိုတဲ့ နာမည်ကိုများ သိလား ..."

"မြဇင်အောင် !...၊ မြဇင်အောင် ...၊ ဟင့်အင်း ... တစ်ခါမှ မကြားဖူးဘူး၊ မြဇင်အောင် ဆိုတာ ဘယ်သူလဲ ..."

"မြဇင်အောင် ဆိုတာ ဘယ်သူလဲလို့ မလတ်ကို သမီးက မေးမလို့ ..."

"တို့မှ မသိတာ၊ ကြားလည်းမကြားဖူးဘူး၊ တစ်ခါမှကို ဒီနာမည် မကြားဖူးတာ၊ သူက ဘာဖြစ်လို့လဲ ...၊ နတ်သမီး ဒီမြဇင်အောင် ဆိုတာ နတ်သမီးအတွက် ဘာအရေးကြီးနေလို့လဲ ...၊ ခုမှ ကြားရတဲ့ နာမည်လဲ ..."

"ကိုကြီး ပါးစပ်က"





မလတ် တအံ့တဩ ပါးစပ်အဟောင်းသား ဟာနေကာ နတ်သမီးကတော့ နှုတ်ခမ်းအတွင်းသားလေးကို အံ့သွားနှင့် ဖိကိုက်ရင်း တလှုပ်လှုပ် ဝမ်းနည်းလှုပ်ရှားလာတဲ့ စိတ်ကို အတင်းကြီး ဖိနှိပ်ထိန်းချုပ်ထားရပါသည်။






www.burmeseclassic.com

www.burmeseclassic.com









# ၉

"နတ်သမီး ..."

နတ်သမီးက ထမင်းစားနေရာမှ ခေါင်းကို မတ်၍ မျက်လွှာပင့်ကာ မျက်နှာချင်းဆိုင်ကာ ကိုကြီးကို ကြည့်လိုက်ပါသည်။

"ဘာဖြစ်နေလဲ ..."

"ဘာဖြစ်လို့လဲ ..."

"အင်း ... အသံကိုက တစ်ခုခု ဖြစ်နေတဲ့ အသံပဲ ..."

"ကိုယ့်ဟာကိုယ် ထမင်းစားနေတာ ဘာဖြစ်ရမှာလဲ ... အလကား မေးနေတယ်"

"ကိုယ့်ကို ဘာပြောစရာရှိလဲ ..."

နတ်သမီးက မျက်နုံးကို တွန့်ရှုံ့လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေရင်းထိုင်ရင်း ဘာပြောစရာ ရှိရမှာလဲ ... ဘာမှ ပြောစရာမရှိဘူး"

ကြီးခေါင်စောက ခေါင်းကို ခပ်ဖြည်းဖြည်းလေးလေးနှင့် တဆတ်ဆတ် ညိတ်နေရင်းက ...

"မြဇင်အောင်ဟာ ဘယ်သူလဲ သိချင်လား ..."

နတ်သမီးသည် ရင်ထဲ ဒိန်းခနဲ ဖြစ်သွားကာ နားထဲအူ၍ မျက်စိက မီးပွင့်သလို ဖြစ်သွားပါသည်။ ဤသို့ မေးခံလိုက်ရခြင်းအတွက် ခါးသီးသွားကာ မေးလိုက်သည့် ကိုကြီး မျက်နှာကလည်း မချိမချဉ်နိုင်သည့် ထင်ကာ အမြင်ကတ်လှသည်။

"မသိချင်ပါဘူး ..."

ခပ်ဆတ်ဆတ် တုံ့ပြန်လိုက်သော နတ်သမီးရဲ့ ပန်းကန်ထဲသို့ ကိုကြီးက ကြက်သားပန်းကန်ထဲက နှလုံးလေးကို လှမ်းထည့်ပေးလိုက်ပါသည်။ ကြက်တစ်ကောင်လုံးဝယ်မှ သေးသေးလေးတစ်ခုသာပါသော ဤနှလုံးလေးကို နတ်သမီးက ကြိုက်သည်။ သို့သော် နတ်သမီးက ချက်ချင်းပဲ ပန်းကန်ထဲက ပြန်ခပ်ကာ ကြီးခေါင်စော ပန်းကန်ထဲ လှမ်းထည့်လိုက်ပါသည်။ လာထည့်မပေးနဲ့ ... မစားချင်ဘူးဆိုသည့်ဟန် ဆိုးဆိုးဆတ်ဆတ်နှင့် မျက်နှာမှုန်နေ၍ ...

"ကိုယ်က မင်းကြိုက်တတ်တာလေးသိလို့ ထည့်ပေးတာပါ"



"ထည့်မပေးနဲ့ ..."

"ရတယ်လေ ... ကိုယ်လည်း ကြိုက်တာပဲ"

ကြီးခေါင်စောက ခပ်ယူကာ ပါးစပ်ထဲပစ်ထည့်လိုက်သည်။ နတ်သမီးကို စေ့စေ့ကြည့်ကာ ဝါးစားနေရင်းက ...

"မြဇင်အောင်အကြောင်း မသိချင်ဘူးဆိုရင် မလတ်ကို ဘာဖြစ်လို့ သွားမေးကြည့်ရတာလဲ"

နတ်သမီးရဲ့ မျက်နှာက မည်းသွားပါသည်။ မလတ် မလတ်။ အတော်ဖွတဲ့ မလတ်။ အင်းလေ ... မလတ်က သူ့အစ်ကိုကို ပြန်မေးမှာပဲဆိုတာ မပြောခင်ကတည်းက နတ်သမီး မှန်းဆပြီးသားဖြစ်ဖို့ သင့်ပါသည်။

"မမေးဘူး ..."

"မညာနဲ့လေ ... မလတ်ကို မင်းကိုယ်တိုင် မေးခဲ့တယ်လေ နတ်သမီးရယ်"

"အဖြစ်အပျက် အကျိုးအကြောင်းကို ပြောပြရုံပဲ ... လုံးဝ မမေးဘူး"

နတ်သမီးက ဖြောင်လိမ်လိုက်ပါသည်။

"မြဇင်အောင် ဆိုတာ ဘယ်သူလဲဆိုတာ မေးတာ မဟုတ်ဘူးလား ..."

"မမေးဘူး ... သိလည်း မသိချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်သမီးသည် နှုတ်ခမ်းကလေးတွေ တုန်ကာ မျက်ရည်ရစ်လည်လာ၍ ကိုကြီး မမြင်စေချင်တာကြောင့် ထမင်းစား ခန်းကို ရုပ်ပစ်လိုက်ကာ ထမင်းစားပွဲမှ ထ,လိုက်ပါသည်။

ဗေစင်မှာ လက်ဆေး ပါးစပ်ဆေးလုပ်နေခိုက် —

"အဲဒီစာတွေဟာ ဘာတွေလဲဆိုတာ မင်း ဖတ်ချင်ရင် ရတယ်၊ သိချင်ရင် မင်းမှာ ဖတ်ကြည့်ခွင့် ရှိပါတယ် — ဖတ်ကြည့်ပေါ့"

"မဖတ်ဘူး ... သိလည်း မသိချင်ဘူး"

"စာတွေ ထည့်ထားတဲ့အံဆွဲကို ကိုယ် ဖွင့်ပေးထားလိုက် မယ်၊ မင်း သိချင်လာတဲ့အခါကျရင် ယူဖတ်ကြည့်ပေါ့။ သူ့အကြောင်း မလတ်လည်း သိတာ မဟုတ်ဘူး၊ သိချင်ရင် နှုတ်သမီး ကိုယ့်ဆီကပဲ သိလို့ရနိုင်တယ်"

နှုတ်သမီးသည် ရင်ထဲ တလိပ်လိပ်နှင့် ဒေါသ ကျိတ်ထွက်လာကာ ပေါက်ကွဲမထွက်စေလို၍ ကြီးခေါင်ဆော ရှိရာကို ရှောင်ထွက်လာခဲ့ပါသည်။ ကွန်ဒိုတိုက်ခန်းဖြစ်နေ၍ သူ့ ကို မျက်နှာချင်းမဆိုင်ချင်လို့ ခြံထဲလေးဘာလေး ဆင်းနေလို့လည်း မရ။

အိပ်ခန်းသုံးခန်းပါ၍ တစ်ခန်းဟာ သူတို့ရဲ့ အိပ်ခန်း နောက်တစ်ခန်းကို ကြီးခေါင်ဆော အလုပ်ခန်း လုပ်ထား





အခန်းပိုမှာတော့ အချို့သော ပစ္စည်းပိုများ ထားသည့် ဗီရိုတွေပဲ ရှိပါသည်။ လွတ်ရာကျွတ်ကြောင်းဖြစ်အောင် အဲဒီအခန်းပိုထဲဝဲ ဝင်လာကာ ဒရင်းဘက်ကြီးပေါ်မှာ ခွေခွေစောင်းစောင်းကလေး လာလှဲနေလိုက်ပါသည်။

ကိုယ်တစ်ယောက်တည်း ရှိနေတာ သေချာတဲ့အခါ ကျမှ လိပ်၍လိပ်၍ လှိုက်လှဲတက်နေသော အဆို့အလုံးများက အရည်ပျော်ထွက်ကျလာသလို မျက်ဝန်းထဲမှ မျက်ရည်ပေါက်ကြီး များက စောင်းအိပ်နေသော ညာဘက်မှ ပါးပြင်ပေါ် တလိမ့်လိမ့် စီးကျလာပါသည်။

မျက်ရည်ပေါက်တွေ စီးကျလာရုံနှင့် မပြေပျောက် သေးပဲ မျိုသိပ်ချ၍ မရနိုင်သော ဟိုးရင်ထဲက ရှိုက်သံကြီးများက အောင့်လို့မရ ထိန်းလို့မရပဲ တအစ်အစ်နှင့် ကြိတ်မနိုင်ခဲမရ ထွက်ကျလာပါသေးသည်။

မျက်ရည်တွေကို ခပ်ကြမ်းကြမ်းသုတ် ... အောက်နှုတ် ခမ်းကို ဖိကိုက်ကာ အချိန်တိုနှင့် အငိုအရှိုက်ကို ရပ်တန့်ပစ်သည်။ ဘာအတွက်ကြောင့် တနုံ့နုံ့ ခံစားရပါသနည်း။

မြဖင်အောင် ဆိုတာ ဘာမှန်း ... သူ့စာတွေဟာ ဘာမှန်း သိရသေးတာလည်း မဟုတ်ဘဲ ဘာကြောင့် ကြိုတင်သံသ ယဝင် ခံစားနေမိသည်ကို နားမလည်ပါ။ ခံစားရချက် အသေးစိတ်

www.burmeseclassic.com



ကိုလည်း ပြေ ဒို့ကို မပြတ်ပေ။ မကျေမချမ်း မခံမရပ်နိုင် ဖြစ်နေတာကိုသာ ဖွင့်ပြောပြနိုင်က ကယ်ခံစားချက်အသေး စိတ်ကတော့ ထူးဆန်းလှပါသည်။ ဖွင့်ဟလိုကို ပြောမပြတတ် သေးပါ။

သူက အံဆွဲကိုတောင် ဖွင့်ထားလိုက်ဦးမတဲ့။ ဒါ သက်သက် အနိုင်ယူစကား ပြောတာ။ ဖွင့်မှာဖြင့် ဖတ်စေမှာဖြင့် အစောကြီးကတည်းက အံဆွဲကို သော့ခတ်ပိတ်မထားလိုက်နဲ့ပေါ့။ နတ်သမီးက ဖတ်ချင်လွန်းနေလို့ ဖွင့်ပေးရတဲ့သဘောကို သူက သက်ရောက်စေလိုက်တာ ဖြစ်သည်။

မဖတ်ချင်ဘူးလား ဆိုတော့လည်း ဖတ်ချင်သည်။ သူ့ဆီလာနေတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ စာတွေကို နတ်သမီးက သိချင်စိတ်အကြီးနှင့် ဖတ်ရမှာကိုလည်း မဖတ်ချင်။ သိကလည်း သိချင် ... သိချင်နေရတဲ့ဘဝကို ရောက်ရတာကိုလည်း မခံမရပ် နိုင် ...။ ခံစားရပုံက မုန်းစရာ ကောင်းလွန်းပါသည်။

တကယ်တော့ နတ်သမီးက မဖတ်ဘူးဆုံးဖြတ်ကာ လုံးဝ မတို့မထိ ဖတ်မကြည့်လည်း ကိုကြီးကတော့ အံဆွဲကို ဖွင့် ထားပြီးသားမို့ ဖတ်ကြည့်ပြီလို့ပဲ ထင်မှာပါပင်။ မဖတ်ဘူးလို့ လုံးဝ အယုံအကြည်မရှိမဲ့ အတူတူ ဖတ်ကြည့်ရတော့ သိရသေး သည်။





နတ်သမီးသည် အကြိမ်ကြိမ် စဉ်းစားပြီး ဖတ်ကြည့် ရည်လို့ ဆုံးဖြတ်ချက်ချလိုက်ပါသည်။ ဒါပေမဲ့ ... ကိုကြီးအိမ်မှာ ရှိတုန်းတော့ မဖတ်ဘူးပေါ့။ သူ အပြင်ထွက်နေတုန်း ဖတ်ရမှာ ဖြစ်တဲ့အတွက် မနက်ဖြန် ဆိုင်ကို မလိုက်ဘူးဆိုတာ မလတ်ထံ ဖုန်းဆက်အကြောင်းကြားလိုက်ပါသည်။

* * *

ကို

ဒီလက်ရေးကို ကို မမေ့တန်ကောင်းဘူးလို့ ထင်မိ ပါတယ်။ ကို အစောင်ပေါင်းများစွာ ဖတ်ဖူးခဲ့တဲ့ စာလေး တွေထဲက ဒီလက်ရေးကို အမှတ်တမဲ့ ဝိုးတဝါးဖြစ်ပြီဆို ရင်တောင်မှ 'မြဇင်အောင်' ဆိုတဲ့ နာမည်ကလေးဟာ အနည်းဆုံး ကို့မှတ်ဉာဏ်ထဲမှာ မမေ့ပျောက်လောက်သေးဘူး ထင်ပါရဲ့။

တစ်ချိန်က ချစ်တယ်ဆိုခဲ့တဲ့ ကို့ကိုလည်း သိပ်ချစ် ခဲ့ဖူးတဲ့ မြဇင်အောင် ဆိုတဲ့ မိန်းမတစ်ယောက်ကိုပါ ကို ဝိုးတဝါး ဖြစ်နေလောက်ပြီလားကွယ် ...။ 'ကို' လို့ ပိုင်ပိုင် နိုင်နိုင် ဆက်ဆံသုံးစွဲနေမိသလို ကိုယ့်ကိုယ်ကိုလည်း နှုတ်ကျိုး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့အတိုင်း ကို ခေါ်တဲ့အတိုင်း'ဇင်'လို့ပဲ သုံးစွဲခွင့်ပြုပါနော် ...။

ဒီစာကို ရေးဖို့ မရေးဖို့ ဇင် အတန်တန် စဉ်းစားဆုံးဖြတ်ပါသေးတယ်။ ကို သိတဲ့အတိုင်း ဇင်ဆိုတဲ့ မိန်းမဟာ ဘာကလေးကိုပဲဖြစ်ဖြစ် စာရွက်ပေါ် ချရေးလိုက်ရမှ နေသောထိုင်သာရှိပြီး ရင်ပေါ့တတ်သူမို့ ကိုနဲ့ ခွဲခွာကြကတည်းက ကို့အတွက် ဇင် ရေးခဲ့တဲ့ စာတွေဟာ ရေတွက်လို့တောင် ရနိုင်မှာ မဟုတ်ပါဘူး။ တစ်စောင်ပြီး တစ်စောင် တစ်ရွက်ပြီးတစ်ရွက် ဇင် စာတွေ ရေးနေခဲ့တယ်။

အဲဒီစာတွေဟာ ကို့ဆီ ပို့ဖို့ရယ်လို့ ရေးခဲ့တာတွေ မဟုတ်ပါဘူး။ ဇင့်ဘာသာ ဇင့်ခံစားချက်တွေကို ရင်ပေါ့အောင် ချရေးခဲ့တာတွေချည်းပါ။ ဒါပေမဲ့ ကို လက်ထပ်လိုက်ပြီဆိုတာ သိလိုက်ရတဲ့နေ့ကတော့ ဇင် ရေးမိတဲ့စာကို ကို့ဆီ ပို့ချင်လိုက်တာလေ ...။ ကို့ကို အပြီးသတ် ဆုံးရှုံးလိုက်ရတဲ့အတွက် ဇင် ဘယ်လိုခံစားရတယ်ဆိုတာ ကို သိစေချင်မိတယ်။ ကို သိချင်သည်ဖြစ်စေ မသိချင်သည်ဖြစ်စေ ကို့ကို ပြောပြချင်မိတယ်။

ဒါပေမဲ့ ဇင် စိတ်ထိန်းခဲ့ပါတယ်နော် ...။ အဲဒီ[illegible]ပိုင်းရဲ့ ရင်ကွဲပက်လက်စာတွေကို ကို့ဆီ မပို့ပေးခဲ့ပါဘူးကွယ်၊ ကို ဖတ်ရရင်လည်း စိတ်ဆင်းရဲရတာသာ ရှိမယ်လို့





ဇင် နားလည်ပါတယ်။ ကို့ကို စိတ်မဆင်းရဲစေချင်ဘူး။ စိတ်အနှောင့်အယှက် မဖြစ်စေချင်ဘူး။ စိတ်ဆင်းရဲစရာရှိရင် ဇင်ပဲ စိတ်ဆင်းရဲပါရစေတော့ ...။

ဒီကြားထဲလည်း ကိုနဲ့ ပတ်သက်တဲ့ ကို့အတွက် စာတွေကို ဇင် အမြဲတမ်း ရေးနေခဲ့တယ်။ ဘယ်တော့မှ မပျက်ခဲ့ဘူး။ မထည့်ဖြစ်တဲ့စာတွေ ဇင့်ဆီမှာ တစ်ထပ်ကြီးပါပဲ ကိုရယ်။ ဟိုတလောကတော့ မိတ်ဆွေတစ်ယောက်နဲ့ လမ်းမှာ တွေ့ကြတယ်။ ကိုနဲ့လည်း ခင်တယ် ... ဇင်နဲ့လည်း ခင်တယ်လေ။ သူ့ဆီကတစ်ဆင့် ကို့အိမ်ထောင်ရေး အဆင်မပြေလှကြောင်း ... ကို ယူလိုက်တဲ့ မိန်းကလေးက ကိုယ့်ကို လုံးဝ ချစ်မြတ်နိုးမှု မရှိကြောင်း ... ကို့အပေါ် စိတ်တောင် မဝင်စားလှကြောင်း ... ကောင်လေးတစ်ယောက်နဲ့ တွဲသွားတွဲလာ လုပ်တာမျိုးတောင် ရှိတဲ့အကြောင်း ပထမပိုင်း သည်းညည်းခံခဲ့တဲ့ ကိုဟာလည်း နောက်ပိုင်းမှာ သည်းညည်းမခံနိုင်တော့ကြောင်း ... ကတောက်ကဆ ဖြစ်ကြရကြောင်း ... ကွဲလုကွာလုဖြစ်ပြီးမှ ဆက်ပေါင်းဖြစ်ကြတော့လည်း အိမ်ထောင်ရေးကြီးဟာ အေးတိအေးစက် ပေါ့ပျက်ပျက်နဲ့ သာယာကြည်နူးစရာ ကျေနပ်နေပျော်စရာ တစ်စက်မှမရှိတဲ့အကြောင်း ... ကိုယ့် အိမ်ထောင်ရေးအပေါ်မှာ ကို စိတ်ပျက်လေလွင့်နေတဲ့အကြောင်း ... ပျော်ရွှင်စိတ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းကျွစရာ ဘာတစ်ခုမှ လုံး၀ မရှိတဲ့ အိမ်ထောင်ရေး အတွက် ကို နည်းလမ်းထွက်ပေါက်ရှာဖွေနေကြောင်းတွေ အစုံအစုံပဲ သိခဲ့တယ် ..."

"တောက် ..."

နတ်သမီးသည် အံကို တင်းတင်းကြိတ်ကာ စာရွက်ပေါ် မျက်ရည်ပေါက်ကြီး ပေါက်ခနဲ ပြုတ်ကျလာပြီး ဒေါမနဿတွေ တဖွားဖွား ထလာပါသည်။ အဓိက လက်သည်က ကိုကြီးပဲပေါ့။ ဒီစကားတွေကို ဘေးပတ်ဝန်းကျင်ကို ကိုကြီး လျှောက်ပြီး အာမချောင်ရင် ဘယ်သူ သိမှာလဲ ...။

သူ အာချောင်ပြီး လျှောက်ပြောလို့သာ သူများတွေ တစ်ဆင့် တစ်ဆင့် သိကုန်တာ။ သိကုန်လို့သာ ဒီမိန်းမ ဒီလိုရေး စရာအကြောင်း ရလာတာ။ တော်တော်မျက်နှာပြောင်တဲ့ မိန်းမ။ စာရွက်တစ်ခုလုံး မျက်ရည်တွေနဲ့ စိုအိနေတော့မဲ့အတိုင်း ဝမ်းနည်း ရှုံ့ဖတ်ပြီး ရေးရဲလိုက်တာ။

ကိုကြီးကလည်း ကောင်လေးတစ်ယောက်နဲ့ နတ်သမီး တွဲသွားတွဲလာ လုပ်တဲ့အထိ သတင်းဖြန့်ဝေတာကတော့ လွန်လွန်းအားကြီးပါသည်။ ကွဲကွာလုလုတောင် ဖြစ်သတဲ့လေ။ စိတ်ပျက်လေလွင့်တောင် ဖြစ်သတဲ့လေ။ နည်းလမ်းထွက်ပေါက် တောင် ရှာဖွေနေသတဲ့ ... ဟင်း ...။





ဒါတွေဟာ ကိုကြီးကပဲ ပိုပိုသာသာ ပြောသလား ... ကြားလူကပဲ ချဲ့ချဲ့ကားကား လုပ်သလား ... ဒီအချွဲမကပဲ မရှိ ရှိတာကို အတင်းနင်းကန် ပုံကြီးချဲ့ပြီး ပြောချင်ရာတွေ လျှောက်ပြော နေလား။ ကိုကြီးက တကယ်ပဲ ပြောခဲ့တာဆိုရင်တော့ ... အသည်း ယားဖို့ ကောင်းလှသည်။

ကိုယ်တောင် မသိလှပဲ ကိုယ့်ယောက်ျားဟာ စိတ် ပျက်လေလွင့်ပြီး နည်းလမ်းထွက်ပေါက် ရှာဖွေနေသည်ဆိုတော့ ကိုယ်ကပဲ ပေါင်းချင်စရာ မကောင်းလောက်အောင် ချို့ယွင်းချက် တွေ စိတ်ပျက်စရာတွေ ပိုင်ရှင်လိုလို ...။

"တောက် ..."

နောက်တစ်ကြိမ် ထပ်တောက်ခေါက်မိပြီး စာကို ဆက်ဖတ်ပြန်ပါသည်။

" .... ကိုကို ဗင် ဘယ်လောက်သနား ကရုဏာ သက်ရ တယ်ဆိုတာ ကိုယ် သိမှာ မဟုတ်ဘူးနော် ...။ ဗင် ဝမ်း နည်းမိတယ်။ ကို့အတွက် မျက်ရည်ကျမိတယ်။ ဒီတော့ မှပဲ ကို့ဆီကို ဗင် စာရေးမယ်လို့ ဆုံးဖြတ်ခဲ့တာပါ။ ဗင့် ရဲ့စာလေးဟာ ကို့အတွက် စိတ်အငြိမ်ပြေစရာသော်လည်း ကောင်း ဖြစ်စေချင်တယ်။ ကို့စိတ်ကို နည်းနည်းကလေး အားပေးခွင့်ကလေးသော်လည်းကောင်း ရချင်တယ်။ အနည်းဆုံး ဗင်ဟာ ကို့အတွက် စိတ်မကောင်းဖြစ်ပေးဖော်



www.burmeseclassic.com

www.burmeseclassic.com



ရသေးပါလား ... ကို့ ဘက်က ရပ်တည်ခံစားပါလား ဆိုတာလေး ကိုသိနိုင်ရင်တောင်မှ ဇင် ကျေနပ်ပါပြီ။

ကိုယ့်ဘာသာ ကို့စိတ်ကြိုက် ရွေးချယ်ထူထောင်လိုက်တဲ့အိမ်ထောင်ရေး မသာယာတော့ ကို့စိတ်တွေပင်ပန်းနွမ်းနယ်ရမှာပဲနော် ...။ ဇင် စိတ်မကောင်းလိုက်တာ အရမ်းပဲ ကိုရယ် ...။ ကို ဇင့်ကို မရွေးချယ်ခဲ့တာတောင်မှ ကို ရွေးချယ်တဲ့သူနဲ့ ကို့ဘဝ စိုပြည်သာယာရင် ဇင် ကျေနပ်ပါတယ်။ ဇင် မုဒိတာပွားနိုင်ပါတယ်။ ခုတော့ ကို့မှာလည်း စိတ်မချမ်းသာရပါလား ကိုရယ် ...။

ဇင်နဲ့ ကိုနဲ့ ဘာကြောင့် ကွဲကွာသွားခဲ့ကြရပါလိမ့်လို့ ပြန်စဉ်းစားကြည့်တော့ ဘာအကြောင်းမှလဲ မယ်မယ်ရရ မရှိဘူးနော်။ ကို့ဘက်က သွေးအေးသွားတာသာလျှင် တစ်ခုတည်းသော အကြောင်းအရာပဲနော်။ ဇင့်ကို ကို စွဲလမ်းနေအောင် ဆွဲဆောင်မထားနိုင်တဲ့ ဇင့်ရဲ့ အားနည်းချက် ... ဇင်ရဲ့ အပြစ်လို့သာပဲ ဇင် ခံယူပါတယ်။

စိတ်ကူးတွေတော့ ယဉ်ခဲ့ဖူးပါတယ် ကိုရယ် ...။ ကိုနဲ့ လက်ထပ်ဖြစ်ကြတဲ့အခါ ကို့ကို ဇင် ဘယ်လို ပြုစုမယ် ... ကိုမျက်နှာ မညိုရ မညိုးရအောင် ထားမယ်ဆိုတာတွေပေါ့ ...။ တကယ်ပါ စိတ်ကူးယဉ်တွေနဲ့ ရူးသွပ်ခဲ့ဖူးတဲ့ ဇင်ပါ ကိုရယ် ...။



ကို ကြိုက်တတ်တာတွေ ဇင် သိတော့ ကို့ကို ချက်ပြုတ်ကျွေးမယ် ...။ ကို လိုအပ်တာတွေအားလုံး လုပ်ပေးမယ်။ ကို့ဝေယျာဝစ္စ ကိစ္စအားလုံး ခံမယ် ... ကို အလုပ် ပင်ပန်းရင် ဇက်ကြောဆွဲပေးမယ် ... ခြေသည်းလက်သည်း ညှပ်ပေးမယ် ... ဆိုတဲ့အထိ ...။

"သေလိုက် ...၊ အရူးမ ...၊ နင် အဲဒီစာရေးစားပွဲနားမှာပဲ ခွေခွေလေးသာ လဲသေလိုက်တော့ ..."

နတ်သမီးက ဒေါသတကြီး မအောင့်မအည်းနိုင် အော်ဟစ်ပစ်လိုက်မိကာ စာရွက်ကို ခေါက်လုံးချေပစ်လိုက်မိပါသည်။ ဒါဟာ နေ့စွဲတွေအရ ပထမဆုံးစာ။ ဆုံးပဲမဆုံးနိုင်အောင် တရှည်တလျား ...။ နောက်စာတွေဟာလည်း အဲဒီစာအတိုင်း ရှည်တောင့်ရှည်လျားတွေချည်းပင်။ နတ်သမီးသည် အောက်နှုတ်ခမ်းကို ကိုက်ကာ စာတွေကို အငြိုးတကြီး စိုက်ကြည့်နေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပပက ဖုန်းဆက်၍ သတင်းထူး ပြောမယ် ... မုန့်ကျွေးမယ် ... ရုံးကို နေ့လယ်လာလည်ဆိုတော့ တစ်ရက်မှာ မလတ်ဆိုင်ကို မလိုက်ဘဲ နေ့လယ်ကျမှ ကားငှားပြီး ပပ ရုံးကို သွားလည်ပါသည်။

ပပထံက ဖုန်းလာတုန်းက တစ်ချက်မြည်ရုံနှင့် ချက်ချင်း ပြေးကိုင်လိုက်၍ ပပအတွက် အထူးတဆန်း ဖြစ်နေပါသေးသည်။ ခါတိုင်းက ဖုန်းလာလျှင် ကိုင်သူဟာ ဒေါ်ညွန့်သာ။ ဒေါ်ညွန့်ကမှတစ်ဆင့် ကိုကြီးကိုလည်းကောင်း ... နတ်သမီးကိုလည်းကောင်း ခေါ်ပေးတတ်တာ။ ခုတလောတော့ ဖုန်းမြည်သံကြားလျှင် နတ်သမီးက ဦးအောင် ပြေးကိုင်သည်။

စာတွေ တစ်ပတ်တစ်စောင် ရေးနေတဲ့ သူတော်ကောင်းမ,ဟာ ဖုန်းလည်း ဆက်ကောင်းဆက်နိုင်မည်ဟု ထင်သည်။ ဒေါ်ညွန့် ကိုင်လိုက်လျှင် ဘယ်သူကဆက်သည် ဘာညာ ရေရေရာရာ သိလိုက်ရတော့မှာ မဟုတ်၍ တစ်စုံတစ်ခု ဆိုလျှင် ကိုယ်အရင်သိခွင့်ရအောင် နတ်သမီးသည် ခုတလော ဖုန်းမြည်သည်နှင့် အပြေးကိုင်တော့တာပင်။



ဖုန်းလာရင်လည်း မျက်ခြည်မပြတ်စေရ။ လူလာလျှင်လည်း မျက်ခြည်မပြတ်စေရ။ စာလာလျှင်လည်း မျက်ခြည်မပြတ်စေရ။ အိမ်ကကိစ္စ ကိုယ် မသိလိုက်ရတာ ဘာမှ မရှိရလေအောင် မျက်ကလဲဆန်ပြာ ဖြစ်နေသည်။ ဗုဒ္ဓဟူးနေ့လို စာလာတဲ့နေ့မျိုးမှာ ညနေ ကိုကြီး ထမင်းသိပ်မစားသော အဖြစ်မျိုးသည်ပင်လျှင် နတ်သမီး အတွက်တော့ အကြောင်းထူးပင်။

တိုက်ဆိုင်တာပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ် စာဖတ်ပြီးတော့ များ မစားနိုင် မသောက်နိုင် ဖြစ်သလားဆိုတာဟာလည်း ထည့်စဉ်းစားစရာ တစ်ချက်ပင်။ ဒါကြောင့် ဘယ်လောက်သေးသေး ကွေးကွေး ကိစ္စလေးကိုဖြစ်ဖြစ် ကိုယ် မသိလိုက် မရှိရလေအောင် နတ်သမီး ဗျာများနေရပါသည်။

ပပ ရုံးကိုရောက်လျှင် ပပက ပြုံးစိစိ ဆီးကြိုပါသည်။

"အတော်ပဲ ... ဒီနေ့ လူလည်းရှင်းတယ် ... အလုပ်နည်းနည်း နည်းတယ် ...၊ နင့်မျက်နှာက အေးစက်စက်နဲ့ ဘာဖြစ်နေတာလဲ ..."

"ငါ ခေါင်းနည်းနည်း ကိုက်နေလို့ပါ"

"ဟယ် ... ဒါဆိုလည်း ရက်ပြောင်းရင် ပြောင်းလာလိုက်တာ မဟုတ်ဘူး၊ နင် မလာတော့ဘူးလို့ ဖုန်းဆက်လိုက်လည်း ရပါတယ်"

"လာလည်း လာချင်ပါတယ် ... နင်နဲ့ တွေ့ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင်က တွေ့ချင်တယ်ဆိုပြီး လာမှမလည်တာ၊ နင့်ယောက်မ ဆိုင်ပဲ လိုက်ထိုင်နေတာကိုး ..."

"ယောက်မဆိုင် လိုက်ထိုင်နေတာလည်း အလကား မဟုတ်ဘူး၊ သူ့ဆီက ကြားချင်တာ သိချင်တာတွေရှိလို့ စကားစမြည်ပြောရအောင် လိုက်ထိုင်နေတာ ..."

"ဘာတွေလဲ ..."

"အဲဒါ ထားလိုက်ပါ ...၊ နင့်သတင်းထူး ဆိုတာ ဘာလဲ၊ နင့်အမေက ယောက်ျားပေးစားတော့မယ်တဲ့လား ..."

"ဟား ... ဟား ...၊ ငါ့အမေက မပေးစားပါဘူး ...၊ ငါက သာ ငါ့ဘာသာငါ ...၊ ဟဲ့ ... ငါနဲ့ ကျော်ကျော် တစ်နေ့က ကြည်သွားပြီ"

"ဟုတ်လား ..."

ပပရဲ့ စိတ်သဘောကတစ်မျိုး၊ ဖြောင့်ဖြောင့်ရှင်းရှင်းမို့ ဤစကားကို တကယ်ကို လှိုက်လှဲဝမ်းသာစွာ ပြောပြတာဖြစ်ပါသည်။ ကျော်ကျော်ဟာ တစ်ချိန်က နတ်သမီးကို ချစ်ခဲ့ဖူးသည် ဆိုတာကို အရေးပင် ထည့်မလုပ်။ သူ့အတွက် ထည့်တွက်စရာကို မဟုတ်ပေ ...။

သူ တိတ်တခိုး စိတ်ဝင်စားမြတ်နိုးခဲ့တာ ကြာပြီဖြစ်တဲ့ သူရဲ့ မေတ္တာကို အခု သူ လက်ခံရရှိပြီ ဖြစ်သည့်အတွက် သူ ပျော်သည်။ ရှင်းရှင်းပဲ စဉ်းစားသည်။





"နင့် မျက်နှာကြီးက ဘာဖြစ်တာလဲ ... နင် မကျေနပ်ဘူးလား ..."

"ဟဲ့ ... ငါက မကျေနပ်စရာ ဘာရှိလဲ ...၊ နင့်သတင်းထူးကို ငါ့မှ အဲဒါများလားလို့ ထင်ပြီးသား ...၊ မဟုတ်မှာစိုးလို့သာ ကြိုမပြောတာ ..."

"ဒါဖြင့် နင့်မျက်နှာကြီးက ဘာလို့ တအားပျက်ရတာလဲ"

"ဒေါသဖြစ်လို့ပေါ့ ..."

"ဘာကိုလဲ ..."

"ဘာကိုဖြစ်ရမလဲ ... ဦးကြီးခေါင်ဇောကိုပေါ့ ...၊ တစ်နေ့မှာ ကျော်ကျော်နဲ့ ပပဟာ ချစ်သူတွေ ဖြစ်ကြတော့မှာပါလို့ ငါ ပြောတာကို လုံးဝ လက်သင့်မခံဘဲ ... ငါနဲ့ ကျော်ကျော် နဲ့ အပြင်ကို အတူထွက်တယ်ဆိုတဲ့ အမှုနဲ့ ငါ့ကို အလုပ်ထွက်ခိုင်းခဲ့တာ ဘယ်လောက် မုန်းဖို့ကောင်းလဲ ... ငါ့မိဘကိုပါ လာပြောတော့ ငါ့အဖေအမေကလည်း ချက်ချင်းပဲ ထွက်ဆိုပြီး ငါ့မှာ သက်သက်မဲ့ အလုပ်ထွက်လိုက်ရတယ် ..."

"ဒါတော့လည်းဟယ် ... ကျော်ကျော်က နင့်ကို ပြောရှာတယ် ဆိုတော့ သူ့ရင်ထဲ စိုးရိမ်တာ ရှိမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ဘက်က ရိုးရိုးရှင်းရှင်းပဲလေ ...၊ ကျော်ကျော်နဲ့ငါ တစ်ရုံးတည်း နှစ်ယောက်ကျန်ခဲ့တာဆိုပြီး နင် စိတ်ပူဖူးသလား ..."

"ဒါတော့ နင် ကျော်ကျော့်ကို လုံးဝ မကြိုက်တာ ငါ သိတာကိုး၊ ငါက ဘယ်ပူမလဲ၊ ကိုကြီးကကျတော့ နင့်စိတ်ကို သေချာသိမှာမှ မဟုတ်ပဲ၊ ဒီကြားထဲ နင်က သူ့ကို မချစ်ဘူးဆိုထားတော့ နင် ဘယ်သူ့ကို ချစ်မလဲ တွေးပူနေမှာပေါ့"

နတ်သမီးက မဲ့လိုက်ပါသည်။

"နင်ကလည်းဟယ် ... ငါက ပျော်ပြီး နင့်ကို ခေါ်ပြောတာ၊ နင်ကလည်း သဘောတူတယ် တူတယ်ဆိုတော့ နင်လည်း ဝမ်းသာမှာပဲဆိုပြီး ... ခုတော့ နင်က မျက်နှာကြီး ပုပ်စုတ်ပြီးတော့ ..."

"သဘောတူတာက တခြား ... ဒီစကားကြားရတာ စိတ်တောင်တိုသေးတယ် ...၊ ဒီလိုဖြစ်လာပါမယ်လို့ ငါ ပြောရက်နဲ့ မယုံမကြည်နဲ့ ... သဝန်တွေတိုနေတာ ...၊ ခုတကယ်ဖြစ်လာတော့ ... ကဲ ... မြင်ပလား မြင်ပလားဆိုပြီး နားရွက်ကြီးပါဆွဲပြီး ပြချင်တယ်"

"နင်ကလည်းဟယ် ... ရဲကြီးပါမယ် ..."

"ကြီး ... ကြီးပါစေ ..."





ပပက နတ်သမီးရဲ့ မျက်နှာကြီးကို ကြည့်၍ တသိမ့်သိမ့် ရယ်နေပါသည်။ သူကသာ ရယ်နေသော်လည်း နတ်သမီး မျက်နှာက ပြေပျော့မလာ၍ ပပက တအံ့တဩနှင့် ရယ်နေတာကို မျက်နှာပိုးသတ်ရင်း ...

"ဟဲ့ ... မိနတ် ... နင် ဘာတွေ ဖြစ်နေတာလဲဟယ် ...၊ မျက်နှာက တော်တော့်ကို မကောင်းတာ၊ စကားပြောရင်း ဆိုရင်းကကို ပိုပို ပျက်လာသလိုပဲ ...၊ ပြီးတော့ နင် မျက်နှာချောင်ပြီး ပိန်တောင် ပိန်သွားတယ်နော် ..."

"အေး ... နင့်မှာ ငါ့ကို ပြောစရာရှိသလို ငါ့မှာလည်း နင့်ကို ပြောစရာတွေရှိတယ်ဟာ ...၊ ဒါပေမဲ့ နင့်စကားက ပျော်စရာစကား၊ ငါ့စကားက စိတ်ညစ်စရာစကားဟ ...၊ ဒီတော့ နင်နဲ့ကျော်ကျော်အကြောင်း နင် ပြောချင်တာတွေ အားလုံး အရင်ပြော၊ ပြီးမှ ငါ ပြောမယ် ..."

ပပ မျက်နှာလေးက တည်ငြိမ်သွားကာ ...

"ငါနဲ့ကျော်ကျော် အကြောင်းက ကုန်ပြီ၊ ဘာမှ အထွေအထူး ပြောစရာ မရှိပါဘူး၊ ငါတို့ တစ်နေ့က ချစ်သွားကြတယ်၊ ဒါပဲ ... ပြီးပြီလေ ...၊ ပြီးတော့ ဒါက နင် ကြိုသိပြီးသား၊ ငါတို့နှစ်ယောက်အကြောင်းတွေလည်း နင့်ကို အထူးတလည် ပြောပြနေစရာ မရှိဘူး၊ အားလုံးက နင် သိပြီးသားတွေပဲ"

ပပက နတ်သမီး လက်ကလေးကို ဆုပ်ကိုင်ကာ—



www.burmeseclassic.com

www.burmeseclassic.com



"နင့် စိတ်ညစ်စရာအကြောင်းက ဘာလဲ ... ပြောလေ၊ ငါ နားထောင်မယ်၊ နင် ဘာဖြစ်လို့လဲ ...၊ ဘယ်သူနဲ့ ပတ်သက်လဲ ..."

"ကိုကြီး အကြောင်းဟ ...၊ နင် သိရင် အံ့သြသွားမယ်"

"နင်နဲ့ငါ သိပ်မတွေ့ဖြစ်ပေမဲ့ ဖုန်းပြောရင်းတော့ ကိုကြီး အကြောင်းလည်း ပြောဖြစ်နေသားပဲ၊ နင် အလုပ်ထွက်ရပြီး ကတည်းက ကိုကြီးနဲ့နင် သိပ်မကြည်ဘူး၊ ဒါပဲ မဟုတ်လား၊ အခု ကိုကြီးနဲ့ ဘာထပ်ဖြစ်လို့လဲ ..."

"ခုမှ ထပ်ဖြစ်တာ မဟုတ်ဘူး၊ ဖြစ်နေတာ ကြာပြီ၊ နင်နဲ့ ပြောတဲ့စကားတွေထဲမှာ ငါ ထည့်မပြောခဲ့တာ၊ မပြောတာက ဘာမှန်းညာမှန်း ငါလည်း မသိလို့ပဲ၊ ခုတော့ သိပြီ ..."

ညှိုးလျှော်သော နတ်သမီးရဲ့ မျက်နှာကို ကြည့်ကာ ပပက ဘာမှန်း မသိရခင်ကပင် ကြိုတင် ကြင်နာသနားမိပါသည်။ နတ်သမီးဆိုတဲ့ မိန်းကလေးတစ်ယောက်ဟာ သူထို့ သူငယ်ချင်း အဖြစ် ပေါင်းသင်းတွဲဖက်သွားလာနေကြစဉ်က ဒီလို ပုံသဏ္ဍာန် ခပ်ညှိုးညှိုး ဆိုတာမျိုး ဘယ်တုန်းကမှ မဖြစ်ဖူးခဲ့လို့ပါပဲ ...။

ထာဝစဉ် ကြည်လင်တောက်ပသော မျက်နှာနှင့် ရွှင်မြူးတက်ကြွနေတဲ့ မိန်းကလေးမျိုးပါ။ သွက်လက်လန်းဆန်းနေပြီး အစဉ်အမြဲ တစာစာ စကားတွေ ပြောနေတတ်တဲ့ မိန်းကလေးမျိုးပါ။ နတ်သမီးရဲ့ ရာဇဝင်မှာ နွမ်းလျှညှိုးငယ်နေသည်ဆိုတာ





မရှိပါ။ အလုပ်ထွက်ကာစက ကိုကြီးကို မကျေမနပ်တာတွေ ဖောက်သည်ချပြောပြစဉ်တုန်းကပင် ထိုမျက်နှာမှာ စိတ်တိုတာတွေသာ ရှိနေပြီး ခုလို ညှိုးနွမ်းလို့ဖြင့် မနေပါ။

"ပြောလေ ... ကိုကြီးနဲ့ ဘာဖြစ်လဲ ..."

"ကိုကြီးဆီ မိန်းမတစ်ယောက်က အပတ်တိုင်း စာရေးနေတယ်"

"ဟင် ... ဘယ်က မိန်းမလဲ ..."

"ကိုကြီးရဲ့ ရည်းစားဟောင်း ..."

"ဟင် ... ဘာတွေ ရေးနေတာလဲ ..."

ပပမှာ တဟင်ဟင်နှင့် အံ့အားသင့်နေပါသည်။

"ငါ အဆောတလျင် ပြေးရိုက်လိုက်ချင်တဲ့ ဟာမျိုးတွေ ရေးနေတာပဲ ..."

"ဟယ် ..."

ပပ မျက်ခုံးနှစ်ခုမှာ မြင့်တက်နေပါတော့သည်။

"ကိုကြီးကရော ... ပြန်ရေးသလား ..."

"ငါ မသိဘူး ...၊ ဒါပေမဲ့ ဒီမိန်းမရဲ့ စာတွေထဲမှာ ပါတာတွေကို ဖတ်ပြီး ခန့်မှန်းကြည့်ရသလောက်ကတော့ တပြန်မရေးဘူးလို့ ထင်ရတယ်"

"စာတွေကို နင် ဖတ်ရတယ်ပေါ့ ...၊ ကိုကြီးက ပြတယ် ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးက မပြပါဘူး၊ အစောပိုင်းတုန်းက အဲဒီစာတွေကို ကိုကြီးက သော့တောင် ခတ်သိမ်းထားတာ၊ ငါက ဘာစာတွေ ဘယ်သူရေးနေလဲ မေးတော့ ... 'မြဇင်အောင်' ဆိုတဲ့ မိန်းမတစ်ယောက်က ရေးနေတယ်ဆိုတာပဲ ပြောတယ်၊ ငါ သိချင်နေတာကို ကိုကြီးက ပြုံးသွဲ့သွဲ့ လုပ်နေတာ သိပ်ကို အမြင်ကတ်ဖို့ကောင်းတယ်"

"နင် ခိုးဖတ်တာလား ..."

"သော့ခတ်ထားတာပါဆို ... ခိုးဖတ်လည်း မရပါဘူး၊ ငါ မလတ်ဆီ လိုက်လိုက်ပြီး မလတ်များ ဒီမိန်းကလေးကို သိမလားလို့ စကားနှိုက်ဖို့ ချောင်းနေနေတာ၊ နောက်တော့ စကားစပ်မိတော့ မလတ်လည်း ဒီနာမည်ကို မသိဘူး၊ ဒါပေမဲ့ မလတ်က ဒီအကြောင်း သူ့ကို ငါ မေးတယ်ဆိုတာ သူ့ အစ်ကိုကို သံတော်ဦးသွားတင်တယ်လေ၊ အဲဒီတော့မှ ကိုကြီးက သိချင်ရင် တခြားလျှောက်မမေးနဲ့ သူ့ကိုပဲမေးလို့ ပြောတာ၊ သူ့ကို ငါက ဒါတွေ သိပ်သိချင်တဲ့ပုံနဲ့ မမေးနိုင်ပါဘူး ... အောက်လိုက်တာ"

"ဟဲ့ ... ဘာဖြစ်လဲဟဲ့ ...၊ မေးစရာရှိမေးပေါ့ ...၊ မေးခွင့်ရှိတာပဲဟာ၊ ကိုယ်က သူ့မိန်းမပဲ ... နင်ကလဲ ..."

"သူကလည်း ငါ မမေးဘူး ဆိုတော့ သိချင်ရင် စာတွေ ယူဖတ်ခွင့်ရှိတယ်၊ ဖတ်ကြည့်ဆိုပြီး အဲဒီ အံဆွဲသော့ကို





ဖွင့်ပေးလိုက်တာ၊ အစကတည်းက ဖွင့်ပြီး ဒီတိုင်း ထားထားတာမဟုတ်ဘူးနော် ... ငါ သိချင်တယ်၊ မလတ်ကို မေးတယ်ဆိုမှ သူက ဖတ်ခွင့်ပေးတယ်ဆိုတဲ့ အကြောသဘောကြီးနဲ့ ဖွင့်ပေးတာ"

"ဘာသဘောကြီးဖြစ်ဖြစ်ပါဟယ်၊ ဖုံးဖိမထားချင်ဘူး၊ သိချင်ဖတ်ခွင့်ပေးတယ်ဆိုရင် တော်ပြီပေါ့"

"မဟုတ်ဘူးလေ ...၊ ပထမဆုံး စ,လာကတည်းကိုက ဒီစာလာတယ် ... ဒီမှာဆိုပြီး သူ ငါ့ကိုဖွင့်ပြောပြီး ပြရမှာ မဟုတ်ဘူးလား ..."

"နင်တို့ချင်းကလည်း ခပ်တန်းတန်းဆို ..."

"တယ်လိုပဲ တန်းတန်းပါဟာ၊ သူ လုပ်ပုံက ငါ သိပ်သိချင်နေတာကို သူသိတယ်ဆိုတဲ့ အပေါ်စီးက၊ သူခွင့်ပြုတယ်ဆိုတာ အသိပေးပြီးမှ အံဆွဲသော့ကို ဖွင့်ခဲ့တာ၊ သူက အသိပေးရမဲ့ကိစ္စကို အသိမပေးဘဲ ငါ သိလို့ ငါမေးမှ သိချင်ဖတ်ကြည့်ဆိုတာမျိုး ... သိပ် အသည်းယားဖို့ကောင်းတာ"

မကျေမနပ်ရိုပ်နှင့် ဒေါသမကောင်းသည့်တိုင် နတ်သမီးမျက်နှာပေါ်မှာ ညှိုးလျရိပ်က မပျောက်ကွယ်ပါ။ ပပက နတ်သမီးကို ငေးစိုက်ကြည့်နေမိသည်။ နတ်သမီး မျက်လုံးအိမ်မှာ မျက်ရည်စတို့ ရီစွတ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"စာတွေကို နင် ဖတ်ကြည့်တော့ ... ဘာတွေ့လဲ ..."

"သိပ်မှန်းစရာကောင်းတယ်ဟာ ...၊ သူတို့ရဲ့ ရေးဖြစ်ယောင်းတွေရေးလိုက်၊ ကိုကြီး အိမ်ထောင်ရေး မသာယာဘူးကြားတဲ့အတွက် စိတ်ဆင်းရဲရတာတွေ ဖွဲ့နွဲ့လိုက်၊ သူသာဆိုရင် ကိုကြီးလိုလူကို ဘယ်လိုပြုစု ယုယထားမှာပေါ့ဟယ်၊ ငါ မပြုစုတာ မယုယတာ ဘာသိဘာသာ နေစိမ့်တာတွေကို မသိမသာလေး ဝေဖန်လိုက်၊ အောင်မယ် ... မိန်းမကို အလျှော့မပေးလွန်းဖို့၊ တစ်ဖက်သတ်အနွံတာ မခံဖို့တောင် သင်းက ပညာပေးလိုက်သေးတယ်"

"သူ့အပူလား ..."

ပပပင် ဒေါပွလာပါသည်။

"ဒါတွေ ဘာကြောင့် သူက ရေးနေရတာလဲ ... ဘာအကျိုးကို မျှော်ကိုးပြီး ရေးနေရတာလဲ ..."

"သူကတော့ ဘာအကျိုးမှ မမျှော်ကိုးတဲ့သဘောတွေ အထပ်ထပ် အခါခါ သစ္စာဆိုနေတာပဲ၊ ဒါပေမဲ့ စာတွေကို ဖတ်ပြီး ခြုံပြီးကောက်ချက်ချရရင် တစ်ခုပဲလေ၊ ကိုကြီးနဲ့ ဒီမိန်းမ အဆက်အသွယ် ဖြစ်ရချင်နေတယ် ... ဒါပဲ"

"အောင်မာ ... အတော်ကဲတဲ့ မိန်းမ"

"ကိုကြီး အိမ်ထောင်ကျပြီး အိမ်ထောင်ရေး သိပ်အဆင်မပြေသလိုလို သတင်းသိုးသိုးသန့်သန့် ကြားတာနဲ့ ပွဲလန့်တုန်း



ဖျာခင်းမဲ့သဘောပါပဲ ပပ်ရယ် ...၊ ကိုကြီးကို စာပြန်ဖို့ရယ်၊ သူ့ဖုန်းနံပါတ်ဟာ အရင်အတိုင်းပဲ မပြောင်းဘူးဆက်လို့ရတယ် ဆိုတာရယ်ကလည်း အထပ်ထပ် အခါခါပါတယ်၊ ကိုကြီးဆီက အဆက်အသွယ်ကို တအားကိုလိုချင်နေတယ်"

"ဘယ်လိုဖြစ်တာလဲ ... သူနဲ့ အရင်က ဘာဟုတ်ဟုတ်လေ၊ အိမ်ထောင်ရှိနေတဲ့ သူများယောကျ်ားကြီးကို ဒီလိုစာတွေရေးစရာလား၊ ဒီမိန်းမက ရဲလှချည်လား၊ လွန်လွန်အားကြီးတယ်"

"သူ့စာထဲပါတဲ့ အပြောတွေအရ သူက တနင်္လာနေ့တိုင်း ကိုကြီးဆီ စာထည့်တယ်၊ အဲဒီစာက ဗုဒ္ဓဟူးနေ့တိုင်း ငါတို့အိမ်ကို ရောက်တယ်၊ ဗုဒ္ဓဟူးနေ့တိုင်း စာတစ်စောင်တစ်စောင် ရောက်လာတယ်၊ စာတစ်စောင် တစ်စောင်ကိုလည်း အထူကြီးပဲ၊ ပလီပလာလည်း သိပ်များလွန်းတယ်၊ ချွဲပြစ်ပြီး အောက်ကျခံ ရေးလိုက်တာလည်း ပြောမနေနဲ့"

"ဒီလို မိန်းမစားမျိုးက ဒီလိုပဲ ချွဲတတ်ပြစ်တတ်မှာပေါ့၊ တည်တည်တံ့တံ့ မ,တွေက သူများယောကျ်ားဆီကို စာရေးနေပါ့မလား၊ ဒီလိုစာတွေ ရေးနေတယ် ဆိုကတည်းက ဒီမိန်းမဟာ လျော့နေပြီ၊ ဒါမျိုးပဲလာမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့သာဆိုရင် သူက ဘာတွေ လုပ်ပေးမယ် ကိုင်ပေးမယ်၊ ဘယ်လို ကိုကြီးကို စိတ်ချမ်းသာအောင် ထားလိုက်မယ် ဆိုတာတွေက တစ်စောင်နဲ့တစ်စောင် အကြောင်းအရာ မထပ်ရအောင်ပဲ၊ ဒီဘက်မှာ နဂိုက မပြေလည်ပါဘူးဆိုမှ သူ့ဘက်စိတ်လည်အောင် မြှူဆွယ်နေလိုက်တာ ဆိုတာ၊ ငါက ကိုကြီးကို ပြုစုယုယဖို့ဝေးလို့ ဟက်ဟက်ပက်ပက် ချိုချိုသာသာတောင် မရှိတဲ့သူ၊ ငါ့ဆီက ဘာမှ မရလို့ စိတ်ပျက်နေမဲ့သူကို ဒီလို တစ်ပတ်တစ်ခါ မြှူဆွယ်ဖြား ယောင်းစာတွေ ရေးနေတော့ ကြာရင် အိမ်ကဟာကြီးက နောင်တတွေရပြီး ... ဩော် ... ငါ ဟိုတစ်ယောက် ယူခဲ့ မိရ ကောင်းသားလို့တောင် စိတ်လည်လာနိုင်တယ်"

"နင်ကလည်း နင်ပဲ"

"ငါက ဘာဖြစ်လို့လဲ ..."

"နင်ကလည်း ကိုယ့်ယောကျ်ားကို နည်းနည်းပါးပါးလည်း ဂရုစိုက်ဦးပေါ့၊ ဘာသိဘာသာနဲ့ လှည့်မကြည့်စတမ်းနေလို့ ဖြစ်မလားဟဲ့၊ သူ နင် ပြောသလို နောင်တတွေရပြီး ဟိုဘက်ကို စိတ်မလည်အောင်က နင့်တာဝန်ပဲ၊ ဒီဘက်မှာ သူ့စာထဲကထက် သာနေရင် ဟိုဘက်ကို စိတ်လည်စရာ ဘာမှ မရှိဘူး"





"အမယ်လေး ... သေရချည်ရဲ့၊ မလုပ်နိုင်ပါဘူးနော်၊ ကိုယ့်ဟာကိုယ် စိတ်ပါလာလို့ လုပ်တာကတစ်မျိုး၊ သူ တခြားဘက် ပါမသွားအောင်တော့ အရှုယားဖားယား ဖြား ယောင်းမနေနိုင်ပါဘူး"

"နင့်စိတ်ကတော့ ဘယ်တော့ကျမှ ပါလာမှာလဲ မိနတ်ရဲ့၊ ကိုကြီးက နင့်ကို ဒီလောက်ချစ်တာ၊ အိမ်ထောင်ဦးမှာ သူ သိပ်ချစ်မှန်း စိတ်ချရလွန်းအားကြီးသွားလို့ နင် ပေါ့ဆသွား တာ၊ ငါ ဘာမှ မလုပ်လဲ သူချစ်မှာပဲ လို့ ယုံကြည်လွန်းကဲလွန်းလို့ နင့်ဘက်က ဘာမှ မပေးဆပ်တော့ဘဲ နင် နေနေတာ၊ အကျင့်က ပါလာတော့ ခုလိုဖြစ်မှ နင်က ပြန်ဂရုမစိုက်ချင်ပြန်ဘူး၊ အောက်ကျတယ် ထင်ဦးမယ်"

"အောက်ကျတာပဲ"

"မဟုတ်သေးဘူး မိနတ်နော်၊ နင် ပြင်ဦး၊ အပျက်ပျက်နဲ့ နှာခေါင်းသွေး ထွက်မယ်နော်၊ နင် ပြုပြင်ဦး၊ နင်က သူ့ကို တစ်ကယ်မချစ်တာထက် သူကသာ ငါ့ကို ချစ်တယ်၊ ငါက မချစ်ဘူးလို့ ဂုဏ်လုပ်ရတာအပေါ် သာယာနေတာက ပိုနေတာ"

"မဟုတ်ဘူး"

"ဟုတ်တယ် ... ဟုတ်ကို ဟုတ်တယ်၊ ကဲ ... ဒါပြင် ... နင် လုံးဝမချစ်တဲ့သူကို နင် လက်လွှတ်ဆုံးရှုံးလိုက်ရရင်



www.burmeseclassic.com

www.burmeseclassic.com



ကော ဘာဖြစ်သေးလဲ၊ စာတွေ ရေးနေရုံမကလို့ လူပါလာ လာ ပါသွားလည်း အေးရောမဟုတ်လား"

"ဒီလိုလည်း ဘယ်ဟုတ်ဦးမလဲဟဲ့၊ ဒီအချိန်ကျမှတော့ ကွဲရင်ကွာရင် ငါ တစ်ခုလပ် ဖြစ်ရဦးမယ်လေ"

"စကားထဲ ထည့်ပြောမနေနဲ့၊ နင့်ကို အလုပ်ထွက်ဖို့ တစ်ချက်လွှတ်အမိန့်ပေးတုန်းက နင်ပဲ ကွဲမယ်ဆို၊ အဲဒီတုန်းကတော့ တစ်ခုလပ်ကိစ္စ ထည့်မတွက်ပါလား၊ ခုမှ ထည့်တွက်နေတာ၊ ဒီမှာ မိနတ် နင်လည်း ကိုကြီးကို ဆုံးရှုံးမခံနိုင်ပါဘူးဟာ၊ ပြေလည်မှုကို ရှေ့ရှုလိုက်စမ်းပါ"

"မပြေလည်ချင်ပါဘူး၊ ဒီလိုလူကို ..."

"ဘယ်လိုလူလဲ ... ဘယ်လိုလူလို့ ဆိုလိုတာလဲ ..."

"စာတွေလာပြီး ဓာတ်ရှုပ်နေတဲ့လူလေ"

"စာလာတာ ဟိုက ရေးတာကိုး၊ သူ ဖန်တီးတာမှ မဟုတ်ဘဲ၊ သူ ရှုပ်တာမှ မဟုတ်ဘဲ၊ တခြားဘက်က ဓာတ်လာရှုပ်တာပဲ၊ ဒါ သူကော ဘာတတ်နိုင်မှာလဲ၊ နင်ပဲ ပြောတော့ သူက စာပြန်မရေးဘူး၊ မဆက်သွယ်ဘူး ထင်ရတယ်ဆို"

"အင်း ... နောက်ဆုံးအထိ သူ့လိပ်စာ သူ့ဖုန်းနံပါတ်ကို မေ့သွားလို့လား၊ စာတွေ မရောက်လို့လား ဆိုတာ ပါနေတာပဲ"



"အဲဒါ ... ကိုကြီး ပြန်မဆက်သွယ်တာ သေချာနေတာပဲ"

"ဘာပဲဖြစ်ဖြစ် ဒီလို ဓာတ်လမ်းလိုက်ရှုပ်နေတဲ့ မိန်းမတစ်ယောက်ကို သူဟိုအရင်က တွဲခဲ့လို့ ပတ်သက်ခဲ့လို့ ရှုပ်ခဲ့လို့ ခုလို ဓာတ်လမ်းလိုက်ရှုပ်နေနိုင်တာပေါ့၊ သူ လုံးဝ မပတ်သက်ခဲ့ရင်၊ ဒါတွေ ဖြစ်တောင်မလာဘူး"

"ခြော် ... ဒါတော့ဟယ် ... နင်တလည်း ..."

"နင်ကမလည်းနဲ့လေ ... ငါဆိုရင် ဘာမှ မရှုပ်ခဲ့တော့ ငါ့ဆီ ဘာမှ လိုက်လာစရာအကြောင်း မရှိဘူး၊ ရည်းစားလည်း မထားခဲ့ဘူး၊ နည်းနည်းကလေးတောင် ဘယ်သူ့ကိုမှ မအီခဲ့ဘူး၊ နောက်ကြောင်းကို ရှင်းနေတာပဲ၊ သူ့ကျတော့ သူ့နောက်ကြောင်းက သူ့နောက် လိုက်လာတယ်၊ ငါ အသည်းနာတယ်"

နတ်သမီးသည် စာတွေထဲမှာပါသည့် စာသားတွေက အစ ပပကို စိတ်လိုလက်ရ မခံချိမခံသာ ပြောပြနေပါသေးသည်။ နတ်သမီး ပြောနေသမျှကို နားထောင်ရင်း ဤမိန်းမကလည်း အရေးရဲလှပါကလားဟု ပပ ဖုံအားသင့်ရပါသည်။ ကိုယ်တွေထက်တောင် အသက်အရွယ်ကြီးမို ရှိပါလျက် ဘာကြောင့်များ ဂုဏ်သိက္ခာ မထိန်းသိမ်းဘဲ ဤသို့ ရေးနေသနည်း။

ကြီးခေါင်ဆောကို ချစ်လို့ပဲသော်လည်းကောင်း ဓော်မောလို့ပဲသော်လည်းကောင်း၊ လက်မလွှတ်နိုင်အောင် ဖြစ်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



သဘောကို ဆောင်သည်။ ဒီအိမ်ထောင်ရေး ပြိုများပြိုကွဲမလား၊ ပျက်များပျက်စီးမလား ဟု အချိန်မီ စောင့်ကြည့် နေရာလုဦးဖို့ ထင်သည်။

နတ်သမီးသည် ပြောရင်းက မျက်ရည်လည်း လည်လာတတ်သည်။ ငေးမှိုင်း၍လည်း သွားတတ်သည်။ ငိုသံပါလာ၍လည်း ပြောလက်စကို ရပ်ပစ်လိုက်ကာ ထိန်းရတတ်သည်။ အကြီးအကျယ် ပူပြင်းခံစားနေရတာ ပပ ရိပ်မိသည်။

"ဒီမှာ မိနတ် ... နင့်ကို ငါ ကိုယ်ချင်းစာတယ်၊ ငါဆိုရင်လည်း နင့်လိုပဲ ဖြစ်နေမှာပါပဲ၊ ဒါပေမဲ့ ဒီအခြေအနေမျိုးမှာ ကိုယ်က အပေါ်စီးကပါ၊ ကိုယ့်ယောကျ်ားက ကိုယ့်ဘေးမှာရှိတာ၊ အဲဒီ ကိုယ့်ဘေးကနေ လွင့်ပါမသွားအောင်နေတတ်ဖို့က နင့်တာဝန်ပဲ"

"ငါ့ဟာငါ နေနေတာပဲ၊ ဘယ်လိုများ နေရဦးမှာလဲ၊ မဆိုမဆိုင် ဘာမှ အပြစ်တွေ အမှားတွေ မရှိတဲ့သူက အနေအထိုင်ကို ပြောင်းနေရဦးမှာလား"

"ပြောင်းသင့်ပြောင်းရမှာပဲ၊ ကိုယ့်ယောကျ်ားမှ ကိုယ်အဆုံးမခံနိုင်တာ၊ ကိုယ့်ယောကျ်ား ကိုယ်ချစ်တယ်လေ"

"သွားစမ်းပါဟာ ... ဒါမျိုးနဲ့ ဆုံးလို့တော့ ဆုံးစမ်းပါစေ"

"ဒါ ပါးစပ်က အပြောပါဟာ၊ နင့်ရင်ထဲက အဲဒါ မဟုတ်ပါဘူး"





"ဘာလို့ မဟုတ်ရမှာလဲ ... ငါ သူ့ကို မချစ်ဘဲ ယူထားတာ နင် အသိပဲ"

"အစက မချစ်တောင် ... ပေါင်းလာတဲ့နောက်က သံယောဇဉ်ဆိုတာ ရှိတယ်၊ ပြီးတော့ အစကတည်းက နင် ကိုကြီးကို လုံးလုံးမချစ်ဘူးဆိုတာ အပြည့်အဝ မမှန်ဘူး၊ နင်နည်းနည်းချစ်ကိုချစ်တယ်၊ ဒါကြောင့်သာ နင် လက်ခံနိုင်တာ၊ ရပြီးတော့လည်း ကိုယ့်ကို သိပ်ချစ်တဲ့ ယောကျ်ားတစ်ယောက်ကို တွယ်တာမြတ်နိုးချစ်ခင်လာတာ အဆန်းတကြယ် မဟုတ်ပါဘူးဟ"

"ဘယ်မှာ တွယ်တာမြတ်နိုးလာလို့လဲ ..."

"မိနတ် ... မိနတ် ...၊ နင် အခု ဒါတွေ ခံပြင်းနေလို့အပိုပဲ၊ ကိုကြီးဘက်က ဘာမှ မဟုတ်သေးတာ နင်လည်းသေချာသိရက်နဲ့ တစ်ဖက်က လှုပ်ရှားမှုအပေါ်မှာပဲ စိုးရိမ်ပူပန်ပြီး ရတက်မအေးအောင် ဖြစ်နေတာဟာ နင် သဝန်တိုနေတာလေ"

"ဘာ ... ငါက သဝန်တိုတယ်၊ ဟီဟိ ... ရယ်ပစ်လိုက်ဦးမယ်"

"ရယ်ချင်လည်းရယ်ဟာ ...၊ ခုက ကိုကြီး ဖောက်ပြန်လို့နင် ဒေါသထွက်နေတာမှ မဟုတ်တာ၊ တစ်ဖက်က ကြိုးဆွယ်နေတာတွေနောက် တဖြည်းဖြည်း တကောက်ကောက်



www.burmeseclassic.com

ပါသွားလိုပါသွားငြားဆိုပြီး နင် ရင်တွေပူနေတာ၊ အဲဒီအတွေးနဲ့ နေလို့ထိုင်လို့မရတာ၊ ကိုကြီးကိုလည်း ရန်လုပ်လို့ကာမရ၊ နင့်မှာ ပြဿနာတွေ တက်နေတာ၊ အစကတည်းကဘာလို့ ပတ်သက်ခဲ့ရသလဲဆိုပြီး ပြီးခဲ့တဲ့ အဖြစ်အပျက်ကိုဆွဲကိုင်ပြီး အပြစ်တင်ချင်နေတာ၊ ဒီစာတွေ နင် ဆက်မလာစေချင်ဘူး၊ ရပ်သွားစေချင်တယ် မဟုတ်လား ...

နင့်ဘက်က ပေးဆပ်ဖို့ လိုက်လျောဖို့ နင် ဝန်လေးတဲ့ရှက်နီးတဲ့ဟာတွေကို ဟိုက အားတက်သရော လုပ်ပေးမယ်၊ ကိုင်ပေးမယ်၊ ပေးဆပ်မယ်၊ လိုက်လျောမယ် ဖြစ်နေတော့နင် မခံနိုင်ဘူးလေ၊ ကိုကြီး စိတ်လည်ပြီး ပါသွားမှာလည်းနင် ကြောက်တယ် မဟုတ်လား ...၊ ဒီလူတစ်ယောက်ကိုကိုယ် ဆုံးရှုံးလိုက်ရမှာကို ထိတ်လန့်ပူပန်နေရှတာ ... အဲဒီ ကိုကြီးနဲ့ ပတ်သက်ပြီး နင် ဝန်တိုနေတာပဲလေ၊ ဆုံးရှုံးရမှာ မကြောက်ဘူးဆိုတာ နင် ညာတာ၊ နင်ကြောက်တယ် ...

နင့်သဘောက နင်ကသာ ကိုကြီးကို မချစ်ရင်မချစ်မယ် ... ကိုကြီးက နင့်ကိုပဲ အသေအလဲ အသည်းစွဲချစ်ရမယ်၊ နင်ကတော့ မချစ်သလိုပဲနေမယ်၊ အဲဒါလည်းနင့်ကိုယ်နင် လိမ်နေတာ၊ အဲဒါ နင် ကိုကြီးကို ချစ်နေတာ"





နတ်သမီးက ပပကို မျက်လုံးပြူးကြီးနှင့် မခံချင်သလို ကြည့်နေပါသည်။

"နင် ဆက်ညာမနေနဲ့ ... ကိုယ့်ယောကျ်ားကို ကိုယ်ချစ်တာ သို့မဟုတ် ချစ်လာတာဟာ ဘာမှရှက်စရာ မဟုတ်ဘူး၊ နင် ဂုဏ်လည်း မငယ်ဘူး၊ အောက်လည်းမအောက်ဘူး၊ ချစ်ရင်ချစ်တယ် ... ဘာဖြစ်လဲ ...၊ ဟိုမိန်းမလက် အပါမခံနိုင်ဘူး၊ ဒါ ဘာဖြစ်လဲ ...၊ အဲဒီလိုကို ဖြစ်ကိုဖြစ်လာရမဲ့ကိစ္စပဲ၊ မိန်းမတိုင်းဟာ ကိုယ့်ယောကျ်ားအပေါ်ဒီသဘောပဲ ရှိမှာပဲ ...

မချစ်ဘူး မချစ်ဘူး ပြောရတာအပေါ် အရသာခံပြီးဆက်ပြောရင်း ပြောရင်းက ဒါကိုပဲ အဟုတ်လုပ်ပြီးတကယ့်အဟုတ်ကို နင် ဝန်မခံရဲတော့တာ၊ နင် ပထမဆုံးတစ်ခွန်းပဲ ပြောလိုက်ပါ၊ နောက်ကို ဆက်ပြီး ပြောရဲပြောထွက်သွားတော့မှာပါ မိနတ်ရဲ့"

"ဘာ ... ဘာကို ပြောရမှာလဲ ..."

"ကိုကြီးကို ချစ်တယ် ဆိုတာလေ၊ နင် တစ်ခွန်းပဲစ,ပြောလိုက်၊ နောက်အကြိမ်က ဒီလောက်ပြောဖို့ မခက်တော့ပါဘူး၊ နောင်ဆိုရင် ဒါကိုပဲ ပြောရမှာ အရသာတောင် တွေ့လာပါဦးမယ် မိနတ်ရယ်၊ နင် သူနဲ့ ပတ်သက်ရင် သဝန်တိုနေတယ်၊ ဒါကို ဖွင့်ပြောရဲစမ်းပါ၊ အဲလိုမှ မဟုတ်ရင်လည်း အခု



www.burmeseclassic.com

www.burmeseclassic.com



နင် ခံစားနေရတာတွေ ဘာတစ်ခုမှ ခံစားနေစရာအကြောင်း မရှိဘူး"

နတ်သမီး မျက်နှာသည် နီမြန်းကာ မျက်ဝန်းတွင် မျက်ရည်ဥကြီးများ တွဲခိုလာသည်။ ခေါင်းကြီးကို ငုံ့လျှိုးထားလိုက်ကာ ပြန်မဖော်တော့ပဲနေသည်။ ခဏအကြာတွင် ပခုံးလေးတွေ တုန်ကာ တုန်ကာ ရှိုက်စပြုလာလေသည်။

"ကျော်ကျော့်ကို ငါချစ်တယ်၊ ဒီအတွက် ငါ ဘာမှ အောက်ကျနောက်ကျ မနိုင်ဘူး၊ ကိုကြီးကိုလည်း နင် ချစ်တယ်၊ ဒါ ဘာမှ မဆန်းဘူး၊ အဲဒါ ဘာဖြစ်လဲ ...၊ ချစ်တော့ ဘာဖြစ်လဲ ...၊ လူတစ်ယောက်ကို မြတ်မြတ်နိုးနိုး ချစ်တာ ဘာရှက်စရာရှိလဲ၊ သူများယောကျ်ားလည်း မဟုတ်ဘူး၊ နင့်ယောကျ်ားဟဲ့ ..."

"ကိုကြီးက ... အခု ... အခု ... ငါ့ကို ..."

နတ်သမီး စကားသံက ထစ်ငေါ့တုန်ယင်ကာ ရှေ့ဆက်မလာနိုင်။

"ခုချိန်မှာ ငါက သူ့ကို ချစ်တယ်လို့ သွားမပြောနိုင်ဘူး"

"ဒါတော့ နင် မာနကြီးတာကိုး၊ ကိုကြီးကို ချစ်တယ်လို့ နင်သာ ဝန်ခံလိုက်ရင် နင်တို့အိမ်ထောင်ရေးဟာ ညားကာစကထက်တောင် အရမ်းပိုသာယာစိုပြည်သွားမှာပဲ၊ ယောကျ်ားတစ်ယောက်ဟာရော၊ သူ့ကို မချစ်ဘူး၊ မုန်းတယ်





လုပ်နေတဲ့ မိန်းမတစ်ယောက်အပေါ် ဘယ်လောက်ကြာကြာ စိတ်ရှည်သည်းညည်းခံနိုင်မှာလဲ မိနတ်ရယ်၊ သည်းမခံနိုင်လည်း နေပေါ့လို့ နင် ဘုတိုက်မပြောနဲ့ဦး၊ ကိုကြီးနဲ့ ခွဲခွာရလို့သာ နင်တကယ် ပျော်မယ်ဆိုရင် ဒီမိန်းမဆီက လာနေတဲ့စာတွေကို နင် ဘာမှ မခံစားရဘူး"

"ငါ အဲဒီမိန်းမကို တွေ့ချင်တယ်"

"တွေ့ရင် ဘာလုပ်မှာလဲ ..."

"ငါ သူ့ကို ဆောင့်ဆွဲပြီး နစ်နစ်နာနာ ပက်ပက်စက်စက် ပြောပစ်ချင်တယ်"

ပပက တဟာစ်ဟာစ် ရယ်မောပါတော့သည်။

"ကြောက်စရာကြီးဟယ်"

"နင် မရယ်နဲ့ ... ငါ တကယ်ပြောနေတာနော် မိပ"

"နင် အဲဒါ အပူတကာ့အပူမှာ အပူဆုံးဆိုတဲ့ လင်ပူတဲ့ မီးနေတာပေါ့၊ နင် တအားကို ဆတ်ဆတ်ခါ သဝန်တွေ တိုနေတာ၊ ငါ ထင်တာ သိတာထက်တောင် နင် ပိုပြီး ကိုကြီးကို အဆုံးရှုံး မခံနိုင်ဘူး၊ ငါ ထင်တာထက်ကို နင် ကိုကြီးကို မှိုချစ်နေပြီပဲပေါ့ ..."

နတ်သမီးသည် ဖွတ်ပေ၍ ခံငြင်းမရတော့ပါ။ အမြဲတမ်း [illegible] ကြည့်နေတတ်တဲ့ ကိုကြီးရဲ့ အကြည့် အပြုံးတွေကို မမြင်ရတော့ရတော့ကတည်းက နတ်သမီး မပျော်ရွှင်နိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



တာလေ။ ကိုကြီး သူ့ကို အမြဲချစ်စနိုးပြုံးကြည့်နေစေချင်တာဟာ ဘာကြောင့်လဲ ...။ ကိုကြီး အချစ်ကို ကိုယ် တစ်ယောက်ပဲ ဘယ်သူ့မှ မမျှမဝေပဲ ပိုင်ဆိုင်ချင်တာကကော ဘာကြောင့်လဲ ...။

ပိုင်နေရသည်လို့ ယုံကြည်နိုင်စဉ်က မော်ပြုံးနေနိုင်သလောက် ကိုယ်တယောက်ပဲ ဘယ်သူမှ မမျှမဝေ ပိုင်ခွင့်ရပါတော့မလား၊ ရနေပါသေးရဲ့လားလို့ သံသယဝင်လာတဲ့အချိန်ကစပြီး မှုပြင်းတဲ့မီးကျည်ခဲတစ်စ ရင်ညွှန့်ကို လာထိုးနေသလို ခြေမကိုင်မိ လက်မကိုင်မိ အအိပ်အစား ပျက်ရလောက်အောင် တောက်လောင်ကျွမ်းမြည့်နေတာကကော ဘာကြောင့်လဲ ...။

ကိုကြီးဘက်က ပါဖို့ကို မဆိုထားနှင့် ဟိုဘက်က တစ်ဖက်သတ်ဆွဲဆောင်ချုပြစ်တဲ့ စာတွေ ရေးနေတာကိုပင်လျှင် မခံမရပ်နိုင်တွေ ဆွေ့ဆွေ့ခုန်နေမိတဲ့ ဝန်တိုဒေါသကကော ဘယ်အပေါ်မှာ မြစ်ဖျားခံလာခဲ့သလဲ။

ကိုကြီးဘက်ကပါသွားမှာ၊ ကိုကြီး စိတ်လည်သွားမှာ၊ သာယာသွားမှာ၊ စာထဲက အချိုသုကာတွေကို ယုံစားမက်မောသွားမှာ၊ တအားကြောက်လန့်ပူပန်နေမိတာတွေဟာ အချစ်လို့ ဆိုရင်လည်း အချစ်လို့ပဲ ရှိပါစေတော့။ ကိုကြီးကို နတ်သမီး ချစ်နေတယ်လို့ သူတို့ ... သူတို့ အားလုံးက ပြောကြရင်လည်း ကိုကြီးကို နတ်သမီး ချစ်နေတဲ့ အဖြစ်ကိုသာ အတည်ယူပြီး တုံကျိဘာဝေ ဆိတ်ဆိတ်ကလေး နေလိုက်တော့မယ်လေ ...။





"အဲဒီစာတွေ မလာစေချင်ဘူး"

"အဲဒါကို နင့် ကိုကြီးလည်း ဘာမှ မတတ်နိုင်ဘူး"

"ဟုတ်တယ် ...၊ ငါက ဒီစာတွေ လာတာမကြိုက်ဘူး၊ မလာစေနဲ့လို့ ပြောလို့ ကိုကြီးက ဒါကို လိုက်လျောဆောင်ရွက်ပေးချင်တယ်ဆိုရင် ဒီမိန်းမကို စာတွေရေးမနေဖို့ စာနဲ့သော်လည်းကောင်း၊ စကားနဲ့သော်လည်းကောင်း လှမ်းပြောရတော့မယ်လေ၊ အဲလို လှမ်းတားမြစ်မဲ့ ဆက်သွယ်မှုမျိုးကိုလည်း ငါ လက်သင့်မခံနိုင်ဘူး"

"အင်း ... မိနတ် ... မိနတ် ..."

"နင် သံဝေဂရတဲ့ အသံမျိုးနဲ့ ငါ့ကို လာရေရွတ်မနေနဲ့၊ ဘာလုပ်ရမလဲဆိုတာ စဉ်းစားပါလား ..."

"ဟဲ့ ... ငါလည်း အလွယ်တကူ ဘယ်စဉ်းစားတတ်ပါ့မလဲ"

"စဉ်းစား၊ ငါ ဒီတိုင်းတော့ သူ့ဆီက လာသမျှစာ စောင့်ဖတ်မနေနိုင်ဘူး၊ ငါသော်လည်းကောင်း ဒေါသနဲ့ သွေးတက်သေမယ် ၊ ကိုကြီးသော်လည်းကောင်း ဖတ်ရင်း သနားကရုဏာသက် စိတ်လည်သွားမယ်၊ ဒီမိန်းမက စာရေးတာကလည်း ကောင်းသေးတယ်၊ ချုပြစ်အောက်ကျခံလွန်းလို့ ငါ့အတွက် အမြင်ကတ်စရာ ဖြစ်ပေမဲ့ ... အချိန်မရွေး ယောကျ်ားတစ်ယောက်ရဲ့ ကရုဏာတရား ပျော့ကျပါသွား



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဆယ်၊ သူ့ စာတွေအရ သူဟာ ကိုကြီးအတွက် ဘာမဆို ပေးဆပ်အနစ် နာခံတော့မယ်လို့ စိတ်ဒုံးဒုံးချထားတဲ့ ကိုကြီးကို အင်မတန်ချစ်တဲ့ မိန်းမတစ်ယောက်လို့ပဲ ယူဆရတော့တယ်၊ သူ့စာတွေ ဆက်ကိုမလာစေချင်ဘူး၊ အဲဒါ ငါ ဘာလုပ်ရမလဲ"

"ဘာလုပ်ရမလဲ … ဘာလုပ်ရင်ကောင်းမလဲ … ဘယ်လိုပဲ လှည့်တွေးတွေး လုပ်နိုင်တာက တစ်ခုတည်းရှိတာ"

"ဘာလဲ …"

"ဒီမိန်းမကို ဆက်မရေးဖို့ တားဖို့ပဲလေ"

"ကိုကြီးကတစ်ဆင့်လည်း မတားခိုင်းချင်ဘူး၊ ငါ သွားတားရအောင်ကလည်း သူ့လိပ်စာတွေ ဘာတွေ ဘာမှ မသိဘူး။ မြဖင်အောင်ဆိုတဲ့ နာမည်တစ်လုံးပဲ သိတယ်"

"ဒီတော့ နင် ခဏတော့ စောင့်ကြည့်လိုက်ပါဦးဟယ်"

"ပြော … ငါ ဘယ်ထိ စောင့်ရမလဲ …၊ ဘယ်လောက် စောင့်သင့်သလဲ …၊ စောင့်ရင်းစောင့်ရင်း စောင့်သာ စောင့်တယ် ဘာမှ မသိရဘဲ ကိုကြီးသာ စာတွေဖတ်ရင်း စိတ်ပါသွားရင်ကော …"

"ကိုကြီးကို စာတွေ မဖတ်စေနဲ့တော့ …"

"စာတွေက လာနေတဲ့ဟာ၊ ဗုဒ္ဓဟူးနေ့ ညနေဆို ရုံးကပြန်ရင် အိမ်ထဲ တန်းဝင်တာနဲ့ ပထမဆုံး ပါးစပ်က ထွက်တဲ့





စကားက 'ဒေါ်ညွန့် … စာလာလား' ဆိုတာပဲ၊ သူ့ကိုတ ဖတ်ချင်နေပြီထင်တယ် မိပရယ်"

"မလာဘူး ပြောလိုက်ပေါ့"

"လာရက်သားနဲ့ မလာဘူးလို့ လိမ်ပြောရမှာ အောက်တယ်"

"နင့်မလဲ … အောက်စရာတွေချည်းပဲ …၊ မအောက်တာကို မရှိတော့ဘူး"

"လာရင်တော့ လာတယ်ဆိုပြီး ပေးရမှာပဲ၊ ပြီးတော့ သူ့ကို ဒီစာတွေ မဖတ်ပါနဲ့လားလို့လည်း မပြောချင်ဘူး၊ သူ့စိတ် သူ့ဆုံးဖြတ်ချက်နဲ့ သူ စာတွေကို ဖောက်ဖတ်မနေတော့ဘဲ သူ နေရမှာပေါ့၊ သူက အဲလို မနေဘူး၊ လာသမျှ အစောင်စေ့ဖတ်နေတာပဲ၊ စာလာရင် ဖတ်ကိုဖတ်ရမယ် လို့များ ထင်နေလားမသိပါဘူး"

နတ်သမီးရဲ့ မျက်နှာက အလိုမကျ မကျေနပ်ရိပ်တို့ကို ပပက သဘောတောင်ကျကာ ကြည့်နေမိပါသည်။ ကိုကြီးကို မချစ်ဘူးလို့ မငြင်းတော့တဲ့အပြင် နှုတ်က ဖွင့်ဟလို့သာ ဝန်မခံပေမဲ့ ဝန်ခံလုနီးပါး အမူအရာ အရိပ်အယောင်ကိုတော့ ပြခဲ့ပြီ မဟုတ်လား။

"ဟာကယ်လို့များ ဒီမိန်းမ လိပ်စာတွေ ဘာတွေ နင် မတော်တဆ သိလိုက်ရရင် နင် ခုန ပြောသလို ပွဲသွားမကြမ်းနဲ့နော် …၊ လေးလေးနက်နက် သတိပေးလိုက်ပါလေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ..."

"အဲလို ပွဲသွားကြမ်းလိုက်တာနဲ့ ကိုယ်က မိန်းမရိုင်းဖြ
ကိုယ့်ဘက်က ရှုံးဖို့ တစ်ဝက်သေချာသွားပြီလို့သာ
မှတ်ပေတော့၊ ဟိုမိန်းမကလည်း ခေသူမဟုတ်ဘူး
ဒီစာတွေ လာနေကတည်းက နင့်ထက် ကြမ်းရဲရင်သ
မယ်၊ နင့်ထက်မညံ့ဘူးလို့ မှတ်ထား၊ သူက အကြမ်းန
တုံ့ပြန်လိုက်ရင်လည်း ဝက်ဝက်ကွဲ ကျော်မကောင်းကြ
ကောင်းတွေဖြစ်မယ်၊ သူက အနုနည်းနဲ့ နင့်ကို ပြန်အနိုင်
မယ်ဆိုရင်တော့ ကိုယ့်ယောက်ျား ပါသွားဖို့ တစ်
သေချာပြီ"

"ဒါဖြင့် ငါက တွေ့ရင် သွားထိုင်ရှိခိုးရမှာလား ...

"တိုင်ပင်ဦးပေါ့ဟယ်၊ နင့်တစ်ခေါင်းတည်းနဲ့ ဘာမှ ဆုံ
ပြီး သွားမလုပ်နဲ့၊ နင့်ဘက်က မဖြစ်မနေ နင်လုပ်
ကိုကြီးအတွက် နင်ဟာ မယားကောင်း အဖော်မွန်
ဖြစ်တယ်ဆိုတာ ကိုကြီး သိအောင် ပြထားဖို့ပဲ"

"အဲလို မလုပ်ချင်ပါဘူး ..."

"မလုပ်ချင်လို့ မရဘူးလေ ..."

"ငါ ရှက်တယ်ဟဲ့ ..."

နတ်သမီးက တိုးတိုးလေးဆိုလျှင် ပပ ပြုံးမိပါ



၁၀

ပုံစံအချိုးအချိတ် မသိမသာ ပြောင်းကာ ခပ်ရို့ရို့ ခပ်ကုပ်ကုပ် ရှိလာသော နတ်သမီးကို ကြီးခေါင်စောက အံ့ဩနေမိပါသည်။ နတ်သမီး မျက်နှာလေးက ရုတ်ရုတ်ရှုတ် ခပ်ပုပ်ပုပ်ရှိနေဆဲပေမဲ့ ဟိုတလောကလို ပမာမခန့် ထိမထင် တော်တော်ကြီးထက်တော့ အများကြီး ပို၍ နူးညံ့သိမ်မွေ့နေရာ ကြီးခေါင်စောမျက်စိထဲ ကြည့်လို့ပင် ကောင်းသေးသည်။

မလတ် ဆိုင်ကို တချို့တဝက်လေရက်တွေပဲ ခပ်ကျဲကျဲလိုက်ကာ များသောအားဖြင့်တော့ အိမ်မြဲ၍ နေသည်။ အိပ်ရာခင်း ခေါင်းအုံးစွပ်တို့ကိုလည်း တစ်ပတ်ပြည့်အောင်ပင် မထားကာ နှစ်ရက်သုံးရက် တစ်ကြိမ်ဆိုသလို အမျိုးမျိုးအဖုံဖုံ ပြောင်း၍ လဲလှယ်နေတတ်ပါသည်။ ခန်းဆီးများလည်း ထိုနည်းလည်းကောင်း ...။

www.burmeseclassic.com



အိပ်ခန်းထဲက နှစ်ယှောက်ထိုင် ဆိုဖာလေးဟာ ဟိုဘက်ရောက်သွားလိုက်၊ နှစ်ရက်သုံးရက်နေရင် ထောင့်ရောက်သွားလိုက် ...။ အိပ်ခန်းထဲက ရေခဲသေတ္တာ အသေးလေးသည်လည်း ဟိုဘက်ရောက်လိုက် ဒီဘက်ရောက်လိုက်၊ ဧည့်ခန်းထဲ၌လည်း အထားအသိုတွေက မကြာမကြာ ပြောင်းနေပါတော့သည်။

မျက်စိထဲ အမြဲသစ်ဆန်းပြီး ရိုးအီစရာမဖြစ်အောင် အိမ်ကို အမျိုးမျိုး ပြောင်းလဲပြင်ဆင် ခြယ်သနေတာကို သဘောပေါက်ရ၍ သနားလည်းသနား၊ ရယ်လည်းရယ်ချင်ပေသည်။ ဘာပဲဖြစ်ဖြစ် ဘာကြောင့်ပဲဖြစ်ဖြစ် ဒါဟာ ကောင်းတဲ့အလားအလာ။ အိမ်ထောင်ကျကတည်းက ဘယ်ပရိဘောဂ ဘယ်လိုထားပြီး ဘယ်ပစ္စည်း ဘယ်နားနေရာကျသည်ကို လုံးဝ စိတ်မဝင်စားခဲ့တဲ့ နတ်သမီး အိမ်နှင့် ပတ်သက်၍ စိတ်ဝင်စားဖော် ရလာတာဟာ တိုးတက်တဲ့ ရလဒ်တစ်ခုပ်ပေါ့ ...။

'နတ်သမီး'လို့ ခေါ်လိုက်လျှင် တစ်ခါတစ်ရံ ထူးချင်မှ ထူး၍ တစ်ခါတစ်ရံလည်း 'ဘာလဲ'ဟု ဆောင့်အောင့် ရိုင်းပျစွာ ပြန်အော်ထူးနေတာ အလုပ်က ထွက်ရက်တည်းက ဖြစ်ပေမဲ့ ခုတလောတော့ 'နတ်သမီး'ဆိုလျှင် မပွင့်တပွင့် သြောင်ညက်ညက် အသံနှင့် 'ရှင်'လို့လည်း မဟုတ် 'ရှန်'လို့လည်း မဟုတ်။ ကြားသံတစ်မျိုးကို ခပ်တိမ်တိမ် ထူးဖော်ရလာသည်။





ကြီးခေါင်စောကိုသာ ဘာမှ ဖွယ်ဖွယ်ရာရာ ဟက်ဟက်ပက်ပက် တီတီတာတာ စကားလာမပြောသော်လည်း နံနက်ဆိုလျှင် ခါတိုင်းလို အပျင်းကြီးကြီး စန့်ကာ နပ်မနေဘဲ နိုးသည်နှင့် ဖျတ်ခနဲ စောစောထ,သွားတတ်ကာ မီးဖိုမှာ ဒေါ်ညွန့်ကို ကူသလိုလို၊ ထမင်းစားပွဲမှာ ထမင်းချိုင့် ဗိုင်းကူထည့်ပြင်သလိုလို၊ ကော်ဖီဖျော်သလိုလို၊ ငုံ့သလိုလို ဟိုယောင်ယောင် ဒီယောင်ယောင် အိယောင်ဝါးနှင့် လတ်လျားလတ်လျား လမ်းသလားနေတတ်ပါသည်။

သူကိုယ်တိုင် ယူမပေး၊ သူကိုယ်တိုင် တိုက်ရိုက်မပေးသော်လည်း ...

"ဒေါ်ညွန့် ... တိုမှာ ကိုကြီး စားနေတာ ပြီးတော့မှာ တွေ့လား၊ ကိုကြီး အိတ်သွားယူထားဦးလေ၊ တခြားဘာ ဗိုင်လ်သယ်မလဲ မေးဦး"

ဤစကားသံ ကြားနေရသော အချိန်တွေမှာ ကြီးခေါင်စော အနီးအနား၌ ရှိနေတာမျိုး မဟုတ်ဘဲ အဝေးမှာ လှစ်ခနဲ ဖျတ်ခနဲ တစ်ချက်လောက် လှမ်းမြင်လိုက်ရကာ အသံသာကြားလိုက်ရတာမျိုးပါ။

သိပ်မခေါ်ကြတော့ကတည်းကလိုပဲ ခပ်စိမ်းစိမ်း တန်းတန်းသာနေပေမဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းလေးတွေ ဇင်စီစဉ် ဝင်ပြောဆိုကာ မျက်နှာချင်းတော့ မဆိုင်ဘဲရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်ကိုယ်ကျ ဝင်လုပ်နေတာ မဟုတ်တာတောင်မှ နှုတ်ကလေးနဲ့တင် အာဝါးရိုက်နေတာကိုပဲ ကြီးခေါင်စောက သဘောကျနေမိပါသည်။

သို့ပေမဲ့ သူကလည်း မျက်နှာကြောကိုတော့ အိမ်ထောင်ဦးကလို အပြုံးဗလပွနှင့် ဖောခြင်းသောခြင်း သဘောကောင်းမနေတော့ပါ။ မျက်နှာမတင်းသော်လည်း ခပ်တည်တည် အေးအေးနေလက်စမှ မပြုပြင်။

သူ့မှာ နတ်သမီးအပေါ် ဒေါသအာဃာတ မရှိပါ။ စိတ်မကောင်းဖြစ်ရခြင်းသာ ရှိပါသည်။ သူ့အချစ်ကို တန်ဖိုး မထားအခွင့်အရေးယူချင်တာကို သူ့နှလုံးသားက ခွင့်ပြုနိုင်သည့်တိုင် သူ့ဦးနှောက် သူ့စည်းကမ်းက ခွင့်မပြုနိုင်။ သူက ချစ်လွန်း၊ အလိုလိုက်လွန်း၊ ဖူးဖူးမှုတ်ထားလွန်းတော့ နတ်သမီးက လက်မထပ်ခင်ကထက် အိမ်ထောင်ဦးမှာ ပိုဆိုးလာကာ အိမ်ထောင်သက်လ,တွေချိုလာတဲ့အခါ အိမ်ထောင်ဦးကထက် ပိုဆိုးလာသည်။

တဖြည်းဖြည်း တိုးဆိုးလာရတဲ့ အကြောင်းရင်းဟာ သူ့ အကိုင်အတွယ် အထားအသို ညံ့လို့ဟု ကြီးခေါင်စော သဘောပေါက်သည်။ တစ်ခါတစ်ခါတော့လည်း ကိုယ်က ချစ်သလောက်ကြီး အချစ်ကိုပြလို့မရပါ။

အလိုလိုက်လွန်းတော့ ကလေးဆိုးလို အမိုက်ဇော်ကားချင်လာတဲ့ နတ်သမီးဟာ ကျော်ကျော်နှင့် တွဲသွားလာသည့်





ကိစ္စပြသနာဖြစ်တော့ သူ့အပေါ် အပြောအဆို အဆက်အဆံအတော်လေးကို ရိုင်းပျခဲ့တာပါ။ စိန်ခေါ်တဲ့မျက်လုံးတွေ၊ စိန်ခေါ်တဲ့စကားတွေနှင့် ဂရုမစိုက်ဘူးဆိုတဲ့ အချိုးအချိတ်နှင့် မာရေကျောရေနေခဲ့တာ။

ဤအဆိုးကို မျက်နှာတစ်ခုလုံး အချိန်ပြည့်ပြုံးနေပြီး ဖျောက်လို့ရမှာ မဟုတ်ပါ။ ဒါကြောင့် လိုအပ်သည်ထင်၍ မျက်နှာထားလေးတစ်ခုနှင့် ခပ်တည်တည် နေလိုက်ရသော်လည်း တစ်ခါတစ်ရံ ညသန်းခေါင်မှာ နတ်သမီး အိပ်ပျော်နေတာကို ငုံ့စိုက်ငေးကြည့်ရင်း သူ့မျက်နှာဟာ ချို့အိပြုံးလက်လို့ နေတတ်တာပါ။

နတ်သမီးကို ဆက်ဆံနေပုံဟာ ‘ကလေးကိုချစ်ရင် အိပ်ပျော်တုန်းမှာ ခိုးနမ်း” ဆိုတဲ့ ရှေးလူကြီးတို့ဆိုရိုးမျိုးနှင့်အညီ တမင်တကာ ဖန်တီးလုပ်ယူရတာ သူသာ အသိဆုံး ဖြစ်ပါသည်။

နတ်သမီးရဲ့ ပုံသဏ္ဍာန်အချိုးအချိတ် ပြောင်းလဲလာပုံက ဝုန်းခနဲ ဒိုင်းခနဲချည်းလည်းပဲမဟုတ်။ ဘယ်တုန်းက စ,ပြောင်းလဲလာလဲ မသိရလောက်အောင် ဖြည်းဖြည်းနှေးကွေးလည်းမဟုတ်။ အချိန်တစ်ခုမှ ရက်တရက် စတင်ကာ တဖြည်းဖြည်း ဖြစ်သော်လည်း သိသာသည့်ပုံသဏ္ဍာန်နှင့် ပြောင်းလဲလာရခြင်း ဖြစ်ပါသည်။ ကိုယ့်ဟာကိုယ် တည်တည်ငြိမ်ငြိမ်နေနေသည် ဆိုသော်လည်း နတ်သမီးအပေါ် ဘယ်တော့မှ မျက်ခြည်မပြတ်သော မျက်စိဒေါက်



www.burmeseclassic.com

www.burmeseclassic.com



တောက် အကဲခတ်နေမြဲ ကြီးခေါင်စော အဖို့တော့ သိသိသာသာ သတိထားမိစေသည်။

ဒါကြောင့်လည်း သူ အံ့ဩကာ ညီမဖြစ်သူထံပင် ဖုန်းဆက်မေးကြည့်ပါသေးသည်။

"မလတ် ... နင် နတ်သမီးကို တစ်ခုခုများ ပြောလိုက်သေးလား ..."

"ဟင့်အင်း ... မလတ် ဘာမှ မပြောပါဘူး၊ ကိုကြီး မပြောစေချင်တာတွေ တစ်ခုမှ မပြောပါဘူး"

ဟိုးတလောက 'မြဇင်အောင်ဆိုတာ ဘယ်သူလဲ' လို့ သူ့ထံ ဝရန်းသုန်းကား ပေါက်ချလာကာ အသက်ရှူသံပြင်းပြင်းနှင့် မေးခဲ့သော ညီမဖြစ်သူကို ပြောပြနိုင်တာတွေ ပြောပြပြီး နတ်သမီးကိုတော့ ဘာမှ သွားအာမချောင်စေဖို့ မပြောမိစေဖို့ မှိတ်ခဲ့ရပါသေးသည်။

"အဲဒါတွေကို ပြောတာမဟုတ်ဘူး၊ အိမ်မှာ ဘယ်လိုနေ ဘယ်လိုထိုင် ဆိုတဲ့ ဆုံးမစကားမျိုးတွေ ပြောတာ"

"အဲဒါတွေကတော့ ဖုန်းတုန်းကတည်းက တတွတ်တွတ် ပြောလာတာ၊ တစ်ခါမှလည်း စကားနားမထောင်ပါဘူး၊ ဘယ်လောက်ပြောပြော၊ သူ မလုပ်ချင်တာ မလုပ်ဘူးဆိုပြီး ခေါင်းမာနေတာပါပဲ ...၊ မလတ် ပြောသလိုလည်း ဘယ်တော့မှ လိုက်မလုပ်ပါဘူး၊ ခုနောက်ပိုင်းတော့ ဒါမျိုးတွေ



ပြောရင် အစ်ကိုဘက်ကပင်းတယ် ထင်မှာစိုးလို့ ဘယ်လိုနေရတယ်၊ ထိုင်ရတယ်တွေ မဆုံးမဖြစ်တော့ပါဘူး ကိုကြီးရဲ့"

"ဒါဖြင့် သူ့ကို ဘယ်သူ ဘာပြောလိုက်တယ် မသိဘူး"

"ဘာဖြစ်လို့လဲ ..."

"အချိုးတွေ သိသိသာသာပြောင်းနေလို့လေ၊ အပိုးကျိုးကျိုးကလေး ဖြစ်နေတယ်၊ ပျော့လည်းပျော့ပျောင်းသွားတယ်၊ မျက်နှာမှာလည်း ပမာမခန့် အမူအရာ မရှိတော့ဘူး"

"ကိုကြီးလေသံ ကြည့်ရတာ သနားနေပြီ၊ ခဏကြာရင် ကိုကြီး ပျော့ကျသွားတော့မယ်"

"ပျော့ကျသွားလို့ မရသေးဘူးဟ၊ စောင့်ထားရဦးမယ်၊ သူ့ရဲ့ ဒီအချိုးအချိတ်လေး နည်းနည်းအသားသေ ခေါက်ရိုးကျိုးပါစေဦး၊ အိမ်ကို လှအောင်လေးတွေလုပ်၊ ဟိုဟာဝင်ပြင် ဒီဟာဝင်ပြင်နဲ့၊ လေသံကအစ ပျော့သွားတယ်၊ အဲဒါ နင်များ ဆုံးမပဲ့ပြင်လိုက်လို့လားလို့ မေးကြည့်တာ"

"မလတ် ပြောတုန်းကတော့ မရခဲ့ဘူး၊ အခု ဘယ်သူ ပြောလဲတော့ မလတ်လည်း မသိဘူးလေ၊ အန်တီသွယ်တို့ သူ့အမေတို့ ပြောရင်လည်း ပြောမယ်၊ သူ့ သူငယ်ချင်းတွေ ပြောရင်လည်း ပြောမယ်"

"နင့်ကို ဘာထပ်မေးသေးလဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"မမေးပါဘူး၊ စာတွေ သူ ဖတ်ကြည့်တာတော့ ပြောပြတယ်၊ မလတ်နဲ့လည်း သိပ်တွေ့တာ မဟုတ်ဘူး၊ တစ်ပတ်မှာ တစ်ရက်နှစ်ရက်ပဲ ဆိုင်ကို လိုက်လာတာ၊ ကျန်တဲ့ရက်တွေ အိမ်မှာပဲ၊ မလိုက်တာက များတယ်၊ အိမ်မှာပဲ ကိုကြီး ပြောတာမျိုးတွေ လုပ်နေမှာပေါ့"

"ဘယ်လိုဖြစ်ပြီး ပုံစံတစ်မျိုး ပြောင်းလာလဲမသိဘူး၊ သူ့ကို သွန်သင်လိုက်တဲ့သူက တော်တော်စကားပြောကောင်းတယ် ထင်တယ်"

"သွန်သင်လိုက်တဲ့သူ တော်လို့မဟုတ်ဘဲ သူ့ဟာသူ သူ့ရင်ထဲမှာ ဘယ်လိုလုပ်သင့်တယ်၊ ဘယ်လို နေသင့်တယ်ဆိုတာ သဘောပေါက်နားလည်သလို၊ သူ့စိတ်ထဲမှာကိုက အယူအဆပြောင်းလဲလာလို့ ဖြစ်ဖို့များတယ်၊ တကယ်တမ်းက ကိုယ့်စိတ်က ပြဋ္ဌာန်းမှ လူဆိုတာ လိုက်နာကျင့်ကြံနိုင်ဖို့ လွယ်တာလေ ကိုကြီး"

ကြီးခေါင်စော ရင်ထဲမှာ နှစ်သိမ့်ကြည်နူးခြင်းနှင့်သာ ပီတိဖြစ်စွာ ခံစားနေရသော်လည်း ဒါကို သူ မျိုသိပ်၍ ထားပါသည်။ သူ့အပေါ် ဒေါသအာဃာတ မရှိတော့ဘူး ဆိုတာထက်ကို သူ့ကို ချစ်လာနိုင်ဖို့ကိုပါ သူက တောင့်တမျှော်လင့်ထားပါသည်။ အဲဒီအတွက်လည်း ကိုယ့်မိန်းမအချစ်ကို ကိုယ် ပြန်ပိုးပန်းပြီး ယူရ၊ ယူရ သူက အသင့်ပေ။





ဒါပေမဲ့ ... နတ်သမီး အချစ်ကို ဒုံးတောက်ပိုးပန်းတောင်းခံဖို့က ခုလို အရေးကြီးတဲ့ စပ်ကူးမတ်ကူး ကာလမျိုးမှာ မြှမှဖို့ စောနေသေးသည်လို့ ထင်သည်။ အချိန်အခါကောင်းကို သူ သတ္တိရှိစွာ စိတ်ရှည်စွာ စောင့်ကြည့်စောင့်ဆိုင်းနေတာပါ။

ဟိုးငယ်ငယ်တုန်းကများ ဘာမှမပတ်သက်တဲ့ သူစိမ်းသက်သက် မိန်းကလေးတွေကိုတောင်မှ ကိုယ်က ကြိုက်မိရင် အရှက်တရား ဘေးထားပြီး ပိုးခဲ့ပန်းခဲ့ရသေးတာပဲလေ။ ခုဟာက အစိမ်းသက်သက်လည်း မဟုတ်။ ကိုယ့်ဇနီးအရင်းခေါက်ခေါက်။ ကိုယ့်ဘက်က အောက်ကျခံ ပိုးပန်းဖို့ကို ကြီးခေါင်စောက နည်းနည်းမှ ဝန်မလေး။

ဒါပေမဲ့ နတ်သမီးရဲ့ ခေါင်းမာဖွတ်ကျတဲ့ ဖွဲ့မျိုးကိုတော့ ချွတ်ရပေဦးမည်။ နည်းနည်းကလေးတော့လည်း ကျွတ်စပြုလာပြီလို့ ထင်ပါသည်။ အဲဒါဟာ အပတ်စဉ်လာနေတဲ့ မြဇင်အောင်ရဲ့ စာတွေကြောင့်ပဲလို့လည်း သူ ရိပ်မိသဘောပေါက်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်းပဲ ဗုဒ္ဓဟူးနေ့တစ်ရက်ရဲ့ နံနက်ဆယ်နာရီလောက်မှာ တံခါးဘဲလ်နှင့်အတူ စာပို့သမား ရောက်လာပါသည်။

"လက်မှတ်ထိုးရမယ်ခင်ဗျ"

"လက်မှတ် ...!"

ဒေါ်ညွန့်ကြီးရဲ့ နားမလည်သလို ပြန်မေးလိုက်တဲ့အသံကြောင့် နတ်သမီးက ခေါင်းထောင်လိုက်ပါသည်။

"ဒီတစ်ခါ ခါတိုင်း လာနေကျစာတွေလို မဟုတ်ဘူးခင်ဗျ၊ မှတ်ပုံတင်စာ၊ ဒါကြောင့် လက်မှတ်ထိုးယူပါ"

နတ်သမီးက အိမ်ထဲက ထွက်လာကာ ...

"ပေး ... ပေး ...၊ ကျွန်မ လက်မှတ်ထိုးမယ်"

စာပို့သမားထံမှ စာရွက်ကို ယူကာ စာလက်ခံသူနေရာမှာ နတ်သမီးက လက်မှတ်ထိုး၍ စာကို ယူလိုက်ပါသည်။

"ကျေးဇူးတင်ပါတယ်နော်"

ဝတ္တရားအရ ပြောလိုက်ရပေမဲ့ တကယ်တော့ ကျေးဇူးတောင် မတင်ချင်လှပါ။ စာပို့သမားနဲ့ ဘာမှ မဆိုင်တာကို သိသိကြီး ဖြစ်သော်လည်း ဒီစာတွေကို မရောက်လာစေချင်သော





"အမယ်လေး ဟယ် ... သစ္စာရှိလိုက်တာ၊ ကိုကြီးက နင့်ကို ဖတ်ခွင့်ပြုထားပြီးသားပဲဟာ၊ သူ အရင်ဖတ်တာနဲ့ နင် အရင်ဖတ်တာပဲ ကွာတာပဲ၊ ဘယ်လိုမဲဖြစ်ဖြစ် သူဖတ်ပြီးရင်လည်း နင်ဖတ်မှာပဲ မဟုတ်ဘူးလား၊ နင် အရင်ဖတ်တော့ သူ စာအိတ်ဖောက်ရတောင် သက်သာသေးတယ်"

နတ်သမီးက ခဏငြိမ်သက်နေကာ ...

"ငါ အရင်ဖတ်လိုက်တာ ကောင်းပါ့မလား ..."

"မကောင်းတာတော့ မရှိနိုင်ပါဘူး၊ ဒီစာက ခါတိုင်းလို မဟုတ်ဘဲ မှတ်ပုံတင်ပြီး ပို့တယ်ဆိုတော့ ထူးခြားနေတယ် မဟုတ်လား၊ မပျောက်မရှရအောင် ပိုသေချာအောင် မှတ်ပုံတင်ပို့တဲ့သဘောလို့ ယူဆတာပဲလေ၊ ဒါဆိုရင် ဘာတွေများ ထူးခြားတဲ့အကြောင်းအရာတွေ ပါမလဲလို့ ငါ တွေးမိလို့ပါ"

"အေးနော် ..."

"အရမ်းထူးခြားတဲ့ အကြောင်းအရာ တစ်ခုခု ပါခဲ့သည်ရှိသော် ကိုကြီးအဖို့လည်း ခါတိုင်းလို မဟုတ်ဘဲ နင်မသိစေချင်တာမျိုး၊ လျှို့ဝှက်ချင်စရာမျိုးများ ဖြစ်နေမလားလို့လေ"

နတ်သမီးက ပပ ပြောတာ မှန်တယ်ဟု စိတ်မှ ကျိတ်၍ လက်သင့်ခံမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"တော်ကြာ သူဖတ်ပြီး နင့်ကို မပြတော့ဘဲ ထားလိုက်ရင်လေ ထူးခြားတဲ့စာကျမှ ကိုယ် ဘာမှန်းမသိလိုက်ရဘဲနေဦးမယ်"

"အေး ... ဟုတ်တယ် မိပ၊ နင် ပြောတာဟုတ်တယ်နော်၊ စာကို အရင်က တစ်ခါမှ Registeredမလုပ်ဘဲ ခုမှ လုပ်တယ်ဆိုတော့ ထူးတယ်၊ ဟုတ်တယ်၊ ငါ အရင်ဖတ်ကြည့်မယ်၊ တော်ကြာ မဖတ်လိုက်ရဘဲ နေဦးမယ်"

"အေး ... အဲဒါကို ပြောတာ"

"ကဲ ... ဒါဖြင့် ဒါပဲ၊ ငါ ဖုန်းချလိုက်တော့မယ်၊ စာပြေးဖတ်လိုက်ဦးမယ်"

"အေး ... နင် တကယ်လို့ သွားဖြစ်ရင် ... သွားမယ်ဆိုရင် ... ဘယ်တော့ သွားမယ်ဆိုတာ ငါ့ကို ဖုန်းဆက်ပြန်ချိန်းလေ၊ ရုံးပိတ်ရက်လည်းရတယ်၊ ရုံးမပိတ်လည်းပဲ နင့်အဆင်ပြေတဲ့နေ့ ဖြစ်နေရင် ငါ ခွင့်ယူပြီး လိုက်ခဲ့ပေးပါ့မယ်"

"အေး ... ပြီးရော၊ ငါ ဖုန်းပြန်ဆက်မယ်"

"နင့်တစ်ယောက်တည်းတော့ မသွားလိုက်နဲ့နော် မိနတ်"

"အေးပါ၊ တစ်ယောက်တည်းသွားဖို့ရာလည်း ငါ အားမရှိပါဘူး၊ ဒါပဲနော်၊ ငါ စာအမြန်သွားဖတ်တော့မယ်"





နတ်သမီးက ဖုန်းချပြီးလျှင် အလုပ်ခန်းထဲကို အပြေးဝင်လာခဲ့ပါသည်။ အနည်းငယ် မှောင်ရိပ်ရိပ်မို့ မီးချောင်းထွန်းကာ ကုလားထိုင်မှာ အကျအနထိုင်ပြီးမှ အံဆွဲထဲက ကတ်ကြေးနှင့် စာအိတ်ဘေးကို တိညှပ်ကာ သပ်သပ်ရပ်ရပ် ဖောက်လိုက်ပါသည်။

စာခေါက်ကို ဆွဲထုတ်ယူကာ အလောတကြီး ဖြန့်ဖတ်လိုက်သည်။

"ကို ...

ခုချိန်ထိ ကို့ဆီက အသိအမှတ်ပြုတဲ့ စာလေးတစ်စောင်မှ ရောက်လာဖော် မရလို့ ဇင် ရေးလိုက်တဲ့စာတွေ ရောက်မှရောက်ပါလေစလို့ သံသယဖြစ်မိတယ်။ စာတိုက်ကပဲ ပျောက်လေသလား၊ ဒါမှမဟုတ် ကိုမရှိတဲ့အချိန်မှာ ရောက်ပြီး ကို့စနီးချောလေးလက်ထဲ အားလုံး ရောက်သွားလို့ပဲ ကို ဖတ်ခွင့်မရသေးသလားလို့ အမျိုးမျိုး တွေးမိတယ်"

"ကြည့်စမ်း တောက် ...၊ နေရင်းထိုင်ရင်း ငါ့ကို အပုပ်ချလိုက်သေးတယ်၊ ငါ့ကို သူ့လို အောက်တန်းကျတဲ့ မိန်းမများ ထင်နေလား မသိဘူး ..."

နတ်သမီးသည် တစ်ယောက်တည်း ဒေါသထွက်ကာ မျက်နှာလေး နီလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



... ... ဖင့်စာတွေ ကို မဖတ်ရဘူးဆိုရင်တော့ ဖင့်ရင်ထဲက ကိုကို သိစေချင်တဲ့ စကားတွေဟာ သဲထဲရေသွန်သလိုကို သိခွင့်မရဘဲ အလကား ဖြစ်သွားပြီပေါ့နော်၊ ကိုရဲ့အိမ်ထောင်ရေးသတင်းတွေကို မိတ်ဆွေတစ်ယောက်ဆီက သိရလို့ ကိုဆီ စာတွေရေးပြီး ကြင်နာစွာ အားပေးနေခဲ့တာပါ ...

ကို အမြဲသတိရဖို့က ကို ချန်ရစ်ခဲ့တဲ့ ဖင် ဆိုတဲ့ မိန်းမတစ်ယောက်ဟာ ကိုကို ကူညီဖို့ ဖေးမဖို့ အားပေးဖို့ ကြင်နာဖို့ ကိုရဲ့နောက် မလှမ်းမကမ်း တစ်နေရာလေးမှာ တစ်ချိန်လုံး ရှိနေတယ်၊ ရှိနေမယ်ဆိုတာပါပဲ၊ ဒါကို ကို သိရင် ဖင် ကျေနပ်ပါတယ်၊ ဖင် ရေးရကျိုးနပ်ပါတယ် ...

အိမ်ထောင်ရေးဆိုတာက ထီထိုးသလိုပဲလို့ ရှေးလူကြီးသူမတွေ ဆိုရိုးစကားရှိတယ် မဟုတ်လား ကိုရယ် ...။ ကိုယ် ကံစမ်းလိုက်တဲ့ ထီလက်မှတ်က မပေါက်ဘဲ လွဲသွားခဲ့ရင်လည်း ဒါဟာ ကိုယ်တစ်ယောက်တည်း ကြုံရတာမဟုတ် ... လူများစုဟာ ထီမပေါက်ကြဘဲ လွဲရတာချည်းပါလို့ ကို စိတ်ဖြေနှလုံးသွင်းပါနော် ...

ကို မမြင်နိုင်တဲ့ တစ်နေရာကနေ ကိုကို အမြဲလာကြည့်နေတယ် ဆိုတာကို မသိဘူးပေါ့နော်။ ကိုကို မြင်ရရင် ကိုမျက်နှာပြုံးပျော်ကြည်နူးနေမှ ကူးစက်ပျော်ပိုက်နိုင်တဲ့ ဖင်ပါ ကိုရယ်။ ကိုရဲ့ အဆင်မပြေမှုတွေကြောင့်



နတ်သမီးအတွက်ကတော့ စာတွေ ရောက်လာရတဲ့အဖြစ်ဟာ ကျေးဇူးတင်စရာ မဟုတ်လှပေ။

နတ်သမီးက အိမ်ထဲသို့ လှည့်ဝင်လာခဲ့ပြီး စာအိတ်နောက်ဘက်ကို ကြည့်လိုက်ပါသည်။

"ဟော ..."

တွေ့ပြီ ...။ ရပြီ ...။ ဒီမိန်းမရဲ့ လိပ်စာကို ရပြီ။ ဒီစာဟာ ထူးထူးခြားခြား မှတ်ပုံတင်၍ပို့သော စာဖြစ်နေ၍ စာအိတ်နောက်ကျောမှာ ပေးပို့သူလိပ်စာ ပါလာပါသည်။

ဒေါ်မြဖင်အောင်

အမှတ်(---)၊ --- လမ်း ၊

(---)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း။

ရန်ကုန်မြို့။

နတ်သမီးသည် စာအိတ်ကို လက်ဝါးတစ်ဖက်ပေါ်သို့ တဖတ်ဖတ်ရိုက်ရင်း ... ကိုယ့်ကိုယ်ကိုယ် ဦးစံရှားအလားစဉ်းစားခန်းဝင် အတွေးနက်နေပါသည်။ ဘာဆက်လုပ်ရင်ကောင်းမလဲ။ ဒီမိန်းမ ဘယ်မှာနေသည်ဆိုတာကိုတော့ သိနေပြီ။ ရင်တွေပင် တထိတ်ထိတ် ခုန်ကာ တလှပ်လှပ် ဖြစ်လာ၍ ရင်ဘတ်ကို လက်ကလေးနှင့် ဖိထားရပါသေးသည်။

သူ့တစ်ယောက်တည်းခေါင်းနှင့် တိုင်ပင်ဖော်တိုင်ပင်ဖက် မရှိ ထင်ရာလျှောက်လုပ်နေလို့ မဟုတ်တရုတ် ပြဿနာတွေ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်နေပါဦးမည်။ သေဖော်ရှာရမည်ဆိုတော့ ကိုယ့်မှာ လောလော ဆယ် အားကိုးစရာမှာ ပပပဲ ရှိပါသည်။

နုတ်သမီးက စာအိတ်ပေါ်မှ လိပ်စာကို ကိုယ့်မှတ်စု စာအုပ်လေးထဲ ရေးကူးထားလိုက်ပြီးမှ စာအိတ်ကို ကြီးခေါင်စော စားပွဲမှာ သွားထားလိုက်ကာ ပပရုံးကို ဖုန်းဆက်ခေါ်လိုက်ပါသည်။

"ဟယ်လို ..."

"မိပ ... ငါပါ"

"အေး ... ပြော ... ဘာလဲ ..."

"နင် စကားကြာကြာပြောလို့ရလား ... အားလား"

"အားပါတယ် ...၊ အမယ်လေး မအားလည်း ဘာမှ မဖြစ် ဘူး၊ ငါ အဝင်စာရင်းတွေ အထွက်စာရင်းတွေ လုပ်နေရတာ၊ အတော်ပဲ နင့်ဖုန်းလာတော့ မလုပ်တော့ဘူး၊ တစ်ယောက် ယောက်ကို ခေါ်ခိုင်းထားလိုက်မယ်၊ ဟဲ ဟဲ ..."

"အခွင့်အရေး ချောင်းနေတုန်း ကူခိုင်းဖို့ အကြောင်းပြ ရသွားတာပေါ့လေ"

"အဲဒါပေါ့ ...၊ နေဦး ခဏ ..."

ပပက တစ်စုံတစ်ယောက်ကို လှမ်းခေါ်ကာ သူ့ အလုပ်တွေ ကူညီလုပ်ကိုင်ပေးဖို့ တတွတ်တွတ် ညွှန်ကြားပြောဆို ပြီးမှ ...

"ဟဲ့ ... ရပြီ၊ ပြောလို့ရပြီ၊ ပြောတော့ ..."





"ငါ့ဟိုမိန်းမလိပ်စာ ရပြီ မိပ"

နုတ်သမီးက မသွယ်မဝိုက် အတိုချုံးပြောပြလိုက်ပါ သည်။

"ဟယ် ... နင် သိပ်တော်ပါလား၊ နင် ဘယ်လိုလုပ်ပြီး စုံစမ်းလိုက်သလဲ၊ ကြည့်စမ်း ... ငါ ဘယ်လမ်းကြောင်းက လိုက်ပြီး စုံစမ်းရင် ကောင်းမလဲလို့ ခေါင်းစားနေတာ၊ စာထဲလည်း ဘာသဲလွန်စမှ မပါဘူးဆိုတော့ စဉ်းစားမရ ဖြစ်နေတာဟ၊ နင် ဘယ်လိုသိလဲ၊ ကိုကြီးကို မေးလိုက် တာလား ..."

"မမေးပါဘူး"

"ဟယ် ... နင် တကယ်တော်တယ်ဟာ၊ ကဲ ... ပြောစမ်း၊ ဘယ်လိုလုပ်ပြီး သူ့လိပ်စာရတယ်ဆိုတာ ..."

"ဒီနေ့လာတဲ့စာက Registered လုပ်ပြီး ထည့်လိုက်တဲ့စာ ဟ၊ အဲဒါကြောင့် စာအိတ်ကျောဘက်မှာ သူ့လိပ်စာရေးထား တာပါလာတယ်"

"ခြော ... ကြည့်စမ်း၊ ချွေးမ၊ ငါကဖြင့် ချိုးမွှမ်းလိုက်ရတာ"

"နင့်ဟာနင် ဘာမှန်းညာမှန်းမသိ စွတ်ရွတ်ချီးမွှမ်းနေတာကို ဟ၊ ပြောတာတော့ အရင်နားမထောင်ဘဲနဲ့၊ လိပ်စာက ဒဂုံမြို့သစ်မြောက်ပိုင်းတဲ့၊ အဲဒါ ဝေးတယ် မဟုတ်လား"

"ဝေးတော့ဝေးတယ်လေ၊ ဒီလိုပဲ သွားရင်းနဲ့ ရောက်ရှာ



www.burmeseclassic.com

ပေါ့၊ ငါတော့ အဲဒီကို မကျွမ်းကျင်ဘူးဟ၊ ရှာရဖွေရ နည်းနည်း ရှုပ်ထွေးတယ်”

“ငါလည်း မသွားတတ်ဘူး၊ မသွားတတ်ဆို ရောက်ကို မရောက်ဖူးတာ၊ အဲဒီတွေမှာ အသိမိတ်ဆွေလည်းမရှိ၊ အကြောင်းကိစ္စလည်း မရှိတော့ မရောက်ဖြစ်တော့ မသိဘူး ပေါ့”

“ဒါက အရေးမကြီးပါဘူး၊ သွားပြီးရင်သာ နင် ဘာလုပ်မှာ လဲဆိုတာ အရေးကြီးတယ်၊ သွားလို့ အကျိုးထူးမယ် မထူးဘူး၊ အကျိုးယုတ်တယ် မယုတ်ဘူး၊ စဉ်းစားရမှာပေါ့”

“ငါ ဟိုတစ်နေ့က ပြောသလို နင်ပဲငဆ မလုပ်ပါဘူးဟာ”

နတ်သမီး အသံလေးက ထိုစကားဆိုစဉ် တိမ်ဖျော့ သွားပါသည်။

“သွားတာကတော့ အခက်အခဲ မရှိပါဘူးဟ၊ ကျော်ကျော့်ကို လိုက်ပို့ခိုင်းမယ်၊ ကျော်ကျော့်အမျိုးတစ်ယောက်က မြောက် ဒဂုံမှာရှိတယ်”

“ဟုတ်လား … ဒါဆို အတော်ပဲ”

“ဒီနေ့ စာထဲမှာရော ဘာပါသလဲ …”

“မသိဘူးလေ၊ ခုလေးတင်မှ ရောက်လာတာ”

“နင် မဖတ်ရသေးဘူးလား …”

“သူမှ ဖောက်မဖတ်ရသေးတာ”





စိုပြည်ဖို့က အဓိကပဲ။ မာနထားတာတွေ၊ ရှက်တာတွေ၊ အောက်တာတွေလည်း ဘေးချိတ်လိုက်မယ်။ ကိုကြီးကို ချစ်တာယ်လို့ မပြောရဲသေးတာတောင်မှ လှုပ်ရှားပြုမူတဲ့ အမူအရာတွေထဲမှာတော့ ကိုကြီးကို လိုအပ်မှု တွယ်တာမှုတို့ကို ပြရမှာပဲ …။

ခုလို အဖြစ်အပျက်နဲ့ ကိုယ်ကြုံကြိုက်ရတဲ့ အခါကျ တော့မှ ကျော်ကျော်နဲ့ ပတ်သက်ပြီး ကိုကြီး သူ့အပေါ် ဝန်တို တိုထွာတာတွေကို ဘယ်လိုမှ အပြစ်မြင်မရတော့ပါ။ ခုကိစ္စမှာလည်း ကိုကြီးဘက်မှ မပါသေးတာ ကိုယ်တိုင် ခိုင်လုံစွာ သိနေရတာပဲ။ သို့သော်လည်း တစ်ဖက်က ထိုမိန်းမက တကပ်ကပ် ဆက်သွယ် နေတာကိုပဲ နတ်သမီးမှာ မခံနိုင်မရပ်နိုင် ဆတ်ဆတ်တုန် ပူပန် နေရတာ မဟုတ်လား။

ကျော်ကျော် တုန်းကလည်း နတ်သမီး ဘက်က လုံးဝ ကာမှမဖြစ် ရိုးသားစင်ကြယ်လှတာ မှန်လေမဲ့ တစ်ချိန်က နတ်သမီးကို သိပ်ချစ်ဖူးတဲ့ ကောင်လေးတစ်ယောက်နဲ့ နတ်သမီး တွဲသွားတွဲ လာနေခဲ့တာအတွက် ကိုကြီး ရင်ထဲ ပူလောင်နေမှာ ကိုယ်ချင်းစာနိုင်ပြီ။

ကိုယ့်ဘက်သားက မပါပေမဲ့ တစ်ဖက်က သဘော ထား မရိုးသားဘူး ထင်ရင် တချိန်ချိန်မှာ ကိုယ့်ဘက်သား စိတ် ညွတ်ပါသွားမလားလို့ တထင့်ထင့် ပူပန်သဝန်တိုရတတ်တာ ဟာလည်း သဘာဝကျကြောင်း နားလည်ပြီ။ ဘယ်နည်းနဲ့မဆို



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်လူနဲ့ ကိုယ့်လူကို အဝေးဆုံးမှာ မဆီမဆိုင်အဖြစ်နဲ့သာ ကင်းကင်းနေစေလိုတာပဲ။

ဒါကြောင့် ကိုကြီးကလည်း နတ်သမီးကို အလုပ်က ထွက်နိုင်းတဲ့အထိ ဖြစ်ခဲ့တာပေါ့။ အရင်ကတော့ ကိုယ့်ကို အလုပ်တစ်ခုက ဖွတ်ထွက်နိုင်းတဲ့ အပြုအမူတစ်ခုဟာ ကိုယ့်မှာ ဘာအပြစ်မှ မရှိဘဲ နိုင်လိုမင်းထက် ဆန်လှတယ်လို့ မကျေမချမ်း ဒေါသဖြစ်ချင်စရာ ဖြစ်ခဲ့ပါသည်။

ခုတော့ ကိုယ်ချင်းစာကြည့်နိုင်ပြီပေါ့။ ကျော်ကျော်နဲ့ နတ်သမီးတုန်းက တစ်ရုံးတည်းမှာ နေ့စဉ် အတူတကွ တွေ့ဆုံနေကြတာမို့ ပိုဆိုးပါသေးသည်။ ခုလို လူချင်းမတွေ့ဘဲ အပတ်စဉ် စာနှင့် တစ်ဖက်သတ် ဆက်သွယ်နေတာကိုတောင် ကိုယ် ဤမျှ ခံစားထောက်လှောင်နေမိတာ။ ကိုကြီး ပြောဆိုပြုမူခဲ့တာတွေအပေါ် ဘယ်လိုမှ အပြစ်မတင်နိုင်တော့ပါ ...။

ဒီစာတွေကိုတောင် လုံးဝ ဆက်မလာတော့ဘဲ ရပ်တန်းကရပ်သွားစေချင်တာ ပြင်းပြသောဆန္ဒမို့ ကိုကြီး နတ်သမီးကို အလုပ်က ထွက်စေချင်ခဲ့တာကို နားလည်ကြည်ဖြူလိုက်ပါပြီ။ ဒီလိုဆိုရင် နတ်သမီးတို့ရဲ့ အိမ်ထောင်ရေးဟာ ခုလို အေးစက်ဖွယ်တယ် နေရာက ရှေ့ကို ချမ်းမြေ့သာယာဖို့သာ ရှိတော့တာပင်။

ကိုကြီးကတော့ နတ်သမီးကို အသည်းနှင့်အောင်





ချစ်ပြီးသားမဟုတ်လား။ နတ်သမီးက ကိုကြီးကို ပြန်ချစ်မိပြီဆိုရင် ဒီအိမ်ထောင်ရေးမှာ ဘာများ လိုအပ်ပါသေးသလဲ ...။

ကြည်လင်ငြိမ်းချမ်းသော အတွေးလေးများနှင့် နတ်သမီးက သီချင်းတအေးအေးညည်းကာ ဒေါ်ညွန့်ကြီးနှင့် မီးဖိုထဲ ကူညီချက်ပြုတ်နေလိုက်ပါသည်။ ကူညီရင်းက ဘယ်ဟင်း ဘယ်လို ချက်ရတယ် ဆိုတာတွေကိုပါ စပ်စုမေးမြန်း နည်းနာယူနေလိုက်ပါ သေးသည်။

ဟိုတစ်နေ့က ကိုကြီး အင်မတန် စားကောင်းတဲ့ ကြက်သားရိုးစ်ကို ဒေါ်ညွန့်ကြီး ဘယ်လိုလုပ်တာလဲ။ ဟိုးတစ်လော က ကိုကြီး ခံတွင်းတွေ့လှတဲ့ ဝက်သား၊ ဘဲဥဆားငံ၊ မှို၊ ပန်းပွင့် တို့ကို ရောချက်တဲ့ ဟင်းကကော ဒေါ်ညွန့်ကြီး ဘယ်လိုချက်တာ လဲ ...။ တစ်ခုပြီး တစ်ခု စပ်စုနေတဲ့ နတ်သမီးကို ဒေါ်ညွန့်ကြီး ကလည်း တပြုံးပြုံး ကျေနပ်ဂုဏ်ယူစွာ ရှင်းပြနေချိန်မှာ ...

"တီးတောင် ..."

တံခါးဘဲလ်သံ ထွက်ပေါ်လာသည်။

"ဟော ... ဒေါ်ညွန့်ကြီး ... ကိုကြီး ပြန်လာပြီ ထင်တယ် သွား ... သွား ..."

ကိုယ်တိုင် ပြေးဖွင့်လိုက်ချင်ပေမဲ့ ပြုံးစိစိ ဖြစ်နေတဲ့ ကိုယ့်ရုပ်ကို ပြုပြင်လိုသေး၍ ဒေါ်ညွန့်ကိုသာ လွှတ်လိုက်ပါသည်။ ဒေါ်ညွန့် တံခါးဖွင့်သံပြီးလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



ကို့မျက်နှာ ညှိုးနွမ်းနေတာမြင်ရတဲ့အခါ ဖင် စိတ်မကောင်းဖြစ်မိတယ်၊ ကို့ကို ပြုံးပျော်လာအောင် လုပ်ပေးနိုင်ခွင့်လေးများရရင် ဖင် လုပ်ပေးချင်လိုက်တာလို့ အမြဲတွေးနေမိပါတယ်။ ကို့အတွက် ဖင့်ရဲ့ ဖြူစင်သန့်ရှင်းတဲ့မေတ္တာပါကို ...”

“တောက် ... ဒါလား ဖြူစင်တာ ... ဒါလား သန့်ရှင်းတာ”

နတ်သမီးသည် စာကို ဆက်တိုက်ဖတ်ချင်စိတ်ပင် မရှိတော့၍ ဘာများ ထူးခြားတာ ပါသလဲ သိရုံ ခပ်ရှမ်းရှမ်း ကျော်လွှားဖတ်သွားပါသည်။ ဘာမှ ထူးခြားတာလဲမပါ။ အရင်စာတွေ မရောက်ဘူးထင်၍ အရင်စာထဲကဟာမျိုး အလားသဏ္ဌာန်တူစာသားတွေပင်။ သူ့ဆီ စာရေးဖို့၊ ဖုန်းဆက်ဖို့၊ သူ ဘာမှ မမျှော်လင့်ကြောင်းတွေ ...။

ဘာမှ မမျှော်လင့်ဘူးဆိုပြီး ဒီလင်မယား ဘယ်အချိန်ကွဲမလဲဆိုတာပဲ စောင့်မျှော်နေကြောင်း သူ့စာတွေက ဒီလောက်သိသာထင်ရှားနေတာ။ စိတ်နည်းနည်း ညစ်နေပုံရတဲ့ ကိုကြီးကို လမ်းရှင်းသွားရင် ဝင်တန်းစီဖို့နေရာကို တစ်ယောက်တည်း လုဦးနေတာ ဒီလောက်သိသာပါလျက်နဲ့ ... မမျှော်လင့်ဘူးဆိုပဲ ...။

နတ်သမီးသည် မခံမရပ်နိုင် အသည်းယားလှသည်။ သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောချင်လှသည်မှာ ... “ဒီမှာ





“ဒေါ်သွန်း ... ဒီနေ့ စာလာသေးလား ...”

“လာပါတယ် ကိုကြီး၊ နတ်သမီး စားပွဲမှာ တင်ထားတယ် ထင်တယ်”

ကိုကြီးထံမှ ဘာသံမှ မကြားရတော့။ အလုပ်ခန်းထဲသွားပြီး စာသွားဖတ်ပြီ။ ပြန်ရောက်တာနဲ့ တန်းကို ဖတ်ရတော့တာပဲ။ ဒီစာတွေကို ကိုကြီး မဖတ်ပါနဲ့တော့လားလို့ နတ်သမီးက ပြောလျှင် ကိုကြီး လက်ခံခေါင်းညိတ်ပါ့မလား။ အရဲစွန့်ပြောကြည့်ရကောင်းမလား။

“နတ်သမီး ...”

ကျယ်လောင်သော အသံကြီး ဟိန်းထွက်လာ၍ နတ်သမီးမှာ အလန့်တကြားပင် ဖြစ်သွားရပါသည်။ လက်ထဲက လိုးလက်စ မုန့်လာဥနီတောင့်ကို ချကာ ...

“ရှင် ...”

ကိုကြီး ကြားလောက်အောင် ပြန်ထူးလိုက်ပါသည်။

“လာဦး ...”

ကိုကြီး လေသံ၌ ဒေါသပါနေကာ ကျယ်လောင်မာပြတ်လှ၍ ကြည်လင်နေသော နတ်သမီးရဲ့ စိတ်လေးတွေ နောက်ကျိညစ်မှိုင်းသွားရပါသည်။ ဝမ်းနည်းသလို ဖြစ်သွားမိကာ ကိုကြီးရှိရာဆီ မျက်နှာညှိုညှိုလေးနှင့် ခပ်လေးလေး ထွက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြစင်အောင်ရဲ့ ...၊ ရှင် သိထားဖို့က ကိုကြီးကို ကျွန်မက လုံးဝ မကျွဲဘူးဆိုတာပဲ ...၊ ကျွန်ကလည်း လမ်းမခွဲဘူး၊ သူကလည်း လက်မခံဘူး၊ ဘယ်နည်းနဲ့မှကို အကွဲမခံဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူများတွေ ပြောကြသလိုပဲ ကိုကြီးကို ကျွန်မ ချစ်လို့ ...၊ ရှင် ထင်နေသလို ကိုကြီးဟာလည်း ဆက်လက် စိတ်ဆင်းရဲနေစရာ အကြောင်းကို မရှိဘူး၊ ဘာဖြစ်လို့လဲဆိုရင် ကျွန်မ သူ့ကို ချစ်တယ် ဆိုတာ သိသွားရင် ကိုကြီးက အင်မတန် ပျော်ရွှင်ကြည်နူးသွား မှာမို့လို့ ...၊ ရှင့်ရဲ့ ပေးဆပ်ချင်မှုတွေဟာ ပေးဆပ်စရာလူ မရှိ တော့တဲ့နောက် အိမ်သာထဲထည့် ရေဆွဲချလိုက်ဖို့အပြင် တခြား အကြံဉာဏ်တော့ မပေးတတ်တော့ဘူး၊ ရှင် စာရေးကျင့်ချင် ရင် တခြားကိုကျင့်၊ ကျွန်မ ယောကျ်ားဆီတော့ လေ့ကျင့်ကွင်း မဆင်းနဲ့တော့၊ ရှင်မျှော်လင့်နေသမျှလည်း အချိန်က ကုန်ပြီး အကျိုးရှိစရာလမ်း မမြင်တဲ့အတွက် လက်လျှော့လိုက်။ ကျွန်မတို့ လင်မယားလည်း ပွဲမလန့်ဘူး၊ ရှင်လည်း ဖျာမခင်းချင်နဲ့၊ ဝေး ဝေးမှာ အေးအေးနေပါ၊ ကိုကြီးဟာ ရှင့် အစရှိသဖြင့်သော မိန်းမတွေကို ပစ်ခဲ့ပြီး ကျွန်မကို လက်ထပ်ယူတယ်ဆိုကတည်းက ကျွန်မသာလျှင် သူ့ အလိုအပ်ဆုံး အချစ်ဆုံး ဖြစ်လို့ဆိုတာ ရှင် ဒုံးမဝေးသင့်ဘူး၊ ဒါပဲ ...” ရယ်လို့ တရှည်တလျားကြီးကို ပြော ချင်နေတော့တာပင်။

အရမ်းကို အရသာရှိမှာ သေချာပါရဲ့ ...။





ဒါပေမဲ့ မပြောပါဘူးလေ ...။ ရန်များပါတယ်။ ရန်ငြိုးထားပြီး ကိုကြီးကို မရမက ဆွဲထုတ်ယူသွားဖို့များ ဉာဏ်နီ ဉာဏ်နက်မျိုးစုံနဲ့ ကြိုးစားအကောင်ထည်ဖော်ခဲ့ရင် ဤကိစ္စဒြ သူ့ထက် ထူထိုင်းမှာ သေချာသော နတ်သမီးမှာ ဘာမှ မတတ်နိုင် မလုပ်နိုင်ဘဲ လက်လွှတ်ကျန်ရစ်နေရပါဦးမည်။

ရန်မများအောင် ဒီမိန်းမ အမြင်မကတ်အောင် အချိုသတ်ကလေးနဲ့ပဲ သနားစဖွယ် တောင်းပန်ရမှာပါ ...။

“မမရယ် ... သမီးနဲ့ ကိုကြီး ကြားမှာ မမ ထင်သလို ဘာပြဿနာမှ ကြီးကြီးကျယ်ကျယ် မရှိပါဘူး၊ မမ သတင်းကြားတာ မှားနေပါတယ်၊ ကိုကြီးကလည်း သမီးကို ချစ်ပါတယ်၊ သမီးကလည်း ကိုကြီးကို ချစ်ပါတယ်၊ သာ သာယာယာ အေးအေးချမ်းချမ်းလည်း ရှိပါတယ်၊ မမ ကိုကြီး အပေါ်မှာ မိတ်ဟောင်းဆွေဟောင်းတွေရဲ့ စေတနာ သန့်သန့်မျိုးထားပြီး ကိုကြီးအတွက် စိတ်မကောင်းဖြစ်တာ ကို ကျေးဇူးလည်း တင်ပါတယ် ...

ဟိုရှေ့က စာတွေလည်း ကိုကြီး ဖတ်ရပါတယ်၊ ကိုကြီးက စာပြန်ဖို့ မလိုအပ်ဘူးထင်လို့ သူ့ဟာသူ စာ မပြန်တာပါ။ စာထဲမှာ ပါသလောက်လည်း ဘာမှ ဖြစ် မနေတော့ စာတွေကို ဖတ်ပြီး ဒီတိုင်းထားလိုက်တော့ပါ၊ သမီးကသာ စာတွေဖတ်ပြီး မမကို မိန်းမချင်း ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းစာလို့ သူများပြောတာ အဟုတ်မှတ်ပြီး မမမှာ အလုပ်ရှုပ်ခံ ပင်ပန်းခံ စာတွေရေး အားပေးနေရတာ အချိန်ကုန် လူပင်ပန်း ဖြစ်နေမှာ စိုးလို့ပါ။

မမစာတွေ ကိုကြီး မဖတ်ရတာ မဟုတ်တဲ့အကြောင်းလည်း လာရှင်းပြတာပါ။ ကိုကြီးကတော့ သူ့အိမ်ထောင်ရေး အဆင်ပြေပါတယ် ဆိုတာကို အရေးတယူ ရှင်းပြမနေတော့ဘဲ နေလိုက်ပေမဲ့ သမီးကတော့ မမ သိအောင် လာပြောပေးတာပါ။ ကိုကြီးအပေါ် စိတ်ကောင်း စေတနာကောင်း ထားတဲ့အတွက် မမကို ကျေးဇူးတင်ပါတယ်၊ မိတ်ဆွေကောင်းပီပီ အားပေးဖေးမ တာကိုလည်း ကျေးဇူးတင်ပါတယ် ...”

အဲသလိုသာ မှင်သေသေလေး အချိုးသတ်ရမယ် မဟုတ်လား ...။

အတွေးနှင့် နတ်သမီးက ကိုယ့်ဟာကိုယ် သဘောကျ ကျေနပ်ကာ စာကိုလည်း အိတ်ထဲ သပ်သပ်ရပ်ရပ် ပြန်ထည့်၍ စားပွဲပေါ် ပြန်တင်ထားလိုက်ပါသည်။ စိတ်လည်းအနည်းငယ် ပေါ့ပါးသွား၍ အတွေးလေးတွေပင် လန်းဆန်းစိုပြည်လာပါသည်။

ကိုကြီးကိုလည်း အရင်ကထက် ချိုချိုသာသာ ဖေးဖေးကပ်ကပ် ဆက်ဆံနွေးထွေးတော့မယ်။ တစ်သက်လုံး ပေါင်းသွားရမှာဖြစ်တဲ့ ဒီလူနှစ်ယောက်ရဲ့ အိမ်ထောင်သာယာ



ကိုကြီးက အလုပ်ခန်းဝမှာ။ စာအိတ်ကို ကိုင်လျက်သား။ ကိုကြီး မျက်နှာက အလိုမကျခြင်းနှင့် ငြူစူခက်ထန်နေသည်။

“မြန်မြန်လာစမ်းပါ ...၊ စိတ်မပါလက်မပါနဲ့၊ မေးစရာရှိလို့ ခေါ်နေတာ”

ကိုကြီး လေသံမာကြောင့် နားမလည်သလို အံ့လည်း အံ့ဩစွာ ကိုကြီးကို စိုက်ကြည့်နေမိပါသည်။

“ဒါ ... ဒီနေ့လာတဲ့ စာလား ...”

“ဟုတ်ကဲ့ ...”

“ဒီမှာ ကြည့်စမ်း၊ စာအိတ်က ပေါက်နေပါလား ...”

နတ်သမီးသည် မျက်လုံးဝိုင်းနှင့် ကိုကြီးကို တစ်ချက် စာအိတ်ကို တစ်ချက် ကြည့်နေပါသည်။ ဘုရားရေ ... စာအိတ်ကို ဖောက်လိုက်တာ မှားသွားပြီလား။

“မင်း ဖောက်ထားတာလား ...”

“ဟုတ်တယ် ... သမီး ဖောက်ထားတာ”

“ဘာ ...”

ကိုကြီး ဆောင့်အော်လိုက်၍ နတ်သမီးသည် မျက်ကလဲဆန်ပျာ ဖြစ်သွားပါသည်။ ကိုကြီး အဲသလောက် ဒေါသဖြစ်မယ်လို့ ထည့်ကို တွေးမထားပါ။



www.burmeseclassic.com

www.burmeseclassic.com



"စာအိတ်ပေါ် ကြည့်စမ်း ...၊ သို့ ... ဘယ်သူလို့ ရေးထားလဲ ..."

"ဦးကြီးခေါင်စော ..."

"အေး ... အဲဒါ ငါ့ဆီလာတာလို့ မင်း နားမလည်ဘူးလား"

ကိုကြီး တစ်ဖက်သတ် ဒေါသတကြီး အော်နေ၍ ခါတိုင်းလို ပြန်မခံအော်စွာဖို့ပင် သတိမရဘဲ နတ်သမီးမှာ ဝမ်းနည်းအံ့သြခြင်းသာ ဝိုလာသည်။

"ပြောလေ ... နားမလည်ဘူးလား ..."

"နားလည်ပါတယ် ... ကိုကြီးဆီလာတဲ့ စာမှန်း သိပါတယ်"

"ဟာ ... သိရင် မင်း ဘာဖြစ်လို့ ဖောက်ဖတ်သလဲ ...၊ သူများစာကို သူများ ခွင့်မပြုဘဲ မဖတ်ရဘူးဆိုတဲ့ ယဉ်ကျေးမှု မင်း နားမလည်ဘူးလား ...၊ ဒီလိုပဲ လက်ရဲဇက်ရဲ ဖောက်ဖတ်လိုက်ရလား ...၊ အဲဒါ ဘာအကျင့်လဲ ...၊ မကောင်းတဲ့အကျင့် နားလည်ရဲ့လား ...၊ ငါ နည်းနည်းမှ မကြိုက်ဘူး"

နတ်သမီးသည် ကိုကြီးကို မျက်လုံးဝိုင်းကြီးနှင့် ကြည့်ကာ လက်ဖျားခြေဖျားတွေ ရအေးစက်လာသည်။





"ပြောစမ်း ... မင်း ဘာလို့ ဖောက်ဖတ်သလဲ ..."

"သ ... သမီးကို ကိုကြီးက ဒီစာတွေ ဖတ်ခွင့်ပြုထားတာပဲ"

"ဟာ ... ဖတ်ခွင့်ပြုတယ် ဆိုတာက ငါ ဖတ်ပြီးရင် ... ငါ ခွင့်ပြုတဲ့စာ မင်းလည်း ဖတ်ချင်ဖတ်ဆိုတဲ့ သဘောနဲ့ ဖတ်ခွင့်ပြုတာ၊ ငါ မဖတ်ရခင် မင်းကို အရင်ဖောက်ဖတ်ခွင့်ပြုထားတာ မဟုတ်ဘူး"

"သမီးက ..."

"နေဦး ... လာတဲ့စာကို ငါ ဖတ်ကြည့်မယ်၊ မင်းကို ပေးဖတ်လို့ရရင် ဖတ်ခိုင်းမယ်၊ ပေးမဖတ်ချင်ရင် မဖတ်နိုင်းဘူး၊ ဒါ ငါ့စာ၊ မင်းကို ပေးဖတ်မယ် မပေးဖတ်ဘူး ဆိုတာ ငါ့ဆုံးဖြတ်ချက် နားလည်လား ..."

နတ်သမီးသည် နှုတ်ခမ်းအတွင်းသားလေးကို ဖိကိုက်ကာ ခေါင်းကို ညိတ်ပြလိုက်ရပါသည်။

"စာတွေ ဖတ်ချင်ဖတ်၊ အံ့ဆွဲဖွင့်ပေးတယ်ဆိုတာနဲ့ပဲ မင်း ဖတ်ချင်တိုင်း ဖတ်လို့ရနေပြီ မထင်နဲ့၊ ငါ့ မတိုင်ခင် ဖောက်ဖတ်ခွင့် ရှိပြီလည်း ထင်မနေနဲ့၊ မင်းကို အသိပေးခြင်း မပေးခြင်းဟာ ငါ့သဘော၊ ဖတ်ပါဆိုတာတစ်ခွန်းနဲ့ ရောင့်တက်ပြီး ငါတောင်မှ မဖတ်ရသေးခင် ဖောက်လားပြုလား၊ မင်းလုပ်ပုံက ပိုင်စိုးပိုင်နင်း စွက်စွက်ဖက်ဖက် နိုင်လွန်းတယ်၊ ရိုင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



နတ်သမီးသည့် တောင့်တောင့်လေး ရပ်နေရာမှ မျက်ရည်ပြည့်လျှံလာ၍ ကိုကြီး ရပ်သွင်သည်ပင် အမြင်အာရုံမှာ မှုန်ဝါးသွားပါသည်။ ဒီလောက် နိုင့်ထက်စီးနင်း ကြိမ်းမောင်းနေသော်လည်း ထူးဆန်းစွာပင် နတ်သမီး ရင်ထဲသို့ ဒေါသနှင့် တုံ့ပြန်ခံပက်လိုသည့် ဆန္ဒ တစိုးတစိ ဝင်မလာဘဲ ဝမ်းနည်းအားငယ်ခြင်းသည်သာလျှင် အလုံးအရင်း ဆို့နင့်လာပါသည်။

"မင်းကို ငါ မသိစေချင်တာတွေ ပါရင် ဘယ်လိုလုပ်မလဲ"

"ကိုကြီးမှာ သမီးကို လျှို့ဝှက်စရာ ရှိလို့လား ..."

မချိတင်ကဲ အသံတုန်တုန်နှင့် မေးလိုက်မိပါသည်။

"ဘယ်ပြောနိုင်မလဲ ...၊ မရှိရင်လည်း မရှိဘူး၊ ရှိရင်လည်း ရှိမယ်၊ ငါ ဒီစာကို ဖတ်ပြီးမှ မင်းကို ပေးဖတ်လိုစိတ် မရှိရင် အံဆွဲထဲ မထားဘဲ တခြားကို သိမ်းလိုက်မှာပေါ့၊ ငါက မဆုံးဖြတ်ရခင် မင်းက မင်းဟာမင်း ပိုင်စိုးပိုင်နင်း စာအိတ်ကို ဖောက်ဖတ်ပစ်တယ်၊ ဒီမှာ ... နောက်ဆုံး ပြောထားလိုက်မယ်၊ မင်း မြဇင်အောင်စာတွေကို ဖောက်ဖတ်ခွင့် မရှိဘူး၊ ငါ ပြသလောက်ကိုသာ ဖတ်ခွင့်ရှိတယ်၊ အဲဒါကို မြဲမြဲမှတ်ထား၊ လုံးဝ လျှို့ဝှက်မထားချင်လို့သာ မင်းကို အသိပေးထားတာ၊ မင်းနဲ့ မြဇင်အောင်နဲ့လည်း ဘာမှ ဆိုင်တာ မဟုတ်ဘူး၊ အစောကြီးကတည်းက



စောင်တလေပဲ ပေးဖတ်ထားရင် ပြီးတဲ့ကိစ္စကို ငါကိုက လျှာရှည်ပြီး ဖတ်ခွင့်ပြုမိတာနဲ့ မင်းက အပိုင်လုပ်လာတယ်၊ ဒါ နောက်ဆုံးဖြစ်ပါစေ နတ်သမီး"

နတ်သမီးသည် ဘာတစ်ခွန်းမှ မပြောနိုင်ဘဲ ကိုကြီးကို မယုံကြည်နိုင်စွာပဲ ငေးမောစိုက်ကြည့်နေမိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com









## ၁၀

"ငါ ထင်တာတော့ ဟိုစာတွေပေါ်မှာ ညွှတ်နူးတဲ့စိတ် သာယာတဲ့စိတ်နဲ့ ဟိုဘက်ကို သနားလာ အကောင်းမြင်မြင် လာပြီး ငါ့ဘက်ကို ဘာမဟုတ်တာလေးနဲ့ အပြစ်မြင်လာတာ လို့ ထင်တာပဲ"

ပပက နတ်သမီးကို စိုက်ကြည့်နေသည်။

"ကိုကြီး စိတ်ထဲမှာ ... ငါသာ မြဖင်အောင်နဲ့ ယူမိရင် ခုလောက်ဆို မြဖင်အောင်ဟာ ငါ့ကို ပြုစုယုယ အနွံအတာ တွေခံ ဖူးဖူးမှုတ်နေမှာပဲ၊ နတ်သမီးကို ယူမိလို့ အပြုစုမခံရ၊ အယုအယ မခံရ၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ရှိရတယ်ဆို တွေးကိုတွေးမိသွားမှာပဲ၊ မြဖင်အောင်ကို မယူခဲ့ကြတာတို

www.burmeseclassic.com

www.burmeseclassic.com



နောင်တမရရင်တောင် ငါ့ကို ယူခဲ့မိတာကိုတော့ အရှေးချယ်မှားတယ်လို့ စိတ်ပျက်စပြုလာနေပြီ ထင်တယ် ...

တစ်ဖက်က ပလီပလာနဲ့ အောက်ကျနောက်ကျခံ ရေးထားတာတွေ ဖတ်ရလေ ဒီဘက်က ငါ့ရဲ့ မပြုစုမှု ... တီတီတာတာ မရှိမှု ... ချို့ယွင်းအားနည်းချက်တွေကို ပိုပိုမြင်လာလေ ဖြစ်နေလိမ့်မယ် ...

ဟိုက လက်သည်းခြေသည်း ညှပ်ပေးမယ် ဆိုတာမျိုးကအစ ရေးတာဆိုတော့ ငါ ဘာမှ မပြုစုလည်း သူ့မှာ ပြုစုချင်တဲ့သူ ရှိတယ်ဆိုတဲ့ အတွေးမျိုးနဲ့ မောက်မာလာလား မသိဘူး၊ ဒီစာတွေ ဆက်ဖတ်ဖတ်နေသရွေ့ တဖြည်းဖြည်း ကိုကြီးဟာ ငါ့အပေါ် မကောင်းပိုပိုမြင်လာပြီး ... နောက်ဆုံးတစ်နေ့ ငါ့အပေါ် သူ့ အပြစ်တွေ တအားကို မြင်လာတော့မှာပဲ၊ ကိုကြီး စိတ်ထဲမှာလည်း ငါဟာ သူ့ကိုမချစ်တဲ့ မိန်းမဆိုတဲ့ အစွဲကြီးက ရှိနေတာ"

"အဲဒါ နင့်အပြစ်ချည်းပဲ၊ တစ်ခါတည်း ... ကိုကြီးကို မချစ်ပါဘူး ... မချစ်ဘဲ ယူလိုက်တာ ဆိုတဲ့ စကားမျိုး ငါတောင် နားကြားပြင်း ကတ်အောင် ကြားဖူးတယ်၊ ကိုကြီး နားထဲလည်း အကြိမ်ကြိမ် အထပ်ထပ်နဲ့ ဘယ်လောက်စွဲနေမလဲမှ မသိတာ၊ ဟုတ်တာလည်း မဟုတ်ဘဲ ဂုဏ်လုပ်ပြောနေတာကိုး"





"ငါလည်း သိမှ မသိတာ ... ငါလည်း ကိုကြီးကို ငါမချစ်ဘူးပဲ တကယ်ထင်တာပဲဟာ၊ ခုလို ပူလောင်စရာ သဝန်တိုစရာ ကြုံရမှ ... အဆုံးရှုံး မခံချင်တာကို သိရမှ ... တခြားမိန်းမတစ်ယောက်က တစ်ဖက်သတ် စိတ်ကူးယဉ်နေတာကိုတောင် မခံမရပ်နိုင်ဖြစ်အောင် ခံစားလာရမှ ... ငါ သိရတာကိုး ..."

"ဟိုမိန်းမလည်း အံ့,အံ့ပါရဲ့၊ ဒီလောက် ခြေသည်းလက်သည်း ညှပ်ချင်တဲ့ မိန်းမ ... ငါ ခြေသည်းရှည် လက်သည်းရှည် ချေးတစ်ပိသာဝင်နေတာတွေ ရှာစုပြီး သူ့ခေါ် ညှပ်ခိုင်းပစ်ဦးရော့မယ်"

ပပ ဟာသကို နတ်သမီး မရယ်နိုင်။ စိတ်တို့ လေးနေသည်။

"ကိုကြီးက ငါ့အပေါ် အရင်လို မဟုတ်တော့တာတော့ အမှန်ပဲဟာ"

"ဘာဖြစ်လို့လဲဟယ် ... တချို့လူတွေကလည်း အစွဲအလမ်းရှိတတ်ပါတယ်၊ တချို့သောအရာတွေအပေါ်မှာ Sensitive ဖြစ်တာမျိုးပေါ့၊ သူ့စာကို သူတစ်ပါးက ဝင်ပြီး ဖောက်မဖတ်ရဘူး ဆိုတာမျိုး၊ တချို့ဆို ကိုယ့်ဒိုင်ယာရီကို ဘယ်သူမှ ဖတ်တာမကြိုက်တာမျိုးလေ၊ ဝင်ဖတ်ရင် မယဉ်ကျေးဘူး စသဖြင့်ပေါ့ဟယ်၊ ကိုကြီးက ဒီလို အစွဲမျိုး ရှိတဲ့သူမို့ ဖြစ်ပါလိမ့်မယ်"

www.burmeseclassic.com



"မဟုတ်ဘူးဟ ... မနေ့က ငါ့ကို ဟောက်တာတစ်ခုတည်းလည်း မဟုတ်ပါဘူး၊ အသေးစိတ် မပြောတတ်ပေမဲ့ အတူနေတဲ့သူ ဆိုတော့ ပိုမြင် ပိုသိသာတယ်၊ အိမ်ထောင်ကျကာစက ကိုကြီးက ငါ့ကို သိပ်ချစ်တာ၊ မြင်သူတကာ သိသာတယ်၊ တဖူးဖူးမှုတ်မတတ် အရေးပေးတာ၊ ငါ့ကို ကြည့်ရင် ... စကားပြောရင် ... ကိုကြီး မျက်နှာက အချိန်ပြည့် ပြုံးချိုအီနေတာ၊ ဟိုဘက်မှာ သူ ဘာလုပ်နေနေ ဘာတွေရှုပ်နေနေ ငါ့ဘက်လှည့်လိုက်တာနဲ့ မျက်နှာက နူးအိပြီး ပြုံးကျသွားတာ၊ မလတ်ကဆို စပလိန်မျက်နှာလို့ ကိုကြီးကို စ,တာ"

ပပက ဒီအထိ အသေးစိတ်တော့လည်း မပြေရှင်းတတ်တော့၍ နားသာထောင်နေပါသည်။ နတ်သမီးက သက်ပြင်းတစ်ချက်ချလိုက်ရင်း ...

"လူဆိုတာ ကိုယ့်မှာရှိတုန်း ကိုယ်ပိုင်ဆိုင်တုန်းမှာ ဒီအရာဝတ္ထုရဲ့ တန်ဖိုးကို သေချာမသိတတ်ဘူး ဆိုတာ သိပ်မှန်တာနော်၊ ကိုယ့်မှာ မရှိတော့မှ ကိုယ်မရတော့မှ ကိုယ်လိုအပ်တော့မှ ရှိတုန်းက မသိခဲ့တဲ့ တန်ဖိုးကို ပြန်အောက်မေ့လာတယ်၊ အဲဒီတုန်းက ဒီအရာကို ကိုယ် ဘယ်လောက်ကျေနပ်နှစ်သိမ့်ခဲ့တယ် ... ဂုဏ်ယူတန်ဖိုးထားခဲ့တယ်ဆိုတာ နောက်မှ ပြန်ဆင်ခြင် စဉ်းစားနိုင်လာတယ်နော် ...





ခုဆိုရင် ကိုကြီး မျက်နှာမှာ အပြုံးဆိုတာ မရှိဘူး၊ ကိုကြီး မျက်လုံးတွေကလည်း အရင်လို ချစ်ရည်ရွှန်းလဲ့မနေဘူး၊ စကားသံကလည်း ဆတ်တောက်နေတယ်၊ ကိုယ်က တန်ဖိုးထားပါပြီ လိုချင်ပါပြီဆိုတဲ့ အချိန်ကျမှ ဆုံးရှုံးရတာဟာ အဆုံးတကာ့ အဆုံးရှုံးထဲမှာ အဆိုးဆုံး ဖြစ်မှာ"

"နင် မဆုံးရှုံးရသေးပါဘူးဟယ်၊ ဒီလိုချည်း ထင်မနေပါနဲ့"

"တချို့တစ်ဝက်ကိုတော့ ဆုံးရှုံးနေပါပြီ ... တချို့တလေသာကျန်မှာပါ၊ ကျော်ကျော်နဲ့ ငါ့ကို တွဲတွေ့နေကတည်းက သူ သိပ်စိတ်နာသွားတယ် ထင်တယ်၊ တစ်နေ့မှာ ကိုကြီး ဒီလို ဖြစ်လာမယ် ... ငါလည်း ဒီလို ခံစားရမယ်ဆိုတာကြိုသိရင်လေ စိန်တွင်းကြီးရှိတဲ့နေရာဆိုတောင် ကျော်ကျော်နဲ့ တွဲမသွားခဲ့ပါဘူး၊ ကိုယ်က စိတ်ထဲ ရိုးရှင်းသန့်စင်ခဲ့ပေမဲ့ ကိုကြီး စိတ်ထဲကျတော့ အခုအခံ အစိုင်အခဲတွေ ဖြစ်ခဲ့တယ် ထင်တယ်"

"ဖြစ်ခဲ့ရင်တောင် အခုကျေဖို့ပဲ ရှိတော့တယ်လေ ... ငါနဲ့ ကျော်ကျော် ချစ်သူတွေ ဖြစ်သွားပြီလို့ နင် ကိုကြီးကို ပြောမပြဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို အာလာပသလ္လာပလေးတွေ ပြောဖို့၊ ခွန်းတုံ့ခွန်းလှယ် လုပ်ဖို့လောက်ထိ ငါတို့နှစ်ယောက်ကြားမှာ နွေးထွေးမှုမှ မရှိတော့တာ၊ လိုတာပဲ ပြောပြီး စက်ရုပ်ဆန်ဆန် ဖြစ်နေကြတာလေ ... ပြောစရာရှိ ပြောတယ် ... မေးတယ် ဖြေတယ် ဒီလောက်ပဲ၊ ရန်လည်း ဖြစ်မနေဘူး၊ အဲဒါကိုက ကိုကြီး တအားပြောင်းလဲသွားတာပဲ"

ပပက သက်ပြင်းချရင်း ...

"အရင်းစစ်တော့ အမြစ်မြေက ဆိုသလိုပဲ ... ဒါတွေ ဒါတွေ ဒီလိုဖြစ်အောင် ပျိုးထောင်လာတဲ့သူက နင်ပဲ မိနတ်"

နတ်သမီးက တုန်ယင်သော နှုတ်ခမ်းလေးကို ဖိစေ့ထားပါသည်။

"ရုပ်ရည်၊ ပညာ၊ ဆွေမျိုးအသိုင်းအဝိုင်း၊ စိတ်သဘောထား၊ စီးပွားရေး၊ ဘယ်ဘက်ကမှ ပြောစရာမရှိတဲ့သူကို နင်ရထားတာ၊ နင် လက်ခံနိုင်လို့ကို နင်ကိုယ်တိုင် ခေါင်းညိတ်လက်သင့်ခံလိုက်တာပဲလေ၊ တကယ်လက်ထပ်ပြီးမှ မချစ်ဘဲ အောင့်နမ်းလိုက်ရသလိုလို ... နင့်ဘဝကြီး နင်မပျော်နိုင်သလိုလို ... ဂျစ်ကန်ကန် ပေကတ်ကတ် နင် တောက်လျှောက်လုပ်ခဲ့တာ၊ သူ့ဘက်က သိပ်ချစ်တာကိုတော့ နင်ဂုဏ်ယူပြီး နင့်ဘက်ကတော့ မချစ်ဘူးဆိုတာကိုပဲ ... ဂုဏ်လုပ်နေတာ"



"တော်ပါတော့ မိပရယ် ... ငါ့ကို အပြစ်တင်တာတွေ တော်ပါတော့"

"တော်ပါပြီဟယ် ၊ နင့်ကို အပြစ်တင်တာလည်း မဟုတ်ပါဘူး၊ အသည်းယားပြီး ပြောမိတာပါ"

အိမ်ထောင်ဦးကတည်းကသာ ကိုကြီးကို နတ်သမီး ချစ်သည်ရယ်လို့ ကိုယ့်ဘာသာ အမှန်သိမြင်နိုင်ခဲ့ရင် နတ်သမီးတို့ အိမ်ထောင်ရေးဟာ သာယာငြိမ်းချမ်းခဲ့မှာပင်။

"ဟိုမှာ ... ကျော်ကျော် လာပြီ"

ပပက ပိုက်ဆံရှင်းကာ ဆိုင်ထဲမှ ထွက်လာခဲ့ကြပါသည်။ နတ်သမီးနှင့် ပပ မုန့်ဆိုင်တစ်ခုမှာ ချိန်းကြပြီး ကျော်ကျော်ကိုပါ ဒီဆိုင်ကို ချိန်းထားခဲ့တာပါ။ ဆိုင်ရှေ့ထိုးရပ်လိုက်သော ကျော်ကျော် ပတ်ဘလစ်ကာ အမိုးပွင့်ကားလေးဆီ လျှောက်လာကြပါသည်။

"စောင့်ရတာ ကြာသွားလား၊ ဆိဝင်ထည့်လိုက်တာ _ ကားနည်းနည်းများနေတာနဲ့ နောက်ကျ သွားတာ"

"ရပါတယ် ... စောင့်ရင်း စကားပြောနေကြတာ"

ရှေ့ခန်းလေးထဲမှာပဲ ပပက အရင် နတ်သမီးက ဖြတ်ငေါ်ပေါက်ဘက် ဝင်ထိုင်လိုက်ကြပါသည်။ ကျော်ကျော်က ကားကို မောင်းထွက်လာရင်း ...

"လိပ်စာကော"

www.burmeseclassic.com

www.burmeseclassic.com



နတ်သမီးက ရေးမှတ်ထားသော မှတ်စုစာအုပ်လေး ထုတ်ပေးလိုက်ပါသည်။

"ဒီလမ်းကို သိတော့ မသိဘူး၊ ကျွန်တော်လည်း ကိုယ်ရောက်ဖူးတဲ့ ရပ်ကွက်ပဲ သိတာ၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး ... ကျွန်တော့် အဒေါ်အိမ် ဝင်မေးလိုက်မယ်"

"ရှာရခက်မလား မသိဘူးနော်"

"မခက်လောက်ပါဘူး၊ တွေ့မှာပါ၊ ကိစ္စက အရေးကြီးလား သွားလည်တာလား"

ကျော်ကျော် မေးမှ ကျော်ကျော့်ကို ပပ ဘာမှပြော မထားဘူးဆိုတာ သိရ၍ ပပကိုလည်း ကျေးဇူးတင်ရပါသည်။

"နတ်သမီးရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါ ကျော်ရယ်၊ ကျော်က ပို့ပေးရုံပါပဲ၊ ပြီးရင် ကားထဲ ထိုင်နေခဲ့"

"ဩော် ... အိုကေ၊ အိုင်ဆီး"

ကျော်ကျော်က ထပ်မမေးတော့ပါ။ ကျော်ကျော်နှင့် ပပသာ တစ်လမ်းလုံး စကားတွေ တွတ်တွတ် တွတ်တွတ် ပြောလာသည်။ နတ်သမီးက တိတ်ဆိတ်နေလေသည်။ ပြောင်းလဲလာတဲ့ ကိုကြီး ပုံစံကြောင့် ဒီစာတွေ ထပ်မံရောက်မလာစေချင်တော့သော ဆန္ဒဟာ နတ်သမီးရင်ထဲ ပိုလို့သာ ပြင်းထန်ကြီးမားနေပြီ။ ဆက်ရေးမနေစေချင်တော့။ ဒီအတွက် အနုနည်းနှင့် ဘယ်လိုပဲ မျက်နှာအောက်ချပြီး ပြောရ ပြောရ ပြောဖို့ ဆုံးဖြတ်လာပါသည်။





ကိုယ်လုပ်နေတဲ့ အလုပ်ဟာ မှန်ကန်ရဲ့လားလို့တော့ ချိတုံချတုံ အကြိမ်ကြိမ် စဉ်းစားခဲ့ပါသည်။ ခုထိကို မှန်သည် မှားသည် အဖြေတစ်ခုကို မရသေးတာပါ။ မှန်မှန် မှားမှား လုပ်ချင်တဲ့ ဆန္ဒက ပြင်းပြနေလွန်းလို့သာ ဖွတ်လုပ်ဖို့ ဆုံးဖြတ်လိုက်တာ။

မှန်သလား မှားသလား ဆိုတာ ကိုကြီးကို မေးလို့ မလတ်ကိုရတောင် မတိုင်ပင်ရဲ ရင်မဖွင့်ရဲ။ မလတ်ကို တိုင်ပင်လို့ကတော့ ကိုကြီးကို တိုက်ရိုက် ဖွင့်ပြောတာနှင့် ဘာမှမထူး။ ကိုကြီးဆီ ချက်ချင်း တန်းရောက်သွားမှာ သေချာတာမို့ပင်။ ပပကလည်း တကယ်တော့ နတ်သမီး ဖြစ်ချင်တာ လုပ်ချင်တာကို ကူညီတာသာ။

ယယ်ယယ်ကတည်းက တစ်ယောက်ယောက် တစ်ခုခု လုပ်ချင်တယ် ဆိုရင် ကျန်အဖွဲ့က ဝေဖန်စဉ်းစား အကြံပေးဖို့ထက် မဖြစ်ဖြစ်ရအောင် ကူညီဖို့ကိုပဲ စိတ်ဓာတ်သန်ခဲ့တာပါ။ ခုလည်း ပပက နတ်သမီး လုပ်ချင်တာလုပ်ရပြီး စိတ်ချမ်းသာသွားအောင် ဆိုတာ တစ်ခုကိုသာ ရှေ့ရှုထားသည်။

ပပတို့ ရုံးပိတ်ရက်ဟာ ကိုကြီးလည်း ပိတ်ရက်၊ အိမ်မှာရှိ၍ ထိုနေ့မျိုးကို မရွေးချယ်ခဲ့။ ပပရော ကျော်ကျော်ပါ ဒီနေ့အဖို့ ရုံးရှိပါလျက် ရုံးမတက်ဘဲ ရုံးက ခွင့်ယူ၍ လိုက်လာခဲ့ကြတာပါ။



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဒက်ကို ရောက်လျှင် ကျော်ကျော့် အဒေါ်အိမ်ကို အရင်ဝင်သည်။ ဝင်းခြံ သပ်သပ်ရပ်ရပ်နှင့် နှစ်ထပ်တိုက်ကြီးပင်။

"ဝင်မေးလိုက်ဦးမယ်၊ ဆင်းကြဦးမလား"

"မိပ လိုက်ရင်လိုက်သွားလေ၊ ငါတော့ ကားနားပဲနေခဲ့မယ်"

ပပက ကျော်ကျော်နှင့် အိမ်ထဲထိ လိုက်သွားပါသည်။ ခဏအကြာမှာ အိမ်ထဲက ရယ်မောသံတွေ စကားပြောသံတွေက လမ်းမပေါ်ထိပင် ဖိတ်လျှံထွက်လာကာ ကျော်ကျော်၊ ပပတို့နှင့်အတူ ကျော်ကျော့် အဒေါ်နှင့် ညီမ၊ အစ်မ ဝမ်းတွေပါ ကားနားထိ ပြန်လိုက်ပို့ကြပါသည်။

ပပကို ကျော်ကျော့် ချစ်သူဟု သိရှိ အသိအမှတ်ပြုရသော တအံ့တသြ ရယ်မောသံ ချီးမွမ်းသံတွေနှင့် အပြုံးမျက်နှာများ။ ပပ ဘက်ကလည်း သဘောတူသည်ဟု သိရပြီးဖြစ်သည်။ နှစ်ဖက်လုံး သဘောတူ ကြည်ဖြူ ဝမ်းသာ ပျော်ရွှင်ကြတဲ့ အခြေအနေမို့ ပပတို့ ကံကောင်းကြပါသည်။

ဒီလိုပဲ ... ကိုယ့်တုန်းကလည်းကံကောင်းခဲ့တာပဲ။ ဒီထက်သာ ပိုရင် ပိုမည်၊ ဒီထက် မလျော့သော ကံကောင်းခြင်းမျိုးနှင့် ကောင်းခဲ့တာပါပဲ။ ဒါပေမဲ့ ကောင်းသောကံကို နတ်သမီး အသိအမှတ်တပြုလည်း မတွေးတတ်ခဲ့။ တန်ဖိုးလည်း မထားတတ်ခဲ့။





"ဒီထိ လာပြီးမှဟယ် ... ဘမင်းစားပြီးမှ ပြန်ကြတာ မဟုတ်ဘူး၊ မျက်နှာလေး မြင်ဖူးရုံ လာပြပြီး ချက်ချင်း ပြန်ခေါ်သွားတော့တာပဲ"

"သူငယ်ချင်းတစ်ယောက် ပါသေးလို့ပါ၊ နောက်တော့ သတ်သတ် လာလည်ပါဦးမယ်၊ သူငယ်ချင်းရဲ့ကိစ္စနဲ့ လာတာမို့ပါ အန်တီ"

"ထပ်လာလည်ဦးနော် ... သမီး၊ ကြားလား ဖိုးကျော်"

"ဟုတ်ကဲ့၊ လာခဲ့ပါမယ် အန်တီ"

ကျော်ကျော်ကတော့ ဘာမှမပြော။ ပြုံးဖြဲဖြဲသာ လုပ်နေသည်။ မြင်ကွင်းဟာ ဆိတ်ချမ်းသာစရာလေးပင်။ ဒီလူစုလူဝေးထဲ မျက်နှာမသာယာလှတာဆို၍ နတ်သမီး တစ်ယောက်သာ ရှိပါသည်။

ကားပေါ် ပြန်တက်ပြီးလျှင် လက်ပြကြ၊ နှုတ်ဆက်ကြနှင့် ပြန်ထွက်လာခဲ့ပြီးသော် ...

"ဒီကနဲ့ သိပ်မဝေးဘူး နတ်သမီးရဲ့၊ တည့်တည့်သာသွား၊ နန်းမဥ္စူစတိုးဆိုင်ကြီး ဆိုင်းဘုတ်တွေ့ရင် ဘယ်ချိုး၊ ဒီဘက်ခြမ်းပဲတဲ့"

နတ်သမီးသည် ခရီးနီးလာလေ ရင်ခုန်လာလေမို့ တိတ်ချက်သား ကောင်းနေသည်။ ရင်တွေ ဗယောက်ဗယက်ခတ် အောင် တအား လှုပ်ရှားခုန်ပေါက်နေ၍ မောသလိုလို နှမ်းသလိုလို ဖြစ်လာပါသည်။

www.burmeseclassic.com



ခေါင်းထဲကလည်း နေရင်း ထိုင်ရင်း ကောက်ကာငင်ကာ ထိုးကိုက်တက်လာကာ နားထင်ကို လက်ညှိုးလေးနှင့်ပင် ထောက်ထောက်လာရပါသည်။

"ကျော်ရေ ... ဟိုမှာ ... ဟိုမှာ ... နန်းမဒ္ဒူ တွေ့ပြီ"

"ဟုတ်ပြီ ... ဒါဆို ရှေ့လမ်း ဘယ်ချိုးပဲ"

ကျော်ကျော်က ထိုလမ်းထဲ ချိုးမဝင်ခင် လမ်းထိပ်ထောင့်မှ အချဉ်ထုပ်ဆိုင်လေးကို ...

"ဒီလမ်းက (——)လမ်းလားခင်ဗျာ"

"ဟုတ်တယ် ... (——)လမ်းပဲ"

ကျော်ကျော်က လမ်းထဲ ဝင်လိုက်ကာ မှတ်စုထဲမှ အိမ်နံပါတ်ကိုဖတ်၍ ဖြည်းဖြည်းမောင်းကာ အိမ်နံပါတ်ရှာသည်။

"နတ်သမီးဘက်ခြမ်းမှာ ရှိနိုင်တယ် သိလား"

နတ်သမီးက တွေ့ရသမျှ အိမ်နံပါတ်များကို ကြည့်လာရင်း ...

"ဒီမှာ ..."

လွှတ်ခနဲ အော်လိုက်မိကာ ချစ်စဖွယ်ပုံစံ ဆောက်ထားသော အုတ်ညှပ်တိုက်ကလေးကို လက်ညှိုးညွှန်ထားမိသည်။ ကျော်ကျော်က ကားကို အရှိန်သတ်ရင်း ...

"ဟိုဘက် ပြန်ကမ်ရပ်ပေးမယ်"

"မရပ်ပေးနဲ့၊ ကျော်ကျော် ဒီမှာပဲ ရပ်ခဲ့၊ ဒီမှာပဲနေ"





အတုံ့အပြန် ပြောစကား ဆိုစကားတို့ကို အိမ်နှင့်နီးလေ ကျော်ကျော် ကြားရနိုင်လေမို့ အိမ်နားနီးကပ်အောင် ရပ်မပေးစေလိုပါ။

"ကျော် ... ဒီမှာပဲနေ [illegible]လား၊ ကဲ ... မိနတ် ... ဆင်းလေ"

ကျော်ကျော်က နတ်သမီးရဲ့ ပျက်ကာ ချွေးသီးချွေးပေါက် ဥနေသော မျက်နှာကို အံ့အားသင့်ဟန်နှင့် ကြည့်နေပါသည်။ ပပ အတင်းတွန်းထိုး ဆင်းခိုင်းမှ နတ်သမီးက ဆင်းဖြစ်တော့ကာ အပြင်ရောက်တော့လည်း ကားဘေားကပ်ရပ်၍ ခြေထောက်တွေ ခဲဆွဲသလို လေးလံနေသည်။

"လာလေ မိနတ်"

ပပ ဆွဲခေါ်ရာသို့ နတ်သမီးက အလွယ်ပါမလာ။

"ရောက်လာမှပဲ မိနတ်ရယ်၊ ကဲ ... လာ ... လာ၊ ငါတစ်ယောက်လုံး ပါပါတယ်၊ နင် ဘာမှ စိတ်မလှုပ်ရှားနဲ့၊ စိတ်ကို တည်တည်ငြိမ်ငြိမ် ထားချည်၊ နင်က ရှက်ကြောက်ရမဲ့သူ မဟုတ်ပါဘူး ... ဟိုက ရှက်ကြောက်ရမဲ့သူပါ"

ပပက ကျောက်တွတ် အားပေးသည်။ ကိုယ်ကမှားသူ အပြစ်ရှိသူ မဟုတ်ဘဲ နတ်သမီးမှာ ထိတ်လန့်နေမိတော့ခန်ခံသည်။ အမှားအယွင်း ဖြစ်မှာ ပြဿနာတက်မှာ ရှုံးနိမ့်မှာတွေကို တွေးပူကာ လက်ဖျားအေးနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ပါစေ ...။ ဒေါ်သမပါဘဲ ဝမ်းနည်းမှု မပါဘဲ စကားကို ချောချောမောမော ပြောထွက်နိုင်ပါစေ။ ဘာတွေ ပြောမည်ဟု စဉ်းစား စီစဉ်ထားသမျှတို့လည်း အစရှာမရသလို အမေ့မေ့ အလျော့လျော့ ဖြစ်ကုန်ပြီ။ ရင်ထဲ တဒုန်းဒုန်း နေအောင် ခုန်လှုပ် တုန်ယင်နေသည်မှာ ရင်ဘတ်ပင် အောင့်လာသည်။

ဆိုးဆိုးဆတ်ဆတ် သွက်သွက်လက်လက် ထက်ထက်မြက်မြက် ဖြစ်ခဲ့သော သူ့ရဲ့ဟန်ပန် သဏ္ဍာန်တွေ စရိုက်တွေ ဘယ်ရောက်ကုန်ပြီနည်း။ မသွက်လက်နိုင် မထက်မြက်နိုင်ဘဲ လူက ကုပ်ချိုချင်နေသည်။ အို ... ကိုယ်က သူများယောက်ျားကို ဆွဲဆောင်စာတွေ ရေးနေတဲ့သူလည်း မဟုတ်ဘဲနဲ့။ ကိုယ်က အဲဒီယောက်ျားရဲ့ ဇနီးမယား။ ကိုယ့်ယောက်ျားကို စာရေးဆက်သွယ်နေတဲ့ မိန်းမကို တားမြစ်ဖို့လာတာ။

ကိုယ့်ဟာကိုယ် စိတ်ကိုတင်းလိုက်ပြီး ပပ လက်ကိုတော့ တင်းတင်းဆုပ်ထားသည်။

"အိမ်ရှင်တို့ ... အိမ်ရှင်တို့ ..."

ပပကပဲ ခြံတံခါးဝမှ ဦးဆောင်အော်ခေါ်သည်။ သစ်သားတန်း ခြံစည်းရိုးလေးဟာ နိုင်နိုင်ခံ့ခံ့ သပ်သပ်ရပ်ရပ်ပင်။ အိမ်တံခါးဝ သံပန်းတံခါးချပ်နောက်ကွယ်၌ မိန်းမကြီးတစ်ယောက် ထွက်ပေါ်လာပါသည်။





"ဘာကိစ္စလဲကွယ်"

သံပန်းတံခါး တစ်ချပ်ကို လှပ်ဟကာ လှမ်းမေးလိုက်သော မိန်းမကြီးမှာ အသက်ငါးဆယ်ကျော် ရည်ရည်မွန်မွန် ရုပ်ရည်သန့်သန့်နှင့်ပင်။ နှုတ်သမီးထံမှ ဘာစကားသံမှ ထွက်မလာဘဲ တိတ်ဆိတ်နေ၍ ပပကပင် ...

"ဒါ ... ဒေါ်မြဖင်အောင် အိမ်လားရှင်"

"ဟုတ်ပါတယ်ကွယ်"

နှုတ်သမီးရင်ထဲ ဒိန်းခနဲ ဖြစ်သွားပါသည်။ မြဖင်အောင် အိမ် ဟုတ်တယ်တဲ့။ ကိုကြီးကို ချွဲပြစ်နေတဲ့ မိန်းမတစ်ယောက်ကို တွေ့ရတော့မယ် ထင်ပါရဲ့။ နှုတ်သမီး စိတ်ကိုတင်းလိုက်ပါသည်။ ခပ်တိုးတိုးနှင့်ပင် ...

"သူ ရှိပါသလား အန်တီ"

"မရှိဘူးကွယ့် ...၊ မြဖင်အောင် ပြည်ကို ခဏသွားပါတယ်၊ သူ့အမေ နေမကောင်းလို့ ခဏ ပြန်ကြည့်တယ်၊ တစ်နေ့က သွားတာကွယ့်၊ နှစ်ရက်ရှိပြီ၊ ခွင့်တော့ ဆယ်ရက်ယူသွားတယ် ဆိုတော့ အဲသလောက်တော့ ကြာလိမ့်မယ်၊ အန်တီက သူ့အစ်မဝမ်းကွဲ တော်ပါတယ် ... ဘာမှာခဲ့မလဲ၊ မှာခဲ့ပါ ရတယ်"

မိန်းမကြီးက ဘာမှ ထပ်မေးစရာ မလိုအောင် ပြည့်စုံစုံ တောက်လျှောက် ပြောသွားပါသည်။ နှုတ်သမီးမှာ

www.burmeseclassic.com



တွေ့လိုသူ မရှိဘဲ ကိစ္စရှင်းလင်းဖို့ အချိန်နှောက်ဆုတ်သွားရသည့်အတွက် တစ်မျိုး စိတ်ညစ်ပြီး ဝန်လေးလှတဲ့ စကားတွေကို အခုတစ်ထိုင်တည်း မပြောရတော့ဘူးဖြစ်၍ တစ်မျိုးစိတ်ပေါ့ကာ ခေါင်းကို ခါယမ်းရင်း ...

"မမှာခဲ့တော့ပါဘူး အန်တီ၊ သူ ပြန်ရောက်နိုင်လောက်တဲ့ အချိန်လောက်ကျမှ တစ်ခေါက် လာခဲ့ပါဦးမယ်"

"ပြည်လိပ်စာရော မေးဦးမလား မိနတ်"

ပပက အတည်ပြောတာလား နတ်သမီးကို ရွဲ့ပြောတာလား မသိပေမဲ့ ထိုအဒေါ်ကြီးကတော့ နှုတ်သွက်စွာနှင့် ...

"အိမ်နံပါတ်(၁၀)၊ (---)လမ်းပေါ်မှာပါ ...၊ သူ့အမေက ဒေါ်ဦးဆိုတော့ ဒေါ်ဦးတိုက်လို့ မေးရင်တောင် သိကြပါတယ်၊ ကိစ္စအရေးကြီးတာ ရှိလို့လား"

"အရေးကြီးတယ်တော့ မဟုတ်ပါဘူး အန်တီ၊ နောက်မှ လာခဲ့မယ်"

"အေး ... အေး ... ကောင်းပါပြီ၊ သူ ဖုန်းတွေ ဘာတွေ ဆက်ရင်ကော ဘယ်သူ လာမေးတယ် ပြောရမလဲ"

နတ်သမီးက စိတ်ကို တစ်ချက်တင်းရင်း ...

"ဦးကြီးခေါင်စော ဇနီး လာတယ်လို့ ပြောပါအန်တီ"

"ဦးကြီးခေါင်စော ဇနီး ! "

မိန်းမကြီး လေသံက အလန့်တကြား၊ တအံ့တဩ။





မြဇင်အောင်နှင့် ကြီးခေါင်စော အကြောင်းများ သိနေလို့များလား။ ကြီးခေါင်စောမှာ ဇနီးရှိတယ် ဆိုတာကိုပဲ အံ့သြသွားတာလား။ ဘာပဲဖြစ်ဖြစ်ပါလေ။ ဤတစ်ခွန်းလေး ပြောရတာကို နတ်သမီးက အရသာရှိသလို ခံစားရကာ ထိုအိမ်ရှေ့မှ လှည့်ထွက်ခဲ့ပါသည်။

ကံဆိုတာများ ကြုံဖန်ဆိုးချင်တော့ ... ကသိမ်ကကျမ်းကျကျကို ကောက်ကွေ့ပြီး ဆိုးတော့တာပင်။ စိတ်လှုပ်ရှားခဲ့တာရော ... နေပူပြင်းတာကြောင့်ရော ထင်သည်။ အဲဒီနေ့က နတ်သမီး အပြန်လမ်းတစ်လျှောက် ခေါင်းတွေကိုက်လိုက်တာ တအားပင်။ ပထမတုန်းက ပြန်ပြီးကြလျှင် တစ်နေရာမှာ တစ်ခုခုသွားစားကြဖို့ စီစဉ်ကြံရွယ်ထားတာ။

နတ်သမီးက ဒီလောက် ခေါင်းကိုက်နေတော့ ပပလည်း စိတ်မပါတော့ပုံ မရပေ။ သူက ပါရမီတွင် နေသူမို့ သူ့အိမ်ဘက် အရင်ရောက်လာရာ ...

"ငါ အရင်ဆင်းနေခဲ့တော့မယ်ဟာ၊ နင်လည်း ခေါင်းသိပ်အားကိုက်နေတာ၊ ဘယ်မှလဲ ဆက်သွားဖြစ်တော့မှာ မဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သိလား ကျော်၊ နောက်မှ တစ်ရက်သတ်သတ် ပြန်ချိန်းပြီး ထွက်စားကြမယ်၊ အခုတော့ မိနတ်သာ ဆက်ပို့လိုက်တော့"

"ပပရော ... လိုက်မလာတော့ဘူးလား၊ အပြန်ကျမှ မဆင်းဘူးလား"

"အို ... ကိုယ့်အိမ်ရှေ့က ဖြတ်သလို ဖြစ်နေတာ ဆင်းပဲနေခဲ့တော့မယ်၊ ရဲရဲသာ ပို့လိုက်ပါ၊ ဒီအချိန် သူ့ဘဲကြီးလည်း အိမ်ပြန်မရောက်သေးပါဘူး ... ဟီ ဟီ ..."

ပပက ကျော်ကျော့်ကို ပြောင်စပ်စပ် နောက်လိုက်ပါသေးသည်။ အဲဒီစကားက ကျိန်းကျေသွားစေသလား မသိနိုင်တော့။ ကျော်ကျော်ရဲ့ကား နတ်သမီးတို့ရဲ့ ရွှေပုန်းညက်ရိပ်မွန်ထဲ ကွေ့ဝင်ကာ တိုက်အောက်မှာ ရပ်လိုက်သည်နှင့် နောက်မှာတစ်ဆက်တည်းပါလာသော ကိုကြီးရဲ့ မာ့ခ်တူးကား ငွေရောင်ကြီးဟာ ကျော်ကျော့် ကားနှင့် ဘေးချင်းယှဉ်၍ ရပ်လိုက်လေသည်။

ကျော်ကျော်က ထိုကားကို သတိထားမိပုံ မရသေးဘဲ သူ့ဘက်တံခါး ဖွင့်ဆင်းလာကာ ခေါင်းကိုက်နေတဲ့ နတ်သမီးကို ကူညီဖေးမတဲ့သဘော အသင့်ဆင်းဖို့ တံခါးဆွဲဖွင့်ပေးလိုက်ပါသည်။

"ရလား နတ်သမီး၊ ကျွန်တော် အိမ်ပေါ်ထိ လိုက်ပို့ရဦးမလား"





"ဟင့်အင်း ... ရပါတယ်၊ ဟိုမှာ ကိုကြီးကားလည်း ရောက်လာပြီ"

ဒီတော့မှ ကျော်ကျော်က ကိုကြီးကား ရှိရာကို လှမ်းကြည့် သတိပြုမိပုံ ရသည်။ ကိုကြီးကို လှမ်းတွေ့လျှင် ကျော်ကျော်မှာ စိတ်ရှုပ်သွားသလို မျက်နှာပျက်သွားပါသည်။ သူနှင့် အပြင်တွဲသွား တွဲလာမိ၍ နတ်သမီး အလုပ်ကပင် ထွက်လိုက်ရတဲ့ထိ ပြဿနာ ဖြစ်ခဲ့ရတာကို သူလည်း သိသည်ပင်။

ခုလည်း တိုက်တိုက်ဆိုင်ဆိုင်။ နတ်သမီးအလုပ်ကထွက်ကတည်းက ခုတစ်ကြိမ်သာ ပထမဆုံးပြန်ပြီး တွေ့ဖြစ်ကြသည်။ ထိုပထမဆုံးအကြိမ်မှာပဲ ကိုကြီး တွေ့သွားပြန်ပြီ။ ပပကလည်း အတူပါမလာ။ ခုချိန်မှာ "ပပ ခုလေးတင် အရင်ဆင်းနေခဲ့တာ"ဟု စကားစပ်ပြီး အသိပေးလည်း မလုံလဲပြီး ကာကွယ်ပြောထားလို့ ဆင်မှာပဲမို့ ကျော်ကျော်သည် ပေရှည်ခံကာ နတ်ပင်ဆက်မနေတော့ဘဲ ကိုယ့်နေရာကိုယ် ပြန်တက်ထိုင်ပြီး မောင်းထွက်သွားပါတော့သည်။

နတ်သမီးသည်သာ သူ့ကို မျက်မှောင်ကုတ်၍ စူးစူးဝါးဝါး ကြည့်နေသော ကိုကြီးကို တစ်ချက်ကြည့်ကာ စိတ်ညစ်ညစ်နှင့် ခေါင်းတွေ ပိုကိုက်လာသည်။ တိတ်တိတ်ဆိတ်ဆိတ်ပင် ရှေ့က တက်လာကာ ကိုကြီးက နောက်မှ ထက်ကြပ်မကွာပါလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲ ဝင်မိကြလျှင် ကိုကြီးက နတ်သမီးရဲ့ လက်မောင်းတစ်ဖက်ကို နောက်မှ ဆွဲထားလိုက်ပြီး သူ့ဘက်လှည့် ယူလိုက်ပါသည်။

"မင်း ဘာလုပ်ပြန်တာလဲ နတ်သမီး၊ လူက နေမကောင်း ဖျားချင်နေလို့ တစ်ခါတလေလေး ရုံးက စောပြန်လာတယ်၊ ပက်ပင်းလာတိုးပြန်တော့တာပဲ၊ ဘာဖြစ်လို့ မင်း ဒီကောင်နဲ့ အပြင်ထွက်ရပြန်သလဲ၊ ဒီလို ငါမရှိတုန်း ထွက်နေတာရော ဘယ်နခါ ရှိပြန်ပြီလဲ"

နတ်သမီးသည် စိတ်ပျက်ပျက်နှင့် စိတ်ကို ဖိုး အောက်ထိ အဆုံးလျှော့ချထားလိုက်ကာ ...

"ဒီတစ်ခါတည်းပါ၊ ကိစ္စရှိလို့ပါ၊ ပပလည်း ပါပါတယ်"

"ဩော် ... ပပလည်း ပါတယ်၊ ဩော် ... ဩော် ..."

ကိုကြီး ပုံစံက သရော်တော်တော်။ သူ့မျက်စိရှေ့ မှောက်မှာ သူ မမြင်တွေ့လိုက်ရတဲ့ ဖြစ်ရပ်တစ်ခုကို အမှန်ပါဟု ဖြေရှင်း ပြောဆိုဖို့ရာ နတ်သမီး စိတ်ဆင်းရဲ ဝန်လေးနေရပါသည်။

"ပပက ခုနလေးတင်ကမှ ဆင်းကျန်ရစ်ခဲ့တဲ့ သဘောပေါ့ ... ဟင်း ဟင်း ..."

နတ်သမီးက လည်လာသော မျက်ရည်တို့ကို ပုတ်ခတ်ထိန်းရင်း ...





"ကိုကြီးက တမင်ရွဲ့ပြီး အပေါ်တွေ ပြောပေမဲ့ အဲဒါဟာ အမှန်ပါပဲ၊ ကိစ္စတစ်ခုရှိလို့သွားကြတာ ... အပြန်ကျတော့ ပါရမီက ပပအိမ်ရှေ့နား အရင်ရောက်တာနဲ့ ပပက ဆင်း ကျန်နေခဲ့တယ်"

ကြီးခေါင်စောက ဖြေရှင်း ပြောပြနေရရှင်း၌ စိတ် မောတ်ကျနေပုံရသော နတ်သမီးကို စိုက်ကြည့်နေသည်။ နတ်သမီး ကို ညာမပြောတတ်ဘူးဟု သူက ယုံကြည်နေ၍ ခုလည်းပဲ နတ် သမီး ပြောနေတာဟာ အမှန်လို့ စိတ်ကယုံနေပြီ။ သို့ပေမဲ့ ခုန ရုတ်တရက် တွေ့လိုက်ရစဉ်က ပြာဝေဆူပွက် ဒေါသထွက်သွား တာကို ရုတ်တရက် အတွင်း ချက်ချင်း လျှော့ချလိုက်ဖို့ ခက်၍ မျက်နှာကိုတော့ ဆက်တွန့်ထားဆဲပင်။

နတ်သမီး ပြောတာကို ယုံပေမဲ့လည်း လုံးဝကြီး တော့ ကျေနပ်သေးတာ မဟုတ်။ ပပ ပါတယ်ပဲထား၊ ဒီကျော်ကျော် နဲ့ ပပနဲ့ သွားမှပဲလား။ အရင်ကလို ဝဏ္ဏတို့ မိုးတို့ ထိုက်တို့ တစ်ယောက်ယောက်နဲ့ သွားလည်း ရတာပဲ မဟုတ်လား။ အဲဒါ တွေနှင့် တွဲမြင်လျှင်တော့ ကြီးခေါင်စော စိတ်၌ ပို၍ရှင်းမှာ သော ချာသည်။

"ဒီကျော်ကျော်နဲ့ ပပနဲ့ တွဲသွားမှပဲလား ... ဝဏ္ဏတို့ မိုး တို့ ထိုက်တို့နဲ့ သွားလို့ကော မရဘူးလား"

"မရဘူး ...၊ ပပ ပါမှ ရမယ်၊ ပပက မိန်းကလေးဖော်လေး



www.burmeseclassic.com

www.burmeseclassic.com



ပပနဲ့ သွားမယ်ဆိုတော့ ပပက ကျော်ကျော့်ကို လိုက်ပို့နိုင်းတာကို သမီး ဝင်မကန့်ကွက်ဘူး၊ သူတို့နှစ်ယောက်က ရည်းစားဆိုတော့ ပပက ကျော်ကျော့်ပဲ ပို့နိုင်းချင်မှာပဲ"

"ရည်းစား ! "

"ဟုတ်တယ် ကိုကြီး"

ကြီးခေါင်စောသည် ယုံလည်း ယုံကြည်နိုင်ကာ အတော်လည်း ကျေနပ်ဘဝင်ကျသွားပါသည်။

"နေပါဦး ... မင်း ... ပပနဲ့ အဖော်ပြုပြီး သွားရတာက ဘာကိစ္စလဲ ... ဘယ်ကိုလဲ"

"အလကား ကိစ္စပါ"

"ဟာ ... အလကားကိစ္စတစ်ခုနဲ့ လျှောက်သွားနေစရာလား၊ ဘယ်နေရာကို သွားတာလဲ"

နတ်သမီးက ကိုကြီးကို မျက်လွှာပင့်ကြည့်ကာ မပွင့်တပွင့်နှင့် ...

"ဒဂုံမြို့သစ်ကိုပါ"

"ဒဂုံမြို့သစ် ! "

ကြီးခေါင်စော တအံ့တဩ ဇဝေဇဝါ ရှိနေဆဲ နတ်သမီးက စကားဖြတ်ကာ အခန်းထဲ ဝင်လာပြီး ခေါင်းကိုက်လွန်း၍ ခုတင်ပေါ် ခွေလှဲနေလိုက်ပါသည်။





ကြီးခေါင်စောမှာ ခေါင်းနပန်းကြီးသလိုပင် ခံစားရကာ စိတ်တွေ ရှုပ်ထွေးကုန်ပြီး သူ့ညီမ မလတ်ကိုပင် ဖုန်းသွားတိုင်ကြီးသဖွယ် ဖုန်းလှမ်းဆက် ပြောပြမိပါသေးသည်။ မလတ်ကတော့ အံ့အားသင့်တဲ့ကြားက သဘောကျသလို ရယ်မောနေနိုင်ပါသေးသည်။

"ကိုကြီးရဲ့ နတ်သမီးက မလွယ်ဘူးနော် ... ဟား ဟား၊ ငုံ့ခံနေမဲ့ အချုဉ်လေးတော့ မဟုတ်ဘူး ကိုကြီးရေ့"

"ရယ်မနေစမ်းပါနဲ့ဟာ၊ အဲဒါ နင် နည်းနည်းပါးပါး တီးခေါက်စမ်းဦး၊ ဘာတွေ လုပ်မလို့လဲ ... ဘာညာပေါ့ ...၊ ဘာမှ မလုပ်ဖို့လဲ နားချဦး"

"ကိုကြီးလည်း ကိုကြီးရဲ့ ဇာတ်ရှုပ်ကို ရှင်းဦးလေ၊ ရှင်းချိန် မတန်သေးဘူးလား"

"အင်းပါ ... ရှင်းရတော့မှာပါ"

ဟိုတစ်နေ့က ဒဂုံမြို့သစ် သွားသည် ဆိုကတည်းက ဘာပါလိမ့်လို့ စိတ်ထဲ ဇဝေဇဝါ ဖြစ်ရတာ။ ဒီနေ့မှပဲ ရှင်းသွားတော့တာပင်။ စာထဲက လိပ်စာအတိုင်း လိုက်ရှာသွားခဲ့တော့တာ

www.burmeseclassic.com

www.burmeseclassic.com



ကိုး ...။ သတ္တိခဲမ,လို့ပဲ ဆိုရတော့မည် ထင်သည်။ အိမ်မှာကျယ်နေသည့် အိမ်ကျယ်မလေး အဖြစ်သာ နတ်သမီးကို သတ်မှတ်ထားတာ။ ဒီလောက် ရဲလိမ့်မည်လို့ ထင်တောင် မထင်မိပေ။

ရုံးကို လူငယ်လေးတစ်ယောက် ရောက်လာကာ သူ့ထံ တွေ့ခွင့်တောင်း ဝင်တွေ့ပြီး ...

"ကျွန်တော် ဒေါ်မြခင်အောင် တူပါ" ဆိုတော့ ... ဘာကိစ္စလဲ မေးရသည်။

"အန်တီဇင်က သူ့အမေ နေမကောင်းလို့ ခွင့်ယူပြီး ပြည်ကို ခဏလိုက်သွားတာပါ၊ အဲဒါ ... ဦးဆီက လိုက်လာတွေ့တော့ ဘာများ အရေးကြီး ကိစ္စထူး ရှိလို့လဲ သွားမေးဆိုပြီး အမေက လွှတ်လိုက်လို့ပါ"

"ဟ ... ငါ့ဆီက လိုက်လာတာ၊ ဘယ်သူ လိုက်လာလို့လဲ၊ ငါ ဘယ်သူ့မှလဲ မလွှတ်ပါလား၊ ဘယ်ကိုလာတာလဲ၊ အိမ်ကိုလား"

"အိမ်ကိုပါ"

"ဘယ်သူလဲ ... ဘ တဲ့လဲ"

"ဦးရဲ့ဇနီးပါ"

"ဟေ ..."

ကြီးခေါင်စောမှာ ခေါင်းနပန်း ကြီးသွားရပါသည်။





"ဦးကြီးခေါင်စော ဇနီး ဆိုတာပဲ ပြောသွားပါတယ်တဲ့ ကိစ္စတွေ ဘာတွေတော့ ပြောမသွားဘူးတဲ့၊ နောက်ရက်ပြန်လာခဲ့မယ်လို့ပဲ ပြောသွားတယ်တဲ့၊ ကျွန်တော့်အမေနဲ့ တွေ့သွားတာပါ၊ အဲဒါ အမေက ဦးများ ဘာကိစ္စထူးလို့လဲ ... ဘာပြောစရာရှိလို့လဲ ... ကျွန်တော့်ကို အခုလွှတ်မေးခိုင်းတာပါ"

"တခြား ဘာပြောသွားသေးလဲ"

"တခြား ဘာမှ မပြောဘူးခင်ဗျ"

"အေး ... အေး ...၊ ဘာကိစ္စမှ မရှိပါဘူးလို့ မင်းအမေကိုလည်းပြောပြပါ၊ ငါက လွှတ်တာတော့ မဟုတ်ပါဘူး ကြည့်ရတာ သူ အဲဒီနား တစ်အိမ်အိမ် သွားလည်ရင်း လမ်းလည်းကြုံ လိပ်စာလည်း သိနေလို့ ခဏတဖြုတ် ဝင်လည် ... အဲ ... ဝင်နှုတ်ဆက်လား ဘာလား ... တစ်ခုခု ဖြစ်မှာပေါ့ကွာ ... ငါလည်း မသိဘူး၊ ငါတော့ ဘာကိစ္စမှ မရှိပါဘူး"

"အမေကလည်း ဒီနားရောက်ရင်းပဲ သူ သိနေလို့ ဝင်လည်လားလို့လည်း စဉ်းစားမိတယ်တဲ့၊ ဘာမှလဲ ညှော်ဝတ်မကျွေးလိုက်ရဘူး ... ဝင်တောင် ထိုင်မသွားဘူး ဆိုပြီး တခွန်းခွန်း တောက်တောက်နဲ့၊ ခြံတံခါးဝကပဲ တစ်ခွန်း နှုတ်ဆက်ပြောပြီး ပြန်သွားတော့ ..."

www.burmeseclassic.com



"ကိစ္စမရှိဘူး ... ကိစ္စမရှိဘူး၊ တစ်ခါတလေ သူက ဒီလို ပဲ ပျင်းရင် ဟိုဟိုဒီဒီ အိမ်လည်တတ်တယ်၊ ဘာမှ မဟုတ် ပါဘူး"

ပါးစပ်ထဲတွေ့ရာ ကပေါက်တိ ကပေါက်ချာတွေပဲ ယုတ္တိတန်တန် မတန်တန် လျှောက်ပြောပစ်လိုက်ရပါသည်။ ဘာမှ စကားတွေ မကျွံခဲ့တာပဲ တော်ပါသေးရဲ့။

အတော်ရဲပြီး အတော်ခြေလှမ်းကျဲသည့် နတ်သမီး။ တွေ့များတွေ့ရင် သူ ဘာများလုပ်မလို့ပါလိမ့်။ သူ့စရိုက်ထင်တိုင်း ကြံပုံနဲ့တော့ ... အော်ပဲ အော်ဟစ်မလား ... ရိုက်မောင်းပုတ်မောင်း လုပ်မလား။ ပြီးသွားမှ သိရတာတောင် ရှင်မောလိုက်တာ။

ထိုညနေက အလုပ်များနေ၍ ကြီးခေါင်စော အိမ် ပြန်နောက်ကျသည်။ သူ အိမ်ပြန်ရောက်တော့ အိမ်မှာ မလတ်ပင် ရောက်နေပါသည်။ မလတ်သည် ကြီးခေါင်စောကို မြင်လျှင် ရယ်ကျဲကျဲ ပြုံးစိစိ။ ဘာမှ သိပ်ပြောဆို ဆွေးနွေးထားပုံ မရပါ။

ကြီးခေါင်စောကတော့ မျက်ခုံးကိုတွန့်ကာ ခရီး ရောက်မဆိုက်ပင် (မဖြစ်မနေ အပြတ်ကို ဖြတ်ရမည့် တားရမည့် ကိစ္စ ဖြစ်၍) လေသံမာနှင့် ...

"နတ်သမီး ... ဟိုတစ်နေ့က မြဇင်အောင် အိမ်ကို သွား တယ်ဆို"





နတ်သမီးသည် အငိုက်မိ၍ ဆတ်ခနဲ တုန်သွား ကာ ...

"ကိုကြီးကို ဘယ်သူပြောလဲ"

"မြဇင်အောင် တူက ရုံးကို လာမေးတယ်လေ၊ ဦးကြီးခေါင် စော ခနီး လိုက်လာတယ်ဆိုလို့ ဘာကိစ္စလဲတဲ့"

"အောင်မာ ... ကြည့်စမ်း ...၊ သူတို့ကပဲ တစ်ပြန်စီး ရဲတင်းလိုက်တာ ... တွေ့လား မလတ်"

နတ်သမီးက ရုတ်တရက် ရှူးရှူးရှားရှား ဖြစ်လာ ပါသည်။ သူလာတယ်လို့ လာတိုင်တဲ့သဘော သက်ရောက်နေ၍ မကျေမချမ်း။ မြဇင်အောင်သာမက သူ့ဆွေမျိုးတွေပါ အားလုံးဟာ အတော်ရဲတင်း ပြောင်ကျမည် ဆိုတာ တွေးတောင်မတွေးနိုင်။

နတ်သမီး လိုက်လာတဲ့ သတင်းဟာ ပြည်က မြဇင်အောင် ထံလည်း ရောက်ရင် ရောက်မှာပဲ။ သူသိလို့ကတော့ စုလောက်ရှိ နတ်သမီးကို ဘယ်လိုရင်ဆိုင်ရမလဲ ... သို့မဟုတ် ဘယ်လို မလိမ့်တပတ် ကွင်းရှောင်ထွက်ရမလဲ စသည်တို့ကို အကွက်ချ စဉ်းစား အစီအစဉ် ဆွဲနေရှာမည်။

"သူ့တူကကော ... အရှက်မရှိ လာမေးရလား ... အတော်မျက်နှာပြောင်ပြီး အတော်လူပါးဝတဲ့ဟာတွေ"

"စိတ်ကို လျှော့စမ်းပါ နတ်သမီးရယ် ... ဒီကိစ္စက ဘာမှ ရှေ့ဆက် ဖြစ်မလာမဲ့ အရေးမပါတဲ့ ကိစ္စတစ်ခုပါ"

www.burmeseclassic.com

www.burmeseclassic.com



"အရေးပါလာလာ မပါလာလာပါ မလတ်ရယ်၊ သမီး ဒီတိုင်း ငုံ့ခံနေရမှာလား၊ သိပ်အသည်းယားတယ်၊ သိပ် ခံပြင်းတယ်၊ သူများယောကျ်ားကို ကြောက်တောင်နိုက်ဖို့ လုပ်နေတာ မလတ်ရဲ့"

မလတ်က ပြုံးစိစိ ဖြစ်ရပါသည်။ ကြီးခေါင်ဧစာမှာ တော့ ခေါင်းကြီးသထက် ကြီးလာရတော့တာပင်။ ယုံရတာမဟုတ်။ ဒေါ်နတ်သမီး ပုံစံက နပန်းဖက်သတ် လုံးချင်လောက်တဲ့ထိ သွေးဆူနေတာမပါလား။ လုံးဝရှေ့မတိုးဖို့ အရေးကြီးသည်။

"ဒီမှာ နတ်သမီး၊ မြစင်အောင်နဲ့ ပတ်သက်ပြီး လှုပ်ရှား နေတာတွေ မင်း ရပ်တန့်ကရပ် ... ဒါပဲပြောမယ်"

နတ်သမီးက ကြီးခေါင်ဧစာကို မျက်ရည်ပြည့်သော မျက်လုံးကြီးများနှင့် မော်ကြည့်သည်။

"ကိုကြီး ... မတရားဘူး"

"ဘာလဲ ... တရားတာတွေ မတရားတာတွေ မသိဘူး၊ မင်း ဘာမှ ဆက်မလုပ်ရဘူး၊ တော်တော့၊ အကျယ်အကျယ် တွေ ရှက်စရာတွေ ဖြစ်ကုန်မယ်၊ ရှေ့ဆက်တိုးဖို့ကို ငါ လုံးဝခွင့်မပြုဘူး ... ဒါပဲ၊ ဒီတစ်ခွန်းပဲ ... ဘာဆိုဘာမှ ဆက်လုပ်ဖို့ မကြိုးနဲ့"

"ကိုကြီးကလည်း ပြေပြေလည်လည် ချောချောမောမော ပြောလေကွာ"



မလတ်က ဝင်ပြောပါသည်။

"ခင်ဗျားယောက်မက ချော့ပြောလို့ မရဘူး၊ အဲဒါ ခုထိ မသိသေးဘူးလား"

"ဒါပေမဲ့ ကိုကြီးကလည်း ဒီကိစ္စတွေက တကယ်တော့ ဟိုဒင်းပဲ မဟုတ်လား"

မလတ်ကလည်း ဘာပြောရမည် မသိတော့ပါပေ။ ကြီးခေါင်ဧစာက မျက်ရည်ပေါက်ကြီးတွေ ကျလာသော နတ်သမီး ကို ကြင်နာသနားမိသော်လည်း မျက်နှာကို လုံးဝမလျှော့ရ။

"တော်ပြီ ... တော်ပြီ ...၊ ကျန်တာတွေ နောက်မှ အေး အေးဆေးဆေး ပြောမယ်၊ ခုလောလောဆယ် မင်းခေါင်း ထဲစွဲနေရမဲ့ အချက်ကတော့ မြစင်အောင်ကို တွေ့ဖို့ မင်း ကြိုးစားနေတဲ့ကိစ္စကို ရပ်၊ အပြီးတိုင်ရပ်၊ လုံးဝမတွေ့ ရဘူး၊ မှားတာပဲ၊ ဒီလိပ်စာကို မင်းကို သိစေလိုက်တာ အမှားပဲ၊ ပြဿနာပဲ"

"သူ့အိမ်က လိုက်လာမေးတာနဲ့ ကိုကြီး ဘာဖြစ်လို့ ဒီလောက် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရတာလဲ ... သူ့ မျက်နှာ သူ့အမျိုးတွေ မျက်နှာကို ကိုကြီး ဘာကြောင့် ဒီလောက်တောင် ထောက်နေစရာရှိလဲ၊ အရှက်မရှိတဲ့ မိန်းမကို သမီး တစ်ခုခု သွားပြောတော့ကော ဘာဖြစ်လဲ ကိုကြီးက သူ့ အပြောအဆို ခံရမှာ သနားနေတာလား ကိုကြီး သူ့အပေါ် စိတ်ယိုင်နေပြီ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ..."

ကြီးခေါင်စောက ခေါင်းကုတ်ကာ မလတ်ကို လှမ်းကြည့်သည်။

"မသိဘူး ... ကိုကြီး ဓာတ်ရှပ် ကိုကြီးပဲရှင်း"

မလတ်က ပခုံးတွန့်၍ ဆိုသည်။

"ဟုတ်တယ် မလတ် ... သူ့ ဓာတ်ရှပ်တော့မှာ၊ ဟိုစာတွေ မလတ် မဖတ်ရလို့၊ ဖတ်များ ဖတ်ရရင် မလတ်သာ သမီးနေရာဆို လည်ပင်းညှစ် သတ်ချင်စိတ်တောင်ပေါက်မယ်၊ မိန်းမပျိုတစ်ယောက် ရေးရဲမယ် မထင်ရအောင် မြူဆွယ်ဆွဲဆောင်ရေးရဲတာ"

"အဲဒါ ... အဝှာလေ ... သူ့ဟာသူရေးတာလေ၊ ကိုယ်က သူ့ကို ဘာဖြစ်လို့လဲ၊ စိတ်မဝင်စားပါဘူး"

"ဝင်စားနေပြီ ... စိတ်ယိုင်နေပြီ၊ ဒါကြောင့် သူ့အပေါ် ထောက်ထားရတာတွေ ဖြစ်နေတာပေါ့၊ သူ့အတွက်နဲ့သမီးကို ကြိမ်းမောင်းတာ ... ဟောက်တာ ... ခံရတာများပြီ"

"အေးကွာ ... အဲဒါတွေ ဘာပဲဖြစ်ဖြစ်ကွာ ... သူ့ကိုသွားထပ်တွေ့ဖို့တော့ နောက်ထပ် လုံးဝမကြိုးစားနဲ့တော့ကွာ ဒါပဲ၊ တင်းတင်းကျပ်ကျပ် တားမြစ်တယ်နော်၊ လုံးဝသူ့ကို သွားထပ်မတွေ့နဲ့"

"မရဘူး ... သမီး အဲဒီစာတွေကို အရမ်း Sick ဖြစ်နေပြီ"



"သူ့ အဲဒီစာတွေ ထပ်မရေးရအောင် ကိုယ့်တာဝန်ထား"

"ကိုကြီးက သူ့ကို သွားတားမှာပေါ့၊ သူနဲ့ သွားတွေ့မှာပေါ့၊ ဟုတ်လား၊ အစကတည်းက ဆက်သွယ်ချင်နေတာ အကြောင်းရှာနေတာများလား ကိုကြီးရဲ့ ... ဟင်၊ သွားတားမြစ်မယ် ဆိုတာမျိုးနဲ့တော့ ဆုံတွေ့ရဖို့ ဉာဏ်နီဉာဏ်နက်တွေ ထုတ်မနေပါနဲ့"

ကြီးခေါင်စောက စိတ်ပျက်လက်ပျက် ခေါင်းကို ခါယမ်းနေကာ နတ်သမီးကတော့ ထိုင်ရာမှ ဆတ်ခနဲထ၍ အိပ်ခန်းထဲ ငိုရှိုက်ဝင်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ရုံးပိတ်ရက်မို့ သူကသည်း အိပ်ရာထ နောက်ကျမိပါသည်။ ဒီတော့ နတ်သမီး မရှိတာကို ဘော်တော်နှင့် သူ မသိ။ အိပ်ရာကထ,တော့ နတ်သမီး မရှိတော့၍ မီးဖိုထဲ စသဖြင့် ရှိလိမ့်မည် ထင်မိသည်။

မျက်နှာသစ် သွားတိုက် ရေချိုး ထွက်လာပြီးမှ ကော်ဖီစားပွဲ ဝင်ထိုင်တဲ့အထိ နတ်သမီးကို အရိပ်အယောင်မတွေ့။

"ဒေါ်ညွန့်"

"ရှင်"

"နတ်သမီးရော ... မီးဖိုထဲမှာလား"

"မီးဖိုထဲ မလာပါဘူး၊ မထ,သေးဘူးလားလို့ ဒေါ်ညွန့် ခုပဲ မေးတော့မလို့"





"ဟာ ... ဘယ်က မထ,သေးရမှာလဲ၊ အိပ်ရာထဲ မရှိတော့ဘူး"

"ဟင် ... ဒါဆို ဘယ်မှာလဲ"

"ဘယ်မှာလဲ ဒေါ်ညွန့်ကို ကျွန်တော်က မေးရမှာ၊ ဒေါ်ညွန့်က မိုးမလင်းခင်က ထ,နေတာ ပိုသိရမှာပေါ့၊ ကျွန်တော်က ခုနကမှ နိုးလာတဲ့ဟာ"

နှစ်ယောက်သား စဝေစဝါနှင့် အလုပ်ခန်းထဲ အခန်းလွတ်ထဲ စသဖြင့် လျှောက်ကြည့်ကြပါသည်။ မတွေ့မှပင် အလန့်တကြား ဖြစ်သွားရတာ။ အိမ်တံခါးက အပြင်က သံပန်းအတွင်းသစ်သားတံခါးက လက်ကိုင်ဘုသော့မို့ ဖွင့်ထွက်သွားသူ ဟာ လက်ကိုင်ဘုသော့ကိုလည်း ပြန်ညှစ်ခဲ့နိုင်သည်။ သံပန်းတာ သော့ခလောက်ကိုလည်း ပိတ်ခဲ့နိုင်သည်ပင်။

"ဒီလောက်အခန်းလေးထဲ ဝှေ့ပတ်ရှာမနေနဲ့တော့၊ မရှိတာ သေချာတဲ့ဟာ၊ သူ ထွက်သွားတာ ဒေါ်ညွန့် မသိလိုက်ဘူးလား"

"မသိလိုက်ဘူး ကိုကြီးရယ်"

"ပြဿနာပဲဗျာ၊ ဘယ်အချိန်ကများ ထထွက်သွားသလဲ မသိဘူး"

"သူ့အမေအိမ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြီးခေါင်စောသည် ဖုန်းရှိရာပြေးကာ ယောက္ခမအိမ်ကို ဖုန်းခေါ်ရပါသည်။

"ဟယ်လို အန်တီသွယ်လား"

"အေး ... ကိုကြီး ... နေကောင်းကြလား၊ ဟိုတစ်ရက်က နတ်သမီး ခေါင်းကိုက်လို့ဆို"

"အဲဒါ အရေးမကြီးဘူး အန်တီသွယ် ... နတ်သမီး လာလား"

"ဘယ်တုန်းကကို မေးတာလဲ"

"အခု ... အခု ..."

"ဟဲ့ ... မလာပါဘူး"

"အိမ်မှာ မရှိလို့"

"ရန်ဖြစ်ကြပြန်ပြီလားဟယ် ...၊ ဒီတော့ မရောက်သေးဘူး၊ ခဏနေရောက်ရင် ရောက်လာမှာပေါ့"

"မဟုတ်ဘူး ... မိုးမလင်းခင်ကတည်းက ထွက်သွားတာ၊ မရောက်သေးဘူးဆိုရင် ရောက်ကို မရောက်တော့ဘူး"

"ဟယ် ... အဲဒါဆို ဘယ်လိုလဲ ... ဘယ်သွားတာလဲ"

"မသိဘူးဗျာ ...၊ ဒါဖြင့် ကျွန်တော် ဖုန်းတွေ လျှောက်ဆက်ဦးမယ်၊ ဒါပဲနော်"

"ဟဲ့ ... ဟဲ့ ... အကြောင်းထူးရင် ပြန်ဆက်ချည်၊ ဒုက္ခပါပဲနော်"





ကြီးခေါင်စောသည် မလတ်ထံ အရင်ဆက်သည်။ ဘာမှမထူး။ မလတ်လည်း ထိတ်ထိတ်ပျာပျာ ဖြစ်နေပါသည်။ ကြီးခေါင်စော မိဘများလည်း အံ့အားတသင့် ပူပန်ကုန်ကြပါသည်။ ကြီးခေါင်စောက ဖုန်းစာအုပ် ဖွင့်ရှာပြီး ပပထံ ဆက်လိုက်ပါသည်။

"ပပလား ... ကြီးခေါင်စောပါ"

"သြော် ... ကိုကြီး ... ဘာဖြစ်လို့လဲ"

"နတ်သမီး ပျောက်နေလို့ ...၊ ပပဆီမှာလား"

"ကြကြီးစည်ရာ ... ပပဆီ မရှိပါဘူး"

"သူ့အမေအိမ် ... ကျွန်တော့်အမေအိမ်တွေလည်း ရောက်မလာဘူး၊ ထွက်သွားတာ မိုးမလင်းခင်ကတည်းက ဖြစ်မယ်၊ ဒေါ်ညွန့်တောင် မသိလိုက်ဘူး"

"ဟယ်၊ ဒုက္ခပဲ ကိုကြီး၊ ရှာလေ ... ရှာလေ ..."

"ရှာမှာပဲ ...၊ ဘယ်ရှာရမှန်းမှ မသိတာ"

"ကိုကြီး အော်လိုက်သေးလား"

"အဲ ... ဟိုဟာပေါ့ ...၊ မနေ့ကတော့ အေးဆေးပဲ၊ တစ်နေ့ကတော့ နည်းနည်းဆူတယ် ...၊ သူ ဒေါ်မြင့်အောင်အိမ် လိုက်သွားတာ သိရလို့ ရှေ့မဆက်ဖို့ နည်းနည်းဆူတယ်၊ ပမလည်း ပါတယ်ဆို"

"ဟုတ် ...၊ သူ ... သူက သိပ်သွားချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ဆူမိတယ်၊ အခု သူ ဘယ်သွားမယ် ထင်လဲ၊ နည်းနည်း စဉ်းစားပါဦး"

"နေဦး ... ကျော်ကျော့်ဆီလည်း မေးကြည့်ဦးမယ်"

"ကျော်ကျော်က ဘာဆိုင်လဲ၊ သူပြောတော့ ပပနဲ့ ရည်းစား ဖြစ်ပြီဆို"

"ဖြစ်တယ်လေ၊ ဒါပေမဲ့ ဟိုတစ်နေ့က မြောက်ဒဂုံကို မသွားတတ်လို့ ကျော်ကျော့် လိုက်ပို့ခိုင်းတာ ဆိုတော့ အခုကော ဘယ်လိုက်ပို့ခိုင်းသေးလဲပေါ့"

"ပပ မပါဘဲ ပို့ခိုင်းစရာလား"

ကြီးခေါင်စော အသံက မလိုတမာ ဖြစ်သွားရပြန်သည်။

"ပို့ခိုင်းရော ဘာဖြစ်တုန်း၊ ပပနဲ့က ရည်းစားပေမဲ့ သူနဲ့လည်း သူငယ်ချင်းပဲဟာ၊ ကိုကြီးက ဘာဖြစ်နေတာလဲ၊ ပပတောင် ကိုယ့်ရည်းစားကို မတိုရဘူး ... ကိုကြီးက လွန်ကိုလွန်တယ်၊ နတ်သမီးက ကျော်ကျော့်ကို လုံးဝစိတ် မဝင်စားတာ ပပ သိပြီးသား၊ ကျော်ကျော်ကလည်း ကိုယ့်ကိုချစ်လို့သာ ပရိုပိုစ် လုပ်တာပေါ့၊ ဘာများ ဖြစ်နိုင်စရာ အကြောင်းရှိလို့လဲ၊ ကိုကြီးက ပိုလွန်းတယ်"

"ဟုတ်ကဲ့ပါ ... ကဲပါ ... မေးပြီး ပြန်ဆက်ပေးပါ"

ပပ ဖုန်းချသွားပြီး မကြာခင်ပင် ပပထံမှ ဖုန်းပြန်ဝင်လာပါသည်။





"ကိုကြီး ... ကျော်ကျော် အိမ်မှာပဲ ရှိနေတယ်၊ နတ်သမီး ရောက်လည်းမလာဘူး၊ ဘယ်သွားမယ် ဘယ်လာမယ်လဲ မပြောဘူး"

"ဒါဖြင့် ... ဘယ်လို ဆက်စုံစမ်းကြမလဲ၊ ကျွန်တော် ခေါင်းတွေ ပူလာပြီဗျာ၊ မြောက်ဒဂုံကိုရော သွားနိုင်လား"

"ဟိုမှာ မြဖင်အောင်မှ မရှိတာ၊ သွားစရာ မရှိပါဘူး"

"ဒေါ်မြဖင်အောင်လို့ ခေါ်ပါ၊ ခင်ဗျားထက် ကြီးပါတယ်"

"မခေါ်နိုင်ဘူး ... အသက်ကြီးပြီး အချိန်မှ မစီးတဲ့ဟာ"

"ဟာ ... ပြဿနာပဲ၊ တစ်လွဲတွေ ဖြစ်နေပြီ၊ နောက်မှ ရှင်းပြပါ့မယ်၊ လောလောဆယ် ဘယ်ကို စုံစမ်းရင် ရမလဲ"

"နေဦး ...၊ ဟိုနှစ်ကောင်ဆီ ဆက်ဦးမယ်၊ ဝတ္ထုကတော့ မရှိဘူးလေ၊ ထူးများ ထူးမလားလို့"

ပပက ဖုန်းချသွားပြန်ပါသည်။ ကြီးခေါင်စောမှာ မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်ပြီး ငူငူကြီး ထိုင်စောင့်နေပါသည်။ အင်း ... နတ်သမီးလေးကို သူ ကျီစယ် ပညာပေးတာ သိပ်လွန်သွားပြီ ထင်သည်။

တကယ်တော့ သူသည် နတ်သမီးကို ကိုယ်ချင်းစာ ထောက်စေချင်ခဲ့သည်။ နတ်သမီးက ကိုကြီးကို ချစ်ပါတယ် _ ဟန်လုပ်နေတာပါဆိုတဲ့ မလတ် စကားကိုလည်း [illegible]

www.burmeseclassic.com



စွာနှင့်ပင်။ ကာယကံရှင်ဘက်က မပါသော်လည်း တစ်ဖက်က မရိုးသားဘူး၊ ချဉ်းကပ်ဖို့ ကြိုးစားဆဲ၊ ဆိုတဲ့ အဖြစ်မျိုးသည်ပင် လျှင် စိတ်ကို ဘယ်လောက်ထိ မလိုတမာ ဝန်တိုခံရခက်စေသည် ဆိုတာ နတ်သမီး သိစေချင်တာ။

နတ်သမီး ဘက်က မပါတာကို ယုံသော်လည်း ကျော်ကျော်က စိတ်ပြတ်ပါဦးမလားလို့ သူတွေးကာ ပူလောင်ခဲ့ရသည် မဟုတ်လား။ အဲသလိုပဲ အလားတူစွာ သူ့ဘက်က လုံးဝ မပါဘဲ ချဉ်းကပ်ဖို့ ကြိုးစားနေသည့် "မြဖင်အောင်"ဆိုသည့် မိန်းမတစ်ယောက်ကို သူက ဖန်တီးခဲ့ပါသည်။ သူ့ရည်းစားဟောင်းတွေထဲမှာ မြဖင်အောင် ဆိုတာ တကယ်မရှိပါ။

သို့သော် မြဖင်အောင် လို့ အမည်ရတဲ့ မိန်းမတစ်ဦးကတော့ တကယ် အပြင်လောကမှာ ရှိနေခဲ့တဲ့အခါ ...။

ပပထံမှ ဖုန်းပြန်ဝင်လာပြန်သည်။

"ငမိုးနဲ့ ငထိုက်ဆီ ဆက်တာ၊ ငထိုက်နဲ့တော့ တွေ့တယ်၊ သူဘာမှ ထူးထူးခြားခြား မသိဘူး၊ နတ်သမီးနဲ့ ဖုန်းတောင် မပြောတာ ကြာပြီတဲ့၊ ငမိုးကတော့ ကားကိစ္စနဲ့ အပြင် ထွက်နေလို့ မေးလို့ မရသေးဘူး၊ ဆယ့်နှစ်နာရီလောက်မှ ပြန်ရောက်မယ်တဲ့"

"ဟာ ... ခုမှ ဆယ်တစ်နာရီတောင် မထိုးသေးဘူး ... တစ်နာရီလုံးလုံး လိုသေးတယ်"





"မီနတ် ထွက်သွားပြီး ကိုကြီး ဆက်အိပ်ပျော်နေတာဝဲ လေးနာရီလောက် ရှိတာကို၊ ခုမှ တစ်နာရီကို ပူကြီးချဲ့ မနေနဲ့၊ တခြားလည်း ဆက်သွယ်စရာ စုံစမ်းစရာ မရှိတော့ဘူး၊ ဒီလိုပဲ ထိုင်စောင့်နေလိုက်ဦး၊ ကိုကြီးရဲ့ နတ်သမီးက ကလေးပေါက်စ မဟုတ်ဘူး၊ ကိုကြီးကို မုန်းသွား စိတ်ကုန်သွားပြီး ပြန်မလာရင်သာ ရှိမယ်၊ အန္တရာယ်တော့ တော်ရုံ မတွေ့နိုင်ပါဘူး"

"ဟာ ... ပြန်မလာလို့လည်း ဘယ်ဖြစ်မလဲ"

"ဒီကိစ္စတော့ ကိုယ့်ဟာကိုယ် ကြည့်ရှင်းပေါ့၊ ဘယ်ရောက်နေတယ် ဆိုတာထိတော့ ပပတို့လည်း စိတ်ပူလို့ ဝိုင်းရှာပေးမှာပဲ၊ ကိုကြီးဆီ ပြန်မပြန်တော့ ပပနဲ့ မဆိုင်ဘူး"

"ကျွန်တော့်ဆီ ဘာလို့ မပြန်ရမှာလဲ ပပရယ်၊ နတ်သမီးမှာ ကျွန်တော့်ကို ဒီလောက် မုန်းစရာ ဘာများရှိလို့လဲ"

"ကိုကြီးတို့ချင်း ပိုသိမှာပေါ့၊ ပပ သိသလောက်ကတော့ ကိုယ့်ယောက်ျားဟာ ရည်းစားဟောင်းဆီက ရွှဲပြစ်မြူဆွယ်ပြီး ရေးရေးနေတဲ့ စာတွေကို တသသ, ဖတ်မဝ ဖြစ်နေတာ မြင်ရင် သိပ်ရင်နာမှာပဲလေ၊ ကိုယ် ဘာမှ စိတ်မဝင်စားတာ မတုံ့ပြန်မှာ သေချာရင် ဖတ်မနေဘဲ လွှင့်ပစ်လိုက်ရုံပဲ ဖြစ်တယ်၊ ဖတ်တယ်၊ သော့ခတ်သိမ်းတယ်၊ မိန်းမကအေး မှ ဖတ်ချင် ဖတ်ကြည့်ဆိုပြီး ရိုးသားသူကြီးသဖွယ် ဆေး



www.burmeseclassic.com

www.burmeseclassic.com



ဖတ်တယ် ... မိန်းမက စာအိတ်ကို ကြိုဖောက်မိတော့ ရက်ရက်စက်စက် အပြစ်တင်တယ်၊ ဒီစာတွေအပေါ် ကိုကြီး ဘယ်လိုမှ မနေရင် နတ်သမီးကို ဒီလို အပြစ်တင်နေစရာ မလိုဘူး"

"မှားနေပြီ ပပ"

"မမှားပါဘူး၊ ဒီတိုင်း နတ်သမီး ပြောတာပဲ၊ မိန်းမတစ်ယောက်က ကိုယ့်ယောကျ်ားကို ဒီလိုစာတွေ အပတ်စဉ် ရေးပို့နေတာ ဘယ်မိန်းမက ကြည်ဖြူမှာလဲ၊ ရေးတဲ့သူက ကိုယ့်ယောကျ်ားရဲ့ ရည်းစားဟောင်း၊ အချိန်မရွေး စိတ်လည်သွားနိုင်တယ်၊ တရိရိ ပူပြင်းတောက်လောက်နေရမှာ၊ ဒီတော့ ဒီစာတွေ မလာစေချင်ဘူး၊ တားမြစ်ဖို့ ကြိုးစားတယ်၊ ကိုကြီးက တစ်ဆင့်တားရင် ကိုကြီး ဟိုကိုဆက်သွယ်ရမှာ သူ လက်မခံနိုင်ဘူးလေ၊ သူ့ဟာသူ တားမယ် ဆိုတဲ့အခါ သူ အနုနည်းနဲ့ တောင်းပန်မလို့ပါ"

"မဟုတ်ဘူး ပပ၊ ပပတို့ သိထားတာ အခြေခံက စမှားနေတာပါ၊ ကျွန်တော့်ရည်းစားဟောင်းထဲမှာကိုက မြဖင်အောင် ဆိုတာ မရှိပါဘူး"

"ဟင် ... ဟိုနေ့က ပပတို့ သွားတာ သူ့အိမ် မှန်နေသားပဲ"

"ဟုတ်တယ် ...၊ ဒီနာမည်နဲ့ လူအစစ်တော့ ရှိတယ်၊ တကယ်တော့ ဒီစာတွေအားလုံး ကျွန်တော်ပဲ ရေးနေတာ၊





ရုံးက ကောင်လေးတစ်ယောက် လက်ရေးနဲ့ကူးပြီး ထည့်နေတာ၊ ဒေါ်မြဖင်အောင် ဆိုတာ ကျွန်တော့် စက်ရုံက ဝန်ထမ်း၊ ယုတ္တိရှိအောင် သူ့နာမည်နဲ့ သူတို့ စာတိုက်က တံဆိပ်ပါအောင် သူ့ကို ထည့်ခိုင်းနေတာ၊ သူလည်း ရေရေရာရာတော့ မသိပါဘူး၊ ကျွန်တော် ခိုင်းတာ လုပ်ပေးရတာ၊ နောက်ဆုံးစာ Registered လုပ်လိုက်တာကတော့ ကျွန်တော် စာမပြန်ဘူး ပြန်မဆက်သွယ်ဘူး ဆိုတာ နတ်သမီး နားလည်အောင် စာပျောက်မှာစိုးလို့ မှတ်ပုံတင်ထည့်တယ်ဆိုပြီး ကွန့်လိုက် ထွင်လိုက်မိတာ ...

အဲဒါ မှားသွားတယ်၊ အမှန်တော့ တစ်နေ့မှာ နတ်သမီး ကျွန်တော့်အပေါ် သဝန်တိုတတ်လာပြီဆိုရင် ဒီစာတွေ ထည့်တာကို ကျွန်တော် အသာလေး ရပ်လိုက်တော့မှာ၊ ဘာမှလဲ ပြန်မပြောရှင်းတော့ဘဲ ဒီတိုင်း ဇာတ်လမ်းဖြတ်လိုက်ဖို့ပဲ၊ အချိန်တိုလေး တစ်ခုအတွင်း အတွက်ပဲ ရည်ရွယ်တာ၊ နတ်သမီး ကိုယ်ချင်းစာတတ်အောင်ပါ ပပရယ် ...

သူ ကျွန်တော့်ကို နည်းနည်းတော့ ချစ်လိမ့်မယ်လို့ အထင်အားကိုး တစ်ခုနဲ့ လုပ်ကြံဖန်တီးတာပါ၊ ကွန့်လိုက်မိလို့ လိပ်စာရေးလွှတ်လိုက်တော့ နတ်သမီးက လိုက်ရှာသွားတော့တာပဲ၊ အဲဒီလို လိုက်သွားမယ်လို့ မျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com



မိလို့ နည်းနည်းမှားသွားတယ်၊ ကျွန်တော် ခံစားရတာ အခဝန်တိုရတာတွေ သူ သဘောပေါက်ပါစေ ကိုယ်ချင်းစာတတ်လာပါစေ နားလည်လာပါစေတော့ဆိုပြီး ကျွန်တော့်ဘာသာ ကြံကြံစည်စည်လုပ်တဲ့ အလုပ်တစ်ခုပါ”

ပပထံမှ အသံတိတ်သွားပါတော့သည်။

“ဘယ်ရည်းစားဟောင်းနဲ့မှလဲ အဆက်အသွယ် မရှိပါဘူး၊ သူတို့ကလည်း မဆက်သွယ်ပါဘူး၊ ဆက်သွယ်လာရင်လည်း နတ်သမီးကို သိပ်ချစ်လို့ လက်ထပ်ယူထားတဲ့ ကျွန်တော့်အတွက် ခေါင်းထဲ ထည့်စရာကို မဟုတ်ပါဘူး”

နတ်သမီးသည် ငှားလာသောကားကို ရပ်စောင့်စေပြီး တိုက်ကြီးရှေ့မှာ ခြေစုံရပ်လိုက်မိသည်။ တံခါးက ဘာဂျာသံတံခါးဖွင့်ထားလျက်သား။ မိန်းမကြီးတစ်ယောက် ထွက်လာသည်ကို တွေ့ရ၍ မြခင်အောင် အမေများလားဟု ကြိုးစား၍ နှုတ်ဆက်ဖို့ ရှာ ပြုံးပြလိုက်ပါသည်။

“ကျွန်မ ... ဟို ... မ ... မမြခင်အောင်နဲ့ တွေ့ချင်လို့ပါ”





“နတ်သမီး မဟုတ်လား”

“ရှင်”

အမျိုးသမီးကြီးက ဝမ်းသာဖော်ရွေစွာ ပြုံးပြပြီးလျှင် ...

“မင်္ဂလာဆောင်တုန်းက အန်တီလည်း လာပါတယ်၊ တွေ့ဖူးတယ်လေ၊ နတ်သမီးကတော့ ဘယ်မှတ်မိမလဲ၊ ဧည့်သည်တွေ ဒီလောက်များတာ”

နတ်သမီးက သူမကို ငေးငေးကြီး စိုက်ကြည့်နေမိပါသည်။ အိပ်ရေးမဝခြင်း၊ စိတ်လှုပ်ရှားခြင်း၊ စိတ်ထိခိုက်ခြင်းတို့ကြောင့် လူက လိုအပ်တာထက် ပို၍နွမ်းနယ် မှုံမှိုင်းနေပါသည်။ ခရီးဝေးကြီး ကားတောက်လျှောက်စီးလာကာ လမ်းမှာလည်း ဘာမှ ကားရပ်မစားဘူး၊ ရေပင်မသောက်ခဲ့၍ ဝမ်းကလည်း ဟာကာ လုံးဝအားမရှိ။

“အန်တီတို့အိမ် ဘယ်လိုသိလဲ၊ လာ ... ဝင်ပါဦး၊ မြည်ကို အလည်လာတာလားဟင်၊ တစ်ယောက်တည်းလား ... ဆရာ မပါဘူးလား”

အမျိုးသမီးကြီးရဲ့ ရွှန်းရွှန်းဝေနေသော စကားသံချိုချိုသည် နတ်သမီး နားထဲ တစီစီအူကာ ဝိုးတဝါး ဝင်နေသည်။ သူက ဘယ်သူလဲ၊ မင်္ဂလာဆောင်တုန်းကလည်း လာခဲ့တယ်။ ဆရာဆိုတာက ကိုကြီးပဲ ဖြစ်လိမ့်မည်။ မြခင်အောင်နှင့် ဘယ်လိုပတ်သက်နေသလဲ။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ့အမေ နေမကောင်းလို့ ခွင့်ယူလာကြည့်တာ၊ ဒီကျတော့ ထူထောင်နေပါပြီ၊ ခွင့်စေ့အောင်တောင် မနေဘဲ ပြန်မလို့၊ ဝင်ပါဦး နတ်သမီးရယ် ... ခရီးပန်းလာတယ် ထင်တယ်"

"အန် ... အန်တီက ဘယ်သူလဲဟင်"

"အန်တီက ဒေါ်မြဖင်အောင်လေ"

"ဟင် ..."

နတ်သမီးသည် မယုံကြည်နိုင်ခြင်း၊ နားမလည်နိုင်ခြင်းတို့နှင့် မိုက်ခနဲ ပြာမူးသွားကာ လူက ယိုင်ခနဲပင် ငိုက်ကျသွားပါသည်။

"ဟဲတော့ ...၊ သမီး ...၊ နတ်သမီး ... ဟယ် ... ဒုက္ခပဲ၊ ဟဲ့ ... လာကြပါဦး ... မိနွယ်၊ ကိုတွတ်တို့ ... ဒီမမကို လာကူတွဲပါဦးဟေ့ ...၊ ငါ့ဆရာကတော်ဟဲ့"

အသံတွေ ဆူညံရှုပ်ထွေးကာ ဝရုန်းသုန်းကားနှင့်ပင် နတ်သမီးသည် အိမ်ဦးခန်းမှ ဖျာတစ်ချပ် ခေါင်းအုံးတစ်လုံးပေါ် အခန့်သား ရောက်သွားရပါတော့သည်။





ကြီးခေါင်စောသည် ကားသွားနှုန်းကို နှေးသည်ဖြစ်စေ၊ ထင်ကာ လီဗာကို တအားနင်းမိသည်။

"ကိုကြီး ... ဖြည်းဖြည်းလုပ်နော်၊ အဲဒါကို စိတ်မချလို့ကို လိုက်လာတာ၊ ကတုန်ကယင်နဲ့ စိတ်ကို ငြိမ်အောင်ထားစမ်းပါ"

ဆယ့်နှစ်နာရီခွဲလောက်မှာ ငမိုးဆီက ဖုန်းပြန်ဝင်လာသည်။

"ကိုကြီး ... ပပက ကိုကြီးကို တိုက်ရိုက်ဆက်ပြောလိုက်ဆိုလို့"

"အေး ... ပြောပါဦး ငမိုးရာ ... ဘာထူးလဲ"

"မနေ့ကပဲ မိနတ် ကျွန်တော့်ဆီ ဆက်တယ်၊ ခရီးသွားဖို့ ကားစင်းလုံးငှားတဲ့ ကုမ္ပဏီတစ်ခု စုံစမ်းပေးတဲ့၊ ဘယ်သွားမလို့လဲဆိုတော့ ကိုကြီးနဲ့ ခရီးသွားစရာရှိလို့ ဆိုတာနဲ့ ကျွန်တော့်မိတ်ဆွေ ကုမ္ပဏီဖုန်းနံပါတ်တော့ ပေးလိုက်တာပဲ၊ ဘယ်တော့ ဘယ်ကိုသွားမယ်တွေ ဘာတွေတော့ ကျွန်တော်လည်း မသိဘူး ...

အခု အိမ်ပြန်ရောက်မှ ပပ ဆီဆက်မှ အထိုး

စေတနာစာပေ

www.burmeseclassic.com



အကြောင်း သိတော့ ကျွန်တော့်မိတ်ဆွေ ကုမ္ပဏီကို ဖုန်းဆက်လှမ်းမေးကြည့်တယ်လေ၊ နတ်သမီး ကားလှမ်းငှားတယ်တဲ့ ... ရွှေပုန်းညက်ထိပ်ကို ဒီမနက်ငါးနာရီ သွားကြိုရတယ်တဲ့ ... ပြည်ကို သွားမယ်ဆိုပြီး ငှားတာလို့ ပြောတာပဲ ကိုကြီး ...၊ ခုလောက်ရှိ ပြည် ရောက်ပြီပေါ့"

"ဟာ ... ကျေးဇူးပဲ ငမိုးရာ ... ကိုယ် ပြည်ကို လိုက်မှပဲ"

"ကျွန်တော် ပပကို ပြန်ပြောတော့ ပပက ပြည်သွားတာဆိုရင် သွားမဲ့လိပ်စာ သူသိတယ်တဲ့ ... ကိုကြီးကို ကျွန်တော်ပဲ ပြောလိုက်တော့တဲ့ ...၊ အမှတ်(၁၀)(---)လမ်းတဲ့ ကိုကြီး၊ ခေါင်းတိုက်လို့ မေးရင် သိတယ်တဲ့"

"ကျေးဇူးတင်လိုက်တာကွာ"

တကယ်တော့ ပြည်ကို သွားသည် ဆိုကတည်းက ခေါ်မြဖင်အောင် ဆီကိုပဲဆိုတာ ကြီးခေါင်စော သိပါသည်။ ခေါ်မြဖင်အောင်က ခွင့်ယူကတည်းက ပြည် ခဏပြန်ဖို့ဟု ပြောသွားတာပဲ။ ပြည်လိပ်စာလည်း အလွတ်မရပေမဲ့ ရုံးကမှတ်တမ်းထဲ ပြန်ရှာဖွေရင် တွေ့နိုင်ပါသည်။

နတ်သမီး မိဘအိမ် ကိုယ့်မိဘအိမ်တွေ ဖုန်းဆက်ပြောရသည်။ မလတ်က သူပါ အဖော်လိုက်မည်ဟု ဆိုပါသည်။ သူ့အိမ်ကထွက်ခါနီးမှာပဲ ပြည်က ဖုန်းက ဆိုက်ဆိုက်မြိုက်မြိုက် ဝင်လာပါသည်။





"ဆရာ ... ကျွန်မပါ၊ ခေါ်မြဖင်အောင်ပါ၊ နတ်သမီးရောက်လာပြီး အိမ်ရှေ့မှာ နည်းနည်းမူးသွားတာနဲ့ ဆရာဝန်ခေါ်ပြထားပါတယ်၊ ဘာမှ မစိုးရိမ်ရပါဘူး၊ အားနည်းပြီး လူပင်ပန်း စိတ်ပင်ပန်း ဖြစ်တာပါတဲ့၊ ခုတော့ အိမ်မှာပဲ၊ နတ်သမီးက သူငှားလာတဲ့ကားနဲ့ပဲ ပြန်မယ် လုပ်နေတာ၊ ကျွန်မ ဒီတိုင်း စိတ်မချလို့ ဆရာ့ဆီ ဆက်တာပါ၊ ဒီကနေ တူ တူမတွေ အဖော်ထည့်ပေးပြီး ပြန်ပို့ပေးရမယ်ဆိုလည်း ဖြစ်ပါတယ် ဆရာ"

"ပြန်မပို့ပေးနဲ့ ... သူတို့လည်း အပြန် စီစဉ်နေရဦးမယ်၊ တစ်ယောက်တည်းလည်း မလွှတ်လိုက်နဲ့၊ ကျွန်တော် ခု ထွက်လာမယ်၊ လာခေါ်မယ်၊ မပြန်နိုင်လည်း ဒီညတော့ ပြည်က ဟိုတယ်တွေ အားကိုးရမှာပေါ့ဗျာ၊ တော်ကြာ သူလစ်ခနဲ ပြန်သွားဦးမယ်၊ ဂရုစိုက် ကြည့်ထားပေးပါဗျာ၊ လမ်းမှာ နေထိုင်မကောင်းနေရင် အဖော်မပါ စိုးရိမ်လို့"

"သေချာကြည့်ထားပါ့မယ် ဆရာ၊ ဆရာလာမှာ သေချာရင် သူ ထွက်သွားလို့မရအောင် ငှားလာတဲ့ကားပါ နှင်ချပြီး ပြန်လွှတ်လိုက်မယ်"

"ကောင်းတယ် ... ကောင်းတယ်၊ အခု ကျွန်တော် ထွက်ပြီ"

ကြီးခေါင်စော မလတ်ကို ဝင်ခေါ်ကာ အောက်ဆျောက် ထွက်လာခဲ့တော့တာ။ တစ်လမ်းလုံး ကားအကျွန်လွှာ



www.burmeseclassic.com

www.burmeseclassic.com



ဖို့ မလတ်က သတိပေးလာရပါသည်။ ခုတော့ နေရောင်တောင် ညိုးပြီ။ ပြည်ကိုလည်း ဝင်တော့မည်။

"တို့ကိုကြီးကတော့ မလည်ရှုပ် လုပ်တဲ့နေရာမှာ တစ်ခါဆို ဆိုသလောက်ပဲဟော့"

မလတ်က သူ့ကို ရယ်ပွဲဖွဲ့လာပါသည်။

❖ ❖ ❖

"နတ်သမီး အိပ်ပျော်နေလား"

နားရွက် ပါးပြင်နား လေငွေ့နွေးနွေး လာရိုက်ခတ်၍ ကြားလိုက်ရသော အသံကြောင့် နတ်သမီးက မျက်စိ ဖျတ်ခနဲဖွင့်ကာ လှုးလဲထထိုင်လိုက်ပါသည်။

"ကိုကြီး"

မျက်ရည်ပြည့်အိုင်လာကာ ခေါင်းကလေး ငုံ့ချလိုက်ရင်း ...

"မအိပ်ပါဘူး၊ အိပ်ချင်ယောင် ဆောင်နေတာ၊ နိုးနေရင် သူတို့ကို ဘာကို ဘယ်လို အကျိုးအကြောင်း ပြောရမလဲ မစဉ်းစားတတ်လို့"





"ဒေါ်မြဇင်အောင်ကို ဘာပြောလိုက်သေးလဲ"

"ဟင့်အင်း၊ သူ့ကို တွေ့ကတည်းက တစ်ခုခုတော့မှားပြီဆိုတာ သိလို့ ဘာမှ မပြောတော့ပါဘူး၊ သမီး တစ်ချိန်လုံး ဘာမှားနေသလဲ စဉ်းစားနေတာ၊ သမီး ထင်တာတော့ ကိုကြီး တမင်တကာ သမီးကို ပညာပေးတာကလွဲရင် ..."

"သမီးရယ် ... ကိုကြီးကို ခွင့်လွှတ်နော် ...၊ သမီး ကိုယ်ချင်းစာတတ်လာမလားလို့ ကိုယ်မျှော်လင့်ပြီး ဒီဇာတ်လမ်းကို လုပ်ကြံဖန်တီးလိုက်တာပါ"

ငိုရှိုက်ချလိုက်သော နတ်သမီး ဦးခေါင်းလေးကို ကြီးခေါင်စောက ပွေ့ပိုက်ထားလိုက်ပါသည်။

"ဘယ်က ရည်းစားဟောင်းမှလဲ မဆက်သွယ်ဘူး၊ ဒီတကယ်ရှိတဲ့ နာမည်တစ်ခုကို ထည့်သုံးလိုက်တာ တစ်ခုပဲ၊ စာတွေကလည်း ကိုကြီး ဘာသာ စီတာ၊ ကောင်လေးတစ်ယောက်ကို ကူးရေးခိုင်းပြီး ဒေါ်မြဇင်အောင်ကို ထည့်ခိုင်းတာ။ သူက ကိုယ့်ကို သိပ်ခင် သိပ်လေးစားတဲ့ အလုပ်လည်း အားကိုးရတဲ့ ကိုယ့်ငွေစာရင်းကိုင် အဘွားကြီးပါ။ သူ့နာမည် ကောက်တပ်လိုက်တာကလည်း နောင် ရှင်းစရာကြုံလာရင် အဘွားကြီးဆိုတော့ ပြန်ရှင်းပြရ လွယ်တယ် — နတ်သမီး အထင်လွဲစရာလည်း မရှိတော့ဘူးပေါ့ —



www.burmeseclassic.com

www.burmeseclassic.com



သဝန်တိုရတယ်ဆိုတာ တကယ်ချစ်ရတဲ့သူ ရင်ထဲမှာ ဘယ်လောက် ပူလောင်တယ်ဆိုတာ သမီး နားလည်လာပါစေတော့လို့ ကိုယ်ကြံစည်မိတာ၊ ကိုယ့်ကို စိတ်မနာဘူးမို့လားဟင်"

နတ်သမီးက ခေါင်းလေးကို ယမ်းခါသည်။

"ကိုကြီးကို စိတ်မနာပါဘူး၊ ကိုကြီး တမင်လုပ်ကြံတာလို့ ထင်လိုက်တော့ သမီးရင်ထဲမှာ ပူထူလောင်မြိုက်နေသမျှတွေ အားလုံး အေးသွားတာပဲ၊ ကိုကြီးကို ဆုံးရှုံးလက်လွှတ်လိုက်ရမှာ သမီး တအားစိုးနေတာ၊ ကိုကြီးကို … ကိုကြီးကို … သမီး ချစ်ပါတယ် ကိုကြီးရယ်"

နတ်သမီးရဲ့ အဆုံးသတ်စကားလေးက တုန်ယင်တိုးလျှိုက်နေပါသည်။

လမင်းမိုမို



www.burmeseclassic.com